www.burmeseclassic.com

ရွှေဥဒေါင်း

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

# နိုင်ဗိမာန်

## ရိပ်

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၅၁၀၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၁၁၀၀၇
ထုတ်ဝေသူ
ဦးကျော်ဆန်း (မြ-၀၉၃၂)
(ရဲအောင်စာအုပ်တိုက်)
အမှတ် (၂)၊ ရွှန်းလမ်း (၁)၊ မင်္ဂလာတောင်ညွန့်
အတွင်းမျက်နှာဖုံးပုံနှိပ်
ဦးဇော်မင်းအေး (မြ-၀၇၁၂၅)
(ဇော်ပုံနှိပ်တိုက်)
အမှတ် (၁၈၆)၊ အင်းကြင်းမြိုင်လမ်း၊
(၂၃) ရပ်ကွက်၊ သုဃ်နံ့ကျွန်း
ကွန်ပျူတာစာစီ
UKN
(၃၂) လမ်း၊ အထက်၊ ရန်ကုန်
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၀၈ ခုနှစ်၊ ဧပြီလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဝိုးမိုးစာပေ
ဖုန်း - ၀၁-၂၉၀၉၉၅

သက်ရင့်တိမ်တိုက်အစိုင်အခဲ့တို့သည် ကောင်းကင်တပြင်လုံးကိုသာမက မြေပြင်၏ဝန်းကျင်ပတ်သန်းတွင်လည်း တခဲနက်အုံ့လွှမ်းထားလေ၏။

ကောင်းကင်သားကြီးပေါက်ကွဲပွင့်ထွက်ကာ အမှောင်ထုများကျရောက်လာသလို မိုးနှင့်မြေပင်မကွဲတော့အောင် အနက်ရောင်ဟင်းလင်းပြင်ကြီးအဖြစ် ဖွဲ့တည်လျက်ရှိသည်။ ကမ္ဘာမြေအား သျှိုဝနက်ဘုရားနှိမ့်ချထားသည့် နေ့ရက်လေလား။

တဖျစ်ဖျစ်ခက်ဖြာစိုက်ကျလာသည့် လျှပ်နွယ်လျှပ်ပန်းတို့က အထိတ်ထိတ်အလန့်လန့်နှင့် နှုတ်ဆိတ်နေသည့် မြေကမ္ဘာအား ကျီစယ်နိမ်းခြောက်လိုက်သလို. . . သို့မဟုတ် မိုးကြိုး၏ရှေ့ပြေးအကြိုနှယ်။

" ဂျိန်း. . . ဂိန်း. . . ဂိန်း. . . "

အလင်းလက်ချောင်းများ တီးခတ်လိုက်သည့် နက်ဆိုးတို့၏ဒုံသံ. . . လေထုအားဟည်းရိုက်တုန်ခါလျက် ကျန်စေခဲ့သည်။ ပဲ့တင်သံအထပ်ထပ်နှင့် ခဏချင်းပျောက်ကွယ်ကာ အမှောင်သည် အမှောင်ထဲပြန်လည်တိုးဝင်သွား၏။ အလင်းရောင် မှုန်ယဲ့ယဲ့အလင်းရောင်တစ်စ။

ဖျူးတာပေ

www.burmeseclassic.com



အမှောင်တန်တလျား ရွေ့ရွေ့ပြေးလွှားနေသည့် အဖြူရောင် မိသားစုသုံးဦးအား တင်ဆောင်လာသော ကားငယ်တစ်စင်းသည် မိုး ဆန်သော အမှောင်ထုအား ဆန့်ကျင်အံတုနေသည်လား။

'' ဖျစ် . . . ဂျစ် . . . ဂျစ် . . . ဂျိန်း ''

'' အိုး ''

'' ရှင်အခုမှ လန့်တတ်နေပြီမဟုတ်လား ''

မိုးထစ်ချုန်းသံကြားတိုင်း လန့်ကာယောင်ကာ အော်မိတတ်သည့် ယောက်ျားဖြစ်သူအား ကားနောက်ခန်းဆီမှ ကလေးငယ်အား ပွေ့ချီထား သည့် မိန်းမလုပ်သူက ခနဲ့တဲ့တဲ့ဆိုလာ၏။

'' ဟေ့ . . . ငါအော်တာ လျှပ်စီးရောင်နဲ့ လမ်းကိုပျောက်ပျောက် သွားလို့ကွ ''

ရှက်အမ်းအမ်းနှင့် ချေပလိုက်သည့် စကားကြောင့် ထိုမိန်းမ ကြိတ်ရယ်လိုက်သည်။ အရယ်သည် သက်တမ်းမရှည်ရှာ။

ချက်ချင်း ထိုမိန်းမ၏ မျက်နှာတွင် တွေးတွေးဆဆ အမူအရာ နှင့် ငြိမ်ကျသွားလေ၏။ သူမလက်ထဲမှ ကလေးငယ်ကတော့ ဆိုးရွားသည့် ရာသီဥတုအား ဥပေက္ခာ ပြုလျက် အိပ်မောကျနေဆဲသာ။

❀ ❀ ❀

အဖြူရောင်ကားလေးထဲ စကားအတန်ကြာ ဆိတ်ညံသွားပြီး နောက် သက်ပြင်းချသံစွက်သော မိန်းမသံတစ်ခုပေါ်လာသည်။





'' ဒီလူကနတ်ဝင်သလိုလို နတ်ဆရာလိုလိုနဲ့ လူတကာကို အပေါ်စီးက မောက်မောက်မာမာ ရိုင်းရိုင်းစိုင်းစိုင်းပြောဆိုနေကျပဲ။ ဒါကို သိရက်နဲ့ ရှင်ကလူပုံအလယ်မှာ သူ့ကိုသွားအော်တာကိုး . . . သူ့မိန်းမ မိဝေက ယဉ်ကျေးသလောက် သူက နှုတ်ကြမ်းလျှာကြမ်းနဲ့ သူ့ကိုထိလို့က တော့ ဘယ်သူမှမကျိန်ဆဲဘူးတဲ့ ကျိန်ဆဲနည်းတွေနဲ့ တနင့်တပိုးအော် တော့တာ ''

ယောက်ျားကမူ သည်စကားများကို မကြားယောင်ပြု၍ ကားကို သာ ဂရုစိုက်ထိန်းမောင်းနေလေသည်။ ပြောရင်းမှ တစ်တက်ကနှုတ်ဆိတ် နေ၍ သူမစကားကို သူမအမှန်ထင်ကာ ပိုမိုကျယ်လောင်စွာ ဖိပြောလာ၏။ ကလေးငယ်လန့်နိုးသွားရသည်။

'' ခုလည်းကြည့် . . . ဘာမဟုတ်တဲ့အကြောင်းလေးကို စကားနိုင်လုရာက အချေအတင်ဖြစ်ကြတော့ ရှင်ပဲအပြောခံလိုက်ရတာ မဟုတ်လား . . . သူနတ်တွေနဲ့တိုက်ပြီး ကျိန်စာဆိုလိုက်သလားမှတ်ရ တယ်။ အလကားလူ နတ်ဝင်သည်ဆိုရင်လည်း နတ်ဆိုးတွေဝင်ပူးနေတဲ့ သူပဲဖြစ်မယ် ''

'' ကလေးနိုးပါဦးမယ်ကွာ ''

'' ရှင့်သားက နိုးနေတာကြာလှပြီ . . . ဒီလောက်မိုးခြိမ်းသံတွေ ဆူညံနေတာ မနိုးဘဲနေမလား ဒီမိုးကလည်း ရွာမှာဖြင့်ရွာတာမဟုတ်ဘူး ရှင်ပဲစဉ်းစားကြည့် . . . သူကျိန်ဆဲပုံကြီးက ဘယ်လောက် ကြောက်စရာ ကောင်းလဲလို့ ''

www.burmeseclassic.com



" အာ. . . မင်းကလည်း ဒီကောင်က သင်္ကြိုက်စာပေမှာ နှံ့နှံ့စပ်စပ်ရှိလို့ နတ်ဆရာတွေ၊ ဂိုဏ်းဆရာတွေရဲ့ လက်ဆွဲတော်ဖြစ်သွားရာက အခုမှုဆရာတစ်ဆူ လုပ်နေတဲ့ကောင်ပါကွာ။ ငါက ငါ့အနုပညာကို ငါ့ဘယ်လောက်တန်ဖိုးထားသလဲဆိုတာ မင်းအသိပဲ။ ဒီကောင်ပြောတာ ဘယ်လောက်စော်စော်ကားကားနိုင်လဲ. . . "

" အို. . . ဒီလိုလူက ဒီလိုစကားထွက်တာ ဆန်းသလား. . . ရှင်ကသွားပြီး တုဖက်ပြောလိုက်တော့ ရှင်ပါအလကားလူဖြစ်မသွားဘူးလား. . . "

ကလေးငယ်ကမူ သူတို့နှစ်ဦး၏ ကတောက်ကဆသံများကြားညှိုးငယ်သွားရမည့်အစား ခိုးခိုးခစ်ခစ်နှင့်ပင် မြူးရွှင်နေလေသည်။

" တစ်ခါကလည်း. . . ဟိုခါတ်ပုံဆရာလေးကို သူတို့သင်မယားကလေးမရတဲ့အကြောင်း အတင်းပြောလို့ဆိုပြီး လူကြားသူကြားမှာ အိပ်လေရာသချိုင်းဖြစ်ပါစေ. . . မီးမဖွားနိုင်လို့ သေတဲ့နာနာဘာဝနဲ့ ဖူးစာဖက်ပါစေ. . . တဲ့ တကယ်ရိုင်းတဲ့လူ ရှင့်ကိုကျတော့ရော. . . "

" မပြုး. . . တော်ကွာ။ နားထောင်နေလို့အကောင်းမှတ်နေလား "

ဟန့်တားလိုက်သော်လည်း နောက်ကျသွားခဲ့လေပြီ။ မိန်းမဖြစ်သူက တရစပ်ရေရွတ်ပြောချသွားခဲ့၏။သူပြောသံကိုပင်ကြားလိုက်ပုံမရ

" လောင်မီးကျပြီး ဒုက္ခိတဘဝ တမြည့်မြည့်သေပါစေတဲ့ "

" လောင်မီးကျပြီး ဒုက္ခိတဘဝ တမေ့မေ့ သေပါစေ "





သူမပေါင်ပေါ်၌ ခေါ်

မပို့တာပိနှင့် လိုက်ရေရွတ်နေ . ဖြည်းဖြည်း "

မေးချင်ဟန်နှင့် မော်ကြည့်ပေ . . . တခုခုကို မီးလောင်တဲ့အနံ့ပါလား

" လောင်မီးကျတ

" သား. . . တိတ်တိ အ. . . အ "

ကလေးကရှေ့ခန်းမှ

စိတ်တိုနေပုံရသော အသံမှန်းနားလ ခါးဖွင့်လိုက်၊ ကားရပ်လိုက်၊ ကား. . .

ကာ မှိန်းနေပြန်ရှာသည်။ ခဏကြာ

နှင့် သူမိခင်အား တိုးတိုးကလေးမေး ဘူး။ ငါ. . . ငါ့ကိုယ်ထဲမှာ "

" အဲ့ဒါ. . . ညနေက ဟိုလူ ကိုမော်. . . ရှေ့မှာသစ်ပင် "

အ "

မေမေ "

" သား "

ရှေ့ခန်းမှလာသောအသံ ခက်ထန်မာကျောလွန်းသ

ကယ်လန့်သွားကာ နှုတ်ခမ်းကို ပိပိစေ့လျက် သူ့မိခင်အား အားကိုးတကြီးကြည့်ပြန်၏။ သူမက တိတ်တိတ်နေရန် လက်ဟန်နှင့် ပြသည်ကိုမြင်တော့မှ ငြိမ်းချမ်းခေါင်းညိတ်ပြသည်။

သို့သော်. . . ကလေးငယ်၏ မှတ်ဉာဏ်ထဲတွင်မူ ညနေခင်းက ပုံရိပ်အချို့အား အလိုလိုသတိရလာသည်။

ပွဲတော်တစ်ခု၏ရင်ပြင်၊ ပျော်ရွှင်နေသောလူများ၊ သည်ပုံရိပ်များကြား ထင်းခနဲပေါ်လာသည်က စူးစူးရဲရဲမျက်လုံးများနှင့် ကြောက်မက်

www.burmeseclassic.com



" အာ. . . မင်းကလည်း ဒီဇေ

နှံ့နှံ့ဝပ်ဝပ်ရှိလို့ နှုတ်ဆရာတွေ၊ ဂိုဏ်းဆရာ သည့် ဖခင်ဖြစ်သူအား စိုက်ကြည့်

ရာက အဘွားဆရာတစ်ဆူ လုပ်နေတဲ့ကေ င်းကောင်ဆီညွှန်ပြရင်း. . . ကျွယ်

ဝီဘာယ်လောက်တန်ဖိုးထားသလဲဆိုတာ

ဘယ်လောက်ဇော်ဇော်ကားကားနိုင်လဲ ဝန်နဲ့ တမြည့်မြည့် သေပါစေ. . . "

" အို. . . ဒီလိုလူက ဒီလိုပါနီး . . . "

မျှင်ကသွားပြီး တုဖက်ပြောလိုက်ဝေ

လား. . .

❀ ❀

ကလေးငယ်ကမူ သူ

ညှိုးငယ်သွားရမည့်အစား ပင်းဝင်းတောက်လျက် တုန်ခါသွားလေ၏

" တစ်ခါကလ ခဲပါ. . . ကိုမော်ရယ် "

ကလေးမရတဲ့အ ဘူး. . . မဟုတ်ဘူး "

အိပ်ဇေ မူကြိုးစက်ကွင်းကြောင့်လေလား ကားတစ်စီးလုံး သွက်သွက်ခါ

ဟာသည်။ အဖြောင့်အတိုင်းသွားနေရာမှ ကွေ့ကွေ့ကောက်ကောက်နှင့်

မှုးနောက်နေအောင် ယိမ်းခါသွားခြင်းမျိုး။

" ကိုမော် "

" အား. . . အား. . . ပူ. . . ပူတယ် "

ကလေးငယ်ပင် မိခင်၏ပေါင်ပေါ်မှ ပြုတ်ကျသွားရ၏။ ရှေ့ခန်း

ထိုင်ခုံနှစ်လုံးကြား စိုက်ခနဲရောက်သွားသည့် ကလေး၏ ဦးခေါင်းအား

သူ့မိခင်က ကမန်းကတန်းဆွဲပွေ့လိုက်သည့်ခဏ။





" ဟင်. . . "

" ဖေ. . . ဖေ. . . ဖြည်းဖြည်း "

" ညှော်နံ့တခုခု. . . တခုခုကို မီးလောင်တဲ့အနံ့ပါလား ကိုမော် "

" ပူတယ်. . . အား အ. . . အ "

" မေမေ "

" အို. . . တံခါး. . . တံခါးဖွင့်လိုက်။ ကားရပ်လိုက်၊ ကား. . . ဘာဖြစ်သလဲမသိဘူး "

" မဟုတ်ဘူး. . . မဟုတ်ဘူး။ ငါ. . . ငါ့ကိုယ်ထဲမှာ "

" အမလေး. . . ကိုမော်. . . ကိုမော်. . . ရှေ့မှာသစ်ပင် "

" အား. . . ပူ. . . ပူတယ်. . . အ "

" ဝုန်း "

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

## အခန်း (၁)

သည်ငြိုးငွေ့ဖွယ်ဝန်းကျင်ထဲတွင် မိမိလိုတစ်စုံတစ်ယောက်ကို သည်းခံစောင့်ဆိုင်းနေရသူ ဘယ်နှစ်ယောက်ရှိနေမည်လဲဟု ညီစေ တွေးနေမိသည်။

ကိုယ့်ကိုကိုယ်ပြောနေရသည့် အလွှာပ သလ္လာပတို့လည်း ကုန်ပြီ၊ မှန်သားအား ထွင်းဖောက်မြင်နေရသည့် လမ်းမပေါ်မှ အလင်းများလည်း ကုန်ပြီ၊ အေးစက်ပေါ့ပျက်သွားသည်အထိ အဖော်ပြုပေးနေခဲ့သည့် ကော်ဖီတစ်ခွက်လည်း ကုန်ပြီ၊ သည်ဆိုင်ထဲ မိမိနှင့်အတူဝင်ရောက်လာပြီး စားသောက်ကြသူများလည်း ကုန်ပြီ။

(နောက်ထပ် ငါးမိနစ်စောင့်ကြည့်လို့မှ ဒီလူရောက်မလာရင် ဆက်စောင့်မနေတော့ဘူး)

အတွေးတွင် သည်ဝါကျကို ဘယ်နှစ်ကြိမ်မြောက် ရေရွတ်မိသည်မသိ။ နာရီကိုလည်း ငုံ့မကြည့်ချင်တော့ပါ။ ထိုင်ခုံနောက်မှီပေါ်





စိတ်ပျက်လက်ပျက် လှန်ချလိုက်ရင်း အပြင်ကိုသာ ငေးနေမိရ၏။

အသွားအလာကျဲပါးတတ်လွန်းသည့် လမ်းမပေါ်ဝယ် မပျင်းမရိ လမ်းလျှောက်နေသော အရွယ်လွန် စုံတွဲတစ်တွဲကိုသာ ညီစေ တွေ့ရသည်။ ဆိုင်ကလေးအတွင်း စားသောက်နေသူဆို၍လည်း ညီစေ နှင့်မှ သုံးယောက်တည်းကျန်သည်။

အတွင်းအကျဆုံး စားပွဲတွင် ကော်ဖီနှစ်ခွက်ရှေ့ချ၍ စာအုပ်တစ်အုပ်နှင့် အမျိုးသားကြီးမှာ ငွေရှင်းကာ ထပြန်သွား၏။ မိမိလည်း ပြန်သင့်နေပြီပဲဟု ညီစေ တွေးလိုက်မိသည်။

ငွေသိမ်းကောင်တာမှ ငိုက်မြည်းတွဲတွဲ မျက်လုံးများနှင့် ခပ်ဝဝ အမျိုးသမီးက သူမတူရှုမှ အဝင်တံခါးဆီငေးလိုက်. . . စားပွဲတင်ပန်းအိုးအား ထိလုမတတ် ငုံ့မှေးလိုက်။

ဆိုင်ကလေး၏တစ်ဦးတည်းသော စားပွဲထိုးလေးသည်လည်း စားဖိုခန်းနှင့် အနီးဆုံးဝိုင်းတွင် စားပွဲခုံ သုတ်ဟန်ဆောင်ရင်း ပျင်းတွဲတွဲထိုင်နေဆဲပင်။

မျက်မှန်နှင့် အမျိုးသားကြီးပင် ဆိုင်နှင့်အတော်ဝေးဝေးသို့ ရောက်သွားလေပြီ။ လေညှင်းခံလမ်းလျှောက်နေသော အဘိုးကြီးနှင့် အဘွားကြီးမှာ မြင်ကွင်းထဲလုံးဝမရှိတော့။ ညီစေ အဖို့ အပျင်းပြေ ကြည့်စရာဆို၍ လမ်းတစ်ဘက်ခြမ်းမှ စတိုးဆိုင်အဟောင်းကြီးသာ ရှိတော့သည်။

သည်မြင်ကွင်းမှာလည်း နာရီများစွာ ကြည့်မြင်ခဲ့ပြီးပြီမို့

www.burmeseclassic.com



ရှိုးအိနေရပြီ။ ပြီး. . . ဆိုင်အပြင်အဆင်ကလည်း ကြည့်ပျော်ရှုပျော်မရှိ၊ လာရောက် ဝယ်ယူသူကလည်း တစ်ကောင်တစ်မြီးမျှမရှိ။

" ဗျူး "

ညည်းညူသံများကို သက်ပြင်းရှည်အဖြစ်နှင့် မှုတ်ထုတ်ပစ်မိ၏။ မျက်လုံးအစုံကြား လက်နှင့်ဖိထောက်ပွတ်မိတ်လိုက်သည်။

မိမိအလုပ်ချင်ဆုံးအလုပ်ကိုရမည်ဆို၍သာ မိမိမလုပ်ချင်ဆုံး အလုပ်အား ကြိတ်မှိတ်လုပ်နေရသည်။ တစ်သက်နှင့်တစ်ကိုယ် သည်မျှ စိတ်ရှည်သည်းခံ၍ မည်သူ့ကိုမျှစောင့်မနေဘူး။

" တော်ပြီ. . . ပြန်မယ်ကွာ ဟာ "

မျက်လုံးများ ပြန်အဖွင့်တွင် ညီစေကြောင်အသွားရသည်။ လူကကျော့မှိုမှ ခွာမတ်လျက်တန်းလန်း မမှိုမမတ်နှင့် ကိုရှိုးကားယား တန့်နေရသည်။

စားပွဲတွေ ထိုင်ခုံတွေ ဘယ်ရောက်သွားသလဲ။ မိမိ ညာဘက် လမ်းမကို မြင်ခဲ့ရသည့် အခြမ်းမှာ အုတ်နံရံကြီးဖြစ်လို့နေသည်။ မှန်သားပြင်မရှိတော့။

ဆိုင်အတွင်း ပြာလဲ့လဲ့ထွန်းလင်းနေသည့် မီးရောင်လည်း မရှိတော့။ မိန်းကလေး၊ ဆိုင်ရှင်၊ စားပွဲထိုး မရှိတော့။

" ဒါ. . . ဒါဘယ်လိုဖြစ်တာလဲ. . . အာ မဖြစ်နိုင်ပါဘူး "

ညီစေ မိမိမျက်လုံး မိမိပွတ်သပ်ကြည့်မိသည်။

" ဒါဘယ်လိုဖြစ်တာလဲ၊ မဖြစ်နိုင်ပါဘူး "





ဆတ်ခနဲ ညီစေ တစ်ကိုယ်လုံး တောင့်မတ်သွားသည်။ မိမိ ရွှတ်လိုက်သည့်စကားအတိုင်း အခြားအသံတစ်ခု ထွက်ပေါ်လာခြင်း ား။ ညီစေ့ အသံလို ခပ်ဖျော့ဖျော့မဟုတ် သြသြအက်အက်ကြီး၊ သံလာရာသည် စားဖိုခန်းဘက်ကဟု သိသည့်တိုင် ထိုနေရာမှာ းဖိုခန်း မဟုတ်တော့။ အုတ်နံရံ. . .

" ဟမ်. . . ဒါထောင်. . . ထောင်ချောက်တစ်ခုလား "

" ထောင်ချောက်. . . တစ်ခုလား "

" ဟင် "

သံယောင်လိုက်ပြောသည့်စကားကို နားနှင့်ဆတ်ဆတ်ကြား က်ရပြန်သည်။ ပီပီသသ (ဒါဆိုငါ့စိတ်ကထင်တာမဟုတ်ဘူးပေါ့) ည်မှုအား ပါးစပ်မှပင် မရေရွတ်ရဲအောင်ဖြစ်လာ၏။ ပြာကျနေသည့် င်းရောင်က ညှို့မှောင်နေသည်။

ပတ်ပတ်လည်တွင် အုတ်နံရံများကိုသာ တွေ့နေရ၏။ မျက်လုံး ာ် နားထင်နှစ်ဘက်ကို လက်ဖြင့်ဖျစ်ညှစ်ပြီး စိတ်ငြိမ်အောင်ထိန်းကြည့် ည်။ မိမိရှေ့မှစားပွဲအား လက်ထောက် အားပြုရပ်သည်တွင် မိုက်ခနဲ သွားရသည်။

" ငါဘာတွေမြင်နေတာလဲ "

သတိလက်လွှတ် အသံထွက်ရေရွတ်မိသော်လည်း နောက်ပြောင် ည်းပဲ့တင်သံကို မကြားရ။ မျက်လုံးများကာမှ မၡ်မရဲဖြိတ်နှင့် ပိတ်မိနေဆဲ ။ အထိအတွေ့တွင် အရဲကိုးချင်စရာများအား ခံစားမိသည်။ စားပွဲ

www.burmeseclassic.com



မှန်ချပ်. . . မိမိမတ်တပ်ရပ်မိပြီလား။ ထွက်ခွာသွားသော ခြေသံတစ်ခုကို ကြားရသည်။

(ညြဘ်. . . ဒါကလည်း ဘာမှမဟုတ်တာကို ကယောင်ကတမ်းနဲ့ လန့်နေရတာယ်လို့)

" ဟား "

အညိုရောင် မျက်လုံးပြန်ဖွင့်မိသည်ကို နောင်တရမိသည်။ မြင်ကွင်းသည် ပုံမှန်ပြန်ဖြစ်မလာတော့။ သို့မဟုတ် ပုံမှန်မဖြစ်သေး လေးဘက်လေးတန်တွင် အုတ်နံရံများ အလန့်တကြားနှင့် ညီစေ ခေါင်းမော့လိုက်မိသည်။

ဆိုင်ကလေး၏ ရှောင်စုံမျက်နှာကြက်နေရာတွင်လည်း အုတ်သားများကိုသာမြင်လိုက်ရ၏။ လက်ထောက်အားပြုထားသည်က ခေါင်းတလားတစ်လုံးဖြစ်လို့နေသည်။ ရုတ်ခနဲခုန်အဆုတ်တွင် အခန်းတစ်ခုလုံး ခေါင်းတလားများ ပြန့်ကျဲနေသည်ကို မြင်လိုက်ရ၏။

" ဘာ. . . ဘာတွေလဲ "

" ဘာတွေလဲ "

မိမိအသံနှင့် မိမိပြန်နင်ကာ ညီစေမတ်တပ်ရပ်သေသွားရသည်။ ပဲ့တင်ပြန်လိုက်သည့် အသံသြသြက ခေါင်းတလားတစ်လုံးထဲမှ ထွက်ပေါ် လာခြင်းလား။ သွေးကြောများ ဆူဝေဖောင်းကြွကုန်သည်။

မလှုပ်မယှက် ရပ်နေမိရင်းမှ ချာရပတ်လည်သွားရသလို အရေပြားတွေတွန့်လိပ်သွားတော့ မတတ်တဆတ်ဆတ်နှင့်တုန်ယင်လာ၏





အသိဉာဏ်များ ထုံထိုင်း မှုန်ဝါးသွားခဲ့ပြီလား။ အမြင်အကြားမှ လွဲ၍ ဝေခွဲနိုင်စွမ်းမဲ့နေသလိုပင်။

" ဒုတ်. . . ဒုတ်ဒုတ် "

အသံကြားရာဘက် ချာခနဲ လှည့်ကြည့်မိ၏။ တလားခေါက်သံ ညီစေထိုင်ခဲ့သည့်နေရာမှ ခေါင်းတလားအဖုံးသည် ပွင့်ဟကြွတက်လာနေ၏။ ရှင်ပြန်နိုးထလာသည့် အလောင်းကောင်။

" မဟုတ်ဘူး. . . မဟုတ်ဘူး. . . မဖြစ်နိုင်ဘူး။ ဒါ. . . ဒါ ကော်ဖီဆိုင်. . . ကော်ဖီဆိုင်ပဲ "

" မဟုတ်ဘူး. . . မဖြစ်နိုင်ဘူး. . . ကော်ဖီဆိုင် "

အသံသြသြကြီး ဟိန်းထွက်လာပြန်သည်။ ပိုမိုကျယ်လောင်စွာ ပဲ့ချောက်ချားစရာကောင်းလာ၏။ မိမိအသံကိုပင် လွှမ်းကာ နံရံလေးဘက်ဆီ အရှိန်နှင့် ရိုက်ခတ်ပြန့်ထွက်သွားသည့်နှယ်. . . ပဲ့တင်သံများစွာ၊ ညီစေ့ ခြေထောက်တို့ နောက်သို့တရွေ့ရွေ့ဆုတ်သွားရသည်လား. . .

" ဒုန်း "

" ခရိုး. . . ဂိုး "

တဖြည်းဖြည်းကြွတက်နေသည့် ခေါင်းဖုံးမှာ လုံးဝပွင့်ထွက်သွားခဲ့လေပြီ၊ ရုပ်ခနဲခုန်ထွက်လာသည့် နက်ကျုတ်ကျုတ်သဏ္ဌာန်တစ်ခု စူးရူးဝါး အော်ဟစ်သံက ညီစေ့ ထံ တည့်မတ်စွာပြေးဝင်လာသလိုပင်။ အသံပင်မထွက်နိုင်တော့ပဲ ရုတ်တရက်လှည့်ပြေးမိသည်။

အမှတ်သည်က ကော်ဖီဆိုင်မြင်ကွင်းထဲမှ ထွက်ပေါက်တံခါးသို့

www.burmeseclassic.com



တကာယ်တမ်း မိမိခြေလှမ်းတို့က နံရံအပိတ်ကြီးဆီ ဦးတည်နေသည်ကို ပင် သတိမမူမိနိုင်တော့။

" အောင်. . . . . . "

" ဟင်. . . ကြောင်. . . ကြောင် "

မိမိနောက်မှ အော်သံကြောင့် နက်ကျုတ်ကျုတ်သဏ္ဌာန်အား ကြောင်ဟုသိလိုက်ချိန်တွင် မိမိရေရွတ်သံအတိုင်း ထွက်ပေါ်လာသည့် ကြောင်ဟူသော သံယောင်သြသြကြီးကြောင့် နောက်လှည့်ကြည့်ရန် ခေါင်း ငဲ့လိုက်ခြင်းကို အဆုံးမသတ်နိုင်တော့။ ခြေလှမ်းကိုလည်း မရပ်တန့်နိုင် တော့။

အုတ်နံရံဟု သိလျက်က ကမူးရှူးထိုး ခေါင်းဆိုက်တိုးဝင်ပစ်လိုက် သည်။ ပြေးလွှားနေရင်းမှပင် သိစိတ်ယဲ့ယဲ့ကလေးနှင့် မျက်စိစုံမှိတ် ပစ်လိုက်၏။

အမြင်အာရုံမဲ့နေချိန်တွင် မိမိဦးတည်ရာသည် ကော်ဖီဆိုင် ကလေး၏ တံခါးဖြစ်သွားလေမလား။ ဖြစ်ချင်ရာဖြစ် စွန့်ထားရတော့မည်။ ပြေး. . .

" ယား . . . . . . . . . "

မိမိကြုံးဝါးသံနှင့် မိမိ. . . ညီစေ နားအူသွားသည်။ ခန္ဓာကိုယ် သည် နွေးခနဲ အခြားအလွှာတစ်ခုထဲ နစ်ဝင်သွား၏။ ဆိုင်အပြင်ကို ရောက်လာပြီလား။

မျက်လုံးများကို မရဲတရဲဖွင့်ကြည့်လိုက်မိ၏။





မိမိကြုံးဝါးသံကို တုပပြောင်လှောင်နေသံများက အကြားအာရုံ ထဲအလုံးအရင်းနှင့် ဝင်ရောက်လာလေသည်။ ညှိုပုံကွဲသော ညနေအလင်း ထဲမှ စတိုးဆိုင်ဟောင်းကြီး၏ မျက်နှာစာကို အပြည့်အဝမြင်လိုက်ရ၏။ (ဒါ. . . လွတ်ပြီ)

အကျည်းတန်သော ညှိုမှိုင်းမှုမဟုတ်။ အုတ်နံရံများထဲမှာ မဟုတ်။ မနေနိုင်စွာလှည့်ကြည့်မိတော့လည်း အလုံပိတ်အခန်းအား မြင်ရတော့ပေ။

" ဒါ. . . လွတ်ပြီ. . . ဒါလွတ်ပြီ "

မင်သက်မိနေရာမှ အရူးတစ်ယောက်လို ခုန်ပေါက်အော်မိသည်။

" ဒါ. . . လွတ်. . . ပြီ "

သံယောင်သြသြသည် မနီးလှမ်းသော်လည်း ကြားနေရဆဲပင်။ ပြေး. . . ညီစေ. . . ပြေးဦး။ လမ်းတစ်ဘက်ကို ကူးပြေးဦး။ ရင်အစုံ မြှင့်လိုက်ဖို့ ရှိုက်ငင်နေသည်ကိုပင် မဖြေဖျောက်အား။

လမ်းမအလွတ်ကြီးအား ဖြတ်ပြေးရပြန်သည်။မည်သည့်အချိန် ကတည်းက စိုနစ်နေသည်မသိသော ချွေးစေးများက မျက်နှာအနှံ့ မှ ထွက်ကာ အခိုးဝေနေသလိုပင်။ ပြေး

" ကျန်ခဲ့စမ်း. . . နေခဲ့စမ်း. . . အသံတွေ "

သွေးရူးသွေးတမ်းနှင့် တတွတ်တွတ်မြည်တမ်းလျက်ပြေးမိ၏။ အသည်တို့မှာ မိမိရင်ခုန်သံနှင့် မိမိအူညည်းနေသလို ညီစေ ထင်မိသည်။ သံယောင်သြသြကြီးပျောက်ကွယ်သွားသလား။မိမိကပင်မကြားနိုင်သလား။

www.burmeseclassic.com



ဒါမှမဟုတ် အစကတည်းက တကယ်မရှိသည့်အသံလား။

လမ်းမတစ်ဘက် စတိုးဆိုင်ဝသို့ ရောက်သွားသည်။ မျှော်လင့်ထားသလို လူလူအရိပ်အယောင် မမြင်ရသေးသော်လည်း အကြောက်ပြေစပြုလာ၏။ လမ်းပေါ်တွင် တစ်စုံတယောက်ကိုမျှ မတွေ့ရ။

(ငါ . . . ကယောင်ကတမ်းဖြစ်သွားတာပဲ နေမှာပါ။ ကယောင်ကတမ်းဖြစ်ရအောင်ကလည်း ငါသောက်တာကော်ဖီပဲဟာ. . . ဟား ကော်ဖီဆိုမှ ငါငွေတောင်မရှင်းခဲ့ရပါလား)

(ငါ့ပုံက လူရယ်စရာဖြစ်နေပြီထင်တယ်။ ဆိုင်ရှင်ကတော့ ပိုက်ဆံမရှင်းဘဲ ထလစ်လာလို့ တစ်မျိုးထင်နေတော့မှာပဲ)

ညီစေသည် သတိဝင်လာတော့မှ ကော်ဖီဆိုင်ဘက် ခြေဦးပြန်လှည့်မိသည်။ အညိုရောင်မှန်ချပ်များကာရံထားသည့် ထိုဆိုင်ကလေးက ညီစေ့အမြင်တွင် သာမာန်ဆန်စွာ ရပ်တည်လျက်ရှိသည်။

ထူးထူးခြားခြားအရိပ်အယောင်တခုမျှမရှိ။

'' အား. . . ဘာမှလည်း မဟုတ်ပါလား ''

'' ဘာမှလည်းမဟုတ်ပါ ''

'' ဟင့် ''

သံယောင်သြသြကြောင့် ညီစေ့ မျက်လုံးများပေါက်ထွက်မတတ်ပြူးကျယ်သွားကာ နောက်သို့ရှာခနဲ လှည့်ကြည့်မိလေသည်။ အသက်ရှူလျက်လား. . . အောင့်ထားလိုက်မိသလား မသိတော့။

မိမိနောက်တွင် မည်သူမျှရှိမနေ။ နွတ်ခမ်းကြွက်သားတို့ တင်း





တုန်လှုပ် မျက်နှာတပြင်လုံးသွေးဆုတ်ဖြူလျော်သွားရ၏။

စတိုးဆိုင်တောင်း၏ အဝင်တံခါးတွင် ' CLOSE ' ဟူသော စာတန်းအား ချိတ်ဆွဲထားသည်ကိုသာ တွေ့လိုက်ရသည်။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

# အခန်း (၂)

" ချပ် "

အခန်းတံခါးကို နောက်ပြန်တွန်းပိတ်၍ ကျော်မှီလိုက်ရသည်နှင့် ညီစေ စိတ်ထဲ လုံခြုံမှုရှိသွားသလို ခံစားမိ၏။ ကော်ဖီဆိုင်မှ အပြန်လမ်း တလျှောက်လုံး စကားသံတစ်ခွန်းတစ် မထွက်ရဲခဲ့သမျှ သက်ပြင်းမောတစ်လုံး လွှတ်ချရင်း. . .

" ငါရူးများသွားပြီလား " ဟု ညည်းမိရသည်။

သံယောင်ကြိုးကြိုးကို မကြားရ၊ မလှုံမလဲနှင့် အခန်းထဲကိုတွေ့ိုက် ကြည့်သည်။ နီယွန်မီးဖြူဖြူအောက်တွင် အခန်းလေးသည် ပုံမှန်ပကာတိ ငြိမ်းချမ်းနေ၏။ နံရံအဖြူ။

အိပ်ရာအဖြူ။ အိပ်ရာနံဘေးမှ စာကြည့် စားပွဲနှင့်စားပွဲတင် စာအုပ်စင်ကလေး။ အားလုံးသည် ညီစေ အပြင်မထွက် ခင်ကတိုင်း နေ့တစ်ဝက်စာ လှောင်ပိတ်မိနေခဲ့သော လေသေနွေးနွေးများ





အား ပြတင်းပေါက်များဖွင့်၍ လှယ်လိုက်သည်။ ညည့်ဦးလေအေးတို့ ..က်နှာသို့အခတ်တွင် စိမ့်ခနဲ ကြက်သီးထမိ၏။ ဘာကြောင့်မှန်းမသိ။ ..ခဲ့သမျှ စဉ်းစားကြည့်တော့လည်း ခေါင်းနောက်သွားရခြင်းသာ အဖတ် ..င်သည်။

အမှောင်ထုဆီ မျက်နှာအပ်၍ အဝေးသို့ ငေးရီနေလိုက်၏။ ..ည်နေ့ရှိန်းဆိုထားသည့် ကိစ္စကိုပင် မတွေးချင်တော့။ သည်အလုပ်လည်း ..ိုကရ မရလည်းရှိစေဟုသာ သဘောထားလိုက်လေသည်။

" ချပ် "

ကျောရိုးထဲ ဆစ်ခနဲခံစားလိုက်ရပြီး ညီစေ ဇက်ခိုင်သွားသည်။ ..ခန်းတံခါးဆီမှ အသံ။ မိမိလိုပင် တံခါးဖွင့်ဝင် နောက်ပြန်မှီပိတ်လိုက် ..ည့် အသံမျိုး။ ညီစေ လှည့်မကြည့်ရဲ၊ ကျောပြင်အနှံ့မှ သွေးကြောများ ..ဆတ်ဆတ် ခုန်ကြွလာသည်။

ပြီး၊ တမျိုးတမည်သော ဝေဒနာတစ်ရပ် စိမ့်ဝင်လာ၏။ မိမိကို ..က်လုံးတစ်စုံမှ စူးစိုက်ကြည့်နေသည်လား။ သတိလက်လွှတ် အသက် ..အောင့်ထားလိုက်မိသည်။

ခြေသံ။

အံကိုတင်းတင်းကြိတ်၍ လက်အစုံ ကျစ်ခနဲဆုပ်လိုက်ရင်းမှ ..ခ်တရက်နောက်လှည့်ကြည့်သည်။ ညီစေ့ မြင်ကွင်းထဲ အမှောင်မှလွဲ၍ ..မျှဝင်မလာခဲ့။ ပြတင်းဘောင်ပေါ် လက်နောက်ပြန်ထောက်ရင်း ..က်လုံးအစုံမှာ ချာရပတ်လည်နေသည်။ မိမိအသက်အောင့်ထားလျက်

www.burmeseclassic.com



လာ။ သတိမထားမိ။

အပြောအပြောတလျှောက် တငွေ့ငွေ့ရှိန်တက်လာသည့် အပူခါတ်များက ဦးခေါင်းထဲအထိ ရောက်လာသည်။ တဖြည်းဖြည်းစင်လာသည့် အလင်းက မိမိမျက်လုံးများထဲမှလားဟုပင် ညီစေ ထင်မှတ်မိရ၏။

'' ဖြစ်. . . ဖြစ်ပြန်. . . ပြီ ''

အလင်းမှုန်မှုန်ထဲ အရိပ်သဏ္ဍာန်သဲ့သဲ့ကို မြင်ရသလိုရှိသည်။ ဝင်သက်ကို ဆောင့်ရှိုက်မိစဉ်. . .

'' ဖြစ်ပြန်ပြီ ''

'' . . . . . . ဟာ ''

သံယောင်ရှင်မှာ မြူနိုးဆန်သော အမှောင်အရစ်ရစ်ကြား ညီစေ့ထံ ဦးတည်ရွေ့လျားလာနေသည်လား။ ပီပီသသ မြင်ရလောက်အောင် အလင်းရောင်က အင်္ဂါမစုံချင်။

တံတွေးမပါဘဲ လေချည်းသက် သက် တစ်ချက်မြိုချမိသည်။ ပူခြောက်နေသည့် အာခေါင်ထဲနှင့်ခနဲ၊ ဝင်သက်တချို့ပင် တွန့်လိမ်သီးနင်သွားသည်။

'' ဒီအသံတွေကြားရပြန်ပြီ။ ဒီအသံကြီးကိုကြားရပြန်ပြီ။ ဘယ်သူလဲ. . . မင်းဘယ်သူလဲ. . . သွား. . . သွားစမ်း. . . ငါ့အနား မလာနဲ့။ သွား. . . ငါ့အခန်းထဲက ထွက်သွား. . . အား. . . မလာနဲ့ ''

'' အသံတွေကြားရပြန်ပြီ။ ဘယ်သူလဲ. . . သွားစမ်း. . . ''

'' ငါ့စကားတွေဘာလို့ လိုက်ပြောနေတာလဲ ''





သည်းခံနိုင်စွမ်းမဲ့စွာ ညီစေ ကြုံးအော်ပစ်လိုက်သည့်တိုင် အသံက ရပ်မသွား။ မိမိစကားဆုံးသည်အထိ ရေရွတ်နေဆဲ။ ဝင်သက်ကို တနင့် တပိုး ရှူရှိုက်အားယူကာ ထပ်အော်ဟစ်ရန် နှုတ်ခမ်းအပြင်. . .

'' ငါ့စကားတွေ ဘာလို့လိုက်ပြောနေတာလဲ ''

'' အား ''

နားနှစ်ဘက်ကို လက်နှင့်ဖိပိတ်ပစ်လိုက်ရ၏။ မိမိအော်သံထက်ပို၍ နက်ကျောလှသောအသံကြီး၊ ချောက်ချားစိတ်ဖြင့် ရုတ်တရက် နောက်သို့ယိုင်သွားရသည်။ ပြတင်းဘောင်နှင့် မထိမိဘဲ အရှိန်လွန်သွားသည့် မိမိခါးကို မထိန်းလိုက်နိုင်တော့ ကြမ်းပြင်ပေါ်ဗိုင်းခနဲပစ်ကျ၏။

(ဟာ. . . ငါ့. . . ငါ့အခန်းထဲမှာမှ မဟုတ်ဘဲ. . .)

ထောက်မိသည့်လက်တို့ အမှတ်တမဲ့ မြှောက်တင်လိုက်မိသည်။ ကြမ်းပြင်သည် ပျဉ်သားများမဟုတ်၊ အညိုတက်နေသည့် အုတ်သားများ။

'' ဒါဘယ်နေရာလဲ ''

သွေးရူးသွေးတမ်းရေရွတ်မိသည့် ညီစေ့ အသံနောက်မှ ပဲ့တင်သံယောင်ပေါင်းများစွာ အထပ်ထပ်ပေါ်လာသည်။

မတ်တပ်ရပ်ရန် အားယူလိုက်သည့် ခြေထောက်များ ပြန်ခွေကျသွား၏။ ဦးနှိုးခနဲ ဆောင့်တိုးလိုက်သော နှလုံးသွေးကြောင့် ရင်အုံမှာ ဖောင်းကြွပေါက်ကွဲ ထွက်မတတ်ပင်။

အမှောင်. . . အမှောင်ထဲတွင် အသံများစွာ. . . ညီစေကို

www.burmeseclassic.com



နောက်ပြောင်နေကြသည်လား။ မည်သူမည်ဝါမှန်း မသိသော အရိပ်သဏ္ဍာန်ကြီးက လဲကျနေသည့် ညီစေ၏ ခန္ဓာကိုယ်ပေါ် စီးမိုးငုံ့ကိုင်းကြည့်နေသည်။ အလင်းတောက်တောက်ကို ဝိတ်ကွယ်ထား သည့်နှယ် အရိပ်၏ကောက်ကြောင်းတလျှောက် မီးရောင်များ ရှုးရှုးရဲရဲ ဖြာထွက်နေလေ၏။

ထိုင်လျက်သားမှ တရွတ်ဆွဲနောက်ဆုတ်၊ ပါးစပ်မှတလှုပ်လှုပ်နှင့် ဗျည်းသရတွေရေရွတ် အသိဉာဏ်လွတ်သွားသော ညီစေ့အာရုံများက ရှုးသွပ်လုလု ယောက်ယက်ခတ်နေသည်။

" သ . . . သ . . . သွား . . . သွား . . . မလာနဲ့ "

မိမိနားတွေ အူညည်းနေပြီလား။ လှုပ်ယိမ်းနေသည့်အရိပ်မှ အသံသဲ့သဲ့ကြားရသည်။

" သွား "

အာခေါင်ပွင့်ထွက် အသံများပြာအက်မှုန်မွှားပျောက်ကွယ်သွားသည်ထိ ဟစ်အော်ပစ်လိုက်သည်။ မိမိမှာ ဆုတ်ပြေးစရာမြေမရှိတော့။

အေးစက်စက်နံရံသို့ ကျောကပ်မိလေပြီ။ ပြူးကြောင်သော မျက်လုံးများဖြင့် မည်းမည်းသဏ္ဍာန်အား မော့လှန်စိုက်ကြည့်ရင်း ကျယ်ကျယ်လောင်လောင် ရယ်မောပစ်ချင်လာသည်။

(မဟုတ်ဘူး . . . မဟုတ်ဘူး . . . ဒါတွေဟာ အစစ်အမှန်မဟုတ်ဘူး။ မယုံလိုက်နဲ့ ကြောက်စရာမဟုတ်ဘူး . . . ဒါအိပ်မက် . . . အိပ်မက်)





" ဟား . . . ဟား . . . ဟာ့ "

သွေးမျက်စွာ ရယ်လိုက်သံက ကလေးတစ်ယောက်စာရှုတ်သံလိုဆိုးမသ ထစ်ငေါ့နေ၏။ သိစိတ်ယဲ့ယဲ့နှင့် ပြန့်ထိန်း ရယ်သံတဝက်တပျက်နှင့် ပါးစပ်ပိတ်။ မိမိလက်က တစ်စုံတရာကို စမ်းမိသွားသည်။ ပေါက်တူးအသွားတစ်ခု။ အင်အားတချို့ လက်ဖဝါးပြင်မှတဆင့် စိမ့်ဝင်ကာ ချုံ့နှံ့သွားရသလိုပင်။

" လာ . . . လာစမ်း . . . မင်း ဘာကောင်ဖြစ်ဖြစ် လာခဲ့စမ်း"

တကြောက်တရွံ့ မောင်းထုတ်ခဲ့ရသည့်အရာ အားကိုးထားစရာလေးရှိသည်နှင့် ညီစေလူပီသစွာ စိမ်ခေါ်လိုက်သည်။

ဝင်သက်ထွက်သက်ကို တရစပ်ပြင်းပြင်းရှူထုတ်ရင်း ပေါက်တူးအား မြဲမြဲမြံမြံဆုပ်ကိုင်သည်။

လက်တစ်ဘက်နှင့် ကျောဘက်မှ နံရံကို ကုတ်တွယ်အားပြုမီအား ခုန်အုပ်တော့မလို အားယူလှုပ်ရှားနေသည့် အရိပ်၏ဦးခေါင်းဆီသို့တ် မသုန် စိုက်ကြည့်ရင်း

" မင်း . . . ဘာကောင်ဖြစ်ဖြစ်လာခဲ့စမ်း "

" ဒါမင်းရဲ့နောက်ဆုံးအသံပဲ တစ္ဆေကောင်ကြီးရေ "

ဒူးအဆန့် . . . လက်အလွှဲ

" ကဲ . . . ကွာ "

" နောက်ဆုံးအသံ "

တိခနဲရပ်သွားသည့် သံယောင်သြသြနှင့်အတူ ညီစေ့ရှေ့မှ

www.burmeseclassic.com



သဏ္ဌာန်ကြီးလွင့်ပွာ ကွယ်ပျောက်၏။ ဖောက်ခနဲ ညီစေ့ မျက်နှာဆီ လွင့်စင်ထိမှန်လာသည့် အစအနတစ်ခုကြောင့် မျက်လုံးစုံမှိတ်ခေါင်းလွှဲလိုက်ရသည်။ နောက်ကျသွားရ၏။ မျက်ခွံတည့်တည့်လာထိသည့် အစက်တစ်စက် ပျစ်ချွဲချွဲအရည်များက မျက်ခွံကိုသုတ်လိုက်သည့် လက်တွင်ပေကျံလျက်ပါလာသည်။ မျက်ခွံတွင်လည်း စပ်ဖျင်းဖျင်း ဝေဒနာတစ်ခုကျန်ရစ်၏။

(ဟား. . . ညာဘက်တစ်ဘက်တည်းမို့တော်သေးတယ်)

မယုံမရဲနှင့် ကျန်မျက်ခွံတစ်ဘက်ကိုပါ စမ်းကြည့်ရသည်။ မရှိ ပေါက်တူးကိုလွှတ်ချပြီး မျက်လုံးပြန်အဖွင့်တွင် စူးခနဲ အလင်းမျှင်စများစိုက်ကျလာ၏။ မီးရောင်တောက်တောက်ကို မျက်တောင်ပုတ်ခတ်ကာကွယ်ရင်းမှ မိမိအခန်းထဲ မိမိပြန်ရောက်နေပြီမှန်း ညီစေ သိလိုက်ရသည်။

" အင့်. . . အ. . . ဟား ဘာတွေဘယ်လိုဖြစ်နေရတာလဲ "

တရှိုက်ငင်ငင်နှင့် မောဟိုက်ပင်ပန်းနေမှုက ခေါင်းတစ်ခုလုံးနောက်ကျိရှုပ်ထွေးနေအောင် ဒုက္ခပေးနေသည်။

ယာဘက်မျက်ခွံမှာ ပူစပ် ပူလောင်ခံစားနေရဆဲ၊ အလင်းဖြူဖြူထဲ အသားကျသွားသည့် မျက်လုံးများ အခန်းတစ်ခုလုံးအား မယုံမရဲပြန်ကြည့်နေမိသည်။ စေ့ပိတ်ထားဆဲ အခန်းတံခါး ဝါညိုရောင် ဗီရိုများနှင့် အိပ်ရာဖြူဖြူ။

" အား. . . ဒါတွေဘယ်အချိန်ပြန်ပျောက်သွားဦးမလဲမသိဘူး "

ပြတင်းဘောင်အား လက်ထောက်ရပ်နေရင်းမှ မိမိခြေရင်းကိုငုံကြည့်မိသည်။ ပေါက်တူး။





မိမိလွှတ်ချလိုက်သည့် ပေါက်တူးကို လုံးဝမတွေ့ရတော့၊ ချာခနဲပြတင်းပေါက်ဘက် မျက်နှာပြန်လှည့်လိုက်သည်။ တိတ်တိတ်ဆိတ်ဆိတ်အမှောင်ကျနေသည့် ညရှုခင်းမှာ အပြောင်းအလဲမရှိ၊ မိမိမြင်နေကျအတိုင်းသာ။

ခရေပင်တန်းနှင့် လမ်းကလေး၊ ပြီးလမ်းတစ်ဘက်ခြမ်းရှိ အိမ်ရိပ်မည်းမည်းများ အားလုံးသည်အတိုင်း ပုံမှန်အတိုင်း။

(မဟုတ်ဘူး. . . မဟုတ်ဘူး)

လမ်း. . . လမ်းကလေးပေါ်မှာ အရိပ်တွေ မိမိမြင်နေရသည်။ ညီစေ မြင်နေရသည်။ အရိပ်တွေတရွေ့ရွေ့သွားလာနေသော သဏ္ဌာန်များစွာ လမ်းကျဉ်းကလေးပေါ်မှာ လူးလားခေါက်တုံ့. . . ညီစေ မျက်မှောင်ကျုံ့လိုက်မိသလားပဲ။

" ကျစ်စ် . . . . . . "

မြင်ကွင်းဆီမှ မျက်နှာလွှဲကာ ကျစ်ခနဲ စုတ်သပ်မိသည်။ မျက်နှာလွှဲပါမှ အခန်းထဲမှာပြောင်းလဲနေဦးမည်လား။ ခေါင်းလှည့်ရသည်မှာ ဆံ့မရဲနိုင်လွန်းစွာ. . .

" အိုး. . . တော်သေးတာပေါ့ "

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

## အခန်း (၃)

" အိပ်မက်ပဲနေမှာပါ။ ညီစေရာ "

အောင်ပြည့်ပြောပုံက ပေါ့တန်လွန်းသည်ဟု ညီစေထင်သည်။ မိမိကကိုယ်တိုင်ကြုံခဲ့ရသူ။ အဖြစ်အပျက်များက အိပ်မက်ဆန်လွန်းသည် မှန်သော်လည်း အိပ်မက်မဟုတ်မှန်း သေချာလွန်းနေပြန်သည်ပဲ။ သို့သော် . . . ပေါ့လေ။

" ဒါဆိုမင်း ဒေါက်တာမိုးဇော်နဲ့ မတွေ့ဖြစ်ခဲ့ဘူးပေါ့ "

" တွေ့ဖြစ်တယ် "

" ဟမ် . . . ဘယ်လိုလုပ်ပြီး တွေ့တာလဲ . . . ညတွင်းချင်း မင်းအခန်းလိုက်လာပြီး တွေ့တာလား "

ညီစေခေါင်းခါလိုက်သည်။ နဖူးကြောတွေ တွန့်ရှုံ့သွားအောင် မျက်မှောင်ကုပ်ရင်းမှ သက်ပြင်းချမိ၏။

" ငါလဲ . . . ဘယ်လိုပြောရမှန်းမသိတော့ပါဘူးကွာ "





အောင်ပြည့်က ခေါင်းကိုတဖျင်းဖျင်းကုပ်ကာ ခပ်မာမာပြုံးသည်။

" ငါကိုပါရှုးအောင်လာလုပ်နေတာလား။ ညီစေမင်းပြောတော့ သောကြာနေ့က ဒေါက်တာမိုးဇော်ကို သွားတွေ့ပြီး အလုပ်လျှောက်တယ်။ သူကမနက်ဖြန်မှာ ထပ်တွေ့ဖို့ချိန်းလိုက်တယ်ဆို။ မနက်ဖြန်ဆိုတာ စနေနေ့ပေါ့ ဒီနေ့အနေနဲ့ပြောရင် မနေ့က "

" အင်း "

" အေးလေ . . . မင်းပဲမနေ့က သူချိန်းလိုက်တဲ့ ကော်ဖီဆိုင်မှာ သွားစောင့်တာသူပေါ်မလာဘူးဆို။ ပြီးတော့ ဟို . . . ဘာတဲ့မင်းပြောသမျှ နောက်ကလိုက်ပြောတဲ့တစ္ဆေလား ဘာလား . . . အဲ့ဒါကြီးနဲ့ တွေ့တော့ တာပဲဆို . . . ဟင် "

" အင်း "

" အေးလေ . . . ဒါဆိုမနေ့ညကအထိ ဒေါက်တာမိုးဇော်နဲ့ တွေ့ရသေးဘူးပေါ့။ မနက်က "

" . . . . . . . . . "

" မနက်ကလည်း မင်း . . . ငါလာနှိုးမှ ထတာပါကွာ။ ဆေးရုံ သာတာလည်း မင်းနဲ့ငါအတူတူပါပဲ။ တစ်မနက်လုံးလည်း ငါ့မျက်စိ အောက်က မင်းမပျောက်သေးပါဘူး။ နေဦး . . . ဟုတ်ပါတယ်။ ခု နေ့လယ်စာ စားတဲ့အချိန်ထိ မင်းနဲ့ငါအတူတူရှိနေတာပါ။ ဘယ်အချိန်က သွားတွေ့လိုက်တာလဲ . . . ငါလည်းမသိပါလား "

www.burmeseclassic.com



" မင်း . . . ဘယ်သိမလဲ၊ မနေ့ကတွေ့တာ "

" မနေ့က "

" အေး ".

" ဟေ့ . . . ဟေ့ကောင် . . . ငါ့ကိုပိုရှုပ်အောင်မလုပ်နဲ့ မနေ့က မတွေ့ဖြစ်ဘူးဆို ခုပဲမင်းပြောလိုက်တာ၊ ဒေါက်တာရောက်မလာဘူးဆို"

" ငါပြောတာ ဆုံးအောင်နားထောင်ဦး ပြည့် "

ညီစေက စကားကိုမဆက်သေးဘဲ နံရံပေါ်ရှိ ပြက္ခဒိန်ဆီကြည့်လိုက်သည်။ အနီရောင်ရက်စွဲများနှင့် အပြာရောင်ရက်စွဲများအား တစ်တန်းချင်း စိတ်တွက်နှင့်ရေရွတ်ကြည့်သည်။

ရက်သတ္တပတ်တိုင်းမှာ နေ့ရက်ခုနစ်ကွက်သာရှိမှန်း သည်လို ရေတွက်ကြည့်မှ သိရသည် မဟုတ်သော်လည်း မိမိဘာကြောင့် တွက်ရေမိနေရသည်လဲ၊

" စနေနေ့ . . . မနက်က ထုံးစံအတိုင်း နားရက်ဆိုတော့ နေအတော်မြင့်မှ ငါအိပ်ရာထတယ်၊ အဲ . . . ပြီးတော့ ကော်ဖီတစ်ထုပ် ဖျော်သောက်ပြီး အိပ်ရာထဲမှာပဲ စာအုပ်ဖတ်နေလိုက်တယ်၊ မင်းရောက် လာမလားလို့တောင် မျှော်မိသေးတယ်၊ မင်းကပေါ်မလာတာနဲ့ နေ့လယ် စာကို အပြင်ထွက်စားမနေတော့ဘဲ စနက်တစ်ထုပ်နဲ့ ပြီးလိုက်ရော ညနေပိုင်းသုံးနာရီလောက်လည်းကျရော ရေမိုးချိုးပြီး ရာသက်ပန်ကို ထွက်လာခဲ့လိုက်တယ် "

" အဲဒါမင်းငါ့ကိုပြောပြီးသားလေ . . . ရာသက်ပန်ကိုသွားတယ်၊





ဒေါက်တာမိုးဇော်ကိုစောင့်တယ်၊ မလာဘူး၊ ဒါနဲ့မင်းမဟုတ်ကဟုတ်က ဆွေကြွေးရော "

" အင်း . . . ညအထိပဲ အဲဒီပဲ့တင်သံကြီးနဲ့ နပန်းလုံးနေရတာ၊ ဒေါက်တူးနဲ့လွှဲခုတ်လိုက်လို့ ပျောက်လည်းသွားရော ငါလည်းနုံးချိပြီး အိပ်လိုက်တော့တာပဲ "

" ငါလာနှိုးတဲ့အထိဆိုပါတော့ "

" မဟုတ်ဘူး . . . ငါဘာသာနိုးလာတာ၊ အစောကြီးပဲ "

" အပိုတွေလာပြောမနေနဲ့၊ ငါလာနှိုးတော့ မင်းသိုးနေတုန်းရှိ သေးတယ် "

" အဲဒါဒီနေ့လေ "

" ဘယ်လို "

" မင်း . . . ကြားကဖြတ်ဖြတ်မပြောနဲ့ကွာ၊ ငါနိုးလာရော အမ်းထိပ်ထွက်ပြီး ဘရိတ်ဖက်စ်စားတယ်၊ အဲဒီမှာ ငါတွေးမိတာ ဒေါက်တာမိုးဇော်ကိုသွားတွေ့လိုက်ဖို့ပဲ၊ ဒါနဲ့သူ့ဆေးခန်းကို တန်းသွား တယ်၊ တွေ့တယ်ကွ၊ သူကတောင်ငါ့ကို စောစောစီးစီးရောက်လာပါလား အဲ့ဒီအလုပ်အပေါ်အရမ်းအာသီသပြင်းနေပုံရတယ်လို့ ပြောလိုက်သေး"

ခဏနားပြီးမှ

" ငါအတော်ဒေါသထွက်သွားတာပေါ့၊ ချိန်းတဲ့နေရာကို ရောက်မလာလို့ လိုက်လာတဲ့သူကို သူကအလုပ်ရှင်ပဲဆိုပြီး အပေါ်စီးက ပြောနေသလိုပဲလို့ စိတ်ထဲထင်မိတာကိုး၊ ဒါနဲ့ငါလည်းအသံမာမာနဲ့

www.burmeseclassic.com



မေးထည့်လိုက်တယ်။ မနေ့က ရာသက်ပန်ကို ဘာလို့ရောက်မလာတာလဲ လို့လေ ''

အောင်ပြည့် . . . နှုတ်ပိတ်ပြီးနားထောင်နေပုံက တမင်ရွဲ့ေ သလိုပင်။ သည်ကောင့်အကျင့်ကိုက သည်အတိုင်းပဲဖြစ်သည်။

'' အဲ့ဒီတော့ သူက စားပွဲတင်နာရီလေးကို မေးဆက်ပြီး ကိုယ့်လူကလည်း ဒီနေ့မှတွေ့ဖို့ ချိန်းတဲ့ဟာမနေ့က ''

'' ဟား . . . နေဦး နေဦး မင်းပြောတာလည်းနေပြီ၊ သူနဲ့မင်းက သောကြာနေ့ကတွေ့တယ်၊ စနေနေ့မှာတွေ့ဖို့ချိန်းတယ်၊ ဒီနေ့ကတနင်္ဂ ပါနော်။

အောင်ပြည့်က နံရံပေါ်မှ ပြက္ခဒိန်အား ခေါင်းငဲ့ကြည့်ရင်း မေးသည်။ ညီစေခေါင်းညိတ်ပြလိုက်၏။

'' မင်းပြောတာ တစ်ရက်များပိုနေသလားလို့ . . . ညီစေ ''

'' ဟုတ်တယ်။ တစ်ရက်ပိုနေတယ်၊ ပြည့် . . . စနေနေ့ တစ်ရက်ပိုနေတာ။ ငါလည်းဒေါက်တာမိုးဇော်ပြောတုန်းက ကြောင်သွား သေးတယ်၊ သူ့နာရီဒိုင်မှားနေတာလို့ပဲထင်မိတာ။ လမ်းတွေ့တဲ့လူတိုင်း မေးကြည့်တော့မှ စနေတစ်ရက်ဘယ်လိုပိုထွက်လာသလဲလို့ ''

'' ဟား . . . ငါရှုးချင်လာပြီ ညီစေ ''

'' ဟင်း . . . . . . ငါလည်းရူးတော့မယ် ပြည့်ရာ ''

စကားဝိုင်းက ပြီးဆုံးသွားတော့မလို တိတ်ဆိတ်သွား၏၊ နာရီကို ကြည့်ငေးကာ ဂျူတီပြန်ဝင်ရန် နီးနေပြီမှန်း တွက်ဆလိုက်မိသည်။





ဆိုင်ရာမှအထတွင် အောင်ပြည့်ကိုကြည့်၍ စကားတစ်ခွန်းဆိုလိုက်၏။

'' အိပ်မက်မဟုတ်ဘူး ''

'' အိပ်မက် မက်တာပါလို့ငါပြောသားပဲ ''

အောင်ပြည့်ကလည်း ထရပ်ရင်း ပြောသည်နှင့်တပြိုင်နက် ည်းဖြစ်သွားရ၏။ ဆန့်ကျင်ဘက်စကားနှစ်ခွန်း တစ်ထပ်တည်း ပြောမိလျက်သားဖြစ်သွားသည်။

'' မဟုတ်ဘူး . . . ပြည့်မဟုတ်ဘူး၊ အဲ့ဒီပုံတင်သံကြားရတဲ့နေ ငါတကယ်ဖြတ်သန်းခဲ့ရတာ။ တစ်ရက်တာအဖြစ်အပျက်တွေကို း အိပ်မက်မက်ဖူးလို့လားဟင် . . . ''

အောင်ပြည့် မဖြေနိုင်။

'' ပြီးတော့ ငါပထမစနေနေ့မှာ မက်ခဲ့ရတဲ့ စာအုပ်ထဲက းအသစ်တစ်မျိုးအကြောင်း မှတ်စုထုတ်ထားတာကို ပြန်ကြည့်တော့ ကယ်ရှိနေတယ်ကွ ဒီမှာ ပြီးတော့ ငါသောက်ခဲ့တဲ့ကော်ဖီ၊ငါစားခဲ့တဲ့ ာ် ငါပြန်တွက် ကြည့်ပြီးပြီ၊ အဲ့ဒီနေ့က ငါတကယ်စားခဲ့တာ တစ်ထုပ်စီ ာနေတယ် ''

မိမိလည်းရပ်လျက်သား ပြောနေမိသလို အောင်ပြည့်လည်း ကြောင်သားရပ်နေဆဲ၊ နောက်ဆုံးအချက်အား ပြောပြရန် နှုတ်လေးနေ ည်။ သည်ကောင်ယုံမှယုံပါ့မလားမသိ။

'' အဆိုး . . . . အဆိုးဆုံးကျန်ခဲ့တဲ့သက်သေအထောက်အထားက ာဘက်မျက်ခွံပေါ်က ဒီအစက်ပဲ ''

www.burmeseclassic.com



" ဟာ "

ညီစေက ယာဘက်မျက်ခွံကို ဆွဲချပြလိုက်သည်။ အောင်ပြည့် တစ်ယောက်မျက်ခွံပေါ်မှ အနက်စက်ကလေးအား တွေ့မြင်သွားပြီထင် သည်။

" အဲ့ဒါ ဟိုအကောင်ကြီးကို ငါခုတ်လိုက်တုန်းက စင်တဲ့အစွယ် သွေးလားမသိဘူး။ ပူလောင်သလိုဖြစ်ပြီး အဲ့ဒီအစက်ကလေးကျန်ခဲ့တာ"

" မှဲ့. . . မှဲ့. . . "

" ဘာလဲ မှဲ့လို့ပြောမလို့လား။ မှဲ့နဲ့တူနေလို့လား "

" တူတော့မတူပါဘူး။ ဒါပေမဲ့ ဟိုဟာ. . . ဟို. . . ဟို "

" အဲ့ဒီအစက်ကြောင့်လို့ငါထင်တာပဲ "

" ဘာဖြစ်လို့လဲ "

" မင်းဘယ်လိုထင်လဲ "

" ငါ. . . ငါမထင်တတ်ဘူးလေ။ မင်းပဲပြောပြတော့ အဲ့ဒီအစက် ပေါ်လာပြီးမှ ဘာတွေထူးခြားလာလို့လဲ။ မျက်ခုံးထဲစပ်ဖျဉ်းဖျဉ်းဖြစ်နေလို့ လား။ ပူနေတာလား "

" အဟင်း. . . အဲ့ဒါတွေထက်ဆိုးတယ် "

နားနေခန်းထဲမှ ပြန်ထွက်ရန် ထိုင်ခုံကိုခွာဆုတ်၍ စားပွဲအနီး ထွက်လိုက်သည်။ ဆက်ပြောရန်အားယူကာ နှုတ်ခမ်းကို ပြင်လိုက် သက်ပြင်းချနှုတ်ပိတ်လိုက်နှင့် နှုတ်ခမ်းသားများပင် ပွန်းခြောက်သွေ့လာ ရ၏။ ဆေးရုံ၏စင်္ကြံလမ်းလေးအတိုင်း လျှောက်နေရင်းမှ ညီစေ





ခေါင်းငုံ့ချလိုက်သည်။ ဘေးသိကို ငဲ့မကြည့်ရဲ၊ နှုတ်ခမ်းကိုက်၍ တံတွေး တစ်ချက် မြိုချရင်း. . .

" ငါ. . . ငါ. . . နာနာဘာဝတွေကို မြင်နေရတယ်။ အမြဲတမ်း လိုလိုပဲ ကြည့်လိုက် တဲ့နေရာတိုင်းလိုလိုမှာ သူ. . . သူတို့ရှိနေကြတယ် ပြည့် "

ပြောရင်း. . . မိမိအသက်ရှူသံတို့ ဖောက်ပြန်လာသည်ကို ညီစေ သတိထားလိုက်မိသည်။ မေးများမှာ တဆတ်ဆတ်ရိုက်ခါတုန်ယင် နေမည်လားပဲ။ အောင်ပြည့်၏ တုံ့ပြန်သံကိုမကြားရ။

သူယုံနိုင်မှာမဟုတ် မှန်းသိလျက် ထွက်ပေါက်တစ်ခုလို ရေရွတ်ပြောဆိုနေမိသည်။ စင်္ကြံကြမ်းခင်းကျောက်ပြားများသည် မိမိကြည့်နေရင်းမှပင် တဖြည်းဖြည်း ဝေးကွာသွားသလို ညီစေ ထင်ယောင်လာရ၏။

" ငါ. . . နာနာဘာဝတွေကို မြင်နေရတယ် "

" ငါ. . . မြင်နေရတယ် "

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

## အခန်း (၄)

" အဟင့်. . . ဟင်း. . . ပြတင်းပေါက်လေး ပိတ်ပေးပါလား ဆရာလေးရယ် "

ဆေးတိုက်ပြီးပြန်လှဲသိပ်ပေးတော့ လူနာအဘိုးအိုက ညီစေ့အား တောင်းပန်သလိုပြောလာသည်။

ညီစေက ရေဖန်ခွက်ကို စားပွဲတွင် ပြန်တင်ရင်း အဘိုးကြီး ပခုံးအောက်မှ မိမိလက်ကိုအသာပြန်ထုတ်ရသည်။ပြီး. . . ပြုံး၍ ခေါင်းညိတ်ပြလိုက်၏။

ခုတင်နံဘေးမှ ပြတင်းပေါက်ဆီလှမ်းကြည့်တော့ ညဥ့်လေအေး များနှင့်အတူ ညရှုခင်းဝင်းလဲ့လဲ့လေးကိုပါ သတိမူမိသည်။

" ချမ်းနေလို့လား အဘိုး "

" အင်း. . . "

" ပုံမှန်ချမ်းတာမျိုးလား။ အရမ်းပဲချမ်းသလား ခင်ဗျာ "





" ပုံ. . . ပုံမှန်ပါပဲ ဆရာလေး "

တစ်ပါးသူတွေဘယ်လိုခေါ်ခေါ် သည်အဘိုးအိုကတော့ မိမိကို ဆရာလေးဟုသာနှုတ်ကျိုးနေလေပြီ၊ ဆေးရုံတွင်ရောက်ရှည်ရောက်နေသည့် လူနာမို့ မိမိနှင့်လည်း ရင်းနှီးနေခဲ့ပြီဖြစ်သည်။ ပြတင်းပေါက်ကို ပိတ်ပေးရန် ညီစေခုတင်အနီးမှ ထလိုက်၏။

ည. . . . . .

သည်အသိက ခေါင်းထဲကနို့လန့်ဖြတ်ဝင်လာသည်နှင့် ပြတင်း ပေါက်ဆီ လှမ်းခြေထောက်မှာ တုံ့သွားရသည်၊ အမှောင်. . . အမှောင်ကို ရင်ဆိုင်နိုင်စွမ်းမရှိ။ လူနာကိုငဲ့ကြည့်မိပြန်တော့လည်း (ဟား)

ပြတင်းပေါက်အနီးရောက်သည်နှင့် မျက်စိစုံမှိတ်၍ တံခါးရွက် များကို လက်နှင့်စမ်းကာ ပိတ်ချပစ်လိုက်သည်။

" ဂျုတ်. . . ချက် "

" အိုး. . . ဖြည်းဖြည်းသာသာလုပ်ပါ ဆရာလေး. . . ရယ် "

" ဟုတ်. . . ဟုတ်ကဲ့ ဦး. . . အဲ အဘိုး "

အထစ်ထစ်အငေါ့ငေါ့ပြန်ဖြေကာ ခေါင်းပြန်အလှည့်တွင် စကြံ ဘက်ပြတင်းပေါက်မှ ရိုးခနဲဖြတ်သွားသည့် သဏ္ဍာန်တစ်ခုကိုတွေ့လိုက်ရ သည်။ ချက်ချင်းခေါင်းငုံ့မျက်ကြောရှုံ့၍ ခုတင်အနီးပြန်ဝင်ထိုင်သည်။

" ဆရာလေး. . . ဘာများဖြစ်နေသလဲ "

" ဘာ. . . ဘာမှမဖြစ်ပါဘူးအဘိုး "

အဘိုးအိုက ခေါင်းတဆတ်ဆတ်ညိတ် မျက်လုံးပြန်မှိတ်သွားစဉ်

www.burmeseclassic.com



မိမိကိုစိုက်ကြည့်နေသော အခြားမျက်လုံးတစ်စုံ ရှိနေသေးသလို ခံစားလိုက်ရသည်။ သည်အခန်းထဲတွင် မိမိနှင့်အဘိုးအိုအပြင် မည်သူမျှ ရှိမနေ။

အထူးဆန်းမှို့ သီးသန့်လူနာတစ်ဦးနှင့် သူနာပြုတစ်ဦးသာရှိနေတတ်သည့်အခန်း။ အကြည့်သည် မိမိနောက်ကျောဘက်ဆီမှလာ။

ဖြတ်ခနဲလှည့်ကြည့်မိ၏။ စကြံဘက်ပြတင်းပေါက်တွင် လူတစ်ယောက် ညိုစေ လှည့်ကြည့်တော့ ရုတ်တရက်ဝပ်ချသွားကာ ပြတင်းဘောင်အောက် ငုံ့ကွယ်သွား၏။

" ဘယ်သူလဲ "

" အင့်. . . "

သံယောင်လိုက်သံကြောင့် အမှတ်တမဲ့ အသက်ရှူရပ်သွားသည်။ မိမိမေးသည့်အတိုင်း အဘိုးအိုက လိုက်မေးလေသည်နှင့် သတိထားမိပြီး ထွက်သက်ကို ဖွဖွမှုင်းထုတ်လိုက်ရ၏။ ပြတင်းပေါက်အရိပ်မှာလုံးဝမမြင်ရတော့။

" ဘယ်သူလဲ မသိပါဘူး အဘိုးရယ်၊ အခန်းရှေ့က ဖြတ်သွားသံကြားလို့ လှမ်းမေးကြည့်တာပါ။ ကဲ. . . အဘိုးပြန်မှေးလိုက်၊ ခြေစကြံဘက်က ပြတင်းပေါက်ပါ ပိတ်ပေးရမလား အဘိုး "

" ဝေ. . . ကောင်းတာပေါ့။ ဆရာလေးက အခန်းကို အလုံပိတ်ပြီးနေရင် မကြိုက်ဘူးဆိုလို့ မပြောရဲတာ "

" အယ်. . . ဩော်. . . ဟိုရပါတယ် အဘိုးရဲ့။ အဘိ





သက်တောင့်သက်သာဖြစ်မယ့်အနေအထားကို ပွင့်ပွင့်လင်းလင်းသာပြောပါ။ အဟင်း. . . "

ပြတင်းပေါက်ဆီ လှမ်းသွားနေသော မိမိခြေလှမ်းတို့ ပုံမှန်လွန်းသည်ကို ညီစေသိနေသော်လည်း မထိန်းသိမ်းနိုင်။ ခြေဆယ်လှမ်းတမျှဝေးနေသည့်မှလည်း မျက်လုံးမှိတ်လျှောက်၍မဖြစ်။ ပြီး. . . သည်တစ်ပေါက်ကိုလည်း မပိတ်၍မဖြစ်။

" အမ် "

အာမေဋိတ်ပင်မဆုံးလိုက်နိုင်။ တဝက်တပျက်နှင့် အော်သံပျောက်သွားရသည်။ ပြတင်းဝတွင် ကျောပေးရပ်နေသည့် အဖြူရိပ်တစ်ခုချက်တရက်ပေါ်လာ၏။ ဆံပင်ဖြူဖြူရှည်ရှည်များကိုသာ မြင်လိုက်ရပြီး ချက်ချင်းပျောက်ကွယ်သွားခဲ့ပြန်သည်။

မျက်နှာကြွက်သားများ ရှုံ့တွသွားသည်အထိ မျက်စိစုံမှိတ်ပစ်လိုက်၏။ နှလုံးခုန်သံများ ဒုန်းစိုင်းခုန်ပေါက်သွားသည်။ နားထင်မှ ချွေးစေးများပင် စိမ့်ထွက်စီးကျလာသည်လား။ ကျန်သည့် ခြေလှမ်းများမှာ အမြင်အာရုံမပါဘဲ စမ်းသဝါးဝါးနှင့်။

" ဆရာလေး "

" အမေ့ "

ရုတ်တရက်ခေါ်လိုက်သည့်အသံကြောင့် ညီစေလန့်ဖျပ်သွားသည်၊ အာမေဋိတ်နှင့်အတူ မျက်ခွံများပွင့်သွား၏။ မိမိရှေ့တည့်တည့်တွင် ၎င်းကိုမြင်လိုက်သည်။ ကြောက်ကြောက်နှင့် မျက်စိမှိတ်၊ မှန်းလျှောက်လာ

www.burmeseclassic.com



သည်မှာ ပြတင်းပေါက်နှင့်တလွဲစီ. . .

" ဆရာလေး. . . ပြတင်းပေါက်ပိတ်မှာလား၊ မီးပိတ်မှာလား"

နံရံပေါ်မှ မီးခလုတ်များကိုကြည့်ရင်း ညီစေရှက်သွား၏ ပြတင်းပေါက်တံခါးရွက်များ ခပ်သုတ်သုတ်ဆွဲစေ့လိုက်လေသည်။ လိုက်ကာစကိုပါ ဖြေချပစ်ခဲ့၏။

" ဆရာလေးကြည့်ရတာ တစ်ခုခုဖြစ်နေသလိုပဲ "

အမှုအရာမပျက်အောင် မိမိဟန်ကွယ်လိုက်သော်လည်း အဘိုးအို က အရိပ်အကဲကို ဖမ်းမိပြီးသားဖြစ်နေသည်။ ရိပ်မိမည်ဆိုကလည်း ရိပ်မိလောက်သည်။

အသက်ရှူသံကို ထိန်းနိုင်သည်ထား တဆတ်ဆတ်တုန်ယင်နေသည့် မိမိနှုတ်ခမ်းကို ပြုံးယောင်ယောင်ပုံဖမ်း၍ ဟန်ဆောင်နိုင်သည်ထား ဂဏာမငြိမ်သည့် မိမိမျက်ဆံများက အတွင်းစိတ်ကိုပြနေသည်လေ။

ပထမ အခြားအကြောင်းအရာတစ်ခုခုကို လှည့်ပတ်ပြောမည်ဟု ကြံမိသည်။ မိမိအဖြစ်က အရှုံးသာသာမို့ အမှန်အတိုင်းပြောရန် နှုတ်လေးနေ၏။ ပြီးမှ တွေးမိသည်။

လုပ်ကြံလီဆယ်ပြောရသည်က ပိုပင်ပန်းသေးသည်။ ပြီး သည်လိုစိတ်ကယောင်ချောက်ချားဖြစ်နေချိန်တွင် ဆင်ခြေလှလှများကို တွေးနိုင်ဖို့ရာမလွယ်။

" အင်း. . . မပြောချင်ဘူးဆိုရင်လည်း ရပါတယ်။ တချို့က ကိုယ်ဖြစ်နေတာကို ဘေးလူတစ်ယောက်ယောက်ကို ပြောပြလိုက်ရ





နေသာထိုင်သာရှိတတ်ကြတာမို့ အဘိုးက မေးကြည့်မိတာပါကွယ် "

ညီစေက ထိုင်ခုံပေါ်ခပ်ဖျော့ဖျော့ထိုင်ချလိုက်ရင်း ပြုံးသည်။ လှုပ်ရှားနေသည့် စိတ်ကြောင့် ထိုအပြုံးမှာ ပီပြင်မည်မဟုတ်မှန်း မိမိကိုယ် သိနေ၏။

" မပြောချင်လို့မဟုတ်ပါဘူး အဘိုးရယ်၊ ပြောရခက်နေလို့ပါ "

ညီစေ့စကားက ညည်းညူမှုဆန်၏။ ပြောရင်းမှလည်း လိမ်ညာ ပြောနေဖို့မလိုပါဘူး၊ မပြောချင် လုံးဝမပြောဘဲနေလို့ရသည်ပဲဟု တွေးနေ သည်။

သည်လိုတွေးကြည့်ပြန်တော့လည်း လိမ်တတ်ညာတတ်သည့် တွေကို အံ့သြရမလိုဖြစ်နေသည်။ အဖြစ်အတိုင်း အရှိအတိုင်းပြောလိုက များ မပြောလိုလျှင်ဘာမျှမပြောဘဲ နေရုံသာရှိ၏။

ဘာကြောင့်များ တစ်ဦးနှင့်တစ်ဦး မုသာဝါဒနှင့် ဆက်ဆံချင်နေ ကြသည်လဲ။

" ပြောရခက်လို့ ဟုတ်စ၊ မိသားစုအရေးလား၊ ကိုယ်ရေးကိုယ် တာလား၊ အဘိုးကိုဆရာလေးရဲ့မိသားစုဝင်လို မိတ်ဆွေလိုသဘောထား ပြောတတ်သလိုသာပြောပါလေ ဆရာလေးကြည့်ရတာ စိတ်ရှုပ်စရာ နာခပ်ကြီးကြီးနဲ့ တိုးနေရသလိုပဲ၊ ဘာပဲဖြစ်ဖြစ် တစ်ယောက် ကိုကို ပြောလိုက်ရရင် နေသာထိုင်သာရှိသွားတာပေါ့

အဘိုးကြီးက သည်တစ်ခါတော့ နားထောင်သူလုပ်ချင်နေပုံရ ညစဉ် မိမိကချည်းနားထောင်သူသက်သက် လုပ်ပေးခဲ့ရသည်။

www.burmeseclassic.com



သူ့ဘဝ သူ့မိသားစုအကြောင်းတွေ မမောနိုင်၊ မပန်းနိုင်ပြောသမျှမိမိက မညည်းမငြူ နားထောင်ပေးခဲ့ရ၏။ သည်ဟာကလည်း ကုသနည်း တစ်မျိုးပဲ မဟုတ်လား။

'' အဘိုးသိရလို့ မကူညီနိုင်ဘူးထားဦးတော့။ ဆရာလေး စိတ်ဖိစီးမှုလျော့တာပေါ့ ''

'' အဘိုးကကျွန်တော့်စကားနဲ့ ကျွန်တော့်ကို ပြန်နှစ်သိမ့်နေ လား။ အင်း. . . ပြောတာတော့ ပြောပြချင်ပါတယ်။ ဒါပေမဲ့ အဘိုးအနေ ကျွန်တော်ပြောသမျှကို မယုံရင် ကျွန်တော်ပဲအရူးဖြစ်ရမှာ ''

''ဟ. . . ဆရာလေးစကားက အဆန်းပါလား။ ဆရာလေး အဘိုးကဘာလို့မယုံရမှာလဲ။ တန်တော့ဆရာလေးပြဿနာကလည်း အဆန်းပဲထင်တယ် ''

'' ဟုတ်တယ်အဘိုး။ အဆန်းပဲ ''

'' ဘယ်ပုံဆန်းတာလဲဗျ ဆိုပါဦး ''

'' စနေနှစ်ခြမ်းကွဲသွားတယ်ပြောရမလား။ စနေနှစ်ဆပွား တယ်ပြောရမလားပဲ၊ သေချာတာကတော့ ဒါဟာအိပ်မက်မဟုတ် ဆိုတာပဲ ''

အိပ်မက်မဟုတ်ဘူး သည်စကားကို ညီစေ တယုံတကြ ပြောမိရခြင်းဖြစ်သည်။ သို့သော် ဖြစ်ရပ်များအား စကားဖွဲ့ဆိုရရှိ အောင်ပြည့်ကို ပြောပြခဲ့စဉ်ကလိုပင် ဝေဝေဝါးဝါးနိုင်လှသည်။ စကား များကသာ ဝေါးနေ၏။ ခံစားမှုကတော့ တကျော့ပြန်ကြုံလာရသည်





ဖြင့်လွန်းနေသလား။ မိမိစကားကို မိမိပြန်မကြားချင်လောက်အောင် ဖြစ်ရ၏။

'' အင်း. . . ဆရာလေး ပြောရခက်မယ်ဆိုလည်း ခက်စရာပဲ နဲ့ဆရာလေး ပန်ဂိုလင်ဆိုတာ ကြားဖူးသလား ''

'' ဗျာ. . . ပန်ဂိုလင် ဟုတ်လား အဘိုး ''

'' ဟုတ်တယ် ဒီသတ္တဝါက လူတွေရဲ့အသံကို မှတ်ပြီး တုပနိုင်တဲ့ စွမ်းရှိတယ်။ ပြီးတော့ သူတို့ရဲ့သွေးဟာ အတော်ထူးခြားတယ် ''

'' ဘယ်. . . ဘယ်လို အဘိုးသံကို တုပနိုင်တယ် ကျွန်တော် တွေ့လိုက်ရတဲ့ အရိပ်သဏ္ဌာန်ဟာ ပန်ဂိုလင်လား. . . ဟုတ်လား ကျွန်တော့် စကားတွေကို သံယောင်လိုက်ပြီးပြောတဲ့ အကောင်က ဂိုလင်ပေါ့ သူ့သွေးက ''

'' မျက်ခွံမှာ သုတ်လိမ်းထားလိုက်ရင် ''

အဘိုးအိုက စကားကို မဆက်သေးဘဲ ညီစေကို ကြည့်သည်။ မျက်ခွံပေါ်မှ အမည်းစက်ကို အကဲခတ်နေမှန်း ညီစေ သိလိုက်၏။ စကားက ဆက်ပြောရန်ပင် မလိုတော့ပါ။ ညီစေ အလိုလိုသိနှင့် လိုက်လေပြီ။

'' နာနာဘာဝကို မြင်နိုင်သွားတယ်မဟုတ်လား. . . အဘိုး''

ခေါင်းအုံးသားထဲ နစ်ဝင်နေသော အဘိုးအို၏ ဦးခေါင်းသည် ည်းလေးစွာ ညိတ်လှုပ်သွားလေ၏။ မိမိမျက်နှာဆီမှ အကြည့်လွှဲသွားကာ ထားသည့် ပြတင်းပေါက်များအား ကြည့်နေပြန်သည်။

www.burmeseclassic.com



" အဘိုးတို့ အခေါ်တော့ ပန်ဂိုလင်ဆိုတာ သင်းခွေချပ်ပဲ ဆရာလေး "

" ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ ဒါတွေဟာ တကယ်ကြုံခဲ့ရတာ ပါဆိုတာ သေချာဖို့လိုတယ် ဆရာလေး "

" အဘိုး. . . အဘိုးမယုံဘူး မဟုတ်လား "

" အဘိုး ယုံတာ မယုံတာ အရေးမကြီးဘူး ဆရာလေး စိတ်ထဲရှင်းသွားဖို့က အရေးကြီးတယ်လေ "

" ဘာမရှင်းစရာရှိလဲ အဘိုးရယ် အဲ့ဒီ စနေနေ့က လုပ်ခဲ့သမျှကို ပြန်စစ်ဆေးကြည့်ပြီးပြီပဲ. . . ကျွန်တော်သောက်ခဲ့လို့ ကော်ဖီတစ်ထုပ် လျော့နေပြီ. . . ကျွန်တော်စားခဲ့လို့ စနက်တစ်ထုပ်လျော့နေပြီ ပြီးတော့ မှတ်စုစာအုပ်မှာလည်း "

" ဒါတွေက တစ်ကိုယ်ရေပြေ သက်သေတွေလေ ဒီ့ထက်ပိုသေချာ အောင် ဒီ့ထက်ပိုနိုင်လုံအောင် ရာသက်ပန်ဆိုတဲ့ ကော်ဖီဆိုင်လေးကို ဆရာလေးတစ်ခေါက်သွားသင့်တယ် "

" ဟား. . . ဟုတ်တာပေါ့ အဘိုးရာ ကျွန်တော် သတိ လွတ်သွားတယ် "

" ဒါထက်ဆရာလေးက ဒေါက်တာမိုးဇော်ဆီမှာ ဘာအလုပ် သွားလျှောက်တာလဲ၊ ဒီဆေးရုံမှာ ဆက်မလုပ်တော့ဘူးလား "

" ဒီမှာ ဆက်လုပ်ဖို့ရာ သိပ်စိတ်မပါတော့ဘူး အဘိုးရဲ့ ဒါကြောင့်မို့ ဒီဂျူတီအချိန်းမှာ "





" ဟော. . . မြန်လှချေလား အဘိုးဆင်းတဲ့ အထိတော့ နေပါဦး ဆရာလေးရယ် "

" ဩော်. . . နေမှာပါ အဘိုးရယ် ဂျူတီချိန်းတယ်ဆိုတာ ဒီညကို ပြောတာမဟုတ်ပါဘူး။ အဘိုးဆင်းသွားပြီးမှ တခြားလူနာကို တာဝန်မပေးခင်ကို ဆိုလိုတာပါ "

" တော်သေးတာပေါ့ ဆရာလေးရယ် အဘိုးက ဆရာလေး မဟုတ်တဲ့အခြားတစ်ယောက်နဲ့ မနေချင်ဘူး။ ဒီမှာ ဘာဖြစ်လို့ စိတ်မပါ တာတာလဲ "

" ပုဂ္ဂလိက အရမ်းဆန်လို့ အဘိုးရေ ".

" ဩော် ဆရာလေးနယ် ပုဂ္ဂလိကဆေးရုံပါဆို. . . ပုဂ္ဂလိက ဆန်မှာပေါ့ဗျာ "

" ဟင်. . . "

ရုတ်တရက် ညီစေ့ မျက်လုံးများ ဝိုင်းစက်သွားရ၏။ ကြမ်းပြင် ပေါ်တွင် ပုံနေသောအရိပ်တစ်ခု။ မိမိနောက်တွင် လူတစ်ယောက်ရပ်နေ သလို ခုတင်ပေါ်သို့ ထိုးကျနေသည့် လူ့ရိပ်။

မိမိက မီးရောင်ကို ကျောပေးထားသည်မို့ အဘိုးအို၏ ခုတင်ပေါ်တွင် မိမိအရိပ်ကျနေသည်ကမဆန်း။

ပြီး။ အဘိုးအိုမှာ လဲလျောင်းနေသူ မိမိရှေ့တွင် လဲလျောင်း နေသူဖြစ်သည်။ သူ့အရိပ်သည် ခုတင်နံဘေးနံရံပေါ်တွင် အလျားလိုက် ကျနေသည်ပဲ သည်ဒေါင်လိုက် အရိပ်က မိမိခြေရင်းသို့ ဘယ်လို

www.burmeseclassic.com



ဘာမှရောက်နေသည်မသိ။ ဆရာဝန်ကြီး ရောက်နေသည်ပဲလား။ မဖြစ်နိုင်မှန်းသည်။ စိတ်ထဲအလိုလိုသိနေသည်။

ဆရာဝန်ကြီးလာလျှင်အဘိုးအိုက သည်လိုစကားဆက်ဆိုနေမည်မဟုတ်။

ပြီး။ တံခါးဖွင့်သံကိုလည်း ညီစေ မကြားမိ။ လူရိပ်ကိုစိုက်ကြည့်ရင်း တစိမ့်စိမ့် ကျောချမ်းလာသည်။ ဘယ်အချိန်ကတည်းကရှိနေသည့်အရိပ်လဲ။ ဘယ်သူရောက်နေသည်လဲ။

" အောင်. . . အောင်ပြည့်လား "

" ဘာမေးတာလဲ ဆရာလေး "

" နောက်. . . နောက်မှာ ရောက်နေတာ ဘယ်သူလဲ "

မေးခွန်းက ကြောင်စီစီနိုင်သလို အဘိုးအို၏ မျက်လုံးများသည်လည်း ကြောင်စီစီနှင့် မိမိနောက်သို့ လှမ်းကြည့်နေသည်။

" ဘယ်သူလာလို့လဲ ဘယ်သူမှလည်းမရှိပါဘူး ဆရာလေး စိတ်ထင်လို့ပါ "

အရိပ်က မလှုပ်မယှက်။ ရှိနေဆဲပင်။ လူရိပ်မှ ဟုတ်ရဲ့လား။ တကယ်တမ်း မိမိနောက်တွင် အရိပ်ကျစရာ အရာဝတ္ထုတစ်ခုမျှလည်း ရှိနေသည်မဟုတ်။ တစ်ကိုယ်လုံး အေးစက်ထုံကျဉ်နေသည့် မိမိ၏ကိုယ်မှ ချွေးစေးများ စိမ့်ထွက်နေသည်။

" အရိပ်. . . အရိပ် "

သည့်ထက်ပို၍ စကားသံကမထွက်လာ။ မိမိစိုက်ကြည့်နေရာ





အဘိုးအိုကပါ ခေါင်းထောင်ကြည့်သည်။ မိမိခြေရင်းကြမ်းပြင်ပေါ် အဘိုးအို၏ အကြည့်မရောက်ခင်မှာပင် အရိပ်သည် ဖြတ်ခနဲပျောက်သွား၏။

" ဘာအရိပ်လဲ ဆရာလေး. . . "

အဘိုးအို၏ အမေးကို ညီစေ ဘာဖြေရမှန်းမသိ။ အရိပ်ကမနေတော့။ သည့်တော့မှ မိမိအသက်ရှူရပ်ထားမိမှန်း သတိမူဖြစ်သည်။ အဆန့်ငင်ငင်နှင့် ဝင်သက်ကိုရှည်လျားစွာ ရှူသွင်းရင်း ဆတ်ခနဲ ကောက်လှည့်ကြည့်လိုက်၏။

" အိုး "

မိမိနောက်တည့်တည့်တွင် မီးရောင်ကို ကျောပေးရပ်နေသည့် လူတစ်ယောက်ကို မြင်လိုက်ရလေသည်။ အလင်းကွယ်နေသည့် ထိုသူ၏ မျက်နှာမှာ ဆံမျှင်ဖြူဖြူများကြား မြုပ်ကွယ်နေ၏။

မိမိကို မျက်နှာမမူပဲ အဘိုးအိုရှိရာ ခုတင်ထက်သို့ စိုက်ကြည့်နေသည်လို။ မျက်လုံးများကိုမူ မမြင်ရ။ခေါင်းလည်လျက်သားကြီး ညီစေ သက်မဲ့သွားသည်။ ရင်ဝတွင် တစ်ဆို့နင့်နဲစွာ ခံစားလိုက်ရ၏။ မိမိ၏ကိုယ်လုံး သွေးဆုတ်သွားခဲ့ပြီလား။

" ဆရာလေး. . . ဆရာလေး "

" ဟမ့်. . . ဟင်. . . ဟင်. . . အဘိုး "

" ဘာ. . . ဘာတွေ့လို့လဲ "

" . . . . . . လ. . . လ. . . လူ "

www.burmeseclassic.com



မေးမျှားရိုက်ကာ စကားသံတို့ တွန့်ခေါက်တုန့်ရှိနေ၏။ သတိဝင်ကာ မျက်နှာပြန်လှည့်လိုက်သော်လည်း ဆံဖြူဖားလျားနှင့် ပုံရိပ်က အမြင်အာရုံမှ ပျောက်မသွား။ မိမိအရိပ်နှင့်ထပ်လျက်ကျနေသည့် ထိုအရိပ်ကို မမြင်ရကော့ခြင်းလား။

" ဆရာလေး အနားယူလိုက်ပါလား. . . အဘိုး ဒီညသက်သာသလိုရှိပါတယ်ကွယ်. . . စောင့်ပေးစရာမလိုပါဘူး "

မိမိကိုပြောနေမှန်းသိသော်လည်း မကြားတစ်ချက် ကြားတစ်ချက်။ မလှုပ်မယှက် ထိုင်နေမိဆဲပင်။

နားထင်စပ်ဆီမှ ပူခြစ်လာသည့် ဝေဒနာတစ်ရပ်ကို ခံစားရချိန်တွင် လည်ကုပ်ကြွက်သားများ နာကျင် ကိုက်ခဲလာ၏။ မိမိကျောပြင်ဘက်ခြမ်းအား ပျောက်ဆုံးသွားရသလို ထင်ယောင်နေရသည်။

" ဆရာလေး "

မျက်လုံးစုံမှိတ် ခေါင်းငုံ့ချလိုက်ရင်း မိမိနှုတ်မှ အသံတစ်ခုကို ရေရွတ်နေမိသည်။ ဘာရယ်ဟု မိမိကိုယ်တိုင်မသိ။ တတွတ်တွတ်။

" ဖပ် "

" အား "

မိမိ ပန်းပေါ်ကျရောက်လာသော လက်တစ်ဖက်ကြောင့် သွေးနှသွေးတမ်းဟာစ်အော်ခုန်ထလိုက်မိသည်။ လူနာခုတင်ပေါ်သို့ ယိုင်ထိုးပစ်ကျသွား၏။ အဘိုးအိုက သတိရှိစွာ ပွေ့ဖမ်းထား၍သာ ဝရုန်းသုန်းကားဖြစ်မသွားရခြင်းပင်။





" ငါပါ ညီစေရဲ့ "

" ဟင်. . . ပြေည့်. . . မင်း "

လူးလဲထရင်း အောင်ပြည့်ကို ကြောင်ကြည့်နေမိသည်။

" ဘယ်လိုဖြစ်တာလဲ ညီစေ မင်းပေးရှင့်က ဘဲလ်တီးလိုက်လို့ ဝင်လာတာ "

" မောင်ရင့် သူငယ်ချင်းကို နားခိုင်းလိုက်ပါကွယ် အဘိုး က်သာပါတယ် သူတစ်ခုခုကို လန့်နေပုံရတယ် နှစ်သိမ့်ပေးလိုက်ပါဦး"

ခုတင်စွန်းကို မှီရပ်ရင်း သူတို့နှစ်ဦးအား ညီစေ ကြောင်ငေးကြည့်နေမိသည်။ အောင်ပြည့် ဘယ်အချိန်က ဘယ်လိုရောက်လာသည်ကို မသိလိုက်။

မိမိမြင်လိုက်ရသည့် ဆံဖြူခေါင်းကြီးမှာ အောင်ပြည့်ပဲလား အမြင်မှားသွားရသည်လားဟု ညီစေ ခေါင်းခြောက်နေရသည်။

" မင်း. . . မင်း ဘယ်အချိန်က ဝင်လာတာလဲ "

" အခုမှ အခုလေးတွင်မှပါကွ၊ ဘာဖြစ်လို့လဲ မင်းဘာတွေ နေရလို့လဲ ညီစေ "

ကယောင်ကတမ်းနှင့် ခေါင်းရမ်းလိုက်မိသည်။

" မဟုတ်ဘူး. . . မဟုတ်ဘူး မင်းဝင်လာတာကြာပြီမဟုတ်လား ည့် မင်းဘယ်လိုဝင်လာတာလဲ. . . ငါ တံခါးဖွင့်သံလည်းမကြားဘူး၊ ဝင်လာတာလဲ မသိဘူး "

" ဘယ်ကြားမလဲ မင်းက အခန်းတံခါးကိုကျောပေးပြီး

www.burmeseclassic.com



တောင့်တောင့်ကြီး ထိုင်နေတာကိုး ဘာတွေအတွေးလွန်နေမှန်းမသိဘူး ကဲပါ. . . လာ. . . လာ မင်းပေးရှင့်က မင်းကို နားဖို့ပြောနေတယ် လာ. . . "

ယောင်နနနှင့် အောင်ပြည့်ခေါ်ရာနောက်လိုက်လာမိရသည်။ ဖောက်ပြန်နေရသည့်အသက်ရှူသံကိုလည်း မထိန်းနိုင်သေး။ ချွေးစေးများကိုလည်း မသုတ်နိုင်သေး။ ဘာကိုမှလည်း မတွေးတောနိုင်သေး။

မိမိနှလုံးခုန်သံကို မိမိ ပြန်ကြောက်နေရသော အခြေအနေတွင်သာရှိသေးသည်။

" ငါ. . . ငါရှူးချင်နေပြီ ပြည့်. . . ငါရှူးချင်နေပြီ "

" အေးပါကွာ ငါသိပါတယ် ကဲဆေးသောက်ပြီးသာ နားနေလိုက်တော့ ဟုတ်လား မင်းပေးရှင့်လို လူမျိုး ငါလည်း ရချင်လိုက်တာကွာ တကယ်နားလည်ပေးတတ်တဲ့သူပဲ ဒါပေမဲ့ မင်းသူ့ရှေ့မှာ ဒီလို မူယာကျတာတော့ မကောင်းဘူး ညီစေ. . . "

" သူ. . . သူလည်း သိတယ်ကွ. . . သူ့ကိုလည်း ငါပြောပြလိုက်မိပြီ "

" ဟေ. . . ကောင်းရောကွာ "

❀ ❀ ❀ ❀ ❀



## အခန်း (၅)

မိမိကိုယ်တိုင်က သူတစ်ပါးကို ဆေးတိုက်ပြုစုပေးနေရသော်လည်း ဆေးကိုညီစေတတ်နိုင်သမျှရှောင်သည်။ ဆေးစားမှုဖြစ်မည့် အခြေအနေမျိုးကို မုန်းသည်။

ရောဂါ ဝေဒနာကြီးကြီးမားမားမရှိအောင် လည်း နေသည်။ ဆေးကျွဲ အသက်ရှူရသည့်ဘဝမျိုး လုံးဝအကျင့် လုပ်မထား။ တော်ရုံဆိုသည်းတောနေပစ်လိုက်ချင်၏။

ခုတော့ ဆေးသောက်မှ အိပ်ပျော်သည့် ညတွေနှင့်ချည်းကြုံနေရပြီ။

ည. . . ည အိပ်မပျော်လျှင်လည်း လူကရူးရုံသာ ရှိလေသည်။ ဆေးမကုလျှင်လည်း အိပ်၍မရ။ ဦးနှောက်တစ်ခုလုံး ချာရပတ်လည်နေအောင် အတွေးမှိုင်းထဲ ပိတ်မိနေရသည်။

(ဟား. . . ငါ့အစွဲအလမ်းနဲ့ ငါစိတ်ရောဂါများရနေပြီလား။ ဒီအတိုင်း စနေနေ့ကျရင်တော့ ရာသက်ပန်ကိုသွားပြီး ငါတကယ်ပဲ ဆိုင်ကို

www.burmeseclassic.com



ရောက်ဖြစ်ခဲ့သလားဆိုတာ မေးရမယ်)

ကော်ဖီဖိုး မရှင်းဘဲနှင့် ထွက်ပြေးလာသည့် မိမိကို ဆိုင်ရှင် ကောင်းကောင်းမှတ်မိနေနိုင်သည်ဟု ညီစေတွက်မိ၏။ အကယ်၍

" အို... တွေးပြန်ပြီ ရပ်စမ်း ဒီအတွေးတွေ "

မိမိကိုယ်ကို ခပ်မာမာ အမိန့်ပေးနေရ၏။ ဆေးတစ်ပြား ရေနွေးနှင့်မျှောချပြီး နားနေခန်းထောင့်တွင်ထားသည့် ဒရင်းဘတ်ကို ဖြန့်ခင်း လိုက်သည်။

" ဗျူး ... ... "

အလုပ်ထွက်ခါနီးမှ ဆေးရုံက အနားမပေးချင်၊ ထွက်ခတ်ခ နေ၏။ အောင်ပြည့်လို သူငယ်ချင်းတစ်ယောက်ရှိ၍ တော်သေးသည် ပြီး၊ မိမိလူနာကိုလည်း ကျေးဇူးတင်မိ၏။

သူနာပြုကို ပြန်ကုသနေရသည့် လူနာအဘိုးအို၊ တနေ့ညက မိမိအခြေအနေကို သဘောပေါက် နားလည်စွာ ညနက်ပိုင်း မစောင့်စေဘဲ အနားယူခိုင်းထား၏။

ဆရာဝန်ကြီးသိလျှင်တော့မလွယ်။ သည်ကအနားပေးလျှင် နောက်တစ် နေရာ ပြေးခိုင်းမည့် ပုဂ္ဂိုလ်ကြီး။ သူ့ဝန်ထမ်းမှန်သမျှ စက်ရုပ်လို သဘောထားနေသည်လားမသိ။

(ဟို... အာရုံဆိုးတွေ ခေါင်းထဲမဝင်ခင် အိပ်ပျော်မှဖြစ်မယ်)

အကြောအားလုံးဖြေလျှော့၍ မျက်ခွံနှစ်လွှာအား ဖြည်းဖြည်း ဖြန့်ချလိုက်သည်။



" ကဲ... အိပ်စက်ခြင်းတို့ ငါ့ဆီလာ အိပ်မက်တွေကို ခေါ်မလာနဲ့ "

အနှောင့်အယှက်ကရောက်လာပြီ၊ စကားသံသဲ့သဲ့ကိုကြားရ၏။ ဘယ်သူတွေ အနားရပြီး အခန်းထဲဝင်လာသည်မသိ။ မျက်လုံးကို ဆိန်းထားရသည်။ အိပ်မပျော်သေးမှန်းသိလျှင် သည်ဒရင်းဘတ်ကို လာလုနေကြဦးမည်။ သည်အချိန်ပြန်လာတတ်သည်မှာ ကိုစောတို့အဖွဲ့တွေ ဖြစ်ဖို့များသည်။ ကိုစောလာလျှင် မိမိကို အာရုံဆိုးတွေဆီ အမေးအမြန်းထူပြီး တွန်းပို့နေဦးမည်။ သည်လူလည်း မိမိသတင်းကို သဲ့သဲ့ကြားထားပုံရ၏။ မနေ့ကပင် စပ်စုရန် စကားစလာသေးသည်လေ။

" ငါ့ဆီလာ... အိပ်မက်တွေကို ခေါ်မလာနဲ့ "

တဖြည်းဖြည်း နီးကပ်ပီပြင်လာသော စကားသံက မိမိရေရွတ်လိုက်သည့် စကားများသာဖြစ်ကြောင်း အထိတ်တလန့်နှင့် သိရှိလိုက်ချိန်တွင် ညီစေ့ မျက်လုံးများ ဝိုင်းခနဲ ပွင့်ထွက်သွားသည်။

အမြင်အာရုံထဲ အလင်းတစ်စက်မျှ ဝင်မလာ ညိုပြိန်းနေသည့် အခန်းသည် မိမိနားနေကျအခန်းမှ ဟုတ်ရဲ့လား။ ရိပ်ခနဲ မိမိရှေ့ တည့်တည့်မှနေ၍ ညာဘက်သို့ ရွေ့လျားသွားသော သဏ္ဍာန်တစ်ခု ခေါင်းထောင်ထကာ ချက်ချင်းလှည့်ကြည့်မိသည်။ မိမိညာဘက်တွင် ဘာမျှမရှိ၊ လူဟု ထင်လိုက်သည့်စိတ်မှာ လွင့်ပြယ်သွားရလေပြီ။

" ဟာ... အက်တေသားတွေ... အိုး.. အုတ်.. အုတ်ဂူကြီး"

ခါးမတ်၍ ထောက်ထားသည့် လက်များအား ဆတ်ခနဲ

www.burmeseclassic.com



ပြန်ရုတ်ကာ အော်လိုက်မိသည်။ မိမိရောက်ရှိနေသည်မှာ ဒရင်းဘင်ပေါ်တွင် မဟုတ်တော့မှန်း ချောက်ချားစွာ တွေ့လိုက်ရ၏။

အုတ်ဂူ အင်္ဂတေသား၏ အအေးဓါတ်က ခြေလက်များမှတဆင့် ရင်ဝအထိ စိမ့်ဝင်အေးစက်သွားသည့်နှယ်

နှလုံးအိမ်ဟာ ဖျစ်ညှစ်ဆုပ်နယ်ခံလိုက်ရသလို ရင်အုံသည် ကျင်ခဲနာကျင်လာ၏။ နှလုံးသွေးများက နားထင်စပ်သို့ ဒိန်းခနဲ ဆောင့်တက်သွားသည်။

ဦးခေါင်းတစ်ခုလုံး ပူခြစ်လာချိန်တွင် တစ်ကိုယ်လုံးရှိကြွက်သားများမှာ အေးခဲတောင့်မတ်နေခဲ့လေပြီ။

" အင်္ဂတေသားတွေ "

မိမိနောက်တည့်တည့်မှ ရေရွတ်သံ သြသြအက်အက်ကြီး ကြားလိုက်ရ၏။ သွေးရူးသွေးတမ်းနှင့် လေးဘက်ထောက်မိလိုက်ချိန်တွင်

" အုတ်ဂူကြီး "

တိုးလျှသွားသော သံယောင်နှင့်အတူ မှိန်ဖျော့ကွယ်ပျောက်သွားသည့် မျက်နှာပြင်တစ်ခုအား အညိုရောင်များကြားတွင် တွေ့လိုက်ရသည်။ ဖြူဆွတ်ဆွတ်မျက်နှာ အင်္ဂါအစိတ်အပိုင်းဆို၍ မျက်လုံးမည်းမည်းများသာ ပါသည်လား။

ပြူးဝိုင်းလျက်ကျန်ခဲ့သော ညီစေ့ မျက်လုံးများအောက်တွင် သချိုင်းကဗ္ဗည်းစာများက ဖွေးဖွေးတောက်နေ၏။ မိမိ ခေါင်းမှီခဲ့သည့် နေရာမှာ





" ညီစေမင်း "

အုတ်ဂူထက်မှ ကြမ်းပြင်ပေါ်မည်သို့ကျသွားသည် မသိတော့။ သချိုင်းကဗ္ဗည်းစာတွင် မိမိနာမည်ကို မိမိ ပြန်ဖတ်ရခြင်းထက် သွေးပျက်စရာမရှိနိုင်။

" ညီစေမင်း . . . ညီ . . . စေ . . . မင်း "

" ဟာ "

" ညီ . . .   . . . စေ . . . မင်း . . . "

တွန့်ခေါက်ပြတ်တောင်းနေသည့် သံယောင်များစွာ မိမိအား ချဉ်းကပ်လာသည်။ နားနှစ်ဘက်ကို လက်ဝါးနှင့် ဖိပိတ်၊ ခေါင်းငုံ့ မျက်နှာကြောတွေ စုတ်ပြတ်သွားတော့မတတ် ရှုံ့သွင်းထားမိ၏။ ဘာဉ်းမြောင်းသွားသည့် အမြင်အာရုံတွင် အုတ်ဂူထက်သို့ ထင်ဟပ်လာသည့် ရှည်မျော့မျောအရိပ်ကြီးကို မြင်လိုက်ရပြန်သည်။

မျက်ခွံများကို ဆွဲပိတ်ပစ်လိုက်ရ၏။ အသက်ရှူသံပင် ပျောက်သွားရသည်။ လည်ချောင်းဝတွင် ဆို့နင့်နေသည်။ ဆောက်တည်ရာမဲ့သွားသော အာရုံများက ဖွားခနဲလွင့်ထွက်ကုန်ပြီဖြစ်သည်။

မအော်ရဲ နေရာမှ မထရဲ၊ ကြမ်းပြင်တွင် ဒူးထောက်လျက်သား ထိုင်ချလိုက်ရ၏။ နဖူးနှင့်ကြမ်းခင်းထိလုမတတ် ငုံ့ကျောကုန်းဝင်း အို . . . သည်လိုလုပ်နေရုံနှင့် လုံခြုံမည်တဲ့လား။

" ကလစ် . . . ကျီ . . . ကျီ . . . ချပ် . . . ကလစ် "

" ဟာ "

www.burmeseclassic.com



တံခါးဖွင့်သံနှင့်အတူ ပြင်ပညဉ့်လေအေးတို့ တဖြူးဖြူး ဝင်လာသည်ကို ခံစားလိုက်ရ၏။ ညီစေ မလှုပ်ရဲ။

" အိုး. . . ကိုညီစေမင်း. . . ဘာဖြစ်လို့လဲ "

ကိုစော၏ ပျာပျာသလဲ မေးသံကိုကြားရသော်လည်း ညီစေ မယုံရဲသေး။ မိမိမျက်လုံးများကို မှိတ်လျက်သား ကြမ်းပြင်တွင် ငုံ့ဝပ်လျက်သား။

" ကိုညီစေ. . . မင်း "

မလှုပ်မယှက်။

" ဟား ဒီလူ အိပ်ရေးပျက်တာများလို့ ဝိဉ်ဖြစ်နေတာများလား"

" . . . . . .ဘိုစော "

" အမလေး "

အရဲစွန့်၍ ခါးမတ်လှည့်ကြည့်ကာ မိမိခေါ်လိုက်သည့်တွင် ကိုစော လန့်ဖျန့်သွားပုံရ၏။ မိမိရုတ်တရက် ခေါ်လိုက်သည့်ကြောင့် လန့်သွားခြင်းဟု ထင်လိုက်မိသော်လည်း တွေ့လိုက်ရသော မြင်ကွင်းကြောင့် ညီစေ ကိုယ်တိုင်ကြက်သေ သေသွားရသည်။

ကိုစော ခန္ဓာကိုယ်အား တိုးဝင်ဖြတ်သန်းသွားသော အဖြူရောင် လူရိပ်တစ်ခု။ ကိုစောပြန်စေ့ထားခဲ့သည့် တံခါးရွက်အတွင်း နစ်ဝင်နေသော ကျောပြင်ကိုမြင်လိုက်ရပြီးနောက် ဝိညာဉ်ဖြူမှာ မြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့ပြီ။

" ဘိုစော ဘိုစော ကြက်သီးထသွားလား "





" ဟော "

နှစ်ယောက်လုံး ကြောင်အ,နေရာမှ ညီစေက ရုတ်တရက် မေးလိုက်သည်။ ကိုစောလည်း မိမိမေးသံကြောင့် သတိပြန်ဝင်လာသည် ထင်၏။

" အာ. . . ခင်ဗျား ဗျာ. . . အတော်နောက်တဲ့လူ ကျွန်တော်က သတိလစ်ပြီး လဲနေကျတာလားလို့ အဲ့လိုတော့ မခြောက်ပါနဲ့ဗျာ. . . အမှတ်တမဲ့ဆိုတော့ တော်တော်လန့်သွားရတယ် "

" ဟို. . . ဟို "

ဘာပြောရမှန်းမသိ။ ဘယ်လိုဖြေရှင်းရမှန်းမသိ။ မိမိစိတ်ထဲ တစ်ခုခု မေးချင်နေသည်လို ခံစားနေရသော်လည်း စကားစရ ခက်နေစဉ် မှာပင် ထစ်အတုံ့ရပ်သွားသည်။

ပြတင်းမှန်တံခါးမစကြံ အတိုင်း လျှောက်သွားသောအဖြူရိပ်ကို မြင်လိုက်ခြင်းကြောင့်လည်းဖြစ်၏။

အို. . . အခန်းသည် နဂိုအတိုင်း ပြန်လည်လင်းချင်းနေပြီပဲ။ မိမိသည်လည်း ဒရင်းဘတ်ခြေရင်းတွင် ဒူးထောက်လျက်ရှိနေသည်။ သံယောင်ဩဩလည်းမရှိတော့။ ညိုပိန်းနေသော ဝန်းကျင်လည်း မဟုတ်တော့။

" ကျွန်တော်လည်း ဆရာဝန်ကြီး လစ်တုန်းလေး ခဏဝင်မေးလို့ဗျ. . . ဒီဒရင်းဘတ်က ခင်ဗျား ခင်းထားတာလား။ ခင်ဗျား မေးပြီး ဒီဆိုရင်လည်း တလှည့်ပေးနားပါဦးဗျာနော် ခင်ဗျား ပေးရှင့်ဆီ တစ်ချက်

www.burmeseclassic.com



လောက် သွားချက်လိုက်ဦး ဟုတ်လား ''

ကိုစောက အရယ်အပြုံးနှင့်တောင်းဆိုလာ၏။ မိမိနားပြီးပြီလား မိမိကို မိမိမသိ။ သည့်ဒရင်းဘတ်ပေါ် မှေးစက်ရင်းပဲ အိပ်မက်ခဲ့သည်လားဟု ညီစေ ဇဝေဇဝါဖြစ်လာရသည်။ သို့သော် အိပ်မက်မဟုတ် မှန်း သိစိတ်တွင် နိုင်နိုင်မာမာ ယူဆနှင့်ပြီးဖြစ်၏။

ကိုစောမေးသလို မမှေးရသေးပေမယ့် နေရာမှ ထ၍ ခေါင်းညိတ်လက်ခံပေးလိုက်သည်။ မနားရလျှင်ရှိစေတော့ သည်အခန်းထဲမှာတော့ ညီစေ တစ်ယောက်တည်း ထပ်မနေရဲ မနေချင် ကိုစောနှင့်အတူ ရှိနေပြန်လျှင်လည်း သည်လူအမေးအမြန်းထူနေသည်နှင့်ပဲ အာရုံထဲ ချောက်ချားစရာများ ပြန်ဝင်ရောက်လာကြဦးမည်။

နားနေခန်းမှ ထွက်လာခဲ့လိုက်၏။ လူရှင်းနေသည့် စင်္ကြံလမ်းကို ကြည့်ရင်း ကျောစိမ့်မိပြန်သည်။ သက်ပြင်းတစ်ရှိုက်ခိုးချကာ အံကိုကြိတ်၍ လျှောက်လာလိုက်သည်။

စင်္ကြံအလယ်လောက်တွင်ရှိသော လမ်းချိုးထဲသို့ ကွေ့ဝင်မိချိန် လူနာခန်းတစ်ခန်းဖဲ့ရှေ့၌ အဖြူရောင်လူရိပ် တစ်ခုကို မြင်လိုက်ရသည် အခန်းထဲမှ ထွက်လာသည့်ဟန်မျိုး၊ ညီစေ မဝေခွဲနိုင်ခင်မှာပင် အခန်း တံခါးဆီမှခွာ၍ မိမိရှိရာဘက် ဦးလှည့်လာသည်ကို တွေ့လိုက်သည်။

'' ဒေါက်တာ သိန်းလင်း ''

'' ဪ. . . ညီစေမင်းပါလား. . . ဒီည ဘယ်မှာကျတာလဲ''

'' ဟို. . . အီးအိုနိုင်း မှာပါ ဆရာ ''





'' အဆင်ပြေတယ် မဟုတ်လား ''

'' ဟုတ်ကဲ့ ''

လူနာကို ရည်ရွယ်၍ မေးမှန်းသိနေသော်လည်း မိမိကို မေးလာသည်လို ခံစားရ၏။ လူနာအစား အဆင်ပြေကြောင်း ဖြေလိုက်ရပေမယ့် မိမိအတွက် မိမိဖြေရမည်ဆိုလျှင် သည်အဖြေသည် မမှန်နိုင်ပါလေ။

နောက်ထပ်စင်္ကြံ လမ်းချိုးတစ်ခုအလွန်တွင် နောက်ထပ်လူရိပ်ဖြူဖြူကို တွေ့လိုက်ရပြန်သလို မိမိမျက်လုံးထောင့်တွင် ဖြတ်ခနဲ ချက်မှောင်ကျို့ကာ ထပ်ကြည့်မိသည်။

အီးအိုဝမ်းရှေ့တွင် မလှုပ်မယှက်ရပ်နေသော လူတစ်ယောက်ကို ဖွေးဆွတ်ဆွတ်ဆံပင်ရှည်ကြီးများ မိမိကို ကျောပေးလျက်သားမို့ သူ့မျက်နှာကို မမြင်ရ၊ မိမိကိုလည်း မြင်မည်မဟုတ်။

မိမိတာဝန်ကျရာ အခန်းဆီအပြေးတပိုင်းနှင့် ခပ်သုတ်သုတ် ဆက်လျှောက်မိလေ၏။ မလုံ မလဲနှင့် နောက်ပြန်လှည့်ကြည့်မိသည်။

အီးအိုဝမ်း တံခါးရှေ့တွင် ထိုလူရိပ် မရှိတော့။ အခန်းထဲသို့ ဝင်သွားသည်လား။ ဘာပဲဖြစ်ဖြစ် အဖြူရောင် ဆံပင်ရှည်ရှည်နှင့် သည်ဆေးရုံဝယ် တစ်စုံတစ်ယောက်မျှ ရှိမနေခြင်းက သေချာလွန်းသည်။

'' . . . . . . ဒီ. . . ဒီအရိပ်ဟာ ''

အသံရော လူပါပြုန်းစား တုံ့ရပ်သွားတော့သည်။ မိမိရှေ့မှ အီးအိုဖိုက်ရှေ့တွင် ထိုလူရိပ်အား ထပ်တွေ့ရလေပြီ၊ နောက်ပြန်လှည့်ပြေး

www.burmeseclassic.com



ချင်လာသည့် ခြေထောက်များကို အသက်အောင့်၍ ပြန်ထိန်းပြီး ကိုယ်ကို ပေါ့ ခြေကိုဖွကာ ရှေ့ငါးခန်းအလွန်မှ အီးအိုနိုင်းဆီ. . . ပြေး။

အခန်းငါးအရှေ့မှဖြတ်စဉ် မိမိခေါင်းကို တူရူသိုသာ အသေတည့် ထားမိ၏။ လှည့်ကြည့်မိလျှင်လည်း ထိုလူရိပ်ကို တွေ့ရတော့မည် မဟုတ် မှန်း မြင်ကွင်းအစွန်းနှင့်ပင် သိနေသည်။ အခန်းကိုးသို့ ရောက်လုပြီ မိမိညစဉ်ထားနေကျအတိုင်း မှန်ပြတင်းသည် ပိတ်လျက်သား လိုက်ကာပါ ချထားသည့် အီးအိုနိုင်းကို မြင်လိုက်ရသည်။

အခန်းတံခါးက လော့ခ်ချမထား။ အသာအယာဖြစ်အောင် သတိကြီးကြီးထား၍ ဖွင့်သည်။

" အား "

အဘိုးအိုဘေးတွင် ထိုင်နေသည့် တစ္ဆေကောင် မိမိလူနာကို အဘိုးအို အိပ်စက်နေသော ခုတင်နံဘေးရှိ မိမိထိုင်နေကျခုံတွင် ဝင်ထိုင်နေပြီဖြစ်သော ဆံဖြူဖားလျားချ ဝိညာဉ်ဖြူ သတိနှင့်မထိန်းနိုင် တော့။

အခန်းတံခါးအား ဒုန်းခနဲ ဆောင့်ပိတ်ပစ်လိုက်၏။ လန့်နိုးသွား ရသော အဘိုးအိုထံမှ ညည်းသံသဲ့သဲ့ကြားရသည်။ တံခါးရွက်တွင် ကျော ပွတ်ဆွဲလျက် ထိုင်ချလိုက်မိသည်လား ညွတ်ခွေကျသွားသည်လား။

" အင်. . . အီး. . . အီး "

" ကျို. . . ကျို "

သံခုတင်လှုပ်ခါသွားသည့်အသံက လူနာညည်းသံနောက်မှ





ကပ်လျက်ပါလာသည်။ တံခါးရွက်မှ ကျောကိုခွာ၍ ဖတ်ခနဲ ဖြစ်သွားရ၏။ မျက်နှာချင်းဆိုင်ရှိ အီးတူးဖိုးထဲသို့ ပြေးဝင်လိုက်ရန်အထိ စိတ်ကူးမိပြီးမှ အခန်းတွင်းမှ အသံတစ်စုံတရာ ထပ်မပေါ်လာသည်ကို သတိထားမိ သည်။ ပြီး၊ မိမိလူနာကို သည်အတိုင်း ပစ်ပြေး၍မသင့်မှန်း အသိဝင်လာ သည်။

" ကလစ်. . . ကျို. . . ကျို. . . . . . ကျို "

" . . . ဝိုး "

ဂဏာမငြိမ်သည့်စိတ်ကြောင့် မိမိခေါ်သံဝါးသွားမှန်း ညီစေ သိလိုက်သည်။ မြင်နိုင်သမျှ ဝေ့ဝဲကြည့်ရင်း ထပ်ခေါ်မိ၏။

" အ. . . ဘိုး. . . "

" ဆရာလေးလား "

" ဟုတ်. . . ဟုတ်ကဲ့ "

ခုတင်နံဘေးရှိ စားပွဲပေါ်မှ ဗယားကွက်များကို အရင်စစ်ကြည့် လိုက်သည်။ ပြီး. . .။ မိမိနာရီကို ငုံ့ကြည့်၏။ ညတစ်ဆယ့်နှစ်နာရီ သောက်ရမည့် ဆေးတစ်တွဲကို အဘိုးအိုက သောက်နှင့်ပြီးနေပြီ ဖြစ်သည်။

" အဘိုး သောက်ပြီးပါပြီ ဆရာလေး. . . ဆရာလေးရော ကောင်းရဲ့လား "

သည်အမေးကြောင့် ညီစေပြုံးမိရသည်။ ကြောက်အားနှင့် တွန့်ကြေနေခဲ့သည့် နှုတ်ခမ်းသားများက ပီအောင်ပြုံးနိုင်မည်မထင်ပါ။ သို့သော် မိမိအပြုံးကို အဘိုးအိုက နားလည်ပါလိမ့်မည်။

www.burmeseclassic.com



သူနာပြုတစ်ယောက်အပေါ် လူနာက သည်လိုမေးလာခြင်းမှာ ဘာပဲပြောပြော ဟာသတော့ဆန်နေ၏။ ထို့ကြောင့် မိမိအပြုံးမှာ မိမိကိုယ်ကို ပြန်လှောင်ဟန်ကလေးတော့ စွက်နေမည်ပဲဟု ညီစေ ထင်မိသည်။

" သိပ်တော့မကောင်း "

မိမိနောက်မှ တံခါးဖွင့်သံကြောင့် စကားစ,အဟမှာပင် တိခနဲ ရပ်သွားသည်။ အခန်းတွင်းသို့ ဝင်လာသော ခြေသံကိုပါ တဆက်တည်း ကြားလိုက်ရ၏။

" ဆရာလေး သူငယ်ချင်းပါ "

အဘိုးအိုက မိမိနောက်သို့ လှမ်းကြည့်ကာပြောသည်။ ချာခနဲ လှည့်ကြည့်မိတော့ အောင်ပြည့်ကို ညီစေတွေ့လိုက်ရ၏။

ခိုးချလိုက်သည့် သက်ပြင်းနှင့်အတူ စိတ်အေးသွားရသော်လည်း မျက်နှာတပြင်လုံး ရှက်သွေးများဖြင့် ပူနွေးလာသည်။ မိန်း အကြောက်လွန်သူ တစ်ယောက်ဖြစ်နေပြီလား။ လှောင်စရာ ဟားစရာ ကောင်းလောက်အောင် အသည်းငယ်တတ်နေပြီလား

" မင်းအကြောင်း ဘိုစောဆီကကြားလို့ ငါလိုက်လာတာ ဟိုမှာ မနားတော့ပါဘူးကွာ မင်းအခန်းမှာပဲ စကားပြောရင်း ခဏမှိန်းတော့ မယ် "

" ငါ...ငါ စိတ္တဇများဖြစ်နေပြီလား ပြည့်ရာ "

" ဒါတော့ မင်းကိုမင်းမှ ပိုသိမှာပေါ့ ညီစေရယ် ဟုတ်တယ်





မဟုတ်လား အဘိုး "

အောင်ပြည့်က ခုတင်စွန်းတွင် ဝင်ထိုင်ရင်းပြုံး၍ဆိုသည်။ အဘိုးအိုကလည်း သည်စကားကြောင့် ခေါင်းတညိတ်ညိတ်နှင့် ပြုံးနေလေ၏။

" ငါ့ကိုငါ ဟုတ်လား အင်း...ငါ စိတ်ရောဂါတစ်ခုခုတော့ ဝင်နေပြီလို့ ထင်တာပဲ ပြည့် ငါရူးနေပြီထင်တယ် "

" ဒါဆိုရင်တော့ မရူးသေးတာသေချာပါတယ် ဆရာလေး... ဟားဟား...ဟား "

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

## အခန်း (၆)

" ညီစေ. . . ညီစေ. . . ဟောကောင်. . . ညီ. . . စေ "

အမှောင်ထဲမှ မိမိနာမည်အား အကြိမ်ကြိမ်အထပ်ထပ်ခေါ်ေ သံကို ကြားနေရသည်။ မိမိခန္ဓာကိုယ်သည် လှုပ်ရှား၍မရ၊ စေးကပ်ေ သည့် အာခေါင်မှ မည်သည့်အသံမျှ မတုံ့ပြန်နိုင်။

မောလျခြင်းမဟုတ်သော မောလျခြင်းက မိမိရင်ဘတ်အား ဖိနှိပ်ထားသလို ညီစေခံစားနေရသည်။

" ညီစေ. . . "

" ဟင်း "

မိမိအသံကို မိမိပြန်လန့်သွားရသည်။ ရင်ခေါင်းထဲမှ ခြစ်ခြ ထိုးတက်လာသည့် အသံပျက်ကြီး အမှောင်ထုသည် ဖြတ်ခ ပျောက်ကွယ်သွားလေ၏။

မိမိမျက်လုံးတို့ ပွင့်လာသည်ပဲ၊ အာရုံတချို့ ရှေ့ဆင့်နောက်ဆ ပြန်ရောက်လာကြသည်။





မိမိကို အတင်းလှုပ်နှိုးနေသည့် အောင်ပြည့်ကိုမြင်ရ၏။ သံက သူ့အသံသာ။ အိုး. . . မိမိစာကြည့်စားပွဲမှာ ခေါင်းချအိပ်ပျော် သည်ပဲ။ ညည့်ဦးကတည်းက သည်အတိုင်းထိုင်လျက်သားကြီး မောကျခဲ့မှန်း ညီစေပြန်မှတ်မိလာသည်။

" ဘယ်လိုကောင်လဲကွာ။ ငါနှိုးနေတာကြာလှပြီ။ ဒီပုံစံနဲ့ ညလုံး အိပ်နေခဲ့တာလား။ ဟုတ်ရဲ့လား "

အောင်ပြည့်ကို ခေါင်းညိတ်ပြစဉ် မိမိအကြောအခြင်များ ညောင်းညာနေသည်ကို သတိပြုမိသည်။ ခုံမှထရပ်အကြောဆန့် ရင်း ကျယ်လောင်စွာ မော့လှန်သမ်းဝေပစ်လိုက်၏။

" အံမယ်. . . အံမယ် ကိုယ်တော်လေး ခုထိအိပ်ချင်စိတ်မပြေ ဘူးလား။ သွား မျက်နှာသစ်လိုက် သွား. . . သွား "

" ဝါး. . . စနေနေ့လေးမို့ ကောင်းကောင်းနားရမလား က်မေ့တယ်။ ဒီသက်ရှိနှိုးစက်ကြီးက တမှောင့်ကွာ ဟား "

" ဘာရယ် ငါ့ကိုများသက်ရှိနှိုးစက်တဲ့၊ မင်းကိုနှိုးချင်တယ်များ နေလား "

ဝရန်တာသို့ထွက်၍ မျက်နှာသစ်သည်။ အလှစိုက်ပန်းပင်များ က် ရေဖျန်းပေးပြီးသား၊ ဝရန်တာတလျှောက် စီရီထားသည့် ပန်းအိုး သစ်ချလိုက်ခြင်းဖြစ်သည်။

" မင်းဆရာက ဖုန်းနဲ့မီးစိမ်းလှမ်းပြလို့ မင်းကိုလာနှိုးရတာ"

" ဟာ. . . တကယ်လား။ ဘာတဲ့လဲ ပြေည့် "

www.burmeseclassic.com



'' ဒီမနက်လာတွေ့ပါတဲ့။ ဒီတစ်ရက်နှစ်ရက်အတွင်း
ခရီးထွက်တော့မလို့ပြောသွားတာပဲ ''

'' မြန်လိုက်တာ။ ငါကတစ်လလောက်တော့ စောင့်ရဦးမှာပဲ
ထင်နေတာ။ ခုတိုင်းဆို မနက်ဖြန်ကစပြီး အလုပ်ထွက်လို့တော်ရ
ကြည့်စမ်း ငါနဲ့ဘယ်လောက် ကာရန်လိုက်တဲ့အလုပ်လဲ။ ငါကလည်
အဲ့လိုသိုးသိုးသွက်သွက်မှ ကြိုက်တာ အဟား. . . ''

အူရှင်ကာ ရယ်မိတော့မလိုဖြစ်ပြီးမှ အောင်ပြည့်မျက်
မကောင်းသည်ကို မြင်လိုက်ရပြီး ရယ်သံတို့ ရင်ထဲပြန်ပြုတ်ကျသွား
သည်။

'' ပျော်ပါကွာ၊ ပျော်ပါ၊ မင်း ဒီကွန်ပေါင်ဒါအလုပ်
အားသန်မှန်း ငါသိနေတာပဲ။ နောက်ပြီးဒေါက်တာဖိုးဇော်ဆိုတဲ့လူ
နယ်တကာလှည့်နေမယ့် ဆရာဝန်၊ မင်းကလည်း တစ်နေရာတည်
ကျောက်ချပြီး တစ်နေ့နဲ့တစ်နေ့ ဘာမှမထူးခြားတဲ့ တာဝန်တွေ
လုပ်ကိုင်နေရတာကို ညည်းငွေ့တတ်တဲ့သူဆိုတော့ ဒီလူနဲ့တွဲလုပ်ရ
မင်းပျော်မှာပေါ့ ဟင်း. . . ငါကတော့ သေချာတဲ့ တိကျတဲ့ အ
ဇယားနဲ့ပဲ လုပ်ချင်ကိုင်ချင်တာဆိုတော့ ငါတို့သူငယ်ချင်း နှစ်ယောက်
လမ်းမခွဲရလည်း တစ်ချိန်ချိန်ကျ အလိုလိုလမ်းကွဲသွားမှာပါညီလေး

'' ဒီလောက်လည်း မဟုတ်ပါဘူး ပြည့်ရာ။ ငါသူ
တိုင်းရင်းနည်းတွေ အော်လ်တာနေးတစ်ဗ်နည်းတွေ ပညာယူချင်
ငါဒီကိုမကြာမကြာ ပြန်ရောက်မှာပဲကွာ။





သူကိုယ်တိုင်လည်း သူ့မိသားစုရှိတဲ့နေရာကို ဘော့စ်ယူပြီး
တ်စ်ကာရှင်းလုပ်မယ့်လူမဟုတ်လား။အခြေအနေအရ ငါ့အခန်းလေးကို
အပ်ဖြစ်ခဲ့ရင်တောင် ငါပြန်လာတော့ မင်းအခန်းမှာ လာနေရမှာပဲ''

'' အေးပါ။ အဟင်း ''

စကားမပြတ်ဘဲ စဲလိုက်ရပြီးသည့်နောက် နှစ်ဦးသား ပြုံးတော့
ဖြစ်ခဲ့ပါ၏။ မပီမပြင်နှင့် နှုတ်ခမ်းတွန့်ကွေးပုံတို့က အပြုံးဟုမည်ကာ
သွား။

'' ကဲ. . . သွားစို့ ဟိုကျမှ ဘရိတ်ဖတ်စ်ဆွဲတာပေါ့ ''

အဝတ်အစားခပ်မြန်မြန်လဲပြီး အခန်းထဲမှ ထွက်ဖို့ ပြင်လိုက်
ည်။

'' ဘယ်မှာဆွဲမှာလဲ ''

'' ရာသက်ပန်မှာလေ မနက်ပိုင်းဆို လိုက်ဖုဒ်လေးတွေရတတ်
သ် ''

'' အာ. . . ရာသက်ပန်သွားလို့ကတော့ တောင်တစ်လမ်း၊
တ်တစ်လမ်းပဲ ကိုယ့်လူ မင်းဆရာချိန်းထားတာက ဆေးရုံမှာ ''

'' ဆေးရုံ သူကဆေးရုံကိုဘာဖြစ်လို့ ချိန်းရတာလဲ ''

'' ဒေါက်တာဆန်းကျော်သန်းကိုလာတွေ့ရင်းနဲ့တဲ့ ငါထင်တာ
ော့ မင်းဆိုင်အိုဂရပ်ဖီကို နည်းနည်းပါးပါး တီးခေါက်ချင်လို့နေမှာပဲ။
တ်တာဆန်းကျော်သန်းက သူငယ်ချင်းလေ စိမ်းဘက်တွေပေါ့ ''

'' အင်း. . . ဒီလိုဆိုလည်း လမ်းထိပ်ကဆိုင်မှာပဲ ရတာဆွဲပြီး

www.burmeseclassic.com



သွားကြတာပေါ့ကွာ ''

'' သြော်. . . မင်းဝန်ထမ်းကတ်လေးယူခဲ့ဦး တော်ကြာဂိတ်

ရစ်နေဦးမယ်ညီစေ ''

'' ကျစ်စ် ''

မိမိနှင့်ခါတ်မတည့်ရခြင်းမှာ သည်အချိုးတွေကြောင့်ပဲ

လေသည်။ ဟိုယ်ဆီက ဝန်ထမ်းမှန်း သိသိကြီးနှင့်လည်း သည်လိုနာ

မျိုး ဆေးရုံအတွင်းဝင်လိုလျှင် ကတ်ပြားပါမှဖြစ်သည်။ မပါလာလို့က

ဝင်ခွင့်မပြု။ ဘယ်လိုစည်းကမ်းကြီးမှန်းမသိ။

မလိုအပ်ဘဲ တင်းကျပ်ထားသည့် စည်းကမ်းမျိုးကျ လိုက်

ရသူမှာ သိက္ခာကျသလိုခံစားရသည်ဟု ညီစေယူဆထား၏။

'' ကတ်ပြားပြပါ ''

ဆေးရုံမှာ အဆောင်နှင့်သိပ်မလှမ်းလှသည်မို့ ခဏ

ရောက်ချင်းပဲ ညီစေ၊ အလိုမကျစရာနှင့် တိုးပါပြီ၊ လေယူလေသိမ်းကို

ပြေပြေလည်လည်မရှိ၊

အဝင်ဂိတ်လုံခြုံရေးအဖြစ် လူသားများကို တာဝန်မ

စက်တစ်လုံးတပ်ဆင်ထားလျှင်တောင် သည်အစောင့်ထက် နားဝင်

အောင် ပြောဆိုတတ်ဦးမည်။

ခုတော့ လူစင်စစ်က စက်ရုပ်ပုံဖမ်းထားသလိုမို့ စက်ရုပ်ထက်

ယန္တရားဆန်သည့် လေသံမျိုးနှင့် ဆက်ဆံလာသည်။

ညီစေ အောင့်သက်သက်နှင့် ကတ်ထုတ်ပြလိုက်၏။





'' ကျေးဇူးပြုပြီး အမှိုက်တွေကို ဒီနေရာမှာ စွန့်ပစ်ခဲ့ပါ ''

အစောင့်၏စကားသံက ညီစေ့ နားထဲတကျစ်ကျစ်နှင့် ဝင်လာ

သည်။ စိတ်ပျက်လက်ပျက် ပြုံးလိုက်ရင်း လက်ထဲမှ ဆင်းအွစ် အိတ်ခွံနှင့်

နို့အေးဘူးခွံများကို အမှိုက်ပုံးထဲ ပစ်ထည့်ရပြန်သည်။ အောင်ပြည့်က

မိပုံစံကိုကြည့်ပြီး ရယ်ဟဟာနှင့် လှမ်းပြော၏။

'' ဒါမျိုးတွေထပ်ကြုံရဖို့ သိပ်မကျန်တော့ပါဘူး ညီစေရာ၊

သည်းခံပါ။ သည်းခံပါ။ နောက်ဆို မင်းစည်းမဲ့ကမ်းမဲ့ နေလို့ရပါပြီ ''

အောင်ပြည့်ကိုညီစေအသံတိတ် ဆဲရေးလိုက်၏။ မိမိက

ချမ်းပတာနေလို၍ စည်းကမ်းများကို တစ်ဘက်သတ်မုန်းနေသူမှ

ဟုတ်ဘဲ။ သည်လိုလူစင်စစ်က ဆိုင်းဘုတ်ဖြစ်နေရှာသူများကို စိတ်အချဉ်

ပေါက်နေမိခြင်းသာ၊ ကရုဏာသက်မိခြင်းသာ၊

'' ဘယ်မှာတွေ့ရမှာလဲ ပြည့်။ မင်းမေးထားလိုက်ရဲ့လား''

'' ဟ. . . အောင်ပြည့်ပါကွ။ မေးထားပါတယ်၊ အလုပ်တစ်ခုကို

အကွက်စေ့အောင် စနစ်တကျလုပ်တဲ့အောင်ပြည့်ပါ ''

'' အေးပါကွာ၊ မင်းကလည်း ဘယ်မှာဆိုတာသာပြောစမ်းပါ''

'' စီအဆောင်ဘက်က ဒေါက်တာဆန်းကျော်သန်းအခန်းမှာ

ခုနေလယ်ဆယ့်တစ်နာရီခွဲအထိ ရှိမယ်တဲ့ ''

'' အခု ဆယ်နာရီဆယ့်ငါးဆိုတော့ သွားကြဦးမှာပေါ့၊ သူ့ဆီအလျင်

သွားလိုက်ရအောင် ''

www.burmeseclassic.com



" အလျင်သွားရအောင်ဆိုတော့ အဲ့ဒီကပြီးရင် ဘယ်သွားဦးမှာမို့လဲ "

" ငါ့ပေးရှင့်ဆီလေကွာ အလုပ်ထွက်တော့မယ့်အကြောင်းသွားပြောရင်း နှုတ်ဆက်မလို့ "

" ဟား. . . ဟား. . . မင်းကသေချာလှချေလား၊ မင်းကိုသူကခေါ်တွေ့ရုံတွေ့တာ၊ အလုပ်ခန့်တာမဟုတ်ဘူးဆိုရင်ရော၊ အဲသူ့ဘက်ကမင်းကိုအလုပ်ခန့်လိုက်ပါပြီတဲ့၊ ဒီဆေးရုံက ချက်ချင်းထွက်ခွင့်ပြုမှာတဲ့လား၊ တော်ရုံလောပါ ညီစေရယ် "

ညီစေက လှမ်းလက်စခြေထောက်အစုံကို ရပ်တန့်ကာ ပခုံးချင်းယှဉ်လျှောက်လာသည့် အောင်ပြည့်နှင့် မျက်နှာချင်းဆိုင်လိုက်ပြီး ခပ်တိုးတိုးပြောလိုက်သည်။

" ငါထွက်စာတင်ထားတာ တစ်လတောင်ကျော်သွားပြီ မင်းကိုမပြောရက်လို့ မပြောရသေးတာ ဒီတစ်ခုမရရင်တောင် တခြားတစ်ခုခုပြောင်းလုပ်ဖို့ ဆုံးဖြတ်ပြီးသား "

" ဘာရယ်ကွ မင်း "

ဆိုးတူကောင်းတူ တိုင်ပင်ဖော်ချင်း အသိမပေးဘဲ လုပ်ခဲ့သည့်မိမိကိုယ်ကို အပြစ်ရှိသလိုခံစားလိုက်ရသည်။ အောင်ပြည့်မျက်နှာတွင်ဒေါသရိပ်သဲ့သဲ့ ရဲတက်လာ၏။ သူ့မျက်လုံးများကမူ ဝမ်းနည်းမှုဖြင့်ညိုသွားသည်လား။

❀ ❀ ❀





" ဆရာဝန်ကြီးနဲ့ ကိုယ်တိုင်သွားတွေ့ပြီး ထပ်ပြောလိုက်တာနဲ့ ကိစ္စကပြီးပါပြီ။ လုပ်ရိုးလုပ်စဉ်အတိုင်းဆို တစ်လပဲ ကြိုတင်ဖို့လိုတာ။ တလကျော်သွားပြီဆိုတော့ သူတို့ဘက်က အချိန်ထပ်ဆွဲလို့မရတော့ဘူး။ ခွင့်ပြုကိုပြုရမှာ "

" ဟုတ်တယ် မိုးဇော် "

ဒေါက်တာ ဆန်းကျော်သန်းကလည်း မိမိစကားကို အရိုးခံအတိုင်း ထောက်ခံသည်။ ဒေါက်တာမိုးဇော်က နှစ်မြိုက်စွာပြုံး၍ မိမိကိုကြည့်သည်။ ပိုင်နိုင်သေချာမှုဖြင့် ညီစေခေါင်းဆတ်ပြလိုက်၏။

" ကိုညီစေမင်းတို့ကတော့ တကယ်ပြတ်ပြတ်သားသားကြီးပဲလား။ ဟား ကျွန်တော်လူရွေးမှန်သွားတာပဲ "

ဒေါက်တာမိုးဇော်၏ မှတ်ချက်စကားက မိမိကို အားရစေသည်။ ဆက်ပြောလာသည့်စကားကလည်း သူ၏ပွင့်လင်းမှုကို အထင်းသားပြနေ၏။

" အဲ. . . ရွေးတယ်ပြုတယ်နဲ့သာ ကြီးကြီးကျယ်ကျယ်ပြောနေရတာယ်၊ တကယ်တမ်းကျွန်တော့်ဆီ အလုပ်လာလျှောက်တာဆိုလို့က ကိုညီစေမင်းရောမှ လေးယောက်တည်းရှိတယ်။ ဟား ဟား "

မိမိလည်း လူရွေးမှန်သွားပြီပဲဟုပင် ညီစေ တွေးမိသည်။ တကယ်တမ်း အလုပ်ရှင်ကသာ အလုပ်သမားကို ရွေးချယ်ရသည်မဟုတ်။ အလုပ်သမားသည်လည်း ကိုယ့်ရွေးချယ်ခွင့်နှင့် ကိုယ်ရှိသည်လေ။ တစ်ဦးကိုတစ်ဦး အပြန်အလှန်ရွေးချယ်နေကြခြင်းသည်ပင် လောက

www.burmeseclassic.com



ရိုးရာပဲမဟုတ်လား။

လုပ်ငန်းသစ်အတွက် တိုင်ပင်ညှိနှိုင်းကြရင်း နေ့လယ်စာချိန် ကျော်သွားသည်။ နံနက်စာအဖြစ် အစာအိမ်အတွင်း ထည့်ထားသည့် ဆင်းဒွစ်တစ်ခုနှင့် နို့တစ်ဘူးမှာ ကြေပျက်ပျောက်ကွယ်သွားလေပြီ။ မိ ကိုယ်တိုင် ဆာလောင်လာတော့မှ "ငါမလိုပါဘူးကွာ" ဟုဆိုကာ အဆော အပြင်တွင် ချန်နေရစ်ခဲ့သော အောင်ပြည့်လည်း ဆာလောင်နေလော ကို တွေးမိလာသည်။

ဒေါက်တာမိုးဇော်က နားလည်မှုရှိစွာ စကားဖြတ်၍ နှုတ်ဆ ၏။

" ကိုင်း. . . ကိုညီစေမင်းရေ မနက်ဖြန်မှာ ထပ်တွေ့ကြတာ ကျွန်တော့်အိမ်ကိုလာခဲ့ဗျာ။ ဆေးခန်းကိုမလာနဲ့။ ဆေးခန်းမှာ ကျွန်တော့်အမျိုးသမီးရှိနေတော့ ဒီကိစ္စပြောရဆိုရတာ မကောင်းဘူ နောက်မှ အဲ့ဒီအကြောင်းရှင်းပြမယ်။ အိမ်ကိုသာ လာခဲ့ဟုတ်လား "

" ကောင်းပါပြီ ဒေါက်တာ ကျွန်တော့်ကို ခွင့်ပြုပါဦး "

ဒေါက်တာဆန်းကျော်သန်း အခန်းမှ မိမိထွက်လာတော စကြံ့ထောင့်တစ်နေရာတွင် ငေးငေးငိုင်ငိုင် ထိုင်နေဆဲဖြစ်သော အောင်ပြည့်ကိုတွေ့ရသည်။

" လုံးဝအဆင်ပြေသွားပြီးပြည့်ရေ။ ဘယ်လိုလဲ မင်းဆာ ပြီလား။ အဟဲငါ့အတွက်ရော သူ့အတွက်ပါ လုပ်ငန်းက အသစ်ဖြစ် တော့ ဆွေးနွေးတာနည်းနည်းကြာသွားတယ် "





အောင်ပြည့်က ခွန်းတုံ့မပြန်ဘဲ ထိုင်ရာမှထ၍ မိမိနံဘေးမှ လိုက်ပါလာသည်။ မိမိစကားကိုကြားဟန်ပင်မပြ။ တွေတွေငေးငေးနှင့်။

" မျက်နှာကြီးမဲ့ခွက်ခွက်လုပ်မနေစမ်းပါနဲ့ ပြည့်ရ။ ဒီ နေ့လယ်စာငါကျွေးပါ့မယ် ပြော ဘာစားကြရင်ကောင်းမလဲ ဘယ်မှာ စားကြမလဲ "

" ငါ့ကိုတိုင်ပင်မနေပါနဲ့ကွာ။ မင်းသွားချင်တဲ့ဆီသွား။ စားချင်တဲ့ဟာစားပါ "

" ဒါဆိုလည်း တို့စားနေကြ ရွှေအိုးလေးကိုသွားတာပေါ့ "

" ဒီလိုအသေးအဖွဲတွေကအစ ငါ့ကိုလာညှိနှိုင်းမနေပါနဲ့။ ဖို့သဘောထားကို လာမေးမနေစမ်းပါနဲ့ ညီစေရာ "

သူ့စကားလုံးများ၏ အဓိပ္ပါယ်က ဝန်ပါသည်။ ရင်ထဲလေးခနဲ ဖြစ်ရ၏။ တစ်ကိုယ်ကြားသက်ပြင်းယဲ့ယဲ့ တရှိုက်စာကို မှုတ်ထုတ်ရင်း အဖြေစကားစဖို့ရှာမိသည်။

တကယ်တမ်းကျ ဘာမှုမဆိုဖြစ်ခဲ့၊ နှုတ်ဆိတ်ကာ ရွှေ့လှမ်းနေမိ ကြ၏။ သည်ပုံအတိုင်းဆို သည်နေ့လယ်စာသည် အသံမဲ့၍ ငြီးငွေ့ဖွယ်ရာ ဖြစ်နေဦးမည်။

" ငါက ဒီမှာဆက်နေရင် ဟိုနာနာဘာဝတွေကို မြင်နေရဦးမှာ ကြောက်လို့ ဒီကထွက်သွားရမှာကို တက်ကြွနေတယ်လို့ ထင်မိတာ။ င်းကထွက်စာတောင်ကြိုတင်ထားပြီးနေတာကိုး "

ဆေးရုံမှအထွက်တွင် အောင်ပြည့်တိုးတိုးညည်းသည်ကို

www.burmeseclassic.com



ကြားရ၏။ သူသည်လိုစကား ပလာချိန်တွင် မိမိတစ်ခုခုပြန်ပြောဖြစ်ပါက ဆက်လက် တိတ်ဆိတ်နေတော့မည်မဟုတ်မှန်း သိလျက်နှင့် ဘာမျှပြန် မပြောဖြစ်ခဲ့၊ ပြောရန်စကားလည်း အစပျောက်လို့နေသည်။

ပြီး မိမိကိုယ်တိုင်လည်း စကားပြောလိုစိတ်ပါးလျနေ၏။

❀ ❀ ❀ ❀ ❀



## အခန်း (၇)

" ငါပြန်နှင့်မယ် ညီစေ "

ဆရာဝန်ကြီးထံမှ ပြန်ထွက်အလာ မိမိတို့အဆောင်ဘက်ဆီ ခြေဦးလှည့်ရန်အပြင်မှာပင် အောင်ပြည့်က ဆိုလာသည်။ သူ့မျက်နှာအား ညီစေလှည့်ကြည့်တော့ တဘက်သို့ မျက်နှာလွှဲသွား၏။

" ဟို. . . . . . "

အောင်ပြည့်က အကြောင်းပြချက်တစ်ခုခုပြောရန် အထစ်ထစ် အငေါ့ငေါ့ စဉ်းစားနေသည်။ ညီစေသက်ပြင်းမှုမှုချရင်း ပြုံးမိရ၏။

" အေးပါ။ သွားပါ။ ငါ့ကိစ္စလည်းပြီးပြီပဲ၊ မင်းလည်း နားရမယ့် ရက်ကို မနားလိုက်ရဘဲ ငါ့ကိုကူပေးနေတာနဲ့ တစ်နေကုန်သွားပြီ၊ သွားချင်သွားနှင့် ငါလည်း အဘိုးကိုဝင်နှုတ်ဆက်ပြီး စကားနည်းနည်း ပြောပါး ပြောပြီးတာနဲ့ပြန်မှာဆိုတော့ ငါတို့ဘယ်မှာချိန်းရင် ကောင်းမလဲ ဆိုကောင်တွေကိုတော့ မင်းပဲအဆောင်မှာခဏထိန်းထားလိုက်တော့။ ခါမကြာပါဘူး "

www.burmeseclassic.com



" အေး. . . ဟို ငါသွားမယ် "

" အင်း "

အတူသွားအတူလာ သူငယ်ချင်းအချင်းမို့ သူကပြန်နှင့်ရမည်ကို စိတ်ထဲလုံလဲဟန်မတူ။ မနက်က မိမိအပေါ်စိတ်ခုကာ တဘက်သတ် အေးစက်မိသည့် သူ့စိတ်သူ အပြစ်ရှိသလိုထင်ပြီး မိမိနှင့် တစ်နေ့လုံး ပြေပြေလည်လည် တိုင်တိုင်ပင်ပင် နေပေးခဲ့သေးသည်။

သည်ကောင့်စိတ်ကို ညီစေအတွင်းသိ နားလည်ထားသည့်မို့ မိမိဘက်က ဘယ်လိုမျှသဘော မထားသည့်ဟန်နှင့် ပေါ့ပေါ့ကလေးပဲ ပြုံးပြနှုတ်ဆက်လိုက်သည်။

လူနာကိုနှုတ်ဆက်ရသည့်ကိစ္စက ဆရာဝန်ကြီးထံမှ ထွက်ခွင့်ပါမစ်ယူရသလို တခက်တခဲကိစ္စမျိုးမဟုတ်သည်မို့လည်း အောင်ပြည့်ကို ပြန်နှင့်စေလိုက်ခြင်းဖြစ်သည်။

သို့သော် စကြံ့လမ်းချိုး အီးအိုဝမ်းရှေ့ရောက်လာသည့် အချိန်တွင် မိမိနံဘေး အဖော်တစ်ယောက်ယောက်ရှိမနေသည်ကို တစ်မျိုးတမည် ခံစားလာရသည်။

မှေ့ပျောက်ထားသည့် သညာရိပ်အချို့ အာရုံထဲတဖျပ်ဖျပ်ထင်လာ၏။ အဖြူရောင်အရိပ်များ သည်စင်္ကြံလမ်းတစ်လျှောက် တရွေ့ရွေ့ သွားနေကြသလို နေဝေးချိန်မို့ စင်္ကြံထဲပြန့်ဝင်နေသည့် အလင်းရောင်က အညိုသမ်းလျက်။





" အို "

ဖြန်းခနဲ ကျလာသည့် အလင်းဖြူဖြူများကြောင့် စင်္ကြံဝတွင် တုံ့ရပ်သွားရ၏။ မိမိအပေါ်တည့်တည့် မျက်နှာကြက်မှ နီယွန်မီးလုံးများ အား မော့ကြည့်ရင်း မိမိကိုယ်ကို ကျိန်ဆဲလိုက်မိသည်။ ခြေလှမ်းပြန်အစ တွင် တုံ့နှေး လေးကန်မှုတို့ အလိုလိုပါလာခဲ့သည်။

ကွန်ကရစ် အလုံပိတ်လမ်းလို ဖြစ်နေသည့်ကြောင့်လား တစ်လှမ်းထက်တစ်လှမ်း ပို၍အေးစက်သောလေထုနှင့် ထိတွေ့လာရ၏။ တို့စကားသံများ ပွတ်တိုက်ရွေ့လျားသံများ များစွာအသံသဲ့သဲ့လေး ား လုံးထွေးရောပြွမ်းနေသည့် လေတိုးသံကို တိုးချည် ကျယ်ချည် ကြားနေရ၏။

တုန်လှုပ်ချင်လာသည့်စိတ်တွင် မိမိဖြတ်သန်းနေသည့်အခန်း တိုင်းမှာ လူနာများရှိနေသည်ပဲဟု တွေးမိပြန်၏။ ပြီး မိမိလို တာဝန်ကျ ာပြုတွေလည်း ရှိနေမှာပဲ အသံဗလံများကို ကြားရသည်က အဆန်း တ်။

" ဟင်း . . . "

တွန့်ခေါက်တုန်တက်သွားသည့် အာမေဋိတ်နှင့်အတူ ညီစေ ကြာဆန့်ကာ ခြေလှမ်းရပ်သွား၏။ မိမိနောက်မှ တွန်းတိုက်ဖြတ်ကျော် သူ၊ တစ်စုံတစ်ဦး၊ အဝိုင်းသားပွင့်သွားသည့် မျက်လုံးများကမူ သူ့ကိုမျှ မမြင်ရ၊ မတွေ့ရ။

ချာခနဲ မိမိနောက်ကျောဘက်သို့ လှည့်ကြည့်မိသည်။ လင်းရှင်း

www.burmeseclassic.com



နေသော စကြံ့လမ်း ခြေလှမ်းတို့ နောက်ဆုတ်ရေ့တိုး တစ်ကိုယ်[illegible]
ယိမ်းငင်နေ၏။ ဦးခေါင်းပြန်လှည့်စဉ် မိမိလက်ျာဘက်မှ အခန်းနံပါတ်[illegible]
အမှတ်တမဲ့ ဖတ်လိုက်ရ၏။

(အီးအိုဖိုက်)

တူရှုအကြည့်ရောက်သည်နှင့် စကြံ့တစ်ဘက်စွန်းသည် မိမိ[illegible]
ဝေးလွန်းနေသလို။ အခန်းတစ်ဆယ့် ငါးခန်းစာထက်မက ဆန့်တ[illegible]
ရှည်လျားသွားသလား။ ပတ္တာသံသဲ့သဲ့ကြားရ၏။ ဖွင့်ဟသွားသည့် တံ[illegible]
တစ်ချပ်မှုမတွေ့ရ။ အမောဖောက်သူ တစ်ယောက်လို ရှိုက်ငင်လာမိသည်[illegible]

ပြန်လည်ရွေ့လျားလိုက်သည့် ခြေလှမ်းတို့က ပေါ့ရှတ်မြန်[illegible]
လွန်းနေ၏။ မိမိခန္ဓာကိုယ်အား တစ်စုံတစ်ဦး တိုးဝင်သွားသ[illegible]
တဖျင်းဖျင်းထနေခဲ့သော ကြက်သီးဖွေ့များက ပြယ်မသွားသော မျက်[illegible]
အစုံတို့ မမှေးမှိတ်မိအောင် သတိတင်းတင်း ထိန်းမှတ်ထားရသည်[illegible]
မျက်ရိုးများပင် ညောင်းအောင့်လာရ၏။

မျက်တောင်တစ်ခတ်စာတွင်ပင် သည်မြင်ကွင်း သည်အသ[illegible]
တို့ ပြောင်းလဲဆိုးရွားသွားတော့မည်လား ဟူသော အတွေးကတစ်ထ[illegible]
လက်တွေ့ကြုံနေရသည့် အံ့ထိအတွေ့ အသံဗလံတို့က တစ်ဘ[illegible]
ချောက်ချားဖွယ်ကို တမင်သက်သက်ဖန်တီး လေသည့်နှယ်။

အီးအိုနိုင်း။

အခန်းတံခါးအားဖွင့်သည်နှင့် နောက်ပြန်စေ့ပိတ်လိုက်[illegible]
မိမိလှုပ်ရှားမှုနှစ်ခုကြား တစ်စက္ကန့်သာသာပင် ခြားမည်မထင်။ လှ[illegible]





[illegible]အခန်းထဲသို့ရုန်ဝင် မိမိနောက်မှ ' ကလစ် ' ဆိုသည့်တံခါးရှက်စေ့သံသည်
[illegible]င် ကျောတွန့်စရာဖြစ်နေ၏။

အိပ်ရာထက်မှ အဘိုးအိုကို စကားလှမ်းဆိုလိုက်သော်လည်း
[illegible]လိပ်ကာ ဗလုံးဗထွေးထွက်လာသည့် မိမိအသံကြောင့် ညီစေရက်ရွံ့
[illegible]ရသည်။

အိပ်ရာခင်းနှင့် အခန်းနံရံအရောင်အတိုင်း ဖြူဖျော့နေသော
[illegible]သားအရေနှင့် နွမ်းဖပ်ဖပ်လဲလျောင်းနေသည့် အဘိုးအိုကမူ မိမိ
[illegible]မျက်နေပုံကို သတိမူမိဟန်မတူ။ မျက်နှာကြက်ဖွေးဖွေးဆီ မော့ငေး
[illegible]မောနေသလို။

အို. . . သူ့မျက်လုံးများသည်လည်း အဖြူထည်ကြီးဖြစ်လို့
[illegible]နေသလား။

ယောင်ယမ်း၍ မျက်လွှာပိတ်ချလိုက်မိ၏။ ချက်ချင်းသတိဝင်ကာ
[illegible]ပြတ်ခနဲ မျက်လုံးပြန်အဖွင့်တွင် မိမိကိုလှည့်ကြည့်နေသော အဘိုးအိုကို
[illegible]လိုက်ရသည်။ မျက်ဆံနက်နက် မျက်သားကြည်ကြည် မိမိအမြင်မှား
[illegible]များသည်ပဲ။

" ငါ. . . ငါ အထိတ်ထိတ်အလန့်လန့်ဖြစ်နေတာ တရားလွန်
[illegible]ပြီ "

တလှိုက်ငင်ငင်ဖြစ်နေသည့် ဝင်သက်ထွက်သက်တို့ကို
[illegible]ထိန်းချုပ်ရင်း ပြုံးဖြစ်သည်။ မျက်နှာအမူအရာပြောင်းသွားမည်မှန်သော်
[illegible]သည်း မိမိမျက်လုံးတို့က ဂနာမငြိမ်နိုင်သေး။ နှလုံးခုန်သံသည်လည်း

www.burmeseclassic.com



မှုပျက်နေဆဲပင်။

" အ. . . ဘိုးကို လာနှုတ်ဆက်တာ "

အဘိုးအို၏ နှုတ်ခမ်းများသည် ပြုံးနေ၏။ မိမိကို စကားပြန် မဆိုသေး။ တံခါးအနီးတွင် တွေရပ်နေမိရာမှ ခုတင်ဆီညီစေချဉ်းကပ်လိုက်သည်။

" ကျွန်တော် အလုပ်သစ်ရပြီ အဘိုး "

မိမိထိုင်နေကျခုံတွင် ဝင်ထိုင်ကာ ညီစေထပ်ပြောလိုက်သည်။ လေယူလေသိမ်းမှန်အောင် မနည်းထိန်းပြောနေရ၏။ မလှုပ်မယှက်လှဲကာ မိမိကိုအပြုံးမပျက်ကြည့်နေဆဲဖြစ်သော အဘိုးအိုအား တောင်းပန်ရန် စကားဆက်ကိုရှာမိသည်။ မိမိက သူဆင်းသည့်အထိရှိနေပေးပါမည်ဟု ဆိုချင်သည်လေ။

" ဟို မျှော်လင့်ထားတာက တစ်လ "

ပါးစပ်အဟောင်းသားဖွင့်၍ ဆွံ့အသွားရသည်။ မိမိနောက်ကျောဘက်သို့ ချာခနဲလှည့်ကြည့်မိ၏။ မည်သူမျှရှိမနေ။ မိမိကိုကြည့်နေသော အဘိုးအို၏ မျက်လုံးများထဲသို့ ညီစေပြန်ငုံ့ကြည့်သည်။ မိမိအပြုံးပိုနေသော ပုံရိပ်တစ်ခု သေချာပါသည်။

သူ့မျက်လုံးများထဲတွင် ထင်ဟပ် နေသည်မှာ ပုံရိပ်တစ်ခုထက်မက မိမိနောက်တွင် မားမားရပ်နေသည့် နောက်ထပ်လူတစ်ယောက် ရှိနေသေးသည်။

" အဘိုး. . . အဘိုး ဘယ်သူ့ကိုကြည့်နေတာလဲ။ ဘယ်သူ့ကိုမြင်နေရတာလဲ။ အဘိုး "

သတိလက်လွတ်နှင့် လူနာအား လှုပ်ခါ၍ အတင်းမေးမိသည်။ မိမိကိုယ်တိုင်ကျ မမြင်ရပါဘဲ အဘိုးအို၏ မျက်စိထဲတွင် ထင်ဟပ်နေဆဲ ထိုပုံရိပ်မှာ မိမိမျက်နှာသွင်ပြင်နှင့် ချွတ်စွတ်တူနေသည့်နှယ် ထင်မိ၏။ ဤအထင်ပဲလား။ မိမိမှာတ်သည်ကိုလည်း ညီစေ အသေအချာသိနေပြန်သည်။

" အဘိုး. . . ဟာ "

လူနာကတ်။

အဘိုးအို၏ အင်္ကျီပြာတွင် လူနာကတ်မရှိ။ အိပ်ရာပေါ်အနှံ့ ရှာကြည့်ရှာမိသည်။ ဆေးစားပွဲ အခန်းကြမ်းပြင်အနှံ့. . . အနှံ့ မတွေ့။

ညီစေ ဝုန်းခနဲရုန်းထ ခုန်ဆုတ်လိုက်မိလေသည်။ လူနာကတ်မတွေ့သည့်လူနာသည်။

" ဟာ "

အခန်းတွင်းနေရာမလပ် ချာရပတ်လှည့်ကြည့်မိရာမှ ခုတင်ဆီသို့ မျက်လုံးပြန်အရောက်တွင် အဘိုးအိုအား မတွေ့ရတော့ သဖြင့် ညီစေမျက်လုံးပြူးသွားသည်။

ဖွာရရာကြဲနေသည့် လူနာဝတ်စုံ အပြာ ကြေမွနေသည့် အိပ်ရာခင်း ရုတ်ခြည်းရပ်ဆိုင်းသွားသည့် မိမိ နှလုံးခုန်သံ။

" ဘာ. . . ဘာတွေဖြစ်ကုန်တာလဲ။ ဘာ. . . ဘာတွေ "

" ချပ်၊ ကျိ. . . ကျိ "

www.burmeseclassic.com



" အိုး "

မိမိနောက်ကျောဘက်မှ အခန်းတံခါးဖွင့်သံကို ကြားလိုက်သည်

နောက် ညီစေသွေးရှူးသွေးတမ်း ခုန်ပေါက်ပြေးထွက်လာမိတော့သည်

အခန်းအပြင်ဘက်သို့ မိမိရောက်သည်နှင့် ချက်ချင်းအမှောင်ကျသွားသည်

အီးအိုနိုင်း စကြံ လမ်းသည်လည်း တစ်ပိုင်းတစ်စ အမှောင်ကျနေလေပြီ

မိမိပြေးရာတလျှောက် အမှောင်ထုသည် တကောက်ကော

လိုက်လာသည်လား၊ ခြေလှမ်းကျဲကြီးများနှင့် တရွေ့ရွေ့တစ်အုပ် ထပ်ကြ

ပါလာသည့်နှယ်။

တဟူးဟူးကြားနေရသည့် လေတိုးသံများကပင် မိစ္ဆာဆန်သော

ညာသံများအဖြစ် ခြောက်လှန့်လျက်ရှိသည်။ ပြေးလွှားနေရင်းမှာ

မိမိဦးခေါင်းအားနောက်မှ စုပ်ယူဆွဲငင်နေသလို၊ မိမိခြေလက်တို့

တုပ်နှောင်တုံ့ဆွဲလိုက်သလို ညီစေခံစားရသည်။

မိမိခန္ဓာကိုယ်အစိတ်အပိုင်းများ တစ်ပိုင်းစီ တစ်စစီ ရွေ့လျား

နေရသည်ဟုပင် ခံစားရသည်။ စကြံသည် မဆုံးနိုင်တော့ပြီလား

ပြေး. . .

" ဗျူး. . . ဗျူး. . . ဟူး. . . "

အသက်ငင်မတတ် သွေးပျက်မောဟိုက်စွာ

မိမိနောက်မှာ အမှောင်တွေလိုက်လာနေဆဲပဲလား၊ မိစ္ဆာညာ

အသံတွေ ပျံ့ထွက်နေဆဲပဲလားမသိ။

မသိတော့။

❀ ❀ ❀ ❀ ❀



## အခန်း (၈)

" ဘာ. . . မင်းနဲ့တထေရာတည်း မင်းပေးရှင့်မျက်လုံးထဲမှာ ပေါ်နေတဲ့ တခြားအရိပ်က မင်းပဲဖြစ်နေတယ် ဟုတ်လား "

" ငါမဟုတ်ဘူး၊ ရွှေပြည်စိုး၊ ငါ. . . ငါနဲ့တူတဲ့ တခြားလူ၊ သူကိုမဟုတ်ဘူး၊ လူသာဆိုရင် ငါလှည့်ကြည့်တဲ့အချိန်မှာ မြင်ရတွေ့ရ မှာပေါ့ "

ရွှေပြည်စိုးက ကားလေးကို လမ်းကြောပြောင်း၍ ဆက်မောင်း ရင်းမှ မျက်မှောင်ကျုံ့သည်။ ပြီး သူ့ခေါင်းသူ တဖျင်းဖျင်းကုတ်ရင်း ပြုပြန်၏။

" သူတို့နာနာဘာဝချင်း မြင်လိုက်ရတဲ့သဘောမျိုး "

" ဟမ်. . . ဘယ်သူတို့ချင်းလဲ၊ မင်းပေးရှင့် ဟိုအ့ဘိုးကြီးလား"

" အေး. . . ဟုတ်တယ်။ သူ. . . သူက ငါရောက်သွားတဲ့ အချိန်မှာ အီးအိုနိုင်းထဲတကယ်ရှိမနေတော့ဘူး။ငါနဲ့အောင်ပြည့် နှလယ်စာစားနေကြတဲ့ အချိန်လောက်ကတည်းက သူ ဆုံးသွားခဲ့တာ"

www.burmeseclassic.com



" အေ "

" ဟုတ်တယ်။ ငါမြင်ခဲ့ရတာ သူ့ဝိညာဉ်ရိပ်ပဲ။ အခန်းထဲကနေ ငါထွက်ပြေးလာတော့ အဲ့ဒီနေ့က တာဝန်ကျတဲ့ ဒေါက်တာအော်ခင်ခင်ကျော် နဲ့ ဝင်တိုးတယ်။ သူပြောမှငါလည်း သိလိုက်ရတာ ငါ့လူနာဟာ "

စကားကို အဆုံးမသတ်မိ သက်ပြင်းချရင်း ကားလေး အပြင်ဘက်ဆီငေးရီနေလိုက်မိသည်။ တရိပ်ရိပ်ကျန်ခဲ့သည့် လမ်းဘေး ဆိုင်တန်းများ ဓါတ်တိုင်များက သည်အရပ်မှ မိမိထွက်ခွာသွားရတော့ မည်ဟု သတိပေးလာ၏။ သို့သော် ထိုအသိတွင် မိမိအတွေး မနှစ်မြှုပ်နိုင်။

သည်အသိမှမဟုတ် ဘယ်အာရုံ ဘယ်စိတ်ကူးတွင်မျှ မိမိစိတ် နေရာမချထားနိုင်ခဲ့။ ဝေဝါးနောက်ကျိလျက်ရှိသည်။

" ဟိုကောင်တွေကိုရော မင်းပြောခဲ့သေးလား ညီစေ "

" ဟမ်. . . အင်း. . . အေးပြောတယ်။ ပြောပြတယ်။ အဲ့ဒီနေ့ နှုတ်ဆက်ပွဲလေးလုပ်တော့ သောက်ရင်းစားရင်း ရောက်တတ်ရာ ပြောသလိုမျိုး ပြောပြခဲ့သေးတယ်။ အောင်ပြည့်ကတော့ ငါဖြစ်သမျှ ကြုံသမျှ ပြောပြခဲ့ပြီးသားမို့ တအံ့တသြမနေဘူးပေါ့။ ဒါပေမဲ့ ဇော်ချစ် မင်းနောင်တို့ကတော့ အံ့သြမှာပဲ ပြီးတော့ ငါ့ကိုရူးနေပြီထင်ကြမှာ "

" မထင်ပါဘူးကွာ။ မင်းကလည်း "

" မင်းကတော့ ဘယ်ထင်မလဲ ရွှေပြည့်စိုးရာ သူတို့ကတော့ နားထောင်တုန်းခဏ အံ့သြပြပြီး ငါ့ကိုဟားတော့တာပဲ။ ဒါတွေသာ





ကယ့်အဖြစ်မှန်ဆိုရင်တဲ့ ငါရူးနေတာဖြစ်ရင်ဖြစ် မဟုတ်ရင် သူတို့ ရူးသွားမှပဲ ယုံတော့မယ်တဲ့ "

" မင်းကို စိတ်ပေါ့အောင်ပြောပေးကြတာဖြစ်မှာပါကွာ "

" ထားပါတော့ကွာ။ ဒါပေမဲ့ ငါစိတ်မပေါ့နိုင်ပါဘူး။ သူတို့ကို ပါးကလေးပဲ ပြောဖြစ်ခဲ့တာမို့ ငါစိတ်ထဲ လေးကျန်နေသေးတာလားလို့ ခုမင်းကို ပွင့်ပွင့်လင်းလင်း ဖွင့်ချပြတော့လည်း မထူးပါဘူးကွာ။ မင်းသိတဲ့အတိုင်း ဒီလိုတစ္ဆေ သရဲနဲ့ ပတ်သက်တဲ့အကြောင်းအရာမျိုးဆို တို့နှစ်ကောင်က ဟာသပဲထင်တာ ပြီးတော့အောင်ပြည့် "

" အောင်ပြည့်က ဘာဖြစ်လို့လဲ "

" သူကကျ သူ့ကိုထားခဲ့ပြီး ဒီဆေးရုံကနေ မြန်မြန်လစ်ချင်လို့ ဒီဇာတ်ဆင်တာလို့ပဲထင်နေတာ။ ဘာပဲပြောပြော မင်းကအတွေ့အကြုံ များတဲ့သူဆိုတော့ ငါ့ပြဿနာကြီးကို နားလည်ယုံကြည်ပေးနိုင်မယ်ထင်လို့ အကုန်အစင်ပြောပြနေတာ အဲ့ဒီနေ့နှုတ်ဆက်ပွဲလေးလုပ်ကတည်းက မင်းကို မျှော်နေတာ။ မင်းကပေါ်မလာဘူး "

" ဟား. . . လာချင်တာပေါ့ကွာ။ ငါနယ်ဘက်အော်ဒါပါသွားလို့ ဒီဆိုမှ ခုလည်းမင်းကို အလကားလိုက်ပို့ပေးနေတာပဲ။ မကျေနပ်ဘူး သား "

" ဘာကွ ဟေ့ကောင် မင်းယူနေကျဈေးယူချင်ရင်ယူကွနော်။ ငါ့ကိုတမင် လိုက်ပို့ပေးတာလဲမဟုတ်တဲ့နဲ့။ ငါဘာသာ သွားမလို့ပြင်နေတဲ့ အချိန် တိုက်တိုက်ဆိုင်ဆိုင်ရောက်လာလို့ လိုက်ပို့ရတာများ "

'' အဟား ဟား. . . ဟား ''

'' ရယ်မနေနဲ့၊ ရှေ့မှာမီးနီနေပြီ ''

'' အဟား. . . မြင်ပါတယ်ကွ ''

လမ်းဆုံမီးပွိုင့်အား အလွန်တွင် အဝေးပြေးကားဂိတ် မြင်ရလေပြီ။ နှစ်ယောက်သား အတန်ကြာနှုတ်ဆိတ်နေမိကြရာ ရွှေပြည်စိုးက စကားစ ပြန်ကောက်လာ၏။ မိမိဦးနှောက်ထဲမှ ဖျောက်ဖျ လက်စ အတွေးတို့ ရစ်သီရစ်သီ ဝေ့ဝဲလာပြန်သည်။

'' ငါတော့ သင်းခွေချပ်ရဲ့ သွေးက အဲ့ဒီလိုဖြစ်တတ်တယ် မကြားဖူးဘူးညီစေမင်း ဒါနဲ့ အောင်ပြည့်က မင်းကိုလိုက်တော မပို့ဘူးနော် ''

မိမိစိတ်ကို ခန့်မှန်းမိပုံရသည်။ သူ့စကားကို မတုံ့ပြန်တော့ ချက်ချင်းစကားလမ်းကြောင်း ပြောင်းပစ်လိုက်၏။

'' အင်း. . . သူမအားလို့ပါ။ ဒီနေ့အလုပ်ဆင်းရတယ်လေ ''

'' ဩော်အေး. . . ဆေးရုံသွားတာပဲ။ မေ့သွားလို့ ''

'' အထဲမဝင်ပါနဲ့တော့ကွာ ငါခြေလျင်ပဲဝင်သွားပါ့မယ် ရှေ့နားတွင်ရပ်လိုက် ''

'' ဒီကောင်ကတော့ ဆေးရုံမှာပဲ လုပ်သက်စေ့အောင် နေနေတော့မယ်ထင်တယ်။ ပြောင်းမယ့်ကောင်မဟုတ်ဘူး။ မင်းလိုမျိုး ကြုံလာရရင်တော့ မပြောတတ်ဘူး ''

'' ငါ့လို ''





စကားလွဲပေမယ့် နှစ်ဦးလုံးအတွေးထဲမှာ သည်ပြဿနာကသာ ည်းနေသည်မို့ စကားအသွားအလာ သည်နေရာသို့ပင် ပြန်ဆိုက်သည်။ ညီစေက ကားပေါ်မှ မဆင်းသေးဘဲ ခပ်ယဲ့ယဲ့ပြုံးရင်း

'' ငါ့လိုမကြုံလောက်ပါဘူး၊ သူကတော့ ငါ့လိုနာနာဘာဝတွေကို င်ရ အသံတွေကြားရတဲ့အဖြစ်မျိုး ကြုံမှာမဟုတ်ပါဘူး။ ဟင်း. . . သူမှမဟုတ်ပါဘူးကွာ၊ မင်းရောတခြားလူတွေရော မြင်ကြကြားကြမှာ ဟုတ်ပါဘူး။ အဲ့ဒီဝိညာဉ်တွေဟာ ငါတို့ပတ်ဝန်းကျင်မှာ ဘယ်သူမှမမြင် ဘဲ ရှိနေကြတာပါပဲ၊ ငါကသာ ကံဆိုးပြီး တွေ့နေရတာ ငါ့ကျမှ ''

'' ဟား. . . ဟေ့ကောင်ညီစေ ''

'' ဘာလဲဟ ''

'' မင်း. . . မင်းရာသက်ပန်ကို သွားမေးပြီးပြီလား ''

'' အဲ ''

'' မင်းမသွားဖြစ်လိုက်ဘူးမဟုတ်လား။ အဲ့ဒါ. . . အဲ့ဒါတကယ့် မြစ်ကြီးကွ ကျွတ်စ်၊ ခုမှတော့ အချိန်မရတော့ဘူး ''

'' ငါဘာလို့မေ့နေရတာလဲ. . . ဒါကိုမှ ငါဘာလို့မေ့နေရတာလဲ''

အားမလိုအားမရနှင့် မိမိကိုယ်ကို မကျေနပ်ဖြစ်လာမိသည်။ ကိုကိုင့်ကြည့်လိုက်၏။ ကားထွက်ရန် မိနစ်ပိုင်းသာ လိုတော့သည်ပဲ။

(ငါဘာလုပ်ရမလဲ၊ ငါဘာလုပ်ရမလဲ. . . ငါ)

'' ဘာလုပ်ရမလဲ ''

'' လောလောဆယ်တော့ ရိုးရိုးတန်းတန်း ခရီးထွက်တယ်လို့

www.burmeseclassic.com



သဘောထားပြီး ပေါ့ပေါ့ပါးပါး သွားကြရုံပဲရှိတယ် ကိုယ့်ညီ ''

ဒေါက်တာမိုးဇော်က အမှန်တကယ် စိတ်လက်ပေါ့ပါးနေသည့် ဟန်နှင့်ပြောလိုက်သည်။ မိမိကို ကိုယ့်ညီဟုခေါ်ဝေါ်လိုက်သည်လား ကိုညီဟုခေါ်သည်လား ညီစေမသဲကွဲ။

သူ့အရွယ်နှင့် ကိုယ့်ညီဟုခေါ်လျှင်လည်း သင့်လျော်နေသည်။ တွေ့စက ကိုညီစေမင်းဟု သုံးနှုန်းခဲ့သည့်အတွက် ကိုညီလို့ပဲ ရင်းရင်းနှီး ခေါ်သည်ဟုလည်း ထင်မိသည်။

ရှိစေ။

ဟော. . . ကြုံရာကို လိုက်စဉ်းစားပြန်တော့လည်း အတွေး သည်မှုနှင့်ပြတ်ရ၏။ ပြဿနာကိုမေ့ထားချင်၍ပင်မရ. . . မရပါလား

အာရုံထဲမိမိလူနာ အဘိုးအို၏ သဏ္ဌာန်က ဝါးဝါး ဝင်လာ သည်။ သေဆုံးသွားပြီဟု ဒေါက်တာဒေါ်ခင်ခင်ကျော်ကိုယ်တိုင် ဆိုသည်ကိုပင် မယုံမကြည်နှင့် အလောင်းကိုလိုက်ကြည့်ခဲ့မိသော မိမိ မိမိသာအပြစ်တင်ရတော့မည်။

'' ကိုယ့်မှာ ရောဂါတစ်ခုရှိတယ် ''

မိမိဘေးမှ နံတွင်ဝင်ထိုင်ရင်း ပြောလိုက်သည့် ဒေါက်တာမိုး စကားကြောင့်အတွေးစရပ်သွားရ၏။ ဟုတ်ပြီ တစ်ယောက်ယောက်နှ စကားပြောနေဖို့လိုသည်ပဲ။ မိမိအတွေးနှင့် မိမိဒေါက်တာမိုးဇော်အား ကျေးဇူးတင်စွာ လှည့်ကြည့်၍ မေးခွန်းပြန်ထုတ်မိ၏။

'' ဘာ. . . ရောဂါလဲ ဒေါက်တာ ''





ဒေါက်တာမိုးဇော်က ခပ်ပြုံးပြုံးနှင့်ပြောသလို မိမိလည်း ပေါ့ပေါ့ပါးပါးပဲ ပြန်မေးမိရခြင်းဖြစ်သည်။

'' ကားစီးရင်း အိပ်ပျော်တတ်တဲ့ရောဂါလေ ''

'' ဗျာ ''

'' ဟုတ်တယ်။ တငြိမ့်ငြိမ့်နဲ့သွားနေတဲ့ ကားပေါ်မှာ ကိုယ်တိုင် ကားမမောင်းရဘူးဆိုရင် ကိုယ်အိပ်ပစ်လိုက်တာ။ ဘာပဲဖြစ်ဖြစ် မျက်စိ ကနားရတာပေါ့ ကိုယ့်ညီရာ။ အဲ့ဒါကိုယ်ငယ်ငယ်ကတည်းက အကျင့်ပဲ ဘယ်လိုမှ ဖျောက်လို့မရဘူး။ ဒါကြောင့်မို့ ရောဂါလို့သတ်မှတ်လိုက်တာ။ အဲ. . . ရောဂါတွေ ထဲမှာတော့ အကောင်းဆုံးရောဂါပဲပေါ့ ကိုယ့်ညီရာ''

အကောင်းဆုံးရောဂါ။

မိမိအတွက်တော့ မကောင်းနိုင်ပါ။ စကားပြောဖော်ရှာနေပါ သည်ဆိုမှ အိပ်မည့်လူနှင့် လာတွေ့နေရသည်။

တကယ်လည်းဟုတ်သည်။ ငြိမ့်ခနဲ ကားစထွက်ပြီဆိုကတည်း က မျက်တောင်များမွေးစင်းချထားပြီးဖြစ်နေ၏။ လမ်းမကြီးပေါ်သို့ ထွက်လမ်းဘေးတွင် ရပ်ထားဆဲဖြစ်သော ရွှေပြည်စိုးကားလေးကို တွေ့၍ မိမိက လက်ပြနှုတ်ဆက်ပြီး သူ့ဘက်ပြန်လှည့်ကြည့်လိုက်သည်နှင့် ထိုပုဂ္ဂိုလ်က အိပ်မောကျသွားဟန်နှင့် ငြိမ်သက်နေလေပြီ။ မှာ ထုံးစံအတိုင်းရှိစေဟုသာ မှန်ပေါက်မှ အပြင်သို့ ငေးရင်းလိုက်ပါခဲ့ရ တော့သည်။

ဆိုင်ခန်းမျိုးစုံနှင့် လူနေအိမ်များစွာတို့ တဆက်တည်း

www.burmeseclassic.com



ခပ်စိုပ်စိုပ်ရှိနေခဲ့သည့် လမ်းကလေးမျိုး မဟုတ်တော့။ မြို့တွင်းလမ်းများ ကျဉ်းမြောင်းသည့်လမ်းမျိုးမဟုတ်တော့။

လမ်းဧရိယာကျယ်ကျယ် ယာဉ်ကြောများစွာနှင့် အဝေးပြေး လမ်းမပေါ်ရောက်နေခဲ့ပြီ၊ လမ်းဘေးတွင်လည်း ကျယ်ဝန်းသော ခြံဝင်း များ သီးသန့်ဆန်သည့် အိမ်များနှင့် တဖြည်းဖြည်းမိမိဒွာနေနှင့် ဝေးကွာ လာပြီဆိုသည်ကို ပြသနေသည့်နှယ်။

မိမိနံဘေးမှ အသက်ရှူသံပြင်းပြင်းကြောင့် အတွင်း အကြည့်ပြန်ရွှေ့မိသည်။ ရောဂါဖောက်နေပြီဖြစ်သော ဒေါက်တာမိုး ကိုတွေ့ရ၏။ မိမိလည်း သူ့လိုရောဂါရချင်လာသည်။ ခုတော့ မိမိခံ နေရသည့် ရောဂါက

(အို. . . ဒါ ရောဂါမဟုတ်ဘူး။ ရောဂါမဟုတ်ဘူး)

ထိုင်ခုံနောက်မှီသို့ ခေါင်းနှစ်ကာ ကားအတွင်းမီးများအ အခိပ္ပါယ်မဲ့ငေးနေမိပြန်၏။ မိမိလည်း အိပ်ပျော်နိုင်ဖို့ ကြိုးစားကြည့်ရ အိပ်ပျော်နိုင်ဖို့ အိပ်ပျော်. . . အိပ်ပျော်

" ကျစ်စ် "

မျက်လွှာချရုံရှိသေးသည်။ အဘိုးကြီး၏အလောင်းက အာ မျောဝင်လာလေ၏။ မျက်လုံးမှိတ်ထားသည်နှင့် ပွင့်နေခြင်းသာကွာသည် အလောင်းမှာ မိမိမြင်ခဲ့ရသည့် ဝိညာဉ်ရိပ်အတိုင်း ဖြူဖပ်ဖြူ နှုတ်ခမ်းများကို ပြုံးဟန်ကွေးလျက်သား။

အတွေးထဲတွင်ပင် ချောက်ချားစရာကြုံရသည်။ ပိတ်ထားသ





အလောင်းကောင်၏ မျက်နှာအစုံမှာ ဖြူဖပ်ဖြူလျော်နှုတ်ခမ်းများကို ပြုံးဟန်ကွေးလျက်သား။

အတွေးထဲတွင်ပင် ချောက်ချားစရာကြုံတွေ့ရသည်။ ပိတ်ထား သည့် အလောင်းကောင်၏ မျက်လုံးအစုံမှာ ဖြတ်ခနဲပွင့်၊ မျက်ဆံ ကျက်သားမခွဲနိုင်အောင် မျက်ဝန်းတစ်ခုလုံးအဖြူထည်ကြီးများသာ မိမိ ကိုယ်တိုင်ပါ ဆတ်ခနဲ မျက်လွှာဖွင့်ပစ်လိုက်မိသည်။

ညို့နေသည့် အလင်းတို့သည် ကားမှန်ညိုညိုတို့ကြောင့်လား။ မျက်နှာကို အပြင်ဘက်သို့ စောင်းလှည့်လိုက်သည်။ လမ်းဘေးတွင် နံ့ညှယျာဉ်တစ်ခုလို ခြံဝင်းကျယ်ကြီးကို တွေ့လိုက်ရ၏။

ထိုမှအလွန်တွင် စိမ်းပုပ်ရောင်အိမ်ကြီးတစ်လုံး အိမ်ရှေ့တွင် သူတစ်ယောက်ရပ်နေသည်ကို လှမ်းမြင်ရ၏။

ထိုလူမှာ မိမိတို့ကားကို လက်ပြနေသလိုပင်။ အိမ်ကြီးရှေ့မှ ကားအဖြတ်တွင် ထိုလူ၏ ကြောင်စီစီလုပ်ရပ်ကြောင့် အသေအချာ ကြည့်လိုက်၏။ မိမိတို့ကားကိုလက်ပြနေသည်မှာ အမှန်ပင်။ ပြာရောင်ဝတ်စုံနှင့် ကားကိုမျှော်ငေးနေသော ထိုလူ၏ မျက်နှာသည်

" ဟင် "

အဘိုးအို ဖြူဖပ်ဖြူလျော် အသားအရေ အလောင်းကောင် နေသလို အမူအရာ အဘိုးအို အလောင်းကောင် ဖြူဖပ်ဖြူလျော် ပြုံး။

" ဘာဖြစ်လို့လဲ ကိုယ့်ညီ "

www.burmeseclassic.com



မိမိအသံကြောင့် ဒေါက်တာမိုးဇော် လန့်နိုးသွားပုံရ[...] သူ့နံဘေးမှ ခရီးသည် အမျိုးသားသည်လည်း မိမိကို ခေါင်းထောင်ကြည့် နေသည်ကို တွေ့ရသည်။

" လု. . . လုနာ. . . ကျွန်ုပ်တော့်လူနာကို လှမ်းတွေ့လိုက်[...] လားလို့ ဒေါက်တာ "

" ဩော် ကိုယ့်ညီက ကိုယ့်အလုပ်အပေါ် အတော်သံယော[...] ထားတတ်ပုံရတယ်။ ဟုတ်လား. . . အလန့်တကြားတော့ မလုပ်ပါနဲ့ကွာ "

ဒေါက်တာမိုးဇော်က ပြုံး၍ အေးအေးစွာပြောပြီး ပြန်မှေးသွား သည်။ မိမိနှင့်တစ်ခုံကျော်မှလူလည်း ခေါင်းပြန်ချသွား၏။ မိမိမှာသာ ကယောင်ချောက်ချားနှင့် ဝေါင်ကျန်ရစ်သည်။

" သံယောဇဉ် "

သံယောဇဉ်တော့ မဟုတ်သည်ကို မိမိသိသည်။ သို့သော် မိမိ မြင်လိုက်ရခြင်းမှာလည်း စိတ်စွဲ၍ မြင်ယောင်ခြင်းမျိုးသာဖြစ်လိမ့်မည်။ ချစ်ခင်မှုဖြင့် စိတ်စွဲသည်က သံယောဇဉ်ဆိုပါလျှင် ထိတ်လန့်မှုကြောင့် စိတ်စွဲနေခြင်းမှာ

" တစ်ခါတစ်ခါ ကိုယ်က မကြိုက်ပေမယ့် အများအား လိုက်ရတာလည်း ရှိတတ်တယ် ဆရာလေးရေ. . . အဘိုးဆို စိမ်းပုပ် ရောင်တို့ နီညိုရောင်တို့ကို ဘာမှန်းသလဲမမေးနဲ့ ဟော အဘိုး မိသားစု စိမ်းပုပ်မှ စိမ်းပုပ်ဆိုလာတော့ အိမ်ကို အဘိုးမကြိုက်တဲ့ စိမ်းပုပ်ရောင် သုတ်လိုက်ရရော "





စိတ်စွဲနေခြင်းမှ ဟုတ်ရဲ့လားဟု သံသယဝင်လာသည်။

" အဘိုးအိမ်လည်း ပန်းခြံဘေးမှာပဲ ဆရာလေးရဲ့ နောက်တော့ မသိသာဘူး။ ညဘက်ဆိုရင် တစ်အိမ်လုံးကြိုင်နေတာပဲ ဒါတစ်ခုတော့ ကောင်းတယ်ဆိုရမယ် "

သက်မကောင်းစိတ်သည် နှလုံးသွေးတို့ကို တဒိတ်ဒိတ်ဆောင့်တိုး သည်။

" မြို့ပြင်အစွန်ဆုံးဆိုတော့ ဆိတ်ငြိမ်တာပေါ့ကွယ် "

ဆူပွက်လှုပ်ရှားလာသည့် အာရုံဟောင်းများကြား ညီစေ သက်ရှုကြပ်လာ၏။ အဘိုးအို၏ စကားဟောင်းများဖြင့် နားတို့အူဝေ ခဲ့ပြီ။ တောင့်မတ်မတ် သေွးဆုတ်ငြိမ်သက်သွားသည့် မိမိကိုယ်ကို ယ်လို့မျှ ပြေလျော့မရနိုင်တော့။

အမြင်အာရုံတွင် ပစ္စက္ခမြင်ကွင်းများမရှိ။ ပြုံးပြလက်ယမ်းနေ သော အဘိုးအိုသာ။

" စိမ်းပုပ်ရောင် သုတ်လိုက်ရရော "

" ပန်းခြံဘေးမှာပဲ "

" မြို့ပြင်အစွန်းဆုံးဆိုတော့ "

မနှစ်မြို့ဖွယ်ရာ သေချာမှုတစ်ခုကို ညီစေ လက်ခံလိုက်ရသည်။ သံမဲ့ရှိုက်ညည်းရင်း တဆတ်ဆတ်ခေါင်းခါရင်း မျက်လုံးအစုံနစ်ဝင် တော့မတတ် ဖိပိတ်ဖျစ်ညှစ်ရင်း ညီစေ လက်ခံလိုက်ရသည်။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

## အခန်း (၄)

ရုတ်တရက် ငြိမ့်ခနဲ ထိုးရပ်လိုက်သည့်ကားကြောင့် ညီး
ခေါင်းစိုက်ကျသွားရ၏။ ဘယ်အချိန်ကတည်းက မိမိအိပ်ပျော်နေခဲ့သ
မသိ။

တွေးရင်းမောရင်း မှေးအိပ်မိသည်မို့ အခြားခရီးသည်များ
ထိုင်ခုံတွင် အကျအန နစ်ဝင်မထား ခန္ဓာကိုယ် ယိုင်သွားသည်
လန့်နိုးလာရ၏။

ညလယ်စာအတွက် ရပ်နားပေးသည်လား။ ကားမှန်ပြတင်း
လှမ်းအကြည့်တွင် ညဟင်းလင်းပြင်ကိုမြင်သည်။

လရောင်လဲ့လဲ့ ပြန့်ကျက်ထားသည့် လွင်ပြင်ကျယ်ထဲ လူ
သူယောင်မရှိ။ အဆောက်အဦးဟူ၍ပင်မရှိ။

လမ်းမ၏ဝဲယာနှစ်ဘက်သည် တပြန့်တပြူး တမျှော်တ
လမ်းစပ်မြေသားပေါ်သို့ ကျရောက်နေသည့် ကား၏ ကိုယ်ထည်မှ
မီးပွင့်အလင်းတို့ကြောင့် မြက်ခြောက်ပင်များကိုလည်း မြင်နေရ





ည၏ အအေးဓါတ်က မှန်သားကိုပင် ဖြတ်သန်း၍ မိမိမျက်နှာ
အား ထိဟပ်လာသည်လို။

ကားဝန်ထမ်းတို့၏ ကြေညာသံတစ်စုံတရာကို မကြားရသေး။

" ဘာကြောင့် ရပ်နေရတာလဲ "

လည်ဆန့်၍ ဟိုသည်ကြည့်မိ၏။ နံဘေးမှ လူကမူ အိပ်မောကျ
နေဆဲပင်။ သူပြောသလိုဆိုလျှင် တကယ့်ကိုရောဂါရှင်ပဲ၊ နှစ်နှစ်ခြိုက်ခြိုက်
အိပ်တတ်လွန်းသည့် လူပါပေ။

ဒေါက်တာမိုးဇော်ကိုကြည့်ကာ ပြူးမိရင်းမှ ကားရှေ့ပိုင်းသို့
ကြည့်လိုက်သည်။ ကားလမ်းပေါ်ကန့်လန့်ဖြတ် ပိတ်ထားသည့်
ရောင်တန်းကိုမြင်သည်။

ရထားလမ်းနှင့်အဆုံနေရာဖြစ်မည်ဟု တွေးမိသွား၏။ ထိုင်ခုံ
က်မှီတွင် ကျောပြန်ချကာ ညခင်းဆီ ပြန်ငေးနေလိုက်လေသည်။

လရောင်ကွင်းစပ်ဆီမှ လှုပ်ရှားမှုယဲ့ယဲ့ကို လှမ်းတွေ့လိုက်ရ
သားပဲ၊သစ်ပင်ငယ်တို့ လေအဝှေ့တွင် ယိမ်းလှုပ်နေကြခြင်းပဲဖြစ်မည်။

သို့သော် တဖြည်းဖြည်းနီးလာသည့်နှယ် အရိပ်များကြောင့်
ာမကောင်းဖြစ်လာရ၏။ ခရီးသွား လူအုပ်များလားသည်လို ကာလဝယ်
သူတွေက အုပ်ဖွဲ့သွားလာကြမည်လဲ။

ညီစေ မျက်မှောင်ကျုံ့ကာ စိုက်ကြည့်နေစဉ်မှာပင် တရွေ့ရွေ့
လာသည်။ မိမိတို့ကားမှ ကိုက်သုံးဆယ်သာသာ ကွာတော့သည်။

လရောင်က လင်းသည်ဆိုရုံမျှ ဖြာကျနေသောကြောင့် သူတို့

www.burmeseclassic.com



သဏ္ဍာန်များကိုမှ မသဲကွဲ။ မည်းမည်းရိပ်ရိပ်သာ မြင်ရ၏။ အင်အား နှစ်ဆယ်နီးပါးလောက်တော့ရှိမည်ဟု ညီစေ ခန့်မှန်းမိသည်။ ဖွင်းဖွင်း သည်ထူးထူးဆန်းဆန်းတွေ့ရသော လူစုကို ငေးနေလိုက်၏။

သွားဖူးလာဖူး သည့်ခရီးလမ်း မဟုတ်သဖြင့် ဘယ်အရပ်ဒေသ ရောက်နေသည်ကို မခန့်မှန်းတတ်။ လယ်သမားတို့၏ အရပ်ဒေသ ဖြစ်မည်ထင်သည်။

" ဟား ဒီကလူတွေ အရပ်မြင့်လှချေလား "

မိမိက အမြင့်မှ ကြည့်နေသည့်တိုင် ပုဝပ်ဝပ်ဖြစ်မနေသော လူရိပ်များကို တအံ့တသြရှိလာ၏။ အငွေ့အသက်တစ်ခုခုကိုပါ ခံစား လာသည်။

ကားမီးရောင် အဝန်းသို့ပင် ရောက်လုလုနီးစပ်လာသည် လူရိပ်များမှာ သည်မျှနီးကပ်လာသည်အထိ ပုံသဏ္ဍာန်ဟူ၍ သဲကွဲ မရှိ။

အရိပ်များနှယ်သာ အမှောင်ထက် နက်ကျောသော အမိုး နှယ်သာ။ ညီစေ့မျက်ကြောများ သွေးဆိုင်းခဲမာသွားမတတ် ကျောက် သွား၏။

မိမိတို့ကားကြီးရှိနေပါလျက် ရပ်တန့်ခြင်းမရှိ ကွေ့ဝိုက်ခြင်း တည့်တည့်မတ်မတ်ကြီး တိုးဝင်လာကြသော အရိပ်များသည်

" လူ. . . လူတွေမဟုတ်ဘူး။ လူတွေ မ. . . ဟုတ် "

တိုးတိုးကွဲကွဲ အစ်ထွက်လာသည့် မိမိရေရွတ်သံမဆုံးမီမှာ





လင်းရောင်အောက် ချွတ်နင်းဝင်ရောက်လာသော မကောင်းဆိုးဝါး ကောင်၏ လက်တစ်ဖက်သည် မိမိထံဆန့်တန်းစိုက်ညွှန်လျက်။

မိမိမျက်နှာနှင့် တပြေးတည်းနီးပါးမြင့်မားလှသော ဦးခေါင်း ကြီးက မျက်နှာအင်္ဂါ အစိတ်အပိုင်း လုံးဝကင်းမဲ့စွာ တရွေ့ရွေ့. . . ရွေ့ရွေ့. . . နီး. . . ကပ် မှန်သားအတွင်း နစ်ဝင်လုလုတွင် ဖြတ်ခနဲ လာသည့် စိမ်းတောက် တောက် မျက်လုံးနှစ်လုံး။

" အား. . . သွား. . . သွား. . . မလာနဲ့ "

တွန့်ကြေအက်ကွဲနေသည့် မိမိအော်သံမှာ လည်ချောင်းဝမှ ထွက်လာ၏။ တိုးလွန်းသော်လည်း တိတ်ဆိတ်နေသည့် ကားအတွင်း ဖြစ်နေ၍ မိမိနံဘေးမှ ဒေါက်တာမိုးဇော်လည်း လန့်နိုးသွားပုံရသည်။

" ဘာဖြစ်လို့လဲညီ ဘာဖြစ် "

" . . . . . . ဟင့် . . . "

လိုက်ခနဲ နင့်ဟာသွားသည့် ခံစားမှုနှင့်အတူ မိမိအား ကိုင်ဆွဲငင်နေသလို အင်အားတစ်ရပ်ကို ခံစားလိုက်ရသည်။ မိမိခန္ဓာ မှာ ထိုင်ခုံတွင်ထိုင်လျက်သား ကျန်ခဲ့သော်လည်း အာရုံအစအနတို့ ခနဲ တစ်စုံတရာနှင့် ငြိတွယ်ပါသွားရသလို။ အို မိမိဦးနှောက်ကို ထုတ်သွားပြီလား။

မှန်ပေါက်ရှိရာဘက် မျက်နှာပြန်မလှည့်ရဲသော်လည်း အလိုလို သွားသည့်ခေါင်းက မိမိမျက်လုံးအစုံကို အပြင်လောကသို့ တည့်မတ် လိုက်လေပြီ။

www.burmeseclassic.com



သံချွန်လို လက်သည်းရှည်များနှင့် အရေပြားတို့ စုတ်ပြဲ ပေါက်ပြဲနေသော လက်တစ်စုံမှန်ချပ်အား ဖောက်ဝင်လာတော့၏ အရိုးဖွေးဖွေးပေါ်နေသော တစ္ဆေလက်ချောင်းများ မိမိကိုထိုးဆိုက်ကုတ် ဖဲ့တော့မည်လား။

မိမိရှေ့တည့်တည့်မှ မကောင်းဆိုးဝါးကောင်ကြီး၏ ပတ်လည်တွင် ပန်းသားများထဲနစ်ဝင်လု ဦးခေါင်းမည်းမည်းကြီးများ တယိမ်းယိမ်း လှုပ်လျက် မိမိထံသို့သာ ဦးတည်ချီးကပ်လာနေကြပြီ။

" စွပ် " ခနဲ အသံကိုပင်ကြားလိုက်ရသည်ထင်၏။

မှန်သားအတွင်းနစ်ဝင်တိုးထွက်လာသည့် လက်ချောင်းများ မြင်လိုက်ရသည်။ ပြူးကျယ်ဝိုင်းစက်နေသည့် မိမိမျက်လုံးများ တည့်တည့်

" အာ. . . အာ. . . အား. . . အား. . . "

" ဘော် . . . . . . "

ရှည်လျားကျယ်လောင်စွာ ဆွဲငင်လိုက်သည့် ရထားဥသြသံ မိမိအော်သံအား ဝါးမြိုသွားလေ၏။ မိမိ မည်သည့်အနေအထားမျိုး ဟစ်ကြွေးလိုက်မိသည် မသိတော့။

" မောင်းထွက်. . . မောင်းထွက်တော့လေ။ မောင်း ပေး. . . ပေး "

သွေးရူးသွေးတမ်းဖြင့် အာခေါင်ခြစ်အော်လိုက်သော်လည်း တဂျုန်းဂျုန်းနှင့် ပြေးဝင်လာသည့် ရထားသံကြောင့် ရောထွေးကြေ





သွားရပြန်၏။

" ညီ ဘာဖြစ်တာလဲ။ ဘာတွေ့လို့လဲ။ ညီစေမင်း. . . ညီစေမင်း "

နောက်မှစကားသံကြောင့် သတိဝင်လာ၏။ တုန်ခါနေသည့် ဦးခေါင်းအား အတွင်းပိုင်းသို့စောင်း ငုံ့ချပစ်လိုက်သည်။ မျက်လုံးအစုံကို မှိတ်ရင်းမှ မှန်ချပ်တွင်လက်ဝါးတစ်ဘက်ကို ဖိကပ်၍ ကာကွယ်မိသည်။ မှန်သား၏ အေးစက်စက်၊ ပြောင်ချောချောအထိအတွေ့က ညီစေ့ကို ကြောင်သွားစေသည်။

မှန်တပြင်လုံး ပွတ်တိုက်ရှေ့လျားကာ စမ်းကြည့်မိသည့် လက်ဖဝါးတွင် မှန်ပေါက်ရာအက်ကြောင်း၊ မကောင်းဆိုးဝါး လက်ချောင်းများနှင့် ထိတွေ့မိခြင်းမျိုးကို မခံစားရ။

မယုံမရဲနှင့် မျက်လုံးပြန်ဖွင့် ခေါင်းမော့ကြည့်မိ၏။

ညို့နက်နေသော မှန်ချပ်တွင် လက်ညှိုးတစ်ချောင်းစာအပေါက် ပေါက်များက မိမိမျက်လုံးများနှင့် တန်းတန်းမတ်မတ်ရှိနေ၏။

" ညီ "

နာနာဘာဝကောင်များ၏ အရိပ်အယောင်ကိုမှ မမြင်ရ။ ဝေးကွာသွားသော ရထားသံကို သတိထားမိသည်။ မိမိကိုဝိုင်းရံလာသည့် အရာတွေ ပျောက်ကွယ်သွားလေပြီလား။

သက်ပြင်းရှိုက်သံက နှလုံးခုန်သံ အတိုင်း တွန့်ခေါက်နေရ၏။ တံတွေးမြို့ချမိသည်မှာ အကြိမ်ကြိမ်၊ အာခေါင်ထဲ ရှုံခနဲဖြစ်သွားမလား

www.burmeseclassic.com



ထင်ရသည်။

ဘာကြောင့်မှန်းမသိဘဲ မျက်နှာတစ်ပြင်လုံး စပ်ဖျင်းနာကျင်ခြင်း ရှိနေသော ချွေးစေးတို့မှာ အကျီကိုပင် စိုထန်းနေစေသည်။

" ကိုယ့်ညီ အဆင်ပြေရဲ့လား "

ဒေါက်တာမိုးဇော် မေးလိုက်ချိန်တွင် ကားတစ်စီးလုံးသိမ့်ခါသွား၏။

" ... ... ... "

တစ်စုံတစ်ခုပြန်ဖြေလိုက်ရန် ညီစေ စဉ်းစားနေစဉ် မျက်ထောင့်မှ ရိပ်ခနဲမြင်လိုက်ရသည့် လှုပ်ရှားမှုကြောင့် အမှတ်တမဲ့ မော့ကြည့်လိုက်မိသည်။

" အား "

❀ ❀ ❀ ❀ ❀



## အခန်း (၁၀)

" ညီစေမင်း "

မိမိမျက်လုံးတို့ ပေါက်ထွက်သွားခဲ့ပြီ။ မျက်နှာတွင် ဖိကပ်ထားသည့် လက်ဖဝါးနှစ်ဘက်တွင် ပူနွေးစေးကပ်နေသည့် သွေးများပေကျံနေ၏။ လေးလံအောင့်သည်းလွန်းသော ဝေဒနာဆိုးက မျက်လုံးအိမ်တွင်း ပြည့်နှက်လျက်

" ညီစေမင်း "

မိမိဘယ်မျှအထိအသက်အောင့်ထားမိသည်လဲ။ အို... အသက်ပြန်မရှူချင်တော့ပါ။ သွေးကြောများအား ဖျစ်ညှစ်မွှေ့ယမ်းနေသလို တညီးညီးလည်ပတ်နေသည့် အမှောင်ကိုသာ မြင်နေရသည့်အဝနှင့် ဘာကြောင့်ရှင်သန်ရဦးမလဲ။

" အာ့... ဟား ဟား... သေ... ဟီး... ဟီး "

" ညီစေမင်း "

www.burmeseclassic.com



ခေါ်သံကြောင့် မိမိတွင်အမြင်အာရုံမရှိတော့သည်ကို သိလျက် အမှတ်တမဲ့ မျက်လုံးဖွင့်ကြည့်မိသည်။ မိမိအားစိုးရိမ်တကြီး ကြည့်ကာ လှုပ်ခါခေါ်နေသည့် ဒေါက်တာမိုးဇော်နှင့် အထူးအဆန်းသဖွယ် ဝိုင်း ကြည့်နေကြသော လူများ။

" ညီဘာဖြစ်လို့လဲ ကိုယ့်ကိုပြော. . . ပြောစမ်း "

" ဟို. . . ဟို ကျွန်တော့်မျက်လုံးတွေ "

" မျက်လုံးဟုတ်လား။ ဘာဖြစ်လို့လဲ။ နာနေတာလား ကိုယ်ကြည့်စမ်းမယ် "

" ကျွန်တော် မြင်. . . မြင်နေရတယ် "

" ဘာမြင်ရတာလဲ "

" ကျွန်တော်မကာန်းဘူး "

ကြောင်အသွားသည့် ဒေါက်တာမိုးဇော် မျက်နှာနှင့်အတူ ခေါင်းတယမ်းယမ်းလုပ်ထွက်ခွာသွားသူအချို့ကို တွေ့လိုက်ရသည်။

" ဟိုကအထွက်ကတည်းက ဒီလူကြည့်ရတာ ပုံမှန်မဟုတ်ဘူး လို့ အထင်သား "

" အိုး. . . ရူးနေပါတယ်ဆိုမှ နော်မယ်ဟုတ်မလား "

" ဘာမှမဖြစ်ဘူး ဆရာရေ၊ အိပ်ရင်းယောင်သလားမသိဘူး လူကတော့ဘာမှမဖြစ်ဘူး "

တစ်ယောက်တစ်ပေါက်အသံများကြားမှ ကားဝန်ထမ်း၏ အော်သံကိုပါကြားလိုက်ရသည်။ လှောင်ပြုံးများ၊ စိတ်ပျက်လက်ပျက်





အကြည့်များ များစွာကိုညီစေခံယူလိုက်ရသည်။

" ညီ "

ဒေါက်တာမိုးဇော် စကားစရန်ပြင်နေစဉ် မိမိနောက်သို့ ချာခနဲ လှည့်ကြည့်လိုက်မိ၏။ ကားပြတင်းမှန်ချပ်တွင်

" တစ်ခုခုဖြစ်နေပုံရတယ်။ စိတ်ရှုပ်စရာတွေ "

အပေါက်ဝိုင်းကလေး လုံးဝရှိမနေခြင်းက မိမိအတွက် သက်သေမဲ့သွားရလေပြီ။

" များနေရင် တစ်ယောက်တည်းလျှောက်တွေးနေမယ့်အစား ကိုယ့်ကိုရင်ဖွင့်လိုက်ပါလား၊ ဘယ်လိုပြဿနာပဲဖြစ်ဖြစ်ပေါ့ ညီအိပ်မပျော် နိုး ကိုယ်သိတယ်။ အိပ်မက်မက်ပြီး ယောင်ယမ်းအော်တာမျိုးမဟုတ်မှန်း ကိုယ်သိတယ်။ ညီဘာတွေတွေးနေသလဲ၊ ဘာတွေခံစားနေရသလဲ။ ကဲ ဒီနားကလူတွေ အနှောင့်အယှက်ဖြစ်သွားရင် ကျွန်တော့်ညီအစား ကျွန်တော် တောင်းပန်တယ်ဗျာ၊ ဟုတ်လား၊ ကျေးဇူးပြုပြီး ကိုယ့်နေရာ ကိုယ် ပြန်ထိုင်ပေးကြပါ။ ပလိစ် သူလည်းဘာမှဖြစ်တာမဟုတ်ပါဘူး။ အေးဆေး အားလုံးအေးဆေးပါပဲ "

" ဟေ့. . . နောက်တစ်ခါထပ်အော်ရင်တော့ အော်တဲ့ပါးစပ်ကို"

အမျိုးသမီးကြီးတစ်ဦး၏စကားကြောင့် ညီစကားအတွင်း ဘက်သို့ မျက်နှာပြန်အလှည့်တွင် မိမိကို တည်ကြည်စွာကြည့်နေသော ဒေါက်တာမိုးဇော်၏ မျက်လုံးများနှင့် ဆုံသည်။ သူပြုံးနေပုံက အယုတ္တ အနတ္တစကားတို့ကို မကြားမိသလိုပင်။ ပကတိဖြူစင်လေးနက်စွာ မိမိ

www.burmeseclassic.com



အပေါ် နားလည်မှုရှိသည်ဟု ပြောနေသော အားပေးအပြုံးမျိုး။

" ကျွန်တော် . . .

တကယ်တမ်းပြောရမည်ဆိုတော့ မိမိစိတ်မှာ မလုံမလဲဖြစ်လာသည်။ မျက်လုံးတစ်ဝိုက် အရေပြားများအား လက်ဖျားနှင့် ပွတ်သပ်ရင်း စကားစရခက်နေသေး "

❀ ❀ ❀ ❀ ❀



## အခန်း (၁၁)

" ဟာ. . . မိုးဖော် အိမ်ကအပြီးဆင်းလာခဲ့တာလား "

" အေး. . . ဟေး အဲ့ဒီလိုပဲပြောရတော့မယ်။ အကျင်နဲ့ ရန်ဖြစ်ပြီးမှ ထွက်လာခဲ့တဲ့ ခရီးကွ။ လာ ဟော့ကောင် ကြည့်မနေနဲ့ လာကူသယ် "

" အေးပါကွာ။ ပေး. . . ပေးဒီအိတ်ကြီး။ ဒါနဲ့သူက "

" ညီရေမင်းတဲ့ ငါရဲ့လုပ်ဖော်ကိုင်ဖက်အသစ် "

" အသစ် လုပ်ပြန်ပြီး မိုးဖော်ရာ မင်းကတစ်ယောက်တည်းအရှုံးထတာအားမရလို့ ရှုံးဖော်ညှိလာတာပေါ့။ ညီလေးမင်းဒီကောင်နဲ့ တွဲလုပ်ရင်သတိထား။ အခြေအနေမဟန်ရင်ထွက်သာပြေး။ မင်းပါ ရှုံးသွားမယ် "

ရှုး

www.burmeseclassic.com



သည်စကားတစ်လုံးက ပြောသွားသမျှ အခြားစကားလုံးများ ကြားမှ ခုန်ထွက်လာကာ မိမိအရှိက်အား အရှိန်နှင့်ပြေးဆောင့်၏။ မျက်နှာ အမူအရာပျက်မသွားခင် ချက်ချင်းပြုံးပြ ခေါင်းညိတ်လိုက်ရ၏။

" အာ အလုပ်တောင်မစရသေးဘူး။ မင်းကဖျက်လိုဖျက်ဆီး လာလုပ်နေတယ်။ လာ ညီအထဲဝင်၊ ဒီကောင်က ဖတ်စ်ပိုစတင်ကျော် က သူငယ်ချင်း ကိုယ်နဲ့သိပ်မရင်းနှီးပါဘူး။ ဒါကိုသူက တရင်းတနှီး ငယ်ပေါင်းကြီးဖော်လိုပြောဆိုနေတာ "

" အံမယ်၊ ငါ့ညီမယူထားတဲ့ကောင်က ခုမှငါကပဲ အတင်းလိုက် ရောနေရသလိုမျိုး လာပြောနေတယ်။ အကျင့်ကလည်း မင်းကိုယူတာ ရှုးလို့ပဲဖြစ်မှာပါ။ အဲအခုတော့ သူရှုးမှန်းသူသိသွားပြီ ငါ့ညီမတော့ ဝင်္ကျွတ်ခါနီးပြီထင်ပါရဲ့ "

တစ်ချက်တစ်ချက် ဝဲသွားတတ်သည့် လေယူလေသိမ်းနှင့် ထိုလူစိမ်းမှာ ဒေါက်တာမိုးဇော် ကြိုပြောခဲ့ဖူးသော ဒေါက်တာအန်လ်ဗွင်း ဖြစ်မည်ဟု ခန့်မှန်းမိသည်။

" ထိုင်ကြဦး။ ရေချိုးချင်လည်းချိုးကြ၊ ခဏနေမှ တစ်ခု ထွက်စားကြတာပေါ့။ မင်းတို့မနက်စာမစားလာရသေးဘူးမဟုတ်လား ဘယ်အချိန်ကားဆိုက်တာလဲမိုးဇော် "

" မနက်ငါးနာရီကျော်ကျော်ကပဲ ငါတို့စားခဲ့ကြပြီးပြီ၊ ဒါကြောင့် မင်းဆီရောက်တာနေမြင့်နေတာပေါ့။ နေ့လယ်စာပဲ မင်းဘာကျွေးမယ် ဆိုတာ စဉ်းစားပေတော့။ ငါတို့ကတော့ စားလည်းမစားသေးဘူး





ရလဲမချိုးသေးဘူး၊ အိပ်လိုက်ဦးမယ်၊ ညကအိပ်ရေးဝခဲ့တာမဟုတ်ဘူး"

" မအိပ်ဘဲဘာလုပ်နေသလဲ၊ ကားပေါ်မှာ မင်းလိုကောင်လား အိပ်ဘဲနေမှာ "

" ဟာ့ တကယ်ကွ။ စကားတပြောပြောနဲ့လာတာ ကဲမင်းပဲ ပ်ဗွည်းတွေနေရာချထားလိုက်တော့၊ ငါတို့အတွက် အိပ်ရာဘာညာ ပြင်ထားပြီးပြီမဟုတ်လား၊ မပြင်ရသေးလည်း ငါမင်းတို့လင်မယားအခန်း င်အိပ်မယ်။ ငါ့ညီကို အပေါ်ထပ်မှာ စီစဉ်ပေးလိုက် "

" အေး အဲ့ဒီလိုပဲလုပ်ရတော့မှာ၊ ငါက မင်းအတွက်ပဲပြင်ဆင် ထားတော့ တစ်ယောက်စာပဲဖြစ်နေတယ်။ မင်းကငါ့အခန်းမှာပဲ င်နားလိုက်။ ညီလေးက အပေါ်ထပ်က သူ့အတွက်ပြင်ထားတဲ့ အခန်းမှာ နားပေါ့ အေးအေးဆေးဆေးသာ နားသိလား၊ဆာတဲ့အချိန် အောက်ဆင်း သာခဲ့၊ မိုးဇော် မင်းကတော့ နှိုးမှထမယ့်ကောင်ဆိုတော့ တစ်ခါတည်း ေးထားရမယ်။ ဘယ်အချိန်နှိုးရမလဲ "

" သူဆင်းလာတဲ့အခါ နှိုးလေကွာ။ ရေမိုးချိုးပြီး နေ့လယ်စာဆွဲ ကြတာပေါ့။ အပြင်မှာပဲသွားစားမှာမဟုတ်လား "

" အေး. . . ကဲလာ ညီလေး ကိုယ်အခန်းလိုက်ပို့ပေးမယ်။ ထားခဲ့ ထားခဲ့ အဲ့ဒီအိတ်တွေပြီးမှ ကိုယ့်ဆီက ကောင်လေးတွေနဲ့ သယ်ပို့ ပေးလိုက်မယ် "

" ဩော်. . . ညီစေမင်း ဆေးသောက်ပြီးမှ အိပ်နော် "

ဒေါက်တာမိုးဇော်အား ညီစေခေါင်းညိတ်ပြလိုက်ချိန်တွင်

www.burmeseclassic.com



ဒေါက်တာအန်လ်နွမ်းက တစ်စုံတစ်ခုမေးရန် နှုတ်ခမ်းပြင်လိုက်ပြီး မမေးတော့သည်ကို သတိပြုမိ၏။ ဆရာဝန်ပီပီ မိမိဆေးသောက်ရမည် ဆိုလာတော့ ဘာဆေးလဲ။ ဘာဖြစ်လို့လဲ။ မေးချင်ပုံရသည်။

မိမိနှင့်သိပ်မရင်းနှီးသေးသည်မို့ မမေးတော့ခြင်းဖြစ်မည်ထင်၏။ မေးဖြစ်ခဲ့လျှင် လည်း ဒေါက်တာမိုးဇော်ကိုသာ မေးပါလိမ့်မည်။

ဒေါက်တာမိုးဇော်သည်လည်း မိမိအမှန်တကယ် ဆေးသောက်ပြီးမှ နားလိမ့်မည်ဟု တွက်ထားပုံရသည်။ သူကစေတနာနှင့် သတိပေးလာခြင်းမို့သာ ခေါင်းညိတ်ပြခဲ့ရသည်။

တကယ်တမ်း ဆေးသောက်ပြီးမှ စိတ်ငြိမ်နိုင်မည်ကို ညီစေ သဘောမတွေ့။ မိမိစိတ်မိမိသက်ငြိမ်တည်တံ့အောင် ထိန်းနိုင်စွမ်းပါ၏။

သို့သော် ဘာထူးမည်လဲ။ ဆေးသောက်ထားပေမယ့်လည်း သပ်ရပ်ကျယ်ဝန်းသော အခန်းသစ်လေးထဲ ညီစေဝေ့ဝဲ အကဲခတ်ရင်း စိတ်လုံခြုံမှုရအောင် စဉ်းစားနေမိသည်။

လိုက်ကာစထူထူများနှင့် မှန်ပြတင်းသုံးခု ပန်းကနုတ်များ တန်ဆာဆင်ထားသည့် မျက်နှာကြက်ညို ဝါရောင်းစိမ်းနုရောင်ပြေပြေ ကလေးသုတ်ထားသည့် နံရံများ အခန်းတံခါးကိုလည်း မိမိအတွင်းမှ လော့ခ်ချထားပြီးလေပြီ။

စိတ်လုံခြုံမှုရလျှင် အလိုလိုအိပ်ပျော်နိုင်ပါလိမ့်မည်။ ခရီးပန်းလာသည်ပဲ ဆေးသောက်နေဖို့ မလိုအပ်ဟု မိမိဘာသာ ဆုံးဖြတ် လိုက်၏။ မိမိစိတ်အာရုံတို့က သူ့အတိုင်းဆို ငြိမ်းအေးလွယ်ပါသည်။





" တရွှေကောင်တွေပေါ်မလာခဲ့လျှင်ပေါ့ "

" တရွှေကောင်တွေ ပေါ်မလာခဲ့လျှင် "

ဆတ်ခနဲ အိပ်ရာထက်မှ ခေါင်းထောင်ထလိုက်မိ၏။ နံရံသို့ ကပ်ခတ်သည့် မာန်ပဲ့တင်သံပဲလား။ ဖြတ်ပြေးသွားသော လူရိပ်ကို လိုက်ကာစများပေါ်တွင် တွေ့လိုက်ရ၏။

သိစိတ်က တစ်စုံတရာမတွေးတောနိုင်မီ ညီစေ ပြတင်းပေါက် ဆီသို့ ပြေးရောက်သွားသည်။

ခန်းဆီးလိုက်ကာအား ဆွဲမယ်ကြည့်လိုက်၏။ အိမ်ကလေး၏ ကျယ်ဝန်းသော အနောက်ဘက်ခြမ်းကို တွေ့ရသည်။ ဝရန်တာမရှိ ကြေ်လမ်းမရှိ အပေါ်ထပ်ပြတင်းပေါက်မှ မြေပြင်မှ ဆယ်ပေကျော် လောက် မြင့်မည်ထင်၏။

" ရောက်လာကြပြန်ပြီ လိုက်လာကြပြန်ပြီ "

" ရောက်လာကြပြန်ပြီ။ လိုက်လာကြ "

ချာခနဲ အသံလာရာသို့ လှည့်ကြည့်လိုက်သည်နှင့် ပဲ့တင်သံမှာ ပြတ်တောက်ပျောက်ကွယ်သွားလေ၏။ အခန်းထောင့်ကြမ်းပြင် ပေါ်ခြုံပေါ်တွင် ပြာစအချို့ကို မြင်လိုက်ရသည်။

အစကတည်းက ရှိနေသည်လား။ မဖြစ်နိုင်။ ညသည် တစ်ယောက်တည်းနေမည့် အခန်းကို ဘာပဲဖြစ်ဖြစ် အိမ်ရှင်ဖြစ်သူက ဖုန်ကျနနသန့်ရှင်းထားမည်မဟုတ်လား။

ပြာစများအား မမှိတ်မသုန်စိုက်ကြည့်ကာ တရွှေ့ရွှေ့ချဉ်းကပ်

www.burmeseclassic.com



သွားမိသည်။ ချိန်ကိုက်ဗုံးတစ်လုံးဆီ တိုးဝင်နေရသလို ခြေလှမ်းတို့က အရှိန်ရှိ။ ပြာစများဟု ဘာကြောင့်မိမိထင်ရသလဲ။ အခြားအမှုန်တွေ မဖြစ်နိုင်ဘူးလား။

(မဖြစ်နိုင်ဘူး။ ပြာမှုန်တွေပဲ သေချာတယ်။ ပြာတွေ)

ပြာစတွေ ရှိရာသို့ ခြေတစ်လှမ်းအလိုလောက်မှာပင် အသက်ရှူခြင်း၊ နှလုံးခုန်ခြင်း၊ ရွေ့လျားခြင်းအားလုံး တပြိုင်နက်တည်း ရပ်ဆိုင်းသွားခဲ့လေပြီ။

" ခြေရာ. . . ခြေရာ. . . ဟာ "

ပြတင်းပေါက်များဘက် ဖြတ်ခနဲလှည့်ကြည့်မိသည်။ မိမိဖွင့်ခဲ့သည်လား။ လိုက်ကာစများချထားသည့် ပြတင်းတံခါးများမှာ ပိတ်ထားလျက်သား။ အခန်းထဲသို့ သည်လေဘယ်ကဝင်လာသလဲ။ ကျောပြင်သို့ဖြန်းခနဲ ခတ်သွားသည့် လေအေးတသိုက် ပြာမှုန်များကို လွင့်ပျောက်သွားခဲ့ရပြီ။

" ခြေရာ "

သံယောင်သြသြကို ပီသစွာကြားလိုက်ရသည့်နောက် အခန်းထောင့်မှ ခုန်ဆုတ်၍ အပြင်သို့ထွက်ပြေးရန် တံခါးရွက်ကိုဖွင့်လိုက်တော့သည်။

" ဒုန်း "

မိမိအတွက် မည်သည့်နေရာမှ မလုံခြုံတော့။ ထွက်ပြေးလွတ်မြောက်နိုင်မည်မဟုတ်တော့။ မောဟိုက်ချည့်နဲ့စွာ အခန်းဝမှာပင်





သွက်ခွေကျသွားရ၏။ တံခါးရွက်များကို ကျောမှီလိုက်မိပြီမှ စိမ့်ခနဲ ကြက်သီးထကာ အခန်းတံခါးဆီမှ ဆုတ်ခွာလိုက်ရပြန်သည်။

တံခါးအပြင်ဘက်တွင် မားမားရပ်ကျန်ခဲ့သည့် တစ္ဆေကောင်ကြီး ရှိနေဆဲပဲလားမသိ။ တံခါးကိုလည်းထပ်မဖွင့်ရဲတော့။ အခန်းထဲမှ မိမိ ထွက်ပြေးနိုင်ပါဦးမလား။ ထွက်ပြေးလျှင်လည်း ဘယ်အထိပြေးရမလဲ။

တဖြည်းဖြည်း မတ်တပ်ထရပ်ကာ အခန်းတံခါးဆီလက်လှမ်း လိုက်၏။ အကြားတွင်ဘာမျှ တားဆီးခုခံမနေပါဘဲ တံခါးရွက်အနီး ချဉ်းကပ်ရသည်နှင့်ပဲ မမှီမကမ်း လှမ်းပိတ်ရသည်။

" ကလစ် "

တံခါးလော့ခ်ကျသံကိုပင် တစ္ဆေလက်ချောင်းရိုး ချိုးကွေးသံဟု မိမိစိတ်တွင် ထင်မြင်နေမိရ၏။ အို. . . အားလုံးသည် မိမိစိတ်ရူးပေါက် လျက် ထင်ယောင်မြင်ယောင်နေခြင်းလေလား။

သည်အတွေးမျိုးနှင့် စိတ်ဖြေခဲ့ရသည်မှာလည်း အကြိမ်ပေါင်း များနေပြီ။ မိမိအတွက် ရိုးအီနေပြီဖြစ်သော ဖြေဆေးတစ်ခွက်ပင် ထင်မြင်ယောင်မှားသည်ဆိုလျှင် ဖြေဖျောက်လွယ်ဦးမည်။

" ဗျူး. . . ငါရူးနေတာပဲ ဖြစ်လိုက်ပါတော့ "

" ငါရူးနေတာပဲဖြစ်လိုက်ပါတော့ "

အသံက မျက်နှာကြက်ပန်းကနုတ်များကြားမှ စိမ့်ကျလာသလို သို့အပြင် သံယောင်နှင့်အတူ ညှီညှော်သော အနံ့အငွေ့များပါ စိမ့်ကျလာ၏။

www.burmeseclassic.com



မှုန်ထူမှုးနောက်လာသည်အထိ ပြတင်းပေါက်များကို မဖွင့်နိုင် သေး။ စကားတစ်လုံးမျှ ထပ်မပြောဖြစ်အောင် နှုတ်ခမ်းကို တင်းတင်း စေ့ထားရသည်မှာ ပါးနှစ်ဘက်ပင် တောင့်တင်းလာသည်။ အသက်ရှူ လည်း ကြပ်လာ၏။ မျက်လုံးများလည်း ကျိန်းစပ်နာကျင်လာပြီ။

(မဖြစ်တော့ဘူး၊ မဖြစ်တော့ဘူး. . . မဖြစ်တော့ဘူး)

" ချပ် . . . ဂျစ် . . . ဂျစ် . . . ဂျစ် "

ပြတင်းပေါက်များက အရေးထဲမှ ဖွင့်ရကျပ်နေပြန်သည်။ ထစ်အ . . . ထစ်အနှင့် မပွင့်ချင်ပွင့်ချင် ပွင့်သွားရသည်။ ပြင်ပလေအေး တဖြူးဖြူးဝင်လာတော့မှ မည်းညစ်ညစ်အခိုးအငွေ့များ ပါးလျသွားခဲ့၏။

" ဒေါက် . . . ဒေါက် "

" ဟာ "

တံခါးခေါက်သံနှင့်တပြိုင်နက်တည်း ငြိမ်းကျသွားသည့် အခန်းမီးကို မြင်လိုက်ရသည်။ လိုက်ကာစများဆွဲတင်ကာ ပြတင်းပေါက် များဖွင့်ဟထားသည်မို့ မှောင်၍တော့မသွား။

သို့သော် အခန်းထဲအထိ ဝင်ရောက်လာရန် ကြိုးစားနေသော တစ္ဆေကောင်ကြီးကိုမူ မိမိမည်သို့ တားရမည်ကိုမတွေးတတ်တော့။

(သူ ဒီအထဲကိုဝင်ခဲ့ပြီးပြီမဟုတ်လား)

" ဒေါက် "

သည်ပြတင်းပေါက်ကနေ ခုန်ချပစ်လိုက်လျှင် လွတ်မြောက်နိုင် သည်ပဲ။ ညီစေ့စိတ်ထဲ မိုက်မိုက်ကန်းကန်း အကြံအစည်များ ဝင်ရောက်လာသည်။ မိုက်ကန်းသည်မှန်း သိလျက်နှင့်လည်း ပြတင်း ဘောင်ကို ခွကျော်လိုက်မိ၏။

" ဒေါက် . . . ဒေါက် "

" ကိုယ်ပါ ညီစေမင်း မိုးဇော်ပါ။ ညီ တံခါးဖွင့်ပါဦး "

" ဟား . . . အစ်ကို အစ်ကို "

ထိုအချိန်တွင် ခံစားလိုက်ရသော ဝမ်းသာမှုမှာ နှိုင်းစရာ ချိုင်စရာပင် မရှိတော့။ မိမိကိုယ်ကိုလည်း ကျိန်ဆဲ၍မပြီးနိုင်။

" အစ်ကို "

" အေး . . . ညီ အဆင်ပြေရဲ့လား။ ဟိုကောင်ကွာ အပြင်မှာ အားပို့မယ်ဆိုတာကို မီးဖိုထဲဝင်ပြီး မလုပ်တတ်လုပ်တတ်နဲ့ ဘာတွေ ကြော်နေမှန်းမသိဘူး။ ဝါယာရှော့ခ်ဖြစ်ပြီး တစ်အိမ်လုံးမီးပျက်သွားလို့ ညီအခန်းထဲရော ဘာဖြစ်သေးလဲ။ ကိုယ်စိုးရိမ်လို့လာကြည့်တာ လည်းနည်းတော့ အနံ့ရတယ်ကွနော်။ ဘာမှမဖြစ်လို့ တော်သေးတာပေါ့ "

" ဟို ဟိုမျက်နှာကြက်ပေါ်မှာတော့ တစ်ခုခု ဖြစ်နေပုံရတယ် အစ်ကို "

" အေးဟုတ်မယ်။ အန်လ်နွမ်းကို သွားပြောရဦးမယ်။ ဒြော် ညီ ဆာပြီလား။ အပြင်သွားပြီး တစ်ခုခုစားရအောင်ကွာ။ ပြီးမှပဲ အေးအေးလူလူ ပြန်နားကြတာပေါ့ ဟုတ်လား "

မဆာသေးပါဘူးဟု ပြောမိတော့မလိုဖြစ်ပြီးမှ သတိဝင်လာကာ ခေါင်းညိတ်သဘောတူလိုက်ရလေသည်။

www.burmeseclassic.com



" ဟော့ မိန်းမချက်တာ တသက်လုံးထိုင်စားလာတဲ့ကောင် အခုမိန်းမမရှိတော့ ဒုက္ခရောက်နေပြီမဟုတ်လား။ လာ အပြင်မှာ သွားစားမယ်။ ကပ်စေးနည်းပြီး တော်ရိလျော်ရိပဲကျွေးမယ်ဆိုရင် မင်းစေတနာတွေ အိမ်မှာပဲထားခဲ့ သွားမယ် "

" ဟား...ငါ့ကိုကပ်စေးနည်းတယ်လို့တော့ မပြော ငါ့အတွက် ငါတောင်ကြော်လှော်စားတဲ့ကောင်မဟုတ်ဘူး။ ရေလုံချိုး ပြီးလာတာ။ မင်းတို့ကိုသာ ခင်လွှမ်းလို့ "

" အေး...အဲ့ဒီခင်လွှမ်းကို သူ့အမေအိမ်ပြန်ပို့လိုက် မလာလောဆယ်တော့ အပေါ်ထပ်ကအခန်းမှာ ရှော့ဖြစ်ပြီး မီးလောင် နေပြီထင်တာပဲ "

" ဟေ...တကယ်လား မိုးဇော် "

" မယုံရင် ကိုယ်တိုင်သာသွားကြည့်တော့ "

" အား...စောမြတ်သန္တာပဲ "

" ဟမ်...ဘယ်က စောမြတ်သန္တာလဲ အစ်ကို။ ခုနပြောတော့ ခင်လွှမ်းဆို "

" ဟာ ကိုယ့်ညီကလည်း သောက်ပြဿနာပဲလို့ ညည်းတာ ကွာ။ လာဒီနေ့လယ်စာတော့ ကိုယ်တို့ချည်းကြိတ်ရတော့မယ်ထင်တယ် ဒီကောင်တော့ "

" စောမြတ်သန္တာဆိုတာ ညည်းတာဟုတ်လား။ အဟားဟား

" ဘာလဲ။ ဒီကောင့်ဝေါဟာရတွေ သဘောကျနေတာလား





နေသေးတယ်။ ကိုယ့်ညီရေ အောင်မလေးကိုတောင် အောင့်မျက်လုံးလုံး အော်တဲ့ကောင် သူနဲ့ပေါင်းလို့ကတော့ စကားလုံးအသစ်တွေ အဘိဓါန် ထဲအုပ်စာရလိမ့်မယ်။ အန်လ်ရွှမ်းမင်းလိုက်မှာလား "

" မင်းကျွေးမှာဆိုလို့ကတော့ အိပ်ပါမီးလောင်လောင် လိုက်ရမှာပဲ မိုးဇော်ရေ "

တမင်တကာ နောက်ပြောင်ကြူးဝါးခဲ့သော်လည်း တကယ်တမ်း ထိုတို့ထွက်လာကြတော့ သူမလိုက်နိုင် လျှပ်စစ်သမားများနှင့်အတူ ကျန်ခဲ့လေ၏။

နှစ်ယောက်တည်းရှိတော့မှ ဒေါက်တာမိုးဇော်က တိုးတိုး လာသည်။

" ညီ ကားပေါ်မှာတုန်းကလို အခြောက်ခံရသေးလား "

မိမိခေါင်းညိတ်ရမည်လား။ ခေါင်းခါရမည်လားမသိ။ ကလည်း မိမိပြောသမျှ ကားပေါ်တုန်းက အတွေ့အကြုံလောက်သာ ထားသည်လေ။

" ကားပေါ်မှာတုန်းကလိုတော့ အခြောက်မခံရဘူးပေါ့ "

ညီစေ ခေါင်းခါပြရင်း မပီမပြင် ပြုံးလိုက်သည်။

" ဒါပေမယ့် "

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

## အခန်း (၁၂)

" အန်လ်နွမ်း အခန်းထဲမှာလည်း ပြာတွေပေပွနေပါလားကွ "

" ဟာ ဟိုကောင်အရိုးပဲဖြစ်မယ် "

" ဘယ် အရိုးလဲဟ မင်းက "

သူတို့ပြောနေသည့် ပြာစများက မနက်ကမိမိတွေ့ခဲ့သော အခန်းထောင့်လေးနားမှာပဲဖြစ်သည်။

" မီးလာပြင်တဲ့ကောင်လေ လူကဆေးပေါ့လိပ်သမား ပြီး စည်းကမ်းတကျမရှိဘူး။ ကြုံရာပြာခြွေပြီး ဒီအတိုင်းထားပစ်ခဲ့တဲ့ကောင် ကျွမ်းကျွမ်းကျင်ကျင် ရှိလို့သာခေါ်ခိုင်းနေရတာယ်။ သူတစ်ခါလာသွားရင် အိမ်တစ်ခါရှင်းရတာယ်။ ဒါပင်းတို့အခန်း မျက်နှာကြက်ပေါ်က ဝါယာကြိုး ဖြုတ်ရင်း ထိုင်သောက်သွားတာဖြစ်မယ် "

" ဟိုမနက်ကရော ဒီအခန်းမှာမီးပြင်ရသေးလား ဒေါက်တာ "

" မနက်ကပြင်သွားတာကို ပြောနေတာပဲလေ ညီလေးရ "





" မဟုတ်ဘူးလေ ဒေါက်တာ ကျွန်တော်မေးတာ ကျွန်တော် တို့ရောက်မလာခင်လေးမှာရော ဒီအခန်းမှာ မီးပြင်ရသေးလားလို့ မေးတာပါ "

" ဪ ပြင်တာတော့ မပြင်ရပါဘူး။ ဒါပေမဲ့ ဒီအခန်းထဲက အတွေကတော့ ညီလေးတို့နှစ်ယောက် လာမယ်ဆိုမှ အသစ်ပြန်ဆင်ထားရ တာ။ ဘာဖြစ်လို့လဲ ညီလေး "

" ဗျာ. . . အဲ. . . ဘာ. . . ဘာမှမဖြစ်ပါဘူး။ ဟိုမေးကြည့်တာ ပါ "

ဒေါက်တာအန်လ်နွမ်းက မိမိအမူအရာပျက်သွားသည်ကို သတိမထားမိသည့်အလား အခန်းအလယ်သို့ လျှောက်သွားလေ၏။ ညီစေလည်း အဝတ်ဟောင်းများကို ခရီးဆောင်အိတ်ထဲ ပြန်သိမ်းထည့်နေ လိုက်၏။ ဆက်မေးမြန်းနေရန်လည်း မလိုတော့ပြီလေ။ သို့သော်ဆက်စပ် သွားရန်ကရှိနေခဲ့ပြီ။

" ကဲ. . . မင်းအားပြီလားအန်လ်နွမ်း "

" ဘာဖြစ်လို့လဲ "

ဒေါက်တာမိုးဇော်က သူ့အိတ်တစ်အိတ်ထဲမှ ပစ္စည်းအချို့ကို ထုတ်ယူရင်း လှမ်းမေး၏။ မိမိနှင့်မဆိုင်လှဟုထင်၍ အတွေးနှစ်ကာ ငြိမ်ဆိတ်နေလိုက်သည်။

" ဘာဖြစ်ရမလဲကွ။ ဒီကိုရောက်နေမှတော့ လေးလေးမော်တို့ အိမ်ဝင်ရည်းမှာပေါ့။ ငါသွားမှာကလည်း သူရိန်ကြီးတို့ မြို့အထိရောက်မှာ

www.burmeseclassic.com



ပြီးတော့ မနက်ဖြန်အတွက်လည်း ကားလက်မှတ်စီစဉ်ရဦးမယ်။ မင်းလိုက်ပို့ဦး ''

'' လိုက်ပို့ရမယ်။ အားဒါတော့မဖြစ်ဘူး။ ခုပဲနေ့လယ်တစ်နာရီထိုးနေပြီ။ ငါလည်းငါ့ဆေးခန်းလစ်ရဦးမယ်။ လေးလေးမော်တို့အိမ်တော့မင်းဘာသာပဲသွားလိုက်ပါ မိုးဇော်ရာ စောမြတ်သန္တာရဲ့ ကားလေယူသွားကွာ။ ကားလက်မှတ်ကိုတော့ ငါစီစဉ်ခဲ့ပါ့မယ် ''

ဒေါက်တာအန်လ်နွမ်းပြောလိုက်သည့် စောမြတ်သန္တာဆိုသည်မှာ သူ့အမျိုးသမီးကို ရည်ရွယ်ပုံရသည်။ နာမည်အရင်းတော့ ဟုတ်မည်မထင်။ တင်စားခေါ်ဝေါ်လိုက်ခြင်းပဲဖြစ်မည်။

သူ့အမျိုးသမီးနာမည်ကို ဒေါက်တာမိုးဇော်ပြောခဲ့ဖူးသည်။ အတိအကျ မမှတ်မိသော်လည်း သည်လိုလေးလုံးမဟုတ်မှန်းတော့မှတ်မိနေ၏။ မိမိအတွေးနှင့် မိမိ ညစ်နေရင်းမှပင် ညီစေပြုံးမိရသေးသည်။

'' မင်းစီစဉ်ခဲ့မယ်ဟုတ်လား ''

'' အေးပါ။ အဝေးပြေးဂိတ်က ငါ့ဆေးခန်းနဲ့ နီးနီးလေးမို့ အပြန်ကျရင် ဝင်ဝယ်ခဲ့ပါမယ် ''

'' မင်းဆေးခန်းက ဘယ်အချိန်ပိတ်တာလဲ ''

'' ဒါတော့ဘယ်ပုံသေရှိမလဲကွာ။ အစောဆုံး ည ကိုးနာရီနောက်ကျရင် ''

'' တော်. . . တော်. . . တော်ပြီ မင်းဆေးခန်းပိတ်ချိန်ဆို လက်မှတ်အရောင်းလည်း ပိတ်ရောပေါ့ အန်လ်နွမ်းရ ''





'' မင်းကလည်း လောလိုက်တာကွာ။ ငါ့ခီမှာ တစ်ရက်နှစ်ရက်နေပါဦး ''

'' ဒီမှာငါ့အလုပ်မရှိဘူးလေ။ အန်လ်နွမ်းရဲ့၊ ငါ ဒီခရီးကိုထွက်ဖို့ဘယ်ကတည်းက ကြံနေမှန်း မင်းသိပါတယ်။ မင်းညီမဖျက်. . . ဖျက်နေလို့သာ ''

'' အေးပါကွာ။ ငါဆေးခန်းရောက်တာနဲ့ တစ်ယောက်ယောက်ကို လွှတ်ပြီး လက်မှတ်ဝယ်ခိုင်းလိုက်ပါ့မယ်။ ဟုတ်ပြီလား ''

နှစ်ယောက်သား ငြင်းကာခုန်ကာနှင့် အခန်းထဲမှ ပြန်ထွက်ကြဖို့ပြင်သည်။ သူတို့သွားလျှင် သည်အိမ်ကြီးမှာ မိမိတစ်ယောက်တည်းကျန်ခဲ့ရမည်လား။

သည်အိမ်မှာ အလုပ်သမားတော့ရှိပုံရ၏။ သို့ပေမယ့် ဘယ်မှာနေမှန်း ညီစေမသိ။ တွေ့လည်းမတွေ့။ ပြီး၊ဒေါက်တာအန်လ်နွမ်းကဆေးခန်းသို့ သူ့လူပါခေါ်သွားလျှင်

'' တခြားလူရှိုင်းရမှာစိတ်မချပါဘူး။ အန်လ်နွမ်းရာ၊ ငါကလည်းလေးလေးမော်တို့အိမ်ရောက်ပြီးရင် ခဏနဲ့ ထပြန်လို့ရမှာမဟုတ်ဘူး။ အဘိုးကြီးက သူ့ယောကျ်ားအကြောင်းတွေ သူ့သားအကြောင်းတွေပြောချင်းထုတ်တော့မှာ ဘယ်လောက်ကြာမယ်မသိဘူး ''

'' အစ်ကို ကျွန်တော် ဒေါက်တာအန်လ်နွမ်းနဲ့ လိုက်သွားမယ်လေ ''

ညီစေ ဝမ်းသာအားရ ထပြောလိုက်၏။ မိမိကို အိမ်စောင့်လို

www.burmeseclassic.com



ထားခဲ့ကြမည်ဆိုလျှင် ထွက်ပေါက်ရဖို့ကမလွယ်။ အကွက်ဆိုက်တုန်း နှိုက်ရမည်။

'' ဟား ကောင်းတာပေါ့။ ကျေးဇူးပဲညီရာ။ မင်းလည်း ဒီမှာ ဟိုဟိုဒီဒီရောက်ဖူးပြီးသားဖြစ်တာပေါ့။ အနံ့လိုက်နှမ်း ငါ့ညီကိုသာ ခေါ်သွားလိုက်တော့၊ အိုကေသွားပြီ၊ ငါလည်းသွားရတာ နောက်ဆံမငင် တော့ဘူး။ မင်းလည်းအလုပ်မပျက်တော့ဘူးပေါ့ ''

'' အေးပါ . . . အေးပါ။ မင်းအိုကေဖို့အရေးကြီးတာပါ။ ညီလေး လာ မင်းလက်မှတ်ဝယ်ပြီးတာနဲ့ ကိုယ့်ကားကိုပေးထားလိုက်မယ် လိမ့်ချင်ရာလိမ့်ပေတော့ ''

'' ငါ့ညီကိုတော့ မဟုတ်တဲ့နေရာ မပို့နဲ့နော် အနံ့လိုက်နှမ်း ''

'' ဟဲ . . . ဟဲ . . . အေးပါ။ ဟဲ . . . ဟဲ ''

မဟုတ်တဲ့နေရာ

ဘယ်နေရာမျိုးကို ဆိုလိုသည်မသိသော်လည်း ဘယ်နေရာ ဖြစ်ဖြစ် စိတ်လုံခြုံမှုရနိုင်ပါလိမ့်မည်။ သည်အထင်၊ သည်အတွေးက မှန်ပါစေဟု ဆုတောင်းမိ၏။

သည်အထိ အရိပ်နယ်ကပ်ပါလာသော ဝိညာဉ်ဖြူကို မိမိ ဘယ်လို ပုန်းအောင်းရှောင်တိမ်းနိုင်မလဲ။

(အို . . . ငါဒါတွေမတွေးဘဲနေလိုက်ရင် သူ့အလိုလို ပျောက်ကွယ်သွားကောင်းပါတယ်လေ)

သို့သော် ဘယ်အခါကမျှ မိမိသည်အကြောင်းများကို အား





ရောက်မခံ မတွေးမိအောင်နေခဲ့သည်ချည်းသာ သည်ကြားထဲကမှ သူတို့ပေါ် ပေါ်လာတတ်သည်ကိုလည်း သိနေ၏။

'' မင်းဆရာကို ကိုယ်တမင်ရစ်နေတာ ညီလေးရဲ့၊ အဟား ကောင်ကြီး အလောသာတီးဖြစ်နေပုံက တကယ့်ဟာသပဲဟေ့ ''

ကားမောင်းရင်းမှ မိမိအား လှည့်ပြောလာသော ဒေါက်တာ အနံ့လိုက်နှမ်းစကားကြောင့် အတွေးရပ်ကာ အသက်မပါဘဲ ပြန်ပြုံးပြ သည်။

မိမိလည်း သူတို့လို ဘာမှမဟုတ်သည့် ကိစ္စလေးတွင်ပင် အသမြောက် ရယ်ရွှင်ပြုံးထူးနေလိုက်ချင်သည်။ သြော် သည့်အလျင် ကတော့ မိမိလည်း ပေါ့ပေါ့ပါးပါး နေတတ်ခဲ့သူသာ။ ခုချိန်မှာတော့

'' ဟား . . . ငါဒီအကြောင်းတွေ မတွေးဘူးလို့ ဆုံးဖြတ်ပြီးသား လေ ''

'' ဘာသီချင်းတွေများ ညည်းနေတာလဲ။ ဆိုချင်ကျယ်ကျယ် ကြော ကိုယ်ပါလိုက်အော်ပေးမယ် လုပ် ''

'' ဗျာ . . . သီချင်းမဟုတ်ပါဘူး ဒေါက်တာ ''

မိမိနှုတ်မှလွှတ်ခနဲ ညည်းမိသည်ကို နံဘေးမှ နားစွန်နားဖျား ကြားပြီး မေးလိုက်ခြင်းဖြစ်သည်။ ပြီး သူကိုယ်တိုင်လည်း ကန်းထရီး ဆန်ဆန် သီချင်းတစ်ပုဒ်ကို အကျအန ညည်းလေ၏။

ဘာရယ်ဟုတော့ မသဲကွဲ။ မိမိလည်း သည်လိုစိတ်လွတ် ကိုယ်လွတ် လျှောက်အော်နေမှဖြစ် မည်ဟုအတွေးရ၏။

www.burmeseclassic.com



နှစ်ယောက်သား ခေါင်းတညိတ်ညိတ်နှင့် စည်းချက်လိုက်ကာ တစ်ယောက်တစ်မျိုး ဆိုချင်ရာဆိုရင်း ,

'' ဟိုးရှေ့ကမြင်နေရတဲ့ ကားမှတ်တိုင်လေး တွေ့လား အေးအဲဒါ လက်မှတ်ဝယ်ရမယ့်နေရာပဲ။ အဲ့ဒီမှတ်တိုင်ဘေးကနေ ဟိုဝင်းထဲ ဝင်သွားလိုက် ''

ဒေါက်တာအန်လ်နွမ်းက လမ်းဓါဝဲတက်ခြမ်း ရှေ့ခပ်လှမ်းလှမ်း ဆီသို့ ညွှန်ပြပြီး လက်ျာဘက်လမ်းသွယ်တစ်ခုထဲ ကားကိုကွေ့ချိုးဝင် လိုက်သည်။

လမ်းသွယ်ထိပ်မှာပင် ခေတ်မီလှပသည့် ဆေးခန်းငယ်တစ်ခု ကို မြင်လိုက်ရသည်။ အစိမ်းရောင်ကို တော်တော်ကြိုက်သည့် ဆရာဝန် ဟုမှတ်ချက်ချမိ၏။

'' ပြင်သစ်က မယ်တော်မေရီဘုရားကျောင်းရဲ့ နာမည်ကိုယူပြီး ပေးထားတာလေ ''

LOURDES

'' ဘုရားကို အာရုံပြုပြီး ဆုတောင်းရုံနဲ့ ရောဂါဝေဒနာတွေ ပျောက်ကင်းစေနိုင်စွမ်းတယ်လို့ နာမည်ကြီးခဲ့တဲ့ ဘုရားကျောင်းပေါ့

'' ဩော်. . . ဒေါက်တာကရော အဲ့ဒီလို မိရကယ်လ်တွေကို ယုံကြည်လား ''

'' အဟားဟား. . . မိုးဇော်ရဲ့လူလို့ မပြောရဘူး။ စ လာပြီ ဒီမေးခွန်းမျိုး ကိုယ့်ကိုလာမမေးနဲ့။ မင်းဆရာကိုသာမေး။ သူအဲဒါတွေကို





ခိုးတော့ချုံလုပ်နေတဲ့လူ ''

ဒေါက်တာအန်လ်နွမ်းပြောလေမှ မိမိပင်အငယ်တန်း သုတေသီ တစ်ဦးဖြစ်ရတော့မည်ကို စဉ်းစားမိလာ၏။

မိမိယဉ်ပါးခဲ့သည့် ဆေးလောကအတွင်းမှာဆိုသော်ငြား ဒေါက်တာမိုးဇော် စိတ်ဝင်စားသည့် ဘာသာရပ်မျိုးက မိမိအတွက် စိမ်းနေသေးသည်။

အော်လ်တာနေးတစ်ဗ် မက်ဒီဆင် ကျောင်းတော်သင်ဆေးပညာ ကို လွန်ခြောက်သော (သို့မဟုတ်) ဖီလာပြုသော ကုထုံးများဆီ။

မိမိတို့ခရီးက မှန်ရိုးဝေးလံလွန်းသည်ဟု ညီစေတွေးထင်နေမိ၏။ ဒေါက်တာမိုးဇော်လိုလူမျိုးရှားသည်။

သူကစိတ်ကူးယဉ် ဆရာဝန်လည်းမဟုတ် လက်တွေ့ ဆရာဝန်လည်းမဟုတ်။ ပြဇာတ်ဆန်ဆန်စိတ်ကူးများနှင့် စံပြလူသားဘွဲ့ ခိုနေသည့် ဆရာဝန်မဟုတ်။

သမရိုးကျ အများထဲက တစ်ယောက်သာဖြစ်သော ဆရာဝန် မဟုတ်။ ထို့ကြောင့်ပင် သူ့ကို ဒေါက်တာအန်လ်နွမ်းက အရူးဟု ထင်စားခဲ့ခြင်းဖြစ်မည်။

(လူတိုင်းကတော့ ရူးနေကြတာပါပဲလေ။ သူ့လစ်မစ်နဲ့သူ ရူးနေကြတဲ့ လူချည်းပါပဲ။ ဒါပေမဲ့ရည်မှန်းချက်နဲ့ဘာနဲ့ ရူးနေတဲ့လူအဖို့ ကတော့ ရူးရတာတန်တာပေါ့)

'' အို ''

www.burmeseclassic.com



ကားလမ်းမကြီးအား ဖြတ်ကူးအပြီးတွင် တွေ့လိုက်ရသော မြင်ကွင်းကြောင့် အခွေအစတို့လွင့်ပါးပျောက်ကွယ် ကုန်ရသည်။ ခေါက်ဆ အနှစ်လိမ်နွမ်း ညွှန်ပြခဲ့စဉ်က သည်ကားမှတ်တိုင်လေးသည် သစ်ရွက် တောက်ပနေခဲ့သည်မဟုတ်လား။

သည်လိုအမိုးပြားတို့ ပြုတ်လန်ကာ ခရိုးခရိုင် တိုင်ဆွေ တိုင်ဟောင်းတို့နှင့်မဟုတ်။

" ဒါ . . . ဒါကားမှတ်တိုင်ကိုမဟုတ်ဘူး။ ဇရပ် လမ်းဘေးအ ပျက်တစ်ဆောင်လိုပါပဲလား။ ငါဟိုတွေးဒီတွေးနဲ့ လျှောက်လာ လမ်းမှားသွားပြီထင်တယ် "

နောက်သို့ ပြန်လှည့်ကြည့်ရန် ညီစေ ခေါင်းငဲ့မိစဉ် 'ပွပ်'ခ ထိုးဆိုက်လာသည့် ကားတစ်စီးကြောင့် ပလက်ဖောင်းပေါ် အလျှင်အမြန် ခုန်တက်လိုက်ရ၏။

တကယ်လှည့်ကြည့်ဖြစ်တော့ မိမိနှင့် ကပ်လျက်ရပ်နေသည့် ခရီးသည်တင်ကားကြီးကြောင့် လမ်းတစ်ဘက်သို့ မမြင်နိုင်ပြန်။ ချော နေရာရွှေ့၍ ကြည့်ရသည်။

ခြေလှမ်းတစ်ရာပင်မပြည့်သည့် သည်ခရီးအကွာအဝေး မိမိမှားနိုင်စရာအကြောင်းလည်းမရှိပါ။ မှတ်တိုင်အနီးမှ အနည်းငယ် ဆုတ်၍ ဦးခေါင်းတစ်ပတ်ပြည့်အောင် လည်လှည့်ကြည့်သည်။

မမှား။ သည်လိုဆို မိမိကားလေးပေါ်မှ လှမ်းကြည့်ခဲ့ အမြင်မှားခြင်းသာဖြစ် လိမ့်မည်။





ဇရပ်ပျက်လို မှတ်တိုင်နောက်မှာ ခြံဝင်းငယ်တစ်ခုနှင့် ဝင်ပေါက်ကိုတွေ့ရ၏။ နယ်မြို့ကလေး၏ အဝေးပြေးဂိတ်မှ စုတ်ချာချာ နိုင်ခြင်းပဲဖြစ်မည်။

ဆိုင်းဘုတ်ဟူ၍မရှိ။ သို့သည်အနီးနား တဝိုက်တွင် ခြုံနွယ် သစ်ပင်များမှအပ အဝေးပြေးဝင်းနှင့်တူသည့်အရာဆို၍ သည်နေရာသာ ရှိသည်။

" ရှိ . . . ဒေါက်တာက အဖော်ထည့်ပေးလိုက်မယ်ဆိုတုန်းက ခေါင်းခါခဲ့မိတာမှားတာပဲ "

(အင်းလေ ဒီလောက်နဲ့ ဒီလောက်ကို အဖော်လည်းလိုမှ ဆိုတာ ကိုယ့်ကိစ္စကိုယ်လုပ်နိုင်ရမှာပေါ့။ ဘာအဖော်လိုလို့လဲ ဒီနေရာ ဟုတ်တော့လည်း တခြားနေရာပေါ့ တွေ့တဲ့လူမေးမြန်းပြီး သွားရင် တာပဲ)

လက်ရှိအခြေအနေတွင်တော့ မေးမြန်းစုံစမ်းရန် လူသူတစ်ဦး တစ်ယောက်ကိုမျှ မတွေ့ရ။ ကားမှတ်တိုင်ဆီ ပြန်လှည့်ကြည့်တော့လည်း လူသူမရှိ။ ငုံးတိတိခြောက်ကပ်ကပ်နှင့်။

အမှိုက်သရိုက်များ ရှုပ်ထွေးနေသည့် မြေလမ်းပေါ် ဟိုသည် လျှောက်ခွသွားနေရ၏။

အဝေးပြေးဂိတ်ဟု ထင်ရသည့် ခြံဝင်းကျယ်၏ အဝင်ပေါက်မှာ လည်း အုတ်တံတိုင်းကြီး ကျိုးပျက်ကျနေသည့်နှယ်သာ အဝင်မှာ်ဝနှင့်ပင် ...။

www.burmeseclassic.com



ခြံနွယ်တို့ ရစ်ထနေသည့် အညိုတက်အုတ်သားများနှင့် တံတိုင်း...
နှစ်ခုကြားမှ ညီစေ နှာခေါင်းရှုံ့ဝင်သွားလိုက်သည်။

အဝေးပြေးဂိတ် မဖြစ်နိုင်သည့်ဘက်က များလာသော်လည်း... သည်အထဲတွင် မေးမြန်းကြည့်ဖို့ တစ်စုံတစ်ယောက်တော့ရှိနေလိမ့်မည်... မျှော်လင့်မိ၍ ဝင်ခဲ့ရခြင်းသာဖြစ်၏။ တံတိုင်းအလွန်မြင့်ကွင်းက... အထင်မှန်ကြောင်း ပြနေသလိုပင်။

လူတစ်ရပ်နီးပါး ကိုင်းပင်ရှည်များနှင့် ဖုထစ်ရွတ်တွနေသော... သက်ရင့်ပင်ကြီးများမှလွဲ၍ ဘာမျှမရှိ။ ကျွတ်သပ်ညည်းညူရင်း ညီ... ပြန်လှည့်ထွက်ရန်ပြင်သည်။

" ဒုတ်. . . ဒုတ်. . . ဒုတ် "

အုတ်တံတိုင်း၏ အတွင်းဘက် အခြေဆီမှအသံ မိမိ... ကျောပေးကာ တစ်စုံတရာနှင့် အုတ်တံတိုင်းအား ထုရိုက်နေသော... လူတစ်ယောက်။

ချေးညှော်အထပ်ထပ်နှင့် စုတ်ပြတ်ဖွာလန်နေသော ထိုလူ... အင်္ကျီစမှာ လှုပ်ရှားမှုအတိုင်း စည်းချက်ညီဝဲခါနေလေ၏။

ညွှတ်ကျလျက်ရှိသည့် ကိုင်းပင်အဖျားများအားလက်... ကာကွယ် ဖယ်ရှား၍ ထိုလူထံ ချဉ်းကပ်သွားရင်းမှ မရိတ်မသင်... ပစ်ထားသဖြင့် ကြမ်းထော် ရှည်လျားနေသော ထိုလူ၏ ဆံပင်များ... သတိထားမိလာသည်။

" ဟေ့လူ. . . ဟေ့ "





" ဒုတ်. . . ဒုတ်. . . . . . ဒုတ်. . . "

သူ့အသံနှင့်သူ ဘေးဘီကို သတိမူမိဟန်မတူ။ ညီစေ အသံကို ...နည်းငယ်မြှင့် ခေါ်လိုက်၏။ မကြား။ ကိုင်းပင်အဖျား ချွန်ချွန်များက ...သည်း မိမိမျက်လုံးကို ထိုးစိုက်တော့မတတ် ညွှတ်တွဲကျနေသည်။

" ဟေ့လူ. . . "

လက်တစ်ကမ်းစာမှ ခေါ်သည်ကိုပင် ထိုလူကမကြား။ ...က်ဆုံး ကိုင်းပင်အဖျားတစ်ခုကိုဆွဲဖယ်၍ သူ့ဘေးသို့ တိုးရပ်လိုက်၏။ ...တံတိုင်းဘက်မျက်နှာမူနေချိန်မို့ သူက မိမိကိုမမြင်သေး။ အို. . . ...ည်လူအုတ်ချပ်တွေကို ဖွဲ့အိတ်ဟု သဘောထားနေသည်လား။

" . . . ဒီမှာ ဟေ့လူ "

အနီးကပ်ခေါ်လိုက်သည့်အပြင် သူ့ပခုံးကိုပါ ဖွဖွပုတ်လိုက် ...ည်မို့ နံရံဆီရွယ်ထားသည့် ထိုလူ၏ လက်သီးမှာ လေထဲတွင် ...န့်ရပ်သွား၏။ မိမိကိုတော့ လှည့်မကြည့်သေး။

(ဟင်း. . . ငါတော့ အရူးအကြောင်းတွေးရင်းလာခဲ့တာ ...ကယ့် အရူးနဲ့ လာခဲ့တာ. . . တကယ့်အရူးနဲ့လာတွေ့နေပြီထင်တယ် ...ရူးဆိုရင်တော့ မေးလို့ဖြစ်မှာ မဟုတ်ပါဘူး)

" ဒုတ် "

ဟန့်တားသည့် လက်သီးဆုပ်အား နံရံဆီသို့ ရောက်အောင်တော့ ...က်သေးသည်။ သည်တစ်ကြိမ်တွင်ပို၍ အားပြင်းသည်ထင်၏။ အသံက ...ယ်လောင်ပြင်းထန်စွာ

www.burmeseclassic.com



" ဒီလို. . . နားမားကန်း . . . "

ရေရွတ်ဖွင့်ဟမိသည့် မိမိပါးစပ်ကို ပြန်ပိတ်ရန်သတိမရ
သွေးစက်လက်နှင့် လက်သီးဆုပ်က မိမိမျက်နှာသို့ တည့်တည့်မတ်
မိမိဘက်လှည့်လာသော မျက်နှာကြီးမှာ နှာခေါင်းပေါက်နေရာ
နက်မှောင်သည့် ဟောင်းလောင်းပေါက်ကြီးနှင့်မှန်း. . . လက်သီး
တိမ်းရှောင်ရင်းမှ တွေ့လိုက်ရသည်။

" ဟာ. . . နှာ. . . နှာ. . . ဒါ. . . ဒါ လူမဟုတ်. . . "

ဗလုံးဗထွေး ရေရွတ်အော်မြည်ကာ မိမိပြေးထွက်လာခဲ့မိသ
လား။

သတိပြန်ဝင်လာချိန်တွင် ကိုင်းပင်ရှည်များကြားသို့
ရောက်နေခဲ့လေပြီ၊ အသံမထွက်ဘဲ တလှုပ်လှုပ်ရေရွတ်နေမိသဲဖြစ်
မိမိနှုတ်ခမ်းသားတို့က တင်းမာလွန်း၍ မေးရိုးများပင် တောင့်တ
နေ၏။

နှလုံးခုန်သံသည်လည်း တစ္ဆေကောင်၏ အုတ်တံတိုင်းဖြိုသံ
တဒုတ်ဒုတ်။ အကြောများ ပြတ်တောက်လုမတတ် ပြူးထွက်နေသ
မိမိမျက်လုံးအစုံမှာ ကိုင်းပင်ရှည်များကိုသာ တလည်တည်ကြည့်
ထွက်ပေါက်ကို ရှာနေမိ၏။ မတွေ့။

အရုပ်မျက်နှာကိုလည်း မှန်းဆကြည့်ရန် မတတ်နိုင်တော့

" ဒုတ်. . . ဒုတ် "

" ဟော. . . "





အသံရှိရာဘက်သည် အုတ်တံတိုင်း။ ခြေဦးကို လှည့်ရင်း
ကြောများတွန့်ရှုံ့နေအောင် စဉ်းစားသည်။ သည်အသံ တဒုတ်ဒုတ်၏
ဘက်ခပ်လှမ်းလှမ်းဆီတွင် ထွက်ပေါက်ရှိရမည်။

" ဒုတ် ဒုတ် "

" ဟာ "

ခက်ခက်ခဲခဲရလာသော အဖြေမှာ အခြားအရုပ်မျက်နှာမှ
ပေါ်လာသည့် အသံကြောင့်မရေမရာ ဖြစ်သွားရပြန်၏။

" ဒုတ်. . . ဒုတ်. . . ဒုတ်. . . ဒုတ် "

အတွေးနှင့်အတူ လူပါချာရပတ်လည်သွားရလေပြီ။ အသံတွေ
ပတ်ပတ်လည်ဝဲယာရှေ့နောက် နေရာတိုင်းမှာ တံတိုင်းဖြိုသံတွေ
ပေါ်လာ၏။ တရစပ်အရှိန်မြင့်တက်လာသည့် မိမိနှလုံးခုန်သံကိုပင်
ထိတ်လန့်နေရသည်။ ရင်အစုံမှာ ပွင့်ထွက်လုလုပင်။ သတိတရားတို့
ထံမှ ခုန်ထွက်သွားလေပြီလား။

" ဒုတ်. . . ဒုတ် "

" အ. . . အား. . . အား. . . . . . "

" ဒုတ်. . . . . . ဒုတ် . . . ဒုတ် ဒုတ် ဒုတ်. . . "

ချင့်ချိန်နိုင်စွမ်းမဲ့သွားသည့်နောက် ကိုင်းပင်စွပ်ကြောင်းရာ
လျှောက် သွေးရူးသွေးတမ်း ကြိုးပြေးမိလေပြီ၊ ဘယ်ရောက်မည်မသိ။
ဆုံတွင် နှာခေါင်းဟောင်းလောင်းပေါက်ကြီးနှင့် တစ္ဆေမျက်နှာ မိမိအား
ကြည့်နေသော မျက်လုံးနှစ်လုံးနှင့် သွေးစက်စက်ယိုနေသည့် လက်သီး

www.burmeseclassic.com



ဆုပ်ကြီးမှလွဲ၍ ဘာကိုမျှမမြင်မိ။ ရှုပြး . . . ပြေး။

ကိုင်းပင်ရွက်ကြမ်းများအား မကာနိုင်။ မဖယ်နိုင်။ မိမိမျက်နှာ လက်မောင်း ခန္ဓာကိုယ် နေရာအနှံ့တွင်စပ်ဖျဉ်းဖျဉ်းဝေဒနာများ အပြည့်အနက် ခွေးစက်များကြောင့် အရေပြားတစ်ပြင်လုံးမှာပို၍ ကျိန်းစပ်လာရသည်။

တချွေကောက်တို့၏ အုတ်တံတိုင်းဖြိုဖျက်သံများကိုကြားရတော့ မိမိနားတွေ အူညည်းနေခြင်းကြောင့်လားမသိ။ ခြေလှမ်းကို အရှိန်လျှော့ လိုက်မိသည်နှင့် ညွတ်ခနဲခွေကျကာ ကိုင်းပင်များကြား ပစ်လဲသွားရလေ၏။

တဖူးဖူးနှင့် မှုတ်ထုတ်မိသော ထွက်သက်ပြင်းပြင်းတို့ကြောင့် မျက်နှာနှင့် ကပ်လျက်မှ မြေမှုန်တို့ ဖွားခနဲ ဝဲတက်သွားသည်။ ပြန်ထ မစဉ်းစားမိသည်အတိုင်း ခြေပစ်လက်ပစ် မှောက်ချထားမိသည်။

'' အင့် . . . အဟင့် . . . အား ''

လဲကျသည့်ဒဏ်ကြောင့် ဘယ်ဘက်လက်ကောက်ဝတ်ဆီမှ တဆစ်ဆစ်နာကျင်လာမှုက မိမိကိုယ် မိမိမနိုင်။ လက်ထောက်ထား ပြန်ပြုတ်ကျ၏။ မထ၍လည်း မဖြစ်။

'' ရှီး . . . ကျွတ် . . . ကျွတ် ''

ဒဏ်ချက်များက ထရပ်လိုက်မှ သိသာသည်။ ဘယ်ဘက် ဒူးနေရာတွင် ဝေဒနာက ပိုဆိုး၏။

အဆစ်များပြုတ်သွားရပြီလား။ ငုံ့ကိုင်း၍ ဘောင်းဘီအနား





င့်ကာကြည့်မိသည့်ခဏ ခေါင်းထဲမိုက်ခနဲ မိမိရှေ့သို့ အရိပ်မည်းမည်း တစ်ခုထိုးကျလာသလား။

'' ဟင် ''

ရိပ်၊ ခံစားရသမျှ အလုံးစုံကို မေ့သွားသည်။ နာကျင်ကိုက်ခဲ နေသည့်ကြားမှ မိမိဦးခေါင်းမှာ ရုတ်ချည်းမော့လှန်လာရ၏။ မျက်ကြော များရှုံ့ကာ တစ်ရှုသို့ ကြည့်လိုက်တော့ မည်သူမျှရှိမနေ။ မိမိခေါင်းငုံ့ထားစဉ် မြင်လိုက်ရသော လူရိပ်။ (အို . . . လူရိပ်မဟုတ်နိုင်ဘူး)

ကျစ်လစ်တင်းတောင့်သွားရသည့် လည်ကုပ်ကြွက်သားများ အကြား မိမိဦးခေါင်းမှာတဆတ်ဆတ်တုန်ယင်လျက် နောက်သို့ တစ်လှမ်း ချင်း ရွှေ့ဆုတ် . . . ဆုတ်။ မိမိမျက်လုံးမှာ မူးနောက်နေအောင်ပဲ တရစပ် လည်နေသည်။

'' ဟင့် . . . အား ''

တစ်လှမ်းထပ်ဆုတ်မိသည့် မိမိခြေထောက်မှာ မြေသားကို နင်းမိတော့။ မြင့်တက်သွားသော မြေပြင်နှင့်အတူ ကိုင်းပင်တို့ပို၍ ရှည်ထွက်သွား၏။

'' အွတ် ''

အဆီးအတားမဲ့လွင့်ကျသွားသည့် ကျောပြင်အား မြေကျင်း၏ ကြမ်းပြင်က ပြင်းထန်စွာ ဆောင့်တိုက်လာ၏။ ကျင်း . . . မြေကျင်း လူသေကောင်တို့ မြှုပ်နှံရာ မြေကျင်း။

နာကျင်မှုကို လစ်လျူရှုကာ ဝုန်းခနဲခုန်ထလိုက်မိသည်။ မိမိ

www.burmeseclassic.com



အရပ်ထက်ပင် မြင့်လွန်းနေသော ကျင်းနှုတ်ခမ်း၏ အတိုင်းအတာက သင်္ချိုင်းရာတစ်ခုမှန်း သိသာနေ၏။

မိမိခြေစုံရပ်ရာ မြေသားတို့ လှုပ်ခါသွားခြင်းကြောင့် ကျင်းနံရံနှင့်ဝင်တိုက်ကာ မနိုင်လဲကျရပြန်သည်။ မှတက်လာသည့် မြေသားတို့အား အကြောင်သား စိုက်ကြည့်နေမိ၏။

" ဖရော. . . ဖရော. . . ဖရော "

မိမိရှိရာ ဦးတည်ပြေးလွှားလာနေသော ခြေသံတွေ မိမိရှေ့တွင် မြေလွှာအောက်မှ တစ်စုံတရာ ထိုးဖောက်တက်လာသည်ကို ပွက်ပွက် ထနေသည် မြေစာတွေ။

ညီစေအတွက် ပြေးရန်မြေမရှိတော့။ ခြေသံများ စွာက ကျယ်လောင်နီးကပ်လာနေပြီ။ ကျင်းထောင့်ဆီရွှေ့ဆုတ်၍ မိမိ ကိုယ်ကို ကျုံ့ဝင်နိုင်သမျှ ကျုံ့ဝင်ကာ ဒူးပိုက်ခွေခေါက်ထားမိလေသည်။

နှလုံးသွေးတို့ ရပ်ဆိုင်းသွားပြီလား မြန်ဆန်လွန်းနေသည်လား ချွေးစေးများရွှဲနစ်နေလျက်က မိမိခန္ဓာကိုယ်တစ်ခုလုံးအေးစက်လာနေ သည်ကို ညီစေသိနေ၏။

ထိုအသိမှလွဲ၍ ပူခြစ်ဖောင်းကားနေသော မိမိ ဦးခေါင်းထဲ အာရုံသိတို့ လုံးဝမရှိတော့။

" ဖရော. . . ဖရော. . . ဖရော "

ခြေသံတို့ ကျင်းနှုတ်ခမ်းဝ၌ တန့်ရပ်သွားချိန်တွင် ဖွားခနဲ လွင့်ဖွာသွားသော မြေစိုင်ခဲများကြားမှ တိုးထွက်လာသည့် အသား





အပိုင်းများ အကြောမျှင်များ ဖားလျားနှင့် လက်ရိုးတစ်ချောင်းကိုသာ နောက်ဆုံးတွေ့မြင်လိုက်ရလေ၏။

ထွက်ပေါ်မလာသော မိမိအော်သံနှင့်အတူ မိမိကိုယ်ကို အမှောင်ထဲတွင် ပျောက်ဆုံးသွားခဲ့ပြီ။ အသံမဲ့၊ အမြင်မဲ့ အကြားမဲ့ ခဲနက်သော အမှောင်ထု။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

## အခန်း (၁၃)

" လမ်းမှာလည်း တစ်ခါဖြစ်သေးတယ် အန်လ်နွမ်း "

" ဟုတ်လား. . . ဟား အခုကိစ္စ ငါမှားသွားတာ မိုး သူ့ကိုအဖော်ခေါ်သွားဖို့ပြောတော့ အေးကွာ. . . သူကအားနာ ငြင်းမှာပေါ့ ငါဖွတ်ထည့်ပေးလိုက်ရမှာ ငါ. . . ငါပေါ့သွားတယ်ကွာ ဒီ ဟိုနားပဲဆိုပြီး "

အမှောင် ပိန်းပိတ်အောင်မည်းနက်မနေတော့သော်လည် ညိုမှိုင်းနေဆဲသာ။ စကားသံအချို့ကို ကြားနေလျက်က ဘာကိုမှမမြင် " ဒီအဝေးပြေးကိတ်က သုသာန်အဟောင်းတစ်ခုကို ဖြိုဖြ တည်ထားတာ၊ ဒါပေမဲ့ ငါတို့ငယ်ငယ်လေးကတည်းကပါကွာ နှစ်သုံးဆ ကျော်ပြီ၊ ဒီလိုအခြောက်ခံရတယ်လို့တစ်ခါမှမကြားဖူးဘူး မင်းလူကို

အသံများက အဝေးကြီးမှ ရောက်လာသည်လို တစ်ချ တစ်ချက်တွင်လည်း ကျယ်လောင်နီးကပ်လွန်းနေပြန်သည်။သုသာ ဟောင်းဆိုသော စကားသံက အကြားအာရုံထဲ ပဲ့တင်ထပ်နေ၏။





" သုသာန်ဟောင်း ဟုတ်လား အန်လ်နွမ်း လမ်းမှာတုန်းက သူအလန့်တကြားထအော်ခဲ့တဲ့ နေရာကလည်း အိုး သူ့ကိုမှ ဘာလို့ ပိုင်းခြောက်လှန့်နေကြတာလဲ သူ့တစ်ယောက်တည်းကပဲ ဘာလို့ နာနာ ဘာဝတွေကို မြင်နေရတာလဲ "

(လမ်းမှာတုန်းက လမ်းမှာတုန်းက ဘာလဲ. . . ဘယ်လို နေရာလဲ။) တိုးသဲ့သော်လည်း ပီပီသသကြားနေရသည့် သူတို့ စကားသံများက ပြန်လည်ချောက်ချားစရာကောင်းလာသည်။

နှိမ့်မြင့် လှိုက်ဖိုလာသည့် ရင်ဘတ်ပေါ် ယှက်တင်ထားသည့် လက်အစုံမှာ တုန်ယင်ခုန်ကြွလာ၏။

ဆိုးဆိုးရွားရွားပြင်းထန်လာသည့် ဝင်သက်ထွက်သက်များ အကြား အသက်ရှူမဝသလို ခံစားနေရမှုက နှလုံးအိမ်အား ဖျစ်ညှစ်ခြေမွ နေ၏။

" မင်း. . . သူနဲ့ ဆက်လက်တွဲလို့ ဖြစ်ပါ့မလား "

တိုးလွန်းသော ဆိုစကားသံနောက်မှ မည်သည့်အသံမှ ထွက်ပေါ်မလာတော့။ မောဟိုက်မှုသည် လှုပ်ခါနိူးဆွလိုက်သည့် ခွင်အားအဖြစ် ရုတ်တရက်ပြောင်းလဲသွားသည်။

ဖြတ်ခနဲ မျက်လုံးအဖွင့်တွင် အလင်းရောင် စူးစူးကိုမြင်လိုက်ရ ၏ မျက်လုံးအစုံအား ထိုးစိုက်လာသည့် သံချွန်များနှယ်ပင်။

ခပ်တင်းတင်း ပြန်ပိတ်လိုက်မိသည့် မျက်လွှာနှစ်ဘက်ကို ဖြည်းဖြည်း ပင့်တင်ကြည့်သည်။ပန်းကနုတ်များနှင့် မျက်နှာကြက်ညိုညို။

www.burmeseclassic.com



" ဖြစ်တယ် . . . မျက်လုံးအဖွင့်တွင် အန်လိန္ဒမ်း သူ့ရဲ့ ကျွမ်းကျင်မှုမျိုး စိတ်ပါဝင်စားမှုမျိုး တခြားဘယ်သူ့ဆီကမှ ငါမရနိုင်ဘူး ငါ့လိုင်းကို စိတ်ပါလက်ပါ ပစ်ဝင်လာတဲ့သူကွ . . . ဒီလောက် အတွေ့အကြုံရှိပြီးသား လူကိုငါလက်လွှတ်လို့မဖြစ်ဘူး အန်လိန္ဒမ်း "

" အေးပါကွာ ငါကစိုးရိမ်လို့ မေးရတာပါ ဘာပဲဖြစ်ဖြစ် သူ့ဘေးမှာ မင်းအမြဲရှိနေပေးဖို့တော့ လိုတယ်နော် မိုးဇော် "

" ဒါကတော့ ငါ့လုပ်ငန်းကိုက သူ့ကိုငါ့ဘေးမှာ မခွဲမခွာထားရ ဖြစ်မယ့်ဥစ္စာ၊ ဒီအတွက်တော့ ပူစရာမလိုဘူး တမင်တကာ လုပ်ယူစရာ မလိုဘူး "

အလင်းရောင်ကို မိမိကြာရှည်မကြည့်နိုင်သေးမှန်းသိရသည် မျက်လွှာပြန်ချကာ ခဏမှိန်းနေလိုက်၏။ ပူကျက်နေသည့် လည်ချောင်း အတွက်တော့ ရေကို မွတ်သိပ်စွာ တောင့်တလှပြီ။

" မင်း နားတော့လေ အန်လိန္ဒမ်း ငါပဲစောင့်နေလိုက်မယ် "

" ရပါတယ် . . . မင်းနားပါ မင်းက မနက်ဖြန် "

" . . . အေ . . . ရေ . . . ရေ "

" ဟော "

နှစ်ဦးသား မိမိအနားသို့ အပြေးရောက်လာသည်။

" ညီ . . . ဘယ်လိုနေသေးလဲ "

" သတိရပြီလား . . . အဲလေ သွေတိရလို့ ရေတောင်းတာပေါ့ "

" . . . ဟုတ် . . . . . . "





သည်ရေတစ်ခွက်မှာ တစ်သက်တာလုံးအတွက် အမှတ်တရ အဖြစ်ဆုံး ဖြစ်ရတော့မည်။ ပြီး၊ ရေဟုမည်ကာမတ္တမဟုတ်။ မိမိအဖို့ အကောင်းဆုံးသော ဆေးတစ်လက်လည်း ဖြစ်သည်။

မီးတောက်လုမတတ် ပူခြစ်နေသည့် ဝေဒနာကိုသာမက ဦးနှောက်တွင် ကပ်ငြိနေဆဲ အာရုံအမှိုက်များကိုပါ ပြေပျောက်လွင့်ပါး စေသည့် ဆေး၊ နွမ်းရိမှု ထိတ်လန့်မှု မောဟိုက်မှုအားလုံးကို တိုက်စား ခြေဖျက်ပေးခဲ့လေပြီ။

အေးမြငြိမ်းချမ်းမှုတွင် မိမိခေတ္တအိပ်စက်အနားယူပါရစေဦး။ သတိလွင့်ပါးကာ မေ့မျောနေခြင်းမျိုးမဟုတ်ဘဲ လန်းကြည်ရှင်းသန့်စွာ အိပ်စက်ပါရစေ။

" အိပ်စက်ခြင်းတို့ ငါ့ဆီလာပါ အိပ်မက်တွေကို ခေါ်မလာနဲ့ "

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

## အခန်း (၁၄)

" ညို . . . အက်စ် အိတ်ချ်စီ ရောဂါဆန်းတွေအကြောင်း သိသလား "

ကိုမိုးဇော် အမေးကြောင့်အပြင်သို့ငေးနေမိရာမှ အကြည့်ကို ပြန်ရုတ်လိုက်ရသည်။ မြို့ကလေး၏ အထွက်လမ်းပေါ်မှ မြင်ရသော ရှုခင်းတို့ကလည်း မိမိအတွက် ပသာဒမဖြစ်လှပါ။

ခြောက်သယောင်းညှိုဝါနေသော ရိုးပြတ်များ ရွက်ကျ ကြွေပြီးသား ခင်တန်းငယ် ကျေးလက် ဆန်သော မြို့ငယ်လေးတစ်မြို့၏ အနီးအပါးတွင် တွေ့ရတတ်သော သာမန်မြင်ကွင်းမျိုးသာ။

" ကောင်းကောင်းတော့ မလေ့လာဖူးဘူး အစ်ကို ခန္ဓာကိုယ်ထဲ အလိုအလျောက် မီးတောက်ကျွမ်းပြီး သေဆုံးကြရတဲ့ ရောဂါမျိုးဆိုတာ လောက်ပဲ သိထားတယ် "

" အင်း . . . ဒီနေရာမှာ အလိုအလျောက်ဆိုတဲ့ စကားလုံးထော





ရုတ်တရက်ဆိုတာကိုသုံးရင် ပိုလိုက်ဖက်မယ်ကွ စပွန်းတေးနီးယပ်စ် ဘျူးမန်း ကွန်ဘတ်စ်ရှင်းကို အက်စ်အိတ်ချ်စီလို့ သံစိပ်ယူထားတာ ဆိုတော့လေ "

ခရောင်းပြင်ဆန်သော ရှုမျှော်ခင်းထက်စာလျှင် ကိုမိုးဇော် စကားတို့က ပို၍စိတ်ဝင်စားစရာကောင်းပါသည်။

ကားထွက်စမို့ အခြားခရီးသည်တို့လည်း စကားတဖောင်ဖောင် နှင့် ဝိုက်မြည်းငေးမှိုင်မှုမရှိကြ သေးသည့်အတွက် စကားပြောရခြင်းမှာ ကြောင်စီစီမနိုင်သော စိတ်ထွက် ပေါက်တစ်ခုဖြစ်လာ၏။

" ဟုတ်တယ်အစ်ကို ဟုတ်တယ်၊ ကျွန်တော်ကြားဖူးသမျှ ဖြစ်ရပ်တွေမှာလည်း အစ်ကိုပြောသလို ရုတ်တရက်မီးထလောင်တာမျိုး တွေပဲ။ ပြီးတော့ တော်တော်များများကလည်း မျက်မြင်သက်သေ များကြီးရှေ့မှာ ဖြစ်တာချည်းပဲ တချို့ဆို ပညာရှင်တွေ စာရေးဆရာတွေ ရှေ့မှာကို ဖြစ်ခဲ့တာမျိုးနော် "

ကိုမိုးဇော်က အားရကျေနပ်သော မျက်နှာမျိုးနှင့်ပြုံး၍ ခေါင်းညိတ်သည်။ပြီး . . .။ နှုတ်ခမ်းကို ချက်ချင်းတင်းတင်းစေ့လျက် ခဲ့လေးနက်သော အမူအရာနှင့် မိမိကိုကြည့်လာ၏။

" ဒီရောဂါဆန်းကြောင့် အသက်ဆုံးရှုံးသွားတဲ့ လူတွေထဲမှာ ဆမဆုံးမှတ်တမ်းတင်ခံခဲ့ရတာက အယ်ယာဆိုတဲ့ အမျိုးသမီးပဲ အင်း ဆောင့်ရှစ်ရာရှစ်ဆယ်ပြည့်နှစ်လောက်ကထင်တယ် နောက်တစ်ယောက် က ဒီဘက်နှစ်ဆယ်ရာစုထဲရောက်မှ တစ်ထောင့် ကိုးရာ နှစ်ဆယ့်နှစ်

www.burmeseclassic.com



ဟုတ်တယ် ယူဖီးမီးယားဆိုတဲ့ အဘွားကြီး ''

ပြောနေရင်းမှ ကိုမိုးဇော်က ထိုင်ခုံပေါ်သို့ ကျောဖြေချကာ သက်တောင့်သက်သာ မှီဖျော့လိုက်သည်။ သူ့လေသံက ပို၍တိုးညှင်း တည်တံ့လာ၏။

'' ညီပြောတဲ့ ဆရာဝန်တွေ စာရေးဆရာတွေဟာ မျက်မြင် သက်သေဖြစ်ခဲ့ရုံမကဘူးကွ ဒီရောဂါကြောင့် သေဆုံးခဲ့ရသူတွေထဲမှာလည်း ပညာရှင်တွေ စာရေးဆရာတွေပါတာပဲ တစ်ထောင့်ကိုးရာခြောက်ဆယ့် ခြောက်နှစ်ကုန်ခါနီးလေးမှာ ဒေါက်တာ ဂျွန်ဆင်တလီဆိုတဲ့ အသိုးကြီး လုံးဝကို ပြာကျသွားတာ စာရေးဆရာကတော့ အင်္ဂလန်နိုင်ငံသား ဘာစတန်တဲ့ ညီရ သူ့ကျ နည်းနည်းဆန်းတယ် ခန္ဓာကိုယ်အောက်ပိုင်း က စပြီး တငွေ့ငွေ့လောင်လာလိုက်တာ ခါးနေရာကိုမကျော်ဘူး။ ဒါပေမဲ့ လူကတော့ နှလုံးရောဂါနဲ့ ပွဲချင်းပြီးပဲ။ အဲ့ဒီ ဖြစ်ရပ်မျိုးကို ညီ ကြားခဲ့ဖူး သလား ''

ညီစေ အသာအယာခေါင်းခါပြလိုက်သည်။ စိတ်ဝင်စားစွာ လေ့လာခဲ့ဖူးသော်လည်း ကိုမိုးဇော်လောက် သိမှတ်ထားမှုမစုံလင် စာတိုပေစများတွင်ဖတ်ဖူးသည်ဆိုရုံမျှသာ သူ့လို စနစ်တကျ လေ့လာ ခြင်းမျိုးမရှိပေ။

'' အက်စ် အိပ်ချ်စီ ဖြစ်ရပ်တိုင်းမှာတော့ လူနာဟာ အသက် ဆုံးရှုံးရင် ဆုံးရှုံး၊ မဟုတ်ရင် ဒုက္ခိတဖြစ်သွားရတာချည်းပဲ သက်သက် သာသာတော့ ဘယ်သူမှမရှိဘူး။ အဲဒီ ရီဇာတ်နှစ်ခုထဲမှာ ပထမဟာက





ခိုင်နှုန်းပိုများတယ်။ ထူးဆန်းတာက လူကိုယ်ခန္ဓာကြီး ဘယ်လိုပဲ ဖြစ်သွားဖြစ်သွား ဒီဝေဒနာခံစားရတဲ့အချိန် အနီးနားမှာရှိတဲ့ တခြား စွည်းပစ္စယတွေကတော့ အပူဒဏ်ကို ခံရရုံလောက်ပဲ လောင်ကျွမ်း ပျက်စီးသွားတာမျိုး သိပ်မရှိဘူး။ ယုတ်စွအဆုံး လူနာဝတ်ထားတဲ့ အဝတ်အစားတွေကိုတောင် သူ့ရဲ့ကိုယ်တွင်းမီးက မဟပ်ဘူးတဲ့ ''

'' အား. . . ဒါဆို ကျိန်စာသင့်ခံရသလိုပဲပေါ့ ရောဂါမှ ဟုတ်ရဲ့လား အစ်ကို. . . အစ်ကိုက ဘာလို့ရောဂါလို့ သတ်မှတ်ထား တာလဲ ''

'' ဒါ ကိုယ့်သဘောနဲ့ ကိုယ် သတ်မှတ်လိုက်တာ မဟုတ်ရ ဘူး ကိုယ့်ညီရာ တစ်ကမ္ဘာလုံးက သတ်မှတ်ထားတာပါကွ ''

'' တကယ့်ကို ကျိန်စာမိပြီး လောင်မီးကျသလိုပဲနော် ''

ကိုမိုးဇော်၏ မျက်နှာပေါ်မှ အမူအရာတစ်ခုကို ရေးရေးမြင်တွေ့ လိုက်ရပြန်သည်။ ပထမ မိမိမှတ်ချက်ပြုမိစဉ်ကလည်း သည်အမူအရာမျိုး ကို မြင်ခဲ့ရ၏။

ကျိန်စာ သူသည်စကားရပ်အား မနှစ်မြို့သည်လား သူက စကားလုံးများအပေါ် အလေးအနက်ရှိတတ်သူဖြစ်၍ ညီစေသည်လို တွေးမိရ၏။ သို့သော် ထိုအရိပ်အယောင်မျိုးမဟုတ်ဟုလည်း တစ်ဘက်က သိနေပြန်သည်။

'' ကျိန်စာ ဟုတ်လား ''

မှန်းဆ၍မရသော အမူအရာနှင့်အတူ သူ့ထံမှထွက်ကျလာ

www.burmeseclassic.com



သည့် စကားသံက သည့်မျှသာ။ တစ်ကိုယ်ကြားညည်းသည်လို တိုးဖွ ရှည်လျားပြီး အပြုံးဝါးဝါးတစ်ချက်ဖြင့် သူ့နှုတ်ခမ်းတို့ တွန့်ကွေးသွားခြင်း အား ညီစေမြင်လိုက်ရ၏။

" ညီ လေးလေးမော်ဆိုတာ ကြားဖူးသလား "

အဆက်စပ်မဲ့ မေးခွန်းကြောင့် မိမိမျက်မှောင်ကျုံ့လိုက်မိသလား ပဲ။

" အစ်ကိုနဲ့ ဒေါက်တာအန်လ်နွမ်းတို့ ပြောနေကြတာကို ကြားဖူးတာပါ။ ဘယ်သူဘယ်ဝါဆိုတာကတော့ ကျွန်တော်လည်း မသိဘူး "

မိမိအဖြေကို မကြားသည့်နှယ် ငြိမ်သက်နေ၏။ ပြီး. . . ကိုကျော်ကာ ပြင်ပဆီသို့ အဓိပ္ပါယ်မဲ့ ငေးရီနေပြန်လေသည်။

မြင်ကွင်းသည် နေရောင်ကျဲကျဲတောက်တောက်ဖြင့် ပို၍ကျွ ဆန်နေမည်မှန်း ညီစေ တွက်မိ၏။

တကယ်လည်း မျက်စိကျိန်းမတတ် အလင်းတောက်များ ရှုခင်းတစ်ခုလုံး တံလျှပ်ခိုးများ ဝေ့နေသည်။ အညိုရင့်ရောင်ကားမှန် ကြောင့်သာ ကြာရှည်ငေးရီနိုင်ခြင်းဖြစ်၏။ ပကာတိကြည့်မြင်ရမည်ဆိုလျှ မလွယ်။

" သူက စန္ဒရားဆရာတစ်ယောက်ပေါ့ ကိုယ့်ညီ ကိုယ်ရယ်. . . သူရိန်ရယ် ပြီးတော့ ငြိမ်းချမ်းကိုဆိုတဲ့ မိန်းကလေးရယ် သူ့ဆီ စန္ဒရားသင်ခဲ့ကြဖူးတယ် ကိုယ်တို့က သူ့ရဲ့ နောက်ဆုံး တပည့်တွေပဲ





သူရိန်ကတော့ သူ့ရဲ့သားအရင်းဆိုတော့ "

ရုတ်တရက် ထိုးရပ်လိုက်သော ကားကြောင့် နှစ်ဦးသား ငိုက်ထိုးသွားရကာ စကားစလည်း ပြတ်သွားရသည်။

" ပန်းခြံ. . . ပန်းခြံ ခင်ဗျ "

ကားဝန်ထမ်းတစ်ဦး၏ အော်သံကိုကြားလိုက်ရသဖြင့် ပြတင်းမှ အပြင်သို့ ကြည့်မိ၏။ ကုန်းတက်တစ်ခုဖြစ်ပုံရသည်။ လူပြောသည့် ပန်းခြံကိုတော့ ညီစေ မတွေ့မိ။

" ဘယ်မှာလဲ အစ်ကို ပန်းခြံဆိုတာ "

" အာ. . . ကိုယ့်ညီကလည်း ပန်းခြံဆိုတာ အပေါ့အပါး နိုင်ကြောင်း အော်တာကွ ကျန်းမာရေး. . . ကျန်းမာရေး "

" ဗျာ. . . ခြော်. . . ဟော် "

လေးလံစပြုလာသည့် မိမိစိတ်အာရုံတို့ သည်တစ်ချက်နှင့်ပင် သည့်ရှင်လန်းလာရ၏။ ပညာရ မရတော့မသိ ဝေါဟာရသစ်များတော့ တော်တိုးသည့်ခရီးဟု တွေးမိရသည်။

ကားပေါ်သို့ ခရီးသည်များ တဖွဲဖွဲပြန်တက်လာပြီး ဘီးပြန်လိမ့်စ သည်အထိ ကိုမိုးဇော်က နှုတ်ဆိတ်နေဆဲသာ။

" အစ်ကိုပြောတဲ့ အကြောင်းအရာက အက်စ်အိတ်ချ်စီနဲ့ မဆက်စပ်သလိုပဲ "

" လေးလေးမော်ရဲ့ နာမည်ရင်းက ဦးမြင့်မော်တဲ့ အခုတော့ ရှိတော့ပါဘူးလေ ကိုယ်တို့ကို ပညာကုန်သင်ပေးမသွားနိုင်ခဲ့ရှာဘူး

www.burmeseclassic.com



အင်း။ တကယ်က ကိုယ့်တို့အရွယ်ရောက်ချိန်မှာ သူစန္ဒရားမကိုင်တာ နှစ်နဲ့ချီနေခဲ့ပါပြီ မျက်မမြင် နားမကြား ဒုက္ခိတဘဝနဲ့ စန္ဒရားကို ပစ်ပယ်ထားခဲ့တဲ့ သူကို ကိုယ်တို့ပဲ အတင်းတိုက်တွန်းပြီး စန္ဒရားရှေ့ပို့ခဲ့ကြတာလေ ''

မဆက်စပ်သလိုပဲဟုပြောမိကာမှ ပို၍အဆက်စပ်မဲ့သော အကြောင်းအရာထဲ တဖြည်းဖြည်းရောက်လာရသည်၊ မိမိစကားထောက် နှင့်ပင် လုံးဝမဆီလျော်သည့် သူ့အပြောတို့ကြောင့် စကားပင်ဝင်မထောက် မိတော့၊

'' ကျန်တဲ့သူတွေအတွက်တော့ မသိဘူး ကိုယ့်အတွက်ကတော့ ဘဝတစ်ခုလုံး လမ်းဆုံးသွားရသလိုပဲ ကိုယ်တကယ်ဖြစ်ချင်ခဲ့တာက ဆရာဝန်မဟုတ်ဘူး။ လေးလေးမော်ဆုံးသွားလို့သာ ကိုယ့်ဆန္ဒနဲ့ သံတူကြောင်းကွဲဖြစ်နေတဲ့ ဒီဘဝကို ကိုယ်လုပ်ယူလိုက်ရတာ ''

'' အစ်ကိုက ဘာဖြစ်ချင်ခဲ့တာလဲ ''

မိမိလို ဘာသာဗေဒပညာရှင်များဖြစ်ချင်ခဲ့သည်လားမသိ။ သူကလည်း မိမိအမေးကို မဖြေခဲ့ပါ။ သည်လက်တလောအမေးကို မဖြေသော်လည်း

'' ကိုယ်ဘာလို့ လေးလေးမော်အကြောင်းကို အဆက်အစပ် မရှိဘဲ ပြောနေခဲ့တာလဲလို့ ညီမေးခဲ့တယ်နော် ကိုယ်ပြောပြမယ် ဆက်စပ်မှုကို ကိုယ်ပြောပြမယ် ''

အစက မိမိအာရုံထဲ တရွေ့ကောင်များ တိုးဝင်မလာအောင်





င်တကာစကားရှာ၍ အာရုံလွှဲနေသည်ဟု ထင်ခဲ့မိ၏။ တဖြည်းဖြည်း အမှုအရာ လေယူလေသိမ်းတို့အား ရိပ်စားမိလာပြီး အမှန်တကယ် နှစ်ကိုယ်နှစ် ပြောနေသည်မှန်း သိလာရသည်။

သူ့ရင်ထဲတွင် တဆွေးတမြည့်ဝပ်အောင်းနေသော ကြောင်းတစ်စကို ရင်ဖွင့်ဖြေလျော့ နေခြင်းပါလား။

မိမိ မတွေ့ဘူး မကြုံဘူးသော လူတစ်ဦးအကြောင်းမို့ မဝင်စားဘဲ မနေနိုင်။ ထိုလေးလေးမော်ဟု သူတို့ခေါ်ဝေါ်ကြသော မော်၏ အကြောင်းက မိမိမကြားအာရုံကိုသာမက လှုပ်ပါးလွယ်လွန်း ည့် မိမိစိတ်ကိုပါ ကျူးသွင်းဆွဲဆောင်ထားလိုက်လေပြီ။

သည်အကြောင်းအရာများကို နားထောင်နေရင်းမှ ခံစားလာရ ည့် အငွေ့အသက် တစ်ခုသည် အမည်နာမကင်းမဲ့စွာ ဖြစ်တည်လာ၏။

(ဘာလဲ)

မိမိ မသိတတ်နိုင်၊ အံ့ဩစိတ်လန့်ရှုမှုလည်းမဟုတ်။ ကရုဏာ ာ်မိခြင်းမျိုးလည်း မဟုတ်။ မိမိကိုယ်တိုင် သည်ဝေဒနာမျိုးခံစားရ ကို စိုးရွံ့မှုဟုဆိုလျှင်လည်း ရှုးနမ်းရာကျဦးမည်။

''သူ . . . သူမသေဘူး ဟုတ်လား ''

'' ဟုတ်တယ် ဒါပေမဲ့ အဲဒီအချိန်ကတည်းကစပြီး လေးမော်ဟာ မျက်မမြင်နားမကြား ဘဝကို ရောက်သွားရတော့တယ် ာ့ သူ ခုနစ်နှစ်တိတိပဲ ဆက်အသက်ရှင်ခဲ့ရတယ် ညီ ခုနစ်နှစ်ပဲ ယ်လို့ သူဟာ အဲ့ဒီလောက်ထိသာ ဆက်မနေခဲ့ရဘူးဆိုရင် ကိုယ့်မှာ

www.burmeseclassic.com



ခုလို ရည်မှန်းချက်မျိုးတွေ ရှိလာမှာမဟုတ်ဘူး တကယ်လို့ ဒီ့ထက် အသက်ပိုရှည်ခဲ့မယ်ဆိုရင် ကိုယ်လည်း ''

'' ဒါ. . . ဒါ ကျိန်စာသင့်တာပဲလား အစ်ကို ဟိုနတ်ဆရာ စော်ကားပုတ်ခတ်မိလို့ အဲ့ဒီလူက မကျေမနပ်ဖြစ်ပြီး ကျိန်စာတိုက် တာပဲလား ''

ကျိန်စာ. . .

မိမိကျိန်စာဟု သုံးနှုန်းမိပြန်ပြီ၊ အိုသည်အကြောင်းတွေကြောင့် လဲ ကျိန်စာဟု မိမိပြောလိုက်မိတိုင်း သူအမူအရာပျက်ခဲ့ရသည်ပဲ ဖြစ်

'' ညီတွေးသလိုမျိုး သူရိန်မြင့်မော်လည်း တွေးခဲ့တာပဲ ကိုယ်ပြီး ပြီးတော့ အဲဒီနတ်ဆရာဆိုတဲ့ လူရဲ့မိသားစုကိုတောင် သူလက်စားချေ အကွက်ချကြံစည်ခဲ့သေးတယ်။ လေးလေးမော်ရဲ့ဇနီး ဒေါ်ပြုံးကြီးလည်း အတူတူပဲ လေးလေးမော် ဖျောင်းဖျတားမြစ်ခဲ့တဲ့ကြားထဲက ဟိုမိသား သူမွေ့နှောက်ပစ်ခဲ့သေးတယ်လို့ ထင်တာပဲ ''

'' ဒါလုပ်သင့်တဲ့ ကိစ္စပဲ သူတို့တက်က မှန်တယ်လို့ ကျွန် ယူဆတယ် အစ်ကို ''

မိမိစကားကြောင့် ကိုမိုးဇော်က ဖြည်းညှင်းစွာ ခေါင်းယမ်းလို ၏။ ပြီး။ စကားဆက်မဆိုသေးဘဲ သက်ပြင်းရှိုက်လေသည်။

အကြောင်းအရာ အရှည်ကြီးကို ဖွဲ့နွဲ့ပြောပြပြီးသည့်နော စကားမပြောချင်တော့လောက်အောင် မောပန်းနေပုံမျိုး သူသက်ပြ ရှိုက်သည်။ စကားဆက်မဆိုတော့ခြင်းပင်မဟုတ် နှုတ်ပိတ်တိတ်ဆိ





သွားခြင်းသာ။

သည်တော့မှ ဝန်းကျင်ကိုလည်း ညီစေ သတိထားမိရ၏။ ဆစ်ကားလုံးဆိတ်ငြိမ်၍ မိမိတို့အသံများသာ ရှိနေတော့သည်ပဲ အပြင်ဘက်ဆီတွင်လည်း နေအလင်းတို့ပါးလျှညှိုးမှိန်နေခဲ့လေပြီ။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

## အခန်း (၁၅)

အမှောင်ပျိုးစ ညနေကောင်းကင်ထဲသို့ တိမ်မည်းတို့ တလိ
အုပ်ဖွဲ့ဝင်လာကြ၏။ ဝန်းကျင်တစ်ခုလုံးသည် မှောင်ခနဲ။

တရွေ့ရွေ့သွားနေဆဲ ကား၏အရှိန်က ရပ်လုရပ်ခင်
လျော့ကျလာသည်။ အိပဲ့အိပဲ့နှင့်အင်ဂျင်ချို့ယွင်းလာသည်ကို ထ
တုံ့ငင်နေ၏။

ဂီယာမပြောင်းဘဲ အရှိန်လျော့လိုက်လျှင် ဖြစ်နေကျအ
ကား၏ကိုယ်ထည်က တဆတ်ဆတ်ခါလာသည်။

သည်အနေအထားက ညီစေနှင့် လုံးဝခါတ်မတည့်။ တ
တုန်ယင်နေသည့် လှုပ်ရှားမှုထဲ မိမိခန္ဓာကိုယ်အားဖော့လျှထား၍မ
အတွက် တလှုပ်လှုပ်နှင့်ဖြစ်လာရသည်။ ထိန်းချုပ်၍မရနိုင်သည့် လှု
နေရခြင်းကို ညီစေ မခံစားနိုင်။

" ကျွတ်စ် "





စိတ်ညစ်ညူးစွာ မြည်ရွတ်မိသည့် ကျွတ်သပ်သံကပင်
တွန့်ခေါက်နေရ၏။ ကားပေါ်၌ မိမိတစ်ယောက်တည်းရှိမည်ထင်သည်။
ခရီးသည်အားလုံး ကိုမိုးဖော်ပါမကျန် တသေတမော အိပ်ပျော်နေကြပုံရ
၏။ တိခနဲ တုန်ခါမှုအားလုံးရုတ်တရက်ရပ်သွားသည်။

အင်ဂျင်စက်သံပါ ပျောက်ကွယ်သွားခဲ့၏။

ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်။

ပန်းခြံဟု အော်လေဦးမည်လား။ နားစွင့်လိုက်သည်။ပထမ
အကြိမ် ရပ်နားစဉ်က မဆင်းခဲ့မိ၍ ပေါ့ပေါ့ပါးပါးအိပ်စက် မှေးပျော်နိုင်ရန်
ဆင်းလိုက်ဦးမှတော်မည်။ တွေးမိမှ ကျဉ်ခနဲစိမ့်တက်လာသည့် ဝေဒနာ
ကြောင့် ထရပ်လိုက်၏။

မိမိကိုယ်တိုင် အိပ်ပျော်ချင်ပါလျက် မပျော်နိုင်သည်မို့
ကျန်လူများကို စာနာမိသည်။ မည်သူ့ကိုမျှ နှိုးမနေတော့ ဖြစ်သလို
တိုးဝှေ့ကျော်ခွကာ ကားတံခါးသို့ သွားလိုက်သည်။ ကားဝန်ထမ်းများလည်း
ငိုက်မြည်းနေကြ၏။

(ဒါကြောင့် ဒီကောင်တွေဘာမှ မအော်တာနေမယ်)

ကားမောင်းသူနေရာတွင် လူမရှိ။ တံခါးပေါက်မှာ ဖွင့်လျက်သား
တွေ့ရသည်။ ခြေကိုဖွနင်း၍ ကားထဲမှအသာအယာထွက်လာခဲ့လိုက်၏။

" အိုး "

စိမ့်ခနဲဖြတ်သုတ်လိုက်သည့် လေအေးများကြောင့် ညီစေ
တွန့်သွားသည်။ကားတွင်းလေအေးပေးစက်နှင့်မတူသော မိုးငွေ့လေကြမ်း

www.burmeseclassic.com



ကား၏နောက်ခြမ်းဆီတွင် မီးရောင်သဲ့သဲ့ကိုမြင်သည်။ ကားအင်ဂျင် ချို့ယွင်းမှုတစ်ခုခုဖြစ်နေခြင်းဖြစ်မည်။ လောလောဆယ်တော့ မိမိတွ ဖြစ်နေသည့်တစ်ခုခုကို အရင်ရှင်းထုတ်ပစ်ရဦးမည်။

လမ်းဘေး မှောင်ရိပ်ကျရာသို့ စမ်းတဝါးဝါးဆင်းလိုက်၏။

“ ဟား . . . စိမ့်နေအောင်ကို အေးတာပဲ ”

အဝတ်အစားကို ပြန်လည်ပြုပြင်ရင်းမှ ကားထဲရောက်လျှင် အနွေးဝတ်အင်္ကျီတစ်ထည်တော့ ဝတ်ရဦးမည်ဟု စဉ်းစားမိ ပြီးသည်နှင့် ကားဆီပြန်ဦးလှည့်လိုက်သည်။

“ စိမ့်နေအောင်ကို အေးလာပဲ ”

“ အား ”

အသက်ရှူရပ်တရက်ရပ်ကာ နှလုံးသွေးများ ဆူပွက်သွား သည်။ အရိပ် ဖြူဖွေးရှည်မျောသည့် သဏ္ဍာန်ရိပ်မှ ပဲ့တင်စကား ထွက်ပေါ်လာ၏။

ချောက်ချားမှုဖြင့် ကြောင်အအရပ်နေမိသည်မှာ မည်မျှ ကြာသည်မသိ။ သတိပြန်ဝင်လာချိန်၌ မိမိရှေ့တည့်တည့်တွ မားမားရပ်နေခဲ့သော အဖြူရိပ်မှာ ပျောက်ကွယ်သွားခဲ့လေပြီ။

သို့သော် အမိုးအငွေ့နှယ် ယိမ်းဝေ့နေသည့် ဖွေးဖွေးလုံး ဝတ်ရုံရှည်နှင့် ဖားလျားချဆံပြူများအကြား မျက်နှာပြင်က အမှောင် နစ်ဝင်နေသည့် ဝိညာဉ်သဏ္ဍာန်ရိပ်ကမူ အမြင်အာရုံထဲမှ မပျောက် ကွယ်။





ပြူးကျယ်ဝိုင်းစက်သွားသည့် မျက်လုံးသူငယ်အိမ် လည်နေဆဲ တွင် နှလုံးခုန်သံက ဖောက်ပြန်ကျယ်လောင်လာ၏။

ကားအနောက်ပိုင်း မီးရောင်မြင်ရာသို့ ချက်ချင်းပြေးသွားလိုက် မိသည်။ နားထင်စပ်မှ တဒိတ်ဒိတ်နှင့်သွေးတိုးသံက ခေါင်းခဲမတတ် ပြင်းထန်လွန်းနေ၏။

“ ဒုန်း ”

“ ဟင့် ”

ခြေလှမ်းတို့ တုံ့ခနဲရပ်သွားပြန်သည်။ ကားနောက်ပိုင်းသို့ ခြေနှစ်လှမ်းပင်မလိုတော့။ ဖြတ်ခနဲ အလင်းရောင်ပျောက်သွားပြီး တပြိုင်နက်တည်းတွင် လှုပ်ရှားမှုရေးရေးကို မြင်လိုက်ရပြန်သည်။

“ ဒုန်း ”

“ . . . ကား . . . ကားဘာဖြစ်လို့လဲ ”

“ ကားဘာဖြစ်လို့လဲ ”

မိမိနောက်မှထပ်ကြပ်မကွာပါလာသည့် သံယောင်သြသြမှာ အက်ကွဲတုန်ခါနေလေသည်။ လုံးဝလှည့်မကြည့်ရဲ။

“ ဟေ့လူ . . . ကြားလား . . . ဟေ့လူ ကားဘာဖြစ်ဖြစ် အခုထွက် အခု . . . ”

“ ကားဘာဖြစ်ဖြစ်အခုထွက် ”

“ အာ . . . ဟေ့လူ . . . ခင်ဗျားနားကန်နေ ”

ပုတ်ခတ်ရန်လှမ်းမိသော မိမိလက်ကိုပြန်မရုတ်မိ။ လေထဲတွင်

www.burmeseclassic.com



တန်းလန်း မိမိဦးခေါင်းပြားတွင် ဖျဉ်းခနဲ ဆံပင်ချည်တို့ ထောင့်မတ်ကုန်
လားမသိ။

အသက်ရှူသံနှင့်အတူ နှလုံးခုန်ရပ်သွားသည်မှာ သေချာ
ကားကိုထုရိုက်နေရာမှ မိမိအား ထိုးနှက်ရန် ဆတ်
လှည့်ရွယ်လာသည့် ထိုလက်သီးဆုပ် ဟောင်းလောင်းပွင့်နေသော
နှာခေါင်းပေါက်နှင့် မျက်နှာကြီးက တွန့်ခေါက်ကြေမွနေသည်။

ကားအတွင်းမှ လျှံကျလာသည့် အလင်းမှုန်မှုန်ထဲ တလှုပ်လှုပ်
တိုးဝင်လာကြသော တစ္ဆေကောင်များက မိမိဝဲယာနှစ်ဘက်သို့
သတိလက်လွတ်ချာခနဲ ခြေဦးအလှည့်တွင် ဖြူဆွတ်ဆွတ်အရိုးသဏ္ဍာန်
အား မားခနဲတွေ့လိုက်ရလေ၏။

မိမိဘယ်ပြေးရမလဲ လက်တံများ ဆန့်မြှောက်ပိုင်းရံထားသည့်
တစ္ဆေကောင်များအကြား အယောင်ယောင် အမှားမှားနှင့် ခြေလှမ်း
နောက်ဆုတ်လိုက်မိသည်။

မိမိအနောက်တွင်လည်း သချိုင်းဟောင်းမှ မိစ္ဆာကောင်
မိမိမျက်နှာမှာ သွေးဆုတ်ဖြူလျော်စွာ နှင့် လည်ပြန်လှည့်သွားရ၏

မျက်ဝန်းထောင့်တွင် ရိပ်ခနဲ ဘာရယ်ဟု သဲသဲကွဲကွဲ
မသိလိုက်ခင်မှာပင် ဦးခေါင်းထဲ ပူလောင်မှုးနောက်ကာ စူးရှသည့်
အလင်းပွင့်ကြီး ကျရောက်လာသည်။ ထုံကျဉ်ထုံပိန်းသွားရသည့် အာရုံ
အတွင်း ပုံရိပ်များစွာအသံများစွာ ပြွတ်သိပ်ကျပ်ခဲစွာ လုံးထွေးတိုးဝင်
လာကြ၏။





" ဟော. . .ဟော. . .ဟဲ. . . . . .ဟော. . ."

" အ! "

အသံအားလုံးပျောက်ရှ အလင်းဖျော့ဖျော့တစ်ခုအောက်တွင်
ပြန်လည်ပွင့်ဟလာသည့် မျက်လုံးတစ်စုံ တုန်ယင်မောဟိုက်နေမှုက
ဘာကိုမျှစဉ်းစားမရနိုင်အောင်ချုပ်နှောင်ထားသည်လို။

ဖြတ်ခနဲလင်းထိန်သွားသည့် ဝန်းကျင်တွင် မိုးတိုးမတ်တပ်
လူအချို့နှင့် ခေါင်မိုးနိမ့်နိမ့်အဖြူရောင်ကို တွဲမြင်လိုက်ရသည်။

မိမိကားထဲ ပြန်ရောက်နေခြင်းကို အံ့သြနေမိသည့်အခိုက်
လှုပ်ရှားမှုမဲ့ငြိမ်သက်နေခြင်းကိုပါ သတိထားမိသွား၏။ ကားရပ်ထား
ဆဲလား။

မိမိမျက်နှာအား ဟိုသည်ပွတ်သပ်စမ်းကြည့်မိ၏။ တိတ်ဆိတ်
ခြင်းမှာလည်း တဖြည်းဖြည်းပျက်ပြယ်လာပြီဖြစ်သည်။

ဘာကြောင့် ကားရပ်ထားရသလဲ မိမိကိုတယ်သူတွေက နေ့ရာ
တကျ ပြန်ထားထားကြသည်လဲ (ကားထွက်ပါတော့လား. . . ထွက်ပါ
တော့လား သွား. . . သွားလေ. . .)

" ညီ အောက်ကိုဆင်းလေ "

" ဗျာ "

ကိုမိုးဇော်၏ စကားသံက အိပ်မှုန်စုံမွှားနှင့်မို့ အက်ကွဲပြတ်
တောင်းနေခြင်းပဲလား သို့မဟုတ် မိမိကိုလှည့်စားနေသည့် မကောင်းဆိုးဝါး
တွေ ပူးဝင်ပြောလာသည်လား။

www.burmeseclassic.com



" မဆင်းဘူးလား "

" ဟို. . . ဟို ကျွန်တော်မဆင်း. . . ဘာ. . . ဘာမှမဖြစ်ဘူး"

အကြောက်အကန်ငြင်းဆန်လိုက်မိသည့် မိမိကိုမိမိ ဘာဖြစ်နေ သည်ဟု မသိ။ ကိုမိုးဇော်က မျက်မှောင်ကိုဖြေကာ တိုးတိုးတိတ်တိတ် ကပ်ပြောလာသည်။

" ညီ. . . အိပ်မက်ဆိုးတွေ မက်ပြန်ပြီထင်တယ် ဟုတ်လား ကဲလာ. . . လာ စိတ်ပြေလက်ပျောက်တစ်ခုခု ဆင်းစားလိုက် "

သည်အထိ မိမိကားပေါ်မှဆင်းရန် ခေါင်းယမ်းမိဆဲသာ ကြောင်စီစီနှင့်ဝိုင်းစက်နေသော မိမိမျက်လုံးများမှ မြင်သမျှကို မယုံကြည် ဖြစ်နေမိ၏။ ကိုမိုးဇော် ဆက်ပြောလိုက်သည့် စကားတစ်ခွန်းကြောင့် သတိပြန်ဝင်လာရသည်။

" ကားထဲမှာညီတစ်ယောက်တည်းကျန်ခဲ့တာကမှ ပိုဆိုးနေဦး မယ် ကိုယ့်ညီ "

" ဗျာ "

ထိတ်ခနဲ ရှိသွား၏။တစ်ယောက်တည်း မဖြစ်. . . မဖြစ်ဘူး အိပ်မက်ထဲအထိရောက်လာနိုင်စွမ်းသော နာနာဘာဝကောင်များ မိမိ တစ်ယောက်တည်းရှိနေချိန်တွင် သည်ကားပေါ်ရောက်မလာဟု

ဆာလောင်မွတ်သိပ်နေလျက်က ဘာမျှမစားချင်သလိုဖြစ်နေ သည်။ အစာစားလိုက်လျှင် အိပ်ချင်လာမည်ကို စိုးရိမ်နေခြင်းကြောင့် လည်း ဖြစ်နိုင်သည်။





အိပ်မက်၊ သည်အိပ်မက်ဆိုးတွေ တိတ်တခိုး ဝင်ရောက် လာစေချင်။ အမှောင်ထောင့်ချိုးများတွင် သည်ရင်ပြင်ထဲတွင် အနည်းငယ်တော့ ရှုကြောင်ကြောင်နိုင်လှ၏။

အသံဗလံတို့ ဆူညံရှုပ်ထွေးကာ စည်ကားနေသော ဝန်းကျင် ယ်။ မိမိသည်မျှ သွေးပျက်မနေသင့်ဟု ရှက်စိတ်ဖြစ်ရ၏။

ကော်ဖီကျကျတစ်ခွက်နှင့် သည်ညလည်စာကို တင်းတိမ် စေလိုက်သည်။

တငြိမ့်ငြိမ့်နှင့်ရွေ့လျားနေသော ကားပေါ်မှာ မိမိလို အိပ်မောကျ သွားမည်ကို ကြောက်နေသူ ဘယ်နှစ်ဦးရှိနေဦးမည်မသိ။ ထိုအထဲတွင် ကိုမိုးဇော်မပါဝင်ခြင်းကတော့ သေချာသည်။ မိမိအား ညမြင်ကွင်းကို ကြည့်ပြည့်ဝဝမြင်နိုင်နေသည့် မှန်ပြတင်းဘက်ခြမ်းတွင် မထိုင်စေဘဲ သူနှင့်နေရာချင်းလဲပေးခဲ့ပြီကတည်းက မိမိနှင့် တမေ့တမောအိပ်ပါလာ၏။

အတွင်းဘက်ခုံတွင် ပြောင်းထိုင်နေရသည်မို့ ညီစေ မနေ တတ်ပြန်။မိမိက သွားရင်းလာရင်းငေးမောရသည့် အလုပ်ကိုဝါသနာ ကြီးသည်။

သည်တော့ ထိုင်ခုံလက်တင်ပေါ် အားပြုစောင်းမှီကာ တူရူ လမ်းကြောင်းဆီ ငေးရီနေလိုက်၏။ ကားရှေ့မီးများက စူးစူးရှရှနှင့် အတော်ဝေးဝေးထိပြေးနိုင်စွမ်းသည်မို့ မိမိကို အညည်းငွေ့တော့ ပြေစေသည်။

ဘာရယ်မဟုတ် တွေးလိုက်ငေးလိုက်နှင့် အချိန်ကို ကုန်မှန်းမသိ

www.burmeseclassic.com



ကုန်စေလိုက်၏။

စန္ဒရားဆရာဦးမြင့်မော်အကြောင်းက အတွေးထဲ ရောက်လာသည်။ ပြီး။ ပျောက်သွားပြန်၏။ အောင်ပြည့်နှင့် ရွှေပြည်စိုးကိုလည်း သတိရမိသေးသည်။

ရွှေပြည်စိုးကို မိမိကားပေါ်မှလက်ပြနှုတ်ဆက်ခဲ့စဉ်က သည်ကောင့် ဟန်အမူအရာကိုပါ ပြန်တွေးမိရ၏။

သူ့ရင်ဘတ်သူ ပုတ်ပြကာ စကားပြောသလို တလှုပ်လှုပ် ဖြစ်နေသည့် သူ့ပါးစပ်ကိုလည်း လက်ညှိုးနှင့် ညွှန်ပြသေးသည်။ ပြီး။ လက်နှစ်ဘက်ကို ကြိုးရစ်သလို ရစ်ပြသေးသည်ထင်၏။

(တကယ်လို့များ သင်းခွေချပ်ရဲ့ သွေးစက်တွေ ငါ့မျက်ခွံကို လာမှန်လို့ နာနာဘာဝတွေကို မြင်နေရတာဆိုရင် ဘယ်တော့မှ ဒီအာနိသင်ပြယ်မှာလဲ ဘယ်တော့မှ ငါလွတ်မြောက်နိုင်မှာလဲ ဟား... ဒီတစ္ဆေသရဲတွေဟာ ငါ့မြင်ကွင်းကနေ ပျောက်ရောပျောက်ပါဦးမလား)

" ဟင်း... "

အဆက်အစပ်မဲ့ဝင်လာသော အတွေးကြောင့် စိတ်ထဲအလိုလို ခါးသက်လာ၏။ သင်းခွေချပ် ဖန်ဂိုလင်သည်ဝေါဟာရပိုင်ရှင်ကိုမူ မိမိ တိတိပပ မမြင်ဘူး။

သံမဏိကိုယ်ကြပ်နှယ် အကြေးခွံများနှင့် သတ္တဝါဆိုသည် လောက်သာသိ၏။

ပထမစနေဆီ အာရုံစိုက်မြင်ယောင်ကြည့်သည်။





စနေနှစ်ရက်ကြားက ည မိမိကြုံခဲ့ရသော အရိပ်သဏ္ဍာန်မှာ ယောင်ဖန်ဆင်းထားသော သင်းခွေချပ်ကောင်လား။

မိမိလက်ချက်နှင့် ဒဏ်ရာရသွားသောကြောင့် မိမိနောက် ကောက်ကောက်လိုက်ပါနေခြင်းလား ရယ်စမ်း။

(ဒီလို ရှုးရှုးနှမ်းနှမ်း အတွေးမျိုးတွေ ငါ့ခေါင်းထဲအဝင်မခံဘူး ား မတွေးဘူး မတွေး)

" ဟာ...ဟော့...ဟော့ ရှေ့မှာ လူ...လူ...အိုး က်မိတော့မယ် "

ကားမီးရောင်ထဲတွင် ရပ်နေသည့်လူတစ်ယောက် ပွန်းလည်း ။ ကွေ့လည်းမရှောင်ဘဲ အရှိန်မြင့်ပြေးလွှားနေဆဲကား။ မိမိတို့ကားကို လူမမြင်စရာအကြောင်းမရှိ။ ကျောပေးထားခြင်းမှ မဟုတ်ဘဲ။ မ်ဖြတ်ကူးနေသည်လို ကိုယ်တစောင်းအနေအထားဖြစ်သည်။

" ဘာလဲ...ညီ...ကိုယ့်ညီ ဘာဖြစ်တာလဲ "

" တောက် ဘယ်သူ့အော်တာလဲကွ "

" ဟင် ကားတိုက်မှုဖြစ်တာလား ငါတို့ကားလား ဟုတ်လား"

" အား တိုက်...တိုက်...တိုက်...အိုး "

မျက်နှာကို လက်ဝါးနှင့်အုပ်ငုံချလိုက်မိပြီး ချက်ချင်းခေါင်းမော့ ကြည့်သည်။ အရှိန်တုံ့မသွားသောကားကြောင့် အကြည့်ကဖြတ်ခနဲ ားရှေ့သို့ရောက်၏။

" ဒီလူ ဘာကြောင့်တာလဲ "

www.burmeseclassic.com



တည့်တည့်ကြီးပင် ဝင်တိုက်ပစ်လိုက်လေ၏။

" တကတည်း ဗိမ်ပျက်လိုက်တာတော် "

ညီစေ မျက်လုံးအဝိုင်းသားနှင့် ကြက်သေ သေသွားရ၏ မတိုက်မိ။ မရှောင်မတိမ်းဝင်တိုးမိလျက်က လမ်းပေါ်ကလူသည် လွင့်စင်လဲကျမသွားခဲ့။ ကားမောင်းသူက လုံးဝမြင်ပုံမရ။

" ညီ "

ကားရှေ့မှန်ကို ဖောက်ကာ မတ်မတ်ရပ်လျက်သား တိုးဝင်လာသည့် ထိုလူသည် ကားကိုယ်ထည်နှင့် ထိတွေ့မိခြင်းမရှိ။ ဒြပ်မဲ့ ဝိညာဉ်တစ်ကောင်လား သူ့ကိုဖြတ်သန်းသွားသော ကားကပင် အရိပ်အယောင်ဆန်နေသည်လား။

ကြမ်းပြင်ထက်တွင် မြင့်လွန်စွန်းထွက်လျက်ပေါ်နေသော ဦးခေါင်းကြီးက အလယ်လမ်းကြောင်းတလျှောက် ပွတ်တိုက် ရွေ့လျားကာ မိမိခုံနေရာသို့ ကား၏အရှိန်အတိုင်း နီးကပ်လာနေလေပြီ။

"ရှုံးနေတာထင်ပါရဲ့ ယောက်ျားရယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ သနားစရာပဲ"

ခြေစုံရုပ်၍ ခုံထက်ဆောင့်ကြောင့်ထိုင်ထားမိသော မိမိနံဘေး ဖြတ်သန်းသွားသည့် ဦးခေါင်းကြီးမှာ တရွေ့ရွေ့နှင့် ကားနောက်တွင် ကျန်ခဲ့လေပြီ။

လမ်းမပေါ် ပုံစံမပျက်ရပ်လျက်သား စိမ်းဖန့်ဖန့်မျက်လုံး များက မိမိတို့ကားကိုလှမ်းကြည့်နေသည်လား။သို့မဟုတ် မိမိအား စိုက်ကြည့်နေသလား။





ကားနောက်မှန်မှ မြင်နေရသော သဏ္ဌာန်မှာ တဖြည်းဖြည်း မှုန်ဝါးကျန်ခဲ့၏။ သက်မနှင့်အတူ ခုံပေါ်ပြန်ထိုင်ချမိတော့မှ မိမိ ပုံပျက်ပန်းပျက်ဖြစ်အောင် ချောက်ချားနေခဲ့မှန်း သတိထားမိသည်။

မိမိအား ဝိုင်းကြည့်နေသည့် မျက်မှောင်များအား ဂရုမစိုက်နိုင်သေး။ အဖြစ်အပျက်က ဖလင်တိပ်အား နောက်ပြန်ရစ်သလို အာရုံထင် လာပြန်သည်။

ကားကို အလျားလိုက်တိုးလျှိုပေါက်ဖြတ်သန်းသွားသော အရွေ့တစ်ကောင်၏ ဦးခေါင်းပိုင်းမှာ မျက်လုံးထဲမှ မထွက်နိုင်။ စိမ်းတောက်နေသည့် မျက်လုံးနှစ်လုံး တွဲလောင်းကျနေသည့် မေးရိုး ကိုယ်လောင်စွာပြုဟထားသည့် ခံတွင်းပေါက်ကြီး တဒင်္ဂအတွင်းမှာပင် ညည်ပုံပန်းများအား စွဲမှတ်ထားနိုင်သည့် မိမိဦးနှောက်ကို ဖောက်ထုတ် ချင်လာ၏။

"ညီစေမင်း. . . ညီ. . . ညီ"

မိမိပခုံးအား ကိုင်လှုပ်သတိပေးနေမှန်းသိလျက်နှင့် ကိုမိုးဇော် အား ဘာမျှမတုံ့ပြန်နိုင်ခဲ့။ မျက်လုံးသေကြီးဖြင့် ကြည့်မိကြည့်ရာ ကိုငေးရင်း ကြောင်အနေရသည်။

မိမိအား ဝိုင်းအုံကြည့်နေခဲ့သော မျက်နှာစိမ်းများမရှိတော့။ ရင်းနှီးသော် မျက်နှာတစ်ခုကမှ မိမိရှေ့တည့်တည့် တွင် ပုံရိပ်ထင်နေဆဲသာ။

"ကိုယ့်ညီကိုမှ သူတို့ဘာလို့ခြောက်လှန့်နေကြသလဲကွ"

ရင်သည် လှုပ်ဟာနေ၏။

www.burmeseclassic.com



ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများ တစ်ခုမျှမကျန်ရှိတော့သည် ရင်သည်လုပ်ဟာနေ၏။ ဘာကိုမျှမခံစားရ အသိတရားဟူ၍ တစိုးတစ် မကျန်ရှိတော့။

(. . . အို ဘာလို့များဒီအာရုံက ကျန်နေရသေးတာ ဒီဦးနှောက်ကြီးမရှိတော့ရင်ကောင်းမယ်။ ဒါမှမဟုတ် ဒီ. . . ဒီမျက်လုံး ဒီမျက်လုံးတွေ)

"ဟာ. . . ညီ. . . ညီမလုပ်နဲ့ ညီ. . . ညီစေမင်း စိတ်ထိန်း မင်းစိတ်ကိုမင်းထိန်းစမ်း အသက်ကိုမှန်မှန်ရှူ၊ မင်းလက်တွေပြန်ချ ပြန်ချထား ညီ. . . ကိုယ်ပြောနေတယ်လေ။ မင်းမျက်လုံးပေါ် လက်ကိုပြန်ချ၊ မျက်စိမှိတ် ထား မှိတ် အေးဟုတ်ပြီ။ မင်းလက်တွေ ကိုယ်ချုပ်မထားချင်ဘူး။ မင်းကိုယ်တိုင်ချုပ်တည်းစမ်း၊ လျှော့. . . လျှော့

"ဟင်း. . . ဟင်း. . . ဟင်း"

"ခုပေါ်မှီချလိုက်။ ဘာမှမဖြစ်ဘူး။ ကောင်းသွားပြီ၊ ဘာမှ တော့ဘူး။ မျက်လုံးတွေပိတ်ထား၊ ကိုယ်မင်းလက်ကိုလွှတ်လိုက်မယ် ပြန်လွှတ်ပေးမယ်နော် ဟုတ်လား"

"ဟင်း. . . ဟင်း. . . ဟင်း"

"ဟုတ်ပြီ၊ စိတ်ကိုအရင်ဖြေလျှော့လိုက် မင်းလက်ကိုဒီအတိုင်း ထား။ ကိုယ်ဆေးယူလိုက်ဦးမယ်"

"ဟင်း. . ."





"ဆေးသောက်လိုက်နော်၊ ညီ မင်းကိုမင်းဘာမှမလုပ်ရဘူးနော်၊ ဒီအတိုင်းပဲ ငြိမ်ငြိမ်လေးနေ။ အေး. . . အေး"

". . . ဟင်း"

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

## အခန်း (၁၆)

"တကယ့်ကို ရှုဖို့ဆင်ထားတဲ့အတိုင်းပဲ ကိုယ့်ညီနေရာမှာ တခြားတစ်ယောက်သာဆို ရှုချင်ရှုနေလောက်ပြီ။ အဟင်း ရှုတာတော့ လုလုပပရှုမှာမဟုတ်ဘူး။ ကိုယ့်ညီကားပေါ်မှာတုန်းက ကိုယ့်မျက်လုံး ကိုယ်ထိုးဖောက်ဖို့ကြိုးစားသလိုမျိုးပေါ့။ သွေးရှူးသွေးနှမ်းနဲ့ မျက်လုံးကန်း ပြီး အရူးကန်းကြီးဖြစ်နေမှာ"

သည်စကားက မိမိပြဿနာ နိဒါန်းကိုပါသိလိုက်ရပြီးနောက် ကိုမိုးဇော် အရွှန်းဖောက်လိုက်ခြင်းပဲဖြစ်သည်။

ညီစေကတော့ တရှည်တလျားပြောပြပြီးသည်နှင့် နှစ်ဆ လောက် မောလျကျန်ခဲ့သည်။ တစ်ဆက စကားရှည်ရှည်ပြောခဲ့မှု ဖြစ်မည်။ ကျန်သည့်တစ်ဆက

"အဟင်း. . . ကိုယ်မင်းကို လှောင်တာမဟုတ်ဘူးနော်။ ညီ တမင်ပျော်စေပျက်စေ စိတ်ပေါ့ပေးတာ ညီ့အဖြစ်က အရှုးဆင်ကြီးနဲ့





"ကျွန်တော်နားလည်ပါတယ်။ အစ်ကို"

"ညီ့ကိုတော့ ကိုယ့်ချီးကျူးတယ်။ တကယ်ပါကွာ"

ပြုံးလျက်ပြောနေသည့် သူ့အမူအရာက တဖြည်းဖြည်း ပြောင်းလဲလာ၏။ နဖူးကြောများ ရှုံ့အောင် မျက်မှောင်ကျုံ့ကာ

"ဒါပေမဲ့. . ."

စကားစပြီးမှ တစ်စုံတရာကို စဉ်းစားမိဟန်နှင့် တည်တံ့သွား ပြန်သည်။ သူ့အရိပ်အကဲကိုကြည့်ကာ မိမိစကားများကို ယုံကြည်သလား။ မယုံကြည်နိုင်ဖြစ်သွားသလား။ ညီစေ မဝေခွဲတတ်သေး။

မိမိတစ်ဦးတည်းက နာနာဘာဝတို့အား ကြုံတွေ့နေရခြင်း၏ အကြောင်းအရင်းကို ထပ်တလဲလဲမေးလာ၍သာ အစကမပြောဖြစ်ခဲ့သည့် စနေနှစ်ရက်တွဲ အဖြစ်အပျက်ကို ပြောပြခဲ့မိသည်။

တကယ်တမ်း သူသည် အောင်ပြည့်ကဲ့သို့ ငယ်ပေါင်းကြီးဖော် သည်းမဟုတ် ရွှေပြည်စိုးလို မိမိအား လုံးဝယုံကြည်နားလည်မှုရှိသော သူငယ်ချင်းလည်းမဟုတ်။

ပြီး. . . လူနာအဘိုးအိုနှယ် ရက်ပိုင်းအတွင်း သက်တမ်း တုန်တော့မည့် ဝေဒနာသည်လည်းမဟုတ်။ သို့ပေမယ့် ပြောမိခဲ့ပြီ။

"အင်း. . . ကိုယ်အခုပြောမှာက ကိုယ့်အယူအဆသက်သက်ပဲ နော်။ ကိုယ်တွေးမိတာကို တွေးမိထားတဲ့အတိုင်း ပြောကြည့်မယ်။ အဲ ကိုယ့်ညီမို့လို့လည်း ပြောတာပါ။ တခြားသူသွားပြောရင် ဒီစကားတွေက စိတ္တဇဆန်နေမှာ"

www.burmeseclassic.com



"ဟုတ်၊ ပြောကြည့်ပါ အစ်ကို ကျွန်တော့်ပြဿနာကိုတောင် အိတ်သွန်ဖာမှောက်ပြောခဲ့သေးတာပဲ၊ ဒီအရှုံးဖောက်နဲ့ ပတ်သက်လာမှ တော့ စိတ္တဇဆန်တဲ့ အတွေးမျိုးပဲထွက်လာမှာပေါ့ "

ကိုမိုးဇော်က မိမိစကားကို ဆုံးအောင်နားထောင်ကာ ခေါင်းတဆတ်ဆတ်ညိတ်သည်။ ပြီး၊သူ့အကျင့်အတိုင်း အလေးအနက် မပြောမီ နှုတ်ခမ်းကို တင်းတင်းစေ့ထားလိုက်၏။

နားကိုစွင့်ထားရင်းမှ ဝရန်တာအောက်သို့ ငုံ့ကြည့်မိရသည်။ သည်မြို့ကလေး၏ တစ်ခုတည်းသော လမ်းမကြီးအား အပေါ်စီးမှ မြင်လိုက်ရ၏။

" နေရာတစ်ခုမှာ အလင်းရောင်ရှိတဲ့အခါ အရိပ်ရှိတယ် မဟုတ်လား တစ်ဘက်က အလင်းရောင်ထိုးရင် တစ်ဘက်မှာ အရိပ် ထင်ရတာယ်လေ "

ညဥ့်မနက်လှသေးသည်မို့ လမ်းမပေါ်တွင် အသွားအလာ မပြတ်သေး၊ မိမိတို့တည်းခိုရာနှင့် မျက်နှာချင်းဆိုင်မှ သုံးထပ်အဆောက် အဦကြီးပေါ်တွင်လည်း လူရိပ်သူယောင်များ မြင်နေရဆဲပင်။

မိမိ စိတ်အထင်သည် မှန်ချပ်များအပြည့် ကာထားသည့် အဆောက်အဦးမှာ အလှဆင်မီးဆိုင်းများနှင့် ကြော်ငြာများ ရောင်းချသော ပြခန်းတစ်ခု ဖြစ်ပုံရ၏။

" အလင်းရှိရင် အရိပ်ထင်ရတာ သဘာဝပဲကို ဟောဟိုက လမ်းသွားလမ်းလာတွေကိုကြည့်။ လမ်းဟိုဘက်က လျှပ်စစ်





မီးရောင်တွေကြောင့် အလင်းရောင်မရှိတဲ့ ဒီဘက်ခြမ်းမှာလာပြီး သူတို့အရိပ်တွေ ထင်နေတယ် မဟုတ်လား "

လမ်းမပေါ်အကြည့်ပြန်ရွေ့တွင် အလင်းဝါဝါများထဲ ဟိုဒီ သွားလာနေကြသူများကို မြင်ရ၏။

သူတို့အားလုံး ရုပ်ဝတ္ထုပစ္စည်း ဒါတွေနဲ့ ဆက်စပ်ပြီး ဖြစ်လာတဲ့ အရိပ် ကိုယ့်ညီ ဒီလိုအလွယ်မှတ်လိုက် နေရာရဲ့ အရိပ်လို့ "

" နေရာရဲ့အရိပ် "

စကားရပ်အသစ်ဖြစ်၍ သံယောင်လိုက်ရေရွတ်ရသည်မှာ အာတွေ့လှသည်။ နေရာ၏အရိပ်။

သို့သော် နေရာတိုင်းတွင်တော့ အရိပ်ရှိမည်မထင်ပါ။မိမိ မျက်မြင်ပင် တညီတည်းသော အလင်းရောင် အောက်ဝယ် လူပေါင်း များစွာနှင့် ကွဲလွဲစွာ အရိပ်ပျောက်နေသောသူတွေ။

" အဲဒီ နေရာရဲ့ အရိပ်သဘောကို အချိန်ကာလယန္တရားထဲ ထည့်ကြည့်လိုက် "

သူ့စကားက သော့ချက်တစ်ခုဖြစ်ပုံရသည်။ သို့သော် မိမိမှာ ဆက်တွေးရန်အားမရှိ၊ မှတ်ဉာဏ်ဆိုးများနှင့်ပြည့်နှက်နေသည့် မိမိ ဦးနှောက်ထဲ အရိပ်မဲ့သတ္တဝါများ

သုံးလွှာအမြင့်ရှိ ဝရန်တာမှ စီးမိုးကြည့်နေသည်မို့ ထိုသူတို့ သဏ္ဌာန်ကို ပီသစွာ မမြင်ရသော်လည်း အခြားလူများနှင့် ပုံစံချင်း ကွဲလွဲမှန်းသိနေသည်။

www.burmeseclassic.com



အရိပ်မရှိခြင်းတစ်ခုသာ ခြားနားနေသည့် လူယောင်ဖြူဖြူများ သူတို့ကိုယ်တိုင်များ အရိပ်ဖြစ်နေကြသည်လား။

" ပစ္စုပ္ပန်ဆိုတဲ့ ကာလငယ်လေးဟာ အတိတ်ရဲ့ အလင်းပြော ခံရရင် အနာဂတ်မှာ အရိပ်ထင်သွားလိမ့်မယ်။ ညီစဉ်းစားကြည့်လေ ဟိုးအရင်ရက်တွေဆီက ဖြစ်ခဲ့သမျှကြောင့် မနေ့ညက ညီကြုံတွေ့ခဲ့ရတဲ့ အဖြစ်ကိုပဲကြည့် တကယ်လို့ ကိုယ်သာ အချိန်မီမတားခဲ့နိုင်ရင် ညီ ခုချိန်မှာ မျက်မမြင်ဘဝကိုရောက်နေတော့မယ် အဲကိုယ့်ကျေးဇူးကို ဖော်ပြီး သူ့ရဲကောင်းလုပ်ပြောတာမဟုတ်ဘူးနော် ကိုယ့်ညီ "

မျက်မမြင်ဘဝ အဲ့သည်အဖြစ်က ပိုမကောင်းဘူးလားဟု မိုက်မိုက်ကန်းကန်းတွေးမိ၏။ အကယ်၍သာ မိမိမျက်လုံးတို့ အမြင်မဲ့နေပါလျှင် သည်အရိပ်မရှိသော အရိပ်များကို မြင်နိုင်မည်မဟုတ်။ မိမိ ဘာကြောင့်မြင်နေရသည်လဲ။

ဘာကြောင့်များ ကန်းဆွံ့မသွားရသည်လဲ သည်နာနာဘာဝများ ကို မြင်တွေ့နေဖို့သက်သက်ပဲလား။

"အခု ကျွန်တော်မျက်စိမြင်နေရတာက ကျွန်တော့်ကို ခြောက်လှန့်မယ့် အရိပ်တွေကို မြင်ရဖို့အတွက် ဖြစ်မနေဘူးလား အစ်ကို ကျွန်တော်သွေးပျက်ချောက်ချားဖို့ သွက်သွက်ခါရူးသွားဖို့အတွက် ကျွန်တော့်မျက်လုံးတွေက မြင်နေရတာလား"

ကိုမိုးဇော် အလန့်တကြားဖြစ်သွားပုံရသည်။ မိမိမျက်နှာအား ဆတ်ခနဲ လှည့်ကြည့်လာ၏။ သတိလက်လွတ်ရေရွတ်နေခြင်းမဟုတ်မှန်း





သချာမှ သူသက်ပြင်းချနိုင်သည်။

" ညီ. . . ဖောက်မလာနဲ့ကွာ ဒီမယ် ကိုယ်ပြောတာတွေ းထောင်နေရဲ့လား "

" ဟုတ်. . . နားထောင်နေပါတယ်၊ ဒါပေမဲ့ ပြောပြီးတဲ့ အထိပဲ ကျွန်တော်နားလည်တယ် အစ်ကိုဘာကိုဦးတည်ပြီးပြောနေမှန်း တွေးတတ်ဘူး၊ မစဉ်းစားတတ်ဘူးအစ်ကို၊ ကျွန်တော် ဉာဏ်မမီလို့လား သိဘူး "

" ညီ နားထောင်တယ်ဆိုရင် ပြီးတာပါပဲ ခေါင်းရှုပ်နေတဲ့ အချိန်မှာ အပင်ပန်းခံပြီး လိုက်စဉ်းစားမနေပါနဲ့. . . ကိုယ်အစကတည်း က စကားခံပြီးသားပဲ၊ ပြောမယ့်အကြောင်းအရာက အတွေးခေါင်ပြီး လျှောက်ပြောသလိုဖြစ်နေလိမ့်မယ်လို့ အဲကိုယ်ပြောတာ ဘယ်ရောက်သွား ပြီလဲ "

သည်အမေးက မိမိစိတ်ဝင်စားမှုရှိ၊ မရှိစမ်းသပ်သည့် းခွန်းမှန်း သိနေသည်။ လမ်းမပေါ်ဆက်မကြည့်ဝံ့တော့၍ ဝရန်တာ တက်ရန်းအား ကျောမှီကာ သူ့လိုပင် ပြောင်းရပ်လိုက်ရသည်။

" ပစ္စုပ္ပန်ရဲ့ အရိပ်အဖြစ်နဲ့ အနာဂတ်မှာ ထင်တတ်တယ်တဲ့ ျွန်တော်နားစိုက်ထောင်ပါတယ် အစ်ကို ဆက်ပြောပါ "

" အဟင်း ညီက တော်တော်အရိပ်အကဲဖမ်းတတ်တာပဲ ကိုယ်တမင်မေးလိုက်မှန်းသိနေတယ် "

အခန်းတွင်းမီးရောင်ဖြင့် သည်မှာဘက်တွင် အရိပ်ကျနေသော

www.burmeseclassic.com



ပြတင်းဘောင်တို့ကို မြင်ရသည်။ မိမိတို့ယူထားသော အခန်းမှာ အတွင်းနံရံများအား အနီရောင်မှိုင်းမှိုင်းသုတ်ထား၏။ တံခါးရွက်တို့သည် ပင် နီလွင်ခန့်ညားစွာ. ...

" ညီ့ ဒိုင်ယာရီထဲက စနေနှစ်ထပ်ဟာလည်း အစစ်အမှန်က တစ်ခု အရိပ်ကတစ်ခု ဒါပေမဲ့ အရိပ်က အစစ်အမှန်ရဲ့ ရှေ့မှာရောက်နေ တယ် "

" အား. . . ပိုရှုပ်ကုန်ပြီ အစ်ကိုရာ အတိတ်ကအလင်းပေးလို့ ပစ္စုပ္ပန်ရဲ့အရိပ်က အနာဂတ်မှာကျတယ်ဆို ဘာလို့ စနေရဲ့ အရိပ်က စနေအစစ်ရဲ့ အတိတ်ဖြစ်နေရပြန်တာလဲ "

" မရှုပ်ပါဘူးညီရယ် အရိပ်က ရှေ့မှာရောက်နေရတဲ့ အကြောင်းရင်းက အနာဂတ်ကအလင်းပေးလို့ပေါ့ "

" အနာဂတ်က အလင်းပေးလို့ ဟုတ်လား "

" အင်း "

ညီစေ မျက်မှောင်ကျုံ့လျက် ခေါင်းရှုပ်သွားချိန်တွင် သူက နားလည်မှုရှိစွာ နှုတ်ဆိတ်ပေးထား၏။ စဉ်းစားပါစေပေါ့။

မိမိလည်း ဉာဏ်မီသမျှနှင့် ဖျစ်ညှစ်၍တော့ စဉ်းစားပါသည်။

" ညီ့ဆီကို ဦးတည်ပြီးလျှောက်လာတဲ့ လူတစ်ယောက်ဆိုပါစို့ကွာ ညီက သူ့ကို အလင်းရောင်တစ်ခုခုနဲ့ လှမ်းထိုးထားမယ် "

ခေါင်းခြောက်လာခြင်းသာ အဖတ်တင်၏။ ကိုယ့်ဉာဏ်ကိုယ် ကိုး၍မရ။.





" သူ့အရိပ်ဟာ သူလျှောက်လာခဲ့ပြီးသား လမ်းမပေါ်မှာ သူနေမှာပေါ့ မဟုတ်ဘူးလား. . . "

သည်တော့ နားထောင်သမားသက်သက်ပဲလုပ်လိုက်၏။ သူပြောတော့လည်း နားလည်လွယ်ပြန်သည်။ မိမိကိုအနာဂတ်ဟု သဘောထားကြည့်ရှုပင်။

" အို. . . ဒါဆိုသူကျွန်တော့်ကို လွန်သွားရင် အရိပ် ပျောက်သွားမှာပေါ့ ဟုတ်လား ကျွန်တော် ကျွန်တော်ကရော တကယ့် ဩသနားမှာ ကျွန်တော်က သူ့ရဲ့နေရာမှာလေ ကျွန်တော့်ဆီကို လျှောက်လာတဲ့လူရဲ့ နေရာမှာလေ "

" ဒါပေါ့၊ ကိုယ့်ညီတွေးတတ်ပါတယ်၊ သူကမင်းကို လွန်သွားရင် အရိပ်ပျောက်သွားသလိုမျိုးပဲ "

ကိုမိုးဇော် မဆက်ဘဲ ချန်ထားသည့်စကားကို မိမိဝမ်းသာအားရ ဖြည့်စွက်လိုက်သည်။ တွက်ချက်၍မရသည့် သင်္ချာပုစ္ဆာတစ်ပုဒ်အား ဆရာက ကူ၍ဖြေရှင်းပေးလိုက်သည့်နောက် အဖြေသို့ ဆိုက်ရောက်သွား သဖြင့် ပျော်ရွှင်သွားသည့် ကလေးငယ်လို။

" ကျွန်တော်လည်း အလင်းရောင်ကို ကျော်လွန်ပြီးရင် အကွဲတွေကနေ ငြိမ်းချမ်းသွားရမှာပဲပေါ့ဟုတ်လား။ ကျွန်တော်ဒီနာနာ ဘဝကောင်တွေကို မမြင်ရတော့ဘူးပေါ့ "

နှစ်ဦးသား ပြုံးမိရာက ရယ်ဖြစ်ကြသည်။ မိမိရယ်သံသည် ထိုက်လိုက်လှဲလှဲကျယ်လောင်နေမည်ထင်၏။ သို့သော် အပျော်သည်

www.burmeseclassic.com



သက်တမ်းမရှည်ခဲ့ရှာ။

မစဉ်းစားနိုင်ခင်က တစ်လုံးတစ်ပါဒမျှ ထွက်ကျမလာခဲ့သည့် ဦးနှောက်က ယခုမှ တွေးတတ်လွန်းနေခဲ့ပြန်သည်။ မလိုလားအပ်သော အတွေး မိမိခေါင်းထဲဝင်မလာသင့်သော မေးခွန်း။

“ ဒါပေမဲ့ အဲ့ဒီအနာဂတ်က ဘယ်မှာလဲ။ ကျွန်တော်ဘယ်အချိန် ဒီအရိပ်တွေနဲ့ ခရီးဆက်နေရမှာလဲ။ ဘယ်အချိန်ကျမှ ဒီအလင်းရောင်ကြီး ကို ကျွန်တော်ကျော်လွန်နိုင်မှာလဲဟား ”

“ ဒီနေ့အထိတောင် ညီတင်းခံနိုင်ခဲ့ပြီပဲကွာ။ မကြာခင်တော့”

“ အဲ့ဒီမကြာခင်ကို အမြန်ဆုံးရောက်အောင် ကျွန်တော် ပြေးသွားလိုက်ချင်တယ်အစ်ကိုရာ။ ဒီလိုမှမဟုတ်ရင် ကျွန်တော့်မျက်လုံး တွေ ခဏကန်းနေမှဖြစ်မယ် ”

ကိုမိုးဇော်၏ မျက်လုံးအစုံမှာ မြင့်တက်သွားပြန်၏။

“ လုပ်လာပြန်ပြီလား။ ကဲ ထားပါတော့ကွာ။ ညီမျက်လုံး မမြင်ရတော့ပါဘူးတဲ့။ ငြိမ်းချမ်းသွားမယ်ထင်လို့လား ”

“ မြင်နေရလို့ မငြိမ်းချမ်းတဲ့ ဥစ္စာ။ ကန်းသွားရင်ပြီးပြီ ”

“ အသံ ”

“ ဗျာ ”

“ ညီ ကြားနေရတဲ့အသံတွေလေ။ သံယောင်သြသြဆိုတာ”

“ အား . . . . . . ”

မိမိသည် နားနှစ်ဘက်ကိုပါ ထုခြေရိုက်ခွဲပစ်ရတော့မည်လား။





ရုန်တာလက်ရန်း၏အခြေသို့ ပျော့ခွေကျသွားရသည်။ ခြေပစ်လက်ပစ် ထိုင်ချရင်းမှ ခေါင်းကိုမော့လှန်ကာ ကောင်းကင်နက်နက်ဆီ အစိပ်ပါယ်မဲ့ ငေးရီနေမိ၏။ အဆက်မပြတ် ရှိုက်ထုတ်မိသော သက်ပြင်းများကြား လေးလံနုံးချည့်လာသည်။

“ ဒီအသံတွေကရော အရိပ်တွေပဲလား အစ်ကို ”

“ ဘယ်လို ”

“ အသံတွေလေ။ ကျွန်တော်ပြောသမျှလိုက်တုပြီး ပြောနေတဲ့ အသံတွေ ဒီဟာတွေကလည်း ကျွန်တော့်စကားသံရဲ့ အရိပ်တွေပဲလား။ နေရာရဲ့အရိပ်၊ အချိန်ရဲ့အရိပ်၊ အသံရဲ့အရိပ်ဟာ သေချင်တယ်အစ်ကို ရာ ”

“ ဘာပဲဖြစ်ဖြစ် ဒီညမှာတော့ ညီ ငြိမ်းချမ်းရမှာပါ ”

(ဘာဖြစ်လို့လဲ)

အတွေးထဲမှ မေးခွန်းကိုပင် အသံဖြစ်အောင် မဖော်ထုတ်နိုင်စွမ်းတော့. . . သူပြောသည့်အတိုင်းဖြစ်ပါရစေတော့ဟုသာ။

“ ကိုယ်ကြားဖူးတာတစ်ခုရှိတယ်။ အနီရောင်ကို မကောင်း ဆိုးဝါးတွေက ကြောက်တယ်တဲ့၊ ဘေဘီလုံ လူမျိုးတွေရဲ့ ရိုးရာမှာဆိုရင် ကောင်းဆိုးဝါးပါးစပ်ကနေတဆင့် ခန္ဓာကိုယ်ထဲမဝင်ရောက်နိုင်ဖို့ နတ်ခမ်းတွေကို အနီရောင်ခြယ် လေ့တစ်ခုတောင်ရှိသေးတယ်။ ဆက်ခေတ်မှာ နှုတ်ခမ်းဆိုးကြတဲ့အစဉ်အလာက အဲ့ဒီကစတာပဲ ကြည့်စမ်း။ ကိုယ်တို့အခန်းဟာ အနီရောင်တွေချည်းပဲ။ ညီ့ဆီကို

www.burmeseclassic.com



ဘာကောင်မှလာကပ်ရဲမှာ မဟုတ်တော့ဘူး ''

'' ဒီညတော့ ဟုတ်တာပေါ့အစ်ကိုရာ။ တစ်သက်လုံးဒီအ...
အောင်းနေရမလိုဖြစ်နေပြီ။ ဒါမှမဟုတ် ရောက်လေရာအရပ်...
တည်းသမျှအခန်းတွေကို အနီရောင်ဆိုးပစ်ရမလိုဖြစ်နေပြီ ''

'' ဩော်. . . ကိုယ့်ညီကလည်း အခန်းရွေးပြီးတည်းကြတာ...
ကွာ ''

'' ဒီလိုမှမဟုတ်ရင်တော့ ကျွန်တော်အမြဲတမ်းနှုတ်...
ဆိုးထားမှနဲ့တူတယ် ''

'' ဟာ ကောင်းတယ်။ ကောင်းတယ်။ ဟား. . . ဟား ''

'' ဟား. . . ဟား. . . ဟား ''

❀ ❀ ❀ ❀ ❀



## အခန်း (၁၇)

'' ဟား. . . ကိုယ်အခုမှ သတိထားမိတယ်ကြည့်စမ်း ''

ကွမ်းစင်ကြိုကြားမှ ပြန်ထွက်နေကြစဉ် ကိုမိုးဇော်က အမှတ်တမဲ့ပြောလာသည်။ သူ့စကားက ဘာကိုရည်ညွှန်းသည်ဟု မိမိ မသိ။

'' ကိုယ့်ညီက အနီရောင်ဝမ်းဆက်နဲ့ ပါလားကွ။ ဟား. . . ဟား မကောင်းဆိုးဝါးတော့ ပြေးပါရဲ့ ကျွဲဇော့ခံရမယ့်ကိန်းဆိုက်နေတယ် ''

'' အာ. . . အစ်ကိုရာ ကျွန်တော်က အခုတွေ့ခဲ့ကြတဲ့ ဆရာ အကြောင်းများ ပြောတာလားလို့။ ဘာကိုများသတိထားမိပါလိမ့်ဆိုပြီး နားထောင်နေတာ ''

ကွမ်းစင်များ၏ အလွန်တွင် ကျယ်ပြောသည့် မြေတလင်းတစ်ခု သည်လိုနေရာမျိုးအား မည်သူက ဆေးကုသသည့်ဌာနဟု ထင်မည်လဲ။

www.burmeseclassic.com



" ကိုယ်ကတော့ သူ့ကို ယုံတယ်။ မယုံဘူးဆိုတာထ လေးစားမှုတစ်ခုတည်းနဲ့ ချဉ်းကပ်ခဲ့တာ "

" ဟုတ်တယ်။ ကျွန်တော့်အနေနဲ့လည်း သူ့ပညာကို အကြွင်း မယုံနိုင်ပေမယ့် သူ့စိတ်ဓါတ်ကိုတော့ လေးစားမိတယ်။ ဆရာဝန်တွေ တော့ တခြားစီပဲ "

" အဟား. . . ကိုယ့်ကိုများပြောလိုက်တာလား "

ခြံဝင်းထဲမှ ထွက်လာသည့်တိုင် လမ်းမပေါ်သို့ ပြန်မရောက် သေး၊ ကွေ့ကောက်သော ခြေသွားလမ်းကလေးသည် ခြံနှင့်လမ်းအကြား မြက်ခင်းဝါကို ခွဲခြမ်းလျက် ဆက်သွယ်ထားချေ၏။

'ကေရာဖ်ခြံ'ဟူသော ကမ္ပည်းစာသားက ကေရာဖ်ပင်တစ်ပင် မရှိသော သည်ခြံရှေ့ဝယ် ကာရန်မဲ့ရပ်တည်နေသည်။ အမှန်တကယ် ပေးသင့်သည့် နာမည် 'ကွမ်းခြံ' ဆိုသည်ကြီးကလည်း မိမိစိတ်ထဲ သိပ်မလိုက်ဖက်ဟုထင်မိ၏။

ကွမ်းရွက်ပင် ဝါးစင်တန်းလေးများသာရှိသည်ဆိုသော်လည်း သည်ခြံ သည်မြေအတွက် ခန့်ညားသည့် အမည်နာမရှိသင့်သည်သေ

" ဒီဆရာက သူ့နာမည်ကို ဆိုင်းဘုတ်တင်မထားဘူးနော် အစ်ကို။ သိတဲ့လူဆို ဒီနေရာကို သာမာန်ကွမ်းခြံလို့ပဲ ထင်မှာ "

" ဒါကတစ်ချက် ကိုယ်လေးစားတဲ့အချက်တွေထဲမှာ ဒါလည်း ပါတာပေါ့ ညီရ။ ဒါကို ကိုယ်အဝင်မှာကတည်းက သတိထားမိခဲ့တာ နောက်တစ်ချက်က အနေရိုးတဲ့ လိုက်ဖ်စတိုင်လ်ကို ကြိုက်တာ။ ညီ





တွေ့တယ်မဟုတ်လား။ သူလိုင်ါလိုထက်ကို ပိုပြီး ရိုးစင်းတယ်။

" ကျွန်တော်ကတော့ ဆေးဖိုးဝါးခကို လုံးဝစကားထဲထည့်မပြော တာကိုပဲ ကျွန်တော်ကြည့်နေတာ တချို့လူနာတွေဆို ပေးတောင် သွားဘူး "

" ဟော. . . လာကြပြန်ပြီ "

ကိုမိုးဇော်က ရှေ့ဆီမျှော်ကြည့်ရင်း ပြောသည်။ ခြေသွားလမ်း ကလေးအား ခွလျက် မြက်ခင်းထဲဘီးချ မောင်းဝင်လာသော ဂျစ်တစ်စီး သည်လမ်းကလာလျှင် သည်ခြံသို့သာ ဝင်ဖို့ဖြစ်ရမည်။ ပြီး၊ သည်အရှိန်နှင့် မောင်းလာကတည်းက အရေးကြီးလူနာရယ်ဟု သိလာ၏။

" ဒီဆရာကမှ ဆေးဖိုးဝါးခဆိုတဲ့ ဝေါဟာရနဲ့ ကိုက်တာ "

ကားလေးက ညီစေတို့အား မြင်လိုက်၍ အရှိန်လျှော့သွားသလို မိမိတို့ကလည်း လမ်းပေါ်မှ ခွာ၍ဖယ်ရှောင်ပေးထားလိုက်သည်။

" ဆေးဖိုးလည်းဟုတ်တယ်။ ဝါးခလည်းဟုတ်တယ် "

ကိုမိုးဇော်စကားမဆုံးမီ ဂျစ်ကလေးက မိမိတို့အနီးတွင် က်မသတ်ဘဲ ထိုးရပ်လာ၏။ ရှေ့ခန်းမှ အဘွားကြီးတစ်ယောက်က ားပြူတင်းပေါက်မှ ခေါင်းထုတ်၍မေးသည်။

" ဒါ. . . ဆရာမန်းရဲ့ ဆေးခန်းသွားတဲ့လမ်းမဟုတ်လား။ မောင်ရင်တို့ "

" ဟုတ်တယ်ခင်ဗျ။ ဟုတ်တယ် "

လုံးခန် ထလာသည့် ဖုန်မှုန့်များအကြား နှစ်ယောက်သား

www.burmeseclassic.com



ကျန်ခဲ့သည်။ ကိုယ်စီမျက်နှာများကို လက်ဝါးနှင့်အုပ်ကာရင်း စကားပြော်
သွားရ၏။ လမ်းမကြီးပေါ်ပြန်ရောက်လေမှ စကားပြန်စနိုင်သည်။

" ဒီဆရာက မနက်ဖြန်မှ ကျွန်တော်တို့နဲ့ တွေ့နိုင်မှာဆိုတော့
ဒီညနေကို ဘယ်လိုအချိန်ဖြုန်းကြမလဲ။ တခြားရော ဘယ်သွားစရာ
ရှိသေးလဲ အစ်ကို "

" မရှိပါဘူး။ ဒီနယ်မှာတော့ ကိုယ်သူနဲ့ပဲတွေ့မယ်လို့ စိတ်
ထားတာညီ အင်း. . . ဟိုတယ်ကို မပြန်ချင်သေးရင်တော့ ကိုယ့်အင်
တစ်ယောက်စီ ခဏဝင်ရအောင် "

" ဆရာဝန်ပဲလားအစ်ကို "

" အင်း. . . ဆိုပါတော့ကွာ ဟုတ်တယ်လို့ "

ကိုမိုးဇော်အဖြေက နည်းနည်းထူးဆန်းသလို ထင်မိသည်
ဆရာဝန်ဆိုလည်း ဆရာဝန်။ သည်လိုဆရာဝန်ဆိုပါတော့ဟု ပြောရမည့်
အမျိုးအစားမှမရှိဘဲ။

ပြီး၊ တကယ့်တကယ် တွေ့ကြသည့်အခါ ပို၍ ဇဝေဇဝါဖြစ်ရ
ဆရာဝန်ဆိုသည့် လူစားအတွက် သီးသန့်ရုပ်ရည်ကို ပညတ်မထား
သော်ငြား အတွေ့အကြုံအရတော့ ညီစေခွဲခြားသိစွမ်းသည်။

သို့သော် သည်လူကဆိုပါတော့ ဆရာဝန်ထက်မက လိုင်
ဆရာဝန်။ ကိုမိုးဇော်အခေါ်အပြောအားဖြင့် သည်ဆရာဝန်လိုလိုလူ
ကိုယဉ်မင်းအောင်ဟု သိရသည်။

" ကျွန်တော်နဲ့ ခင်ဗျားနာစ်က ဘဝတူတွေပဲ၊ ကျွန်တော်လည်း





အမေတစ်ခုသားတစ်ခုပဲ "

အတော်ကြာကြာ စကားပြောဖြစ်ပြီးသည့်နောက် ကိုယဉ်မင်း
အောင်က သည်လိုဆိုလာသည်။ စကားဝိုင်းထဲတွင် မိမိနှင့်သူကသာ
လေပေးဖြောင့်စွာ ကိုမိုးဇော်က သည်မြို့သို့ရောက်လာရသည့် အကြောင်း
အရင်းလော်ကသာပြော၏။

" ဒါနဲ့ ခင်ဗျားကြည့်ရတာ အိပ်ရေးမဝသလိုပါပဲလား။
ဘာတွေများအလုပ်များနေလဲ ကိုမိုးဇော် "

" မများပါဘူးဗျာ။ ဆရာမန်းအကြောင်းတွေးနေမိလို့ပါ။
ခင်ဗျားတို့ဘဝတူချင်းပဲ ပြောကြပါ "

" ဩော. . . ခင်ဗျာဒီလုပ်ငန်းစနေပြီကိုး ဘယ်လိုလဲ
ဆရာမန်းနဲ့တွေ့ရတာ အကျိုးရှိရဲ့လား "

" ဒီနေ့က လူနာကျတတ်တဲ့နေ့မို့ စကားကောင်းကောင်း
ပြောဖြစ်ခဲ့ပါဘူးဗျာ။ သူ့ရဲ့ကုသပုံ ကုသနည်းကို အနီးကပ်လေ့လာရုံပဲ
ရှိသေးတယ်။ မနက်ဖြန်မှ ဆွေးနွေးဖြစ်ကြမှာ "

" ဩော်. . . အိပ်ချိန်စားချိန်တော့ ဂရုစိုက်ဗျနော်။ ခင်ဗျား
ကိုယ်တိုင်က ဆရာဝန်ဆိုပေမယ့် ခရီးသွားနေရတဲ့လူမို့ သတိပေးရတာ။
ကိုညီစေမင်းလည်း အတူတူပဲနော် "

ညီစေ ပြုံး၍ခေါင်းညိတ်ပြလိုက်သည်။ သူက မိတ်ဆွေဝတ္တရား
နှင့် ဆိုသည်မို့ ကသိကအောက်မဖြစ်မိ။ ကိုမိုးဇော်လည်း မိမိနည်းတူ
ဖြစ်မည်ထင်သည်။

www.burmeseclassic.com



'' ဒါနဲ့ ကိုညီစေမင်းမှာ အင်ဆန်နီးမီးယားတို့ ဟိုင်ပါဆန်နီးမီးယားတို့ မရှိပါဘူးနော် ''

'' ဗျာ ''

သတိပေးစကားမှ ဆက်နွယ်လာသော သည်အမေးကတော့ အနည်းငယ်ဆန်းသလိုရှိလာသည်။ အိပ်မပျော်သည့် ရောဂါနှင့် အအိပ်လွန်ရောဂါ။

'' ဟို. . . မရှိပါဘူး။ ကိုယဉ်မင်းအောင် ဘာလို့များ ''

'' ဘာရယ်မဟုတ်ပါဘူး၊ အလုပ်ချိန်အဖြစ် သတ်သတ်မှတ်မှတ်မရှိတဲ့ ရီဆော့ချ်သမားတွေမို့ မေးကြည့်တာပါ ''

ဆိုသော်လည်း

သူ့အမူအရာက သည်အကြောင်းပြချက်ထက်ပို၍ လေးနက်နေသယောင်ပင်။ ကိုမိုးဇော်အား လှည့်ကြည့်မိတော့ မိမိတို့စကားများကို မကြားသလို စောစောကအတိုင်း တွေးငေးနေမြဲ။

'' ကိုညီစေမင်းကို ကြည့်ရတာ အနိုရောင်ကို အတော်ကြိုက်ပုံရတယ် ''

မိမိဝတ်ထားသည့် အနီကွက်ဖလန်နယ် အင်္ကျီနှင့် နီညိုရောင်ဂျင်းဘောင်းဘီအားကြည့်၍ ပြောလိုက်ခြင်းဖြစ်မည်။ မိမိအကြောင်း မိမိသိနေသဖြင့် ရှက်ရယ် ရယ်ကာခေါင်းညိတ်မိသည်။

တကယ်တမ်း အနီရောင်အား မိမိမနှစ်သက်၊ သည်အကြောင်းနှင့် ပတ်သက်၍ စကားမဆက်လို၍သာ။





သည့်နောက် ပြောဖြစ်ကြသည့် အကြောင်းအရာများက မသိမသာနှင့် ပုဂ္ဂိုလ်ရေးဆန်လာသည်။ အထူးသဖြင့် မိမိအကြောင်း၊ မိမိထံမှ တစ်စုံတရာကို နှိုက်ယူအစထုတ်နေသလို ခံစားလာရ၏။ စဉ်းစားမိလေ သက်ာယနံ့မကင်းဖြစ်ရလေ။

သည်ရောက်ကတည်းက ဟိုငေးသည်ငေးနှင့် နှုတ်နည်းနေသည့် ကိုမိုးဇော်၏ပုံစံက မိမိတို့နှစ်ယောက်စကားပိုပြောဖြစ်အောင် တမင်ဖန်တီးပေးနေသလိုပင်၊ အမှန်ဆို ကိုယဉ်မင်းအောင်မှာ သူ့အသိ၊ သူ့မိတ်ဆွေ

'' ကိုမိုးဇော် ''

'' ဆို. . . ကိုယဉ်မင်းအောင် ''

သည်လို သူ့နာမည်ကို ရုတ်တရက်ခေါ်လိုက်ချိန်တွင် အတွေးနစ်နေသူပီပီ ဆတ်ခနဲတော့ တွန့်ရွံ့သွားသင့်သည်။ အမှတ်တမဲ့ ထူးလိုက်သည့်ဟန် မပေါက်သော ကိုမိုးဇော်၏အမူအရာ ညီစေမျက်မှောင်ကျုံ့ကာ ကြည့်လိုက်မိသလားပဲ။

'' ဒီညနေစာကို ကျွန်တော်လိုက်ကျွေးပါရစေကွာ။ ခင်ဗျား မငြင်းပါနဲ့။ ဒီမှာ ကျွန်တော်က အိမ်ရှင် ခင်ဗျားတို့က ဧည့်သည်၊ တဲခင်ဗျားပဲပြောတော့၊ ဘယ်မှာကျွေးရမလဲဆိုတာ ''

'' အေးဗျာ မငြင်းပါဘူး၊ ဆိုင်ကတော့ ခင်ဗျားမြို့ပဲ၊ ခင်ဗျားပဲ ပိုသိလိမ့်မယ်။ ဘယ်မှာကောင်းတယ်ဆိုတာ ''

www.burmeseclassic.com



" ဒါဆိုလည်း ခင်ဗျားတို့တည်းနေတဲ့ ကန့်ဦးရိပ်ကိုပဲသွားကြတာပေါ့ "

❀ ❀ ❀ ❀ ❀



## အခန်း (၁၈)

" အခြေအနေဘယ်လိုလဲ အစ်ကို "

အခန်းသို့ ပြန်ရောက်သည်နှင့် ဆိုင်းမဆင့်ဘုံမဆင့် မေးလိုက်သာကြောင့် ကိုမိုးဇော်ကြောင်သွားပုံရသည်။

" ကျွန်တော့်စိတ်အခြေအနေလေ "

" ဟေ "

အခန်းမီးကိုဖွင့်ရင်းမှ မျက်လုံးအဝိုင်းသားနှင့် မိမိကိုကြည့်ကာ ...ရှေ့ဆောက်သည်။ တဖြည်းဖြည်း ပြုံးဟန်စွက်လာသော သူ့အမူအရာတွင် ...ဒိပ္ပါယ်နှစ်ခွ ရောယှက်နေ၏။

" အား . . . ကိုယ့်ညီအကင်းပါးမှုန်းသိရက် ဆိုက်ကိုတက်စလုပ် ...မိတာ ကိုယ်မှားတာ။ ကိုယ်မှားတာ။ ဆောရီးကွာ "

" ကျွန်တော်မရူးပါဘူးအစ်ကိုရာ။ ဒေါက်တာယဉ်မင်းအောင် ...လည်း ဒီအဖြေမျိုးပဲမေးသွားတယ်မဟုတ်လား။ ဟင်း . . . ကယောင်

www.burmeseclassic.com



ချောက်ချားနဲ့ ထင်ယောင်ထင်မှားတွေ မြင်နေ၊ ကြားနေရတာမဟုတ်ပါ ဘူး။ ကျွန်တော်တကယ် ''

စကားမဆက်နိုင်တော့။ ကိုမိုးဇော်၏ မျက်လုံးအစုံထဲသို့ စိုက်ကြည့်ကာ မျက်မှောင်ကုပ်သွားရသည်။ မိမိအမူအရာအား သတိထား မိပုံမရသည့် ကိုမိုးဇော်က

'' အေးပါညီရယ်၊ အေးပါ။ ညီတကယ်မြင်ရတာ၊ တကယ်ကြား နေရတာလို့ ကိုယ်ယုံသွားပါပြီ။ ဟုတ်တယ်။ ညီ မရူးပါဘူး။ ဒါပေမဲ့ ညီ့စိတ်အခြေအနေကို လိုအပ်မယ်ထင်လို့ ကိုယ်စစ်ဆေးကြည့်ရတာပါ။ ရောဂါတစ်ခုရဲ့အပြစ်ကို တို့ရှာသလိုပေါ့။ အနာသိမှ ဆေးရှိမှာကိုး လွဲသွား ရင် ညီပဲနစ်နာရမှာ အခုလိုနိုင်နိုင်မာမာသိရတော့ ''

'' အစ်ကို . . . အစ်ကို ဘယ်သူ့ကို ကြည့်နေတာလဲ ''

စကားမဆုံးမီ ဖြတ်မေးလိုက်သည့် မိမိမေးခွန်းကြောင့် ကိုမိုးဇော် အသံရပ်သွား၏။ မိမိနောက်သို့ သူကြည့်နေသလား။

ချာခနဲ ညီစေလည်ပြန်လှည့်ကြည့်မိသည်။ မိမိနောက်တွင် ဘယ်သူမျှမရှိမနေ။ မိမိအား အထိတ်တလန့်စိုက်ကြည့်နေသော ကိုမိုးဇော်၏ မျက်လုံးများဆီ အကြည့်ပြန်အရောက်တွင် မိမိနောက်တွင် မတ်မတ်ရပ် နေဆဲဖြစ်သော ပုံရိပ်ကို မြင်ရပြန်သည်။

'' ဘာတွေ့လို့လဲ ညီ ''

သည်ပုံရိပ်ရှင်ကို အမိဖမ်းရမည်။ မိမိရှေ့သို့ တိုးကပ်လာသော ကိုမိုးဇော်၏ မျက်လုံးများကိုသာ မလွတ်တမ်းကြည့်နေမိ၏။ တရွေ့ရွေ့





နီးကပ်ပြီပြင်လာသည့် ရုပ်သဏ္ဍာန်။

'' ညီ ''

ကိုမိုးဇော်၏လက်တစ်ဘက်က မိမိပခုံးစွန်းအား ဆုပ်ကိုင်လိုက် ချိန်တွင် ထင်းခနဲ မြင်လိုက်ရလေပြီ။ မိမိကိုယ်တိုင်ပင် ဖြစ်နေပါလား။

'' အိုး ''

ပခုံးစွန်းမှ လက်အားရုန်းခါ၍ အခန်းတွင်း စာနှံတပြား ငေးကြည့် သည်။ အဖေါ်တစ်ယောက်ရှိနေခြင်းက မိမိကိုသာမာန်ထက် ပိုရဲရင့်စေ သည်လား။

ကြက်သီးမွေးညှင်းများ စိမ့်ထနေသော်လည်း ဝရန်တာအထိ ထွက်၍ရှာမိသည်။ ရိပ်ခနဲ ပျောက်သွားသည့် သဏ္ဍာန်ခပ်ရေးရေးကိုမျှ မမြင်။ အာရုံတွင်တော့ ထိုမျက်နှာက ဟပ်ထင်နေဆဲ။ မိမိမှ မိမိပါပဲ။

မိမိထက် ညှိုးလျော်ဖျော့တော့နေခြင်းသာကွာသည်။

နောက်မှပြေးလိုက်လာသော ကိုမိုးဇော်အား တစ်စုံတရာရှင်းမပြ သေးခင် သူ့မျက်လုံးများထဲ ထပ်ကြည့်မိပြန်သည်။

မှောင်ရိပ်စွန်းသည့် နေရာမို့ ထင်ဟပ်သော ပုံရိပ်တို့ကို မမြင်ရ၊ အလင်းရောင်၏ လှည့်စားမှုလားဟု တွေးထင်လိုက်သေး၏။

စားသောက်ခန်း လှေကား ကြေးဖြတ်သန်းလာသမျှတလျှောက် လုံးသည် လင်းချင်းနေခဲ့ပြီးမှ မှောင်မိုက်နေသည့် အခန်းထဲသို့ ဝင်ရောက် ကာ ဖြတ်ခနဲ မီးအဖွင့်တွင် မိမိကိုယ်ကို နှစ်ထပ်မြင်လိုက်ရခြင်းလား။

သည်အသုံးမကျသည့် ဦးနှောက်က မှတ်ဉာဏ်ဆိုးများကို

www.burmeseclassic.com



ချင်းပြနေပြန်၏။ လူနာအဘိုးအို၏ မျက်လုံးများမှတဆင့် မိမိ၏ ဒုတိယပုံရိပ်ကို မြင်ခဲ့ရသေးသည်လေ။ သံသယစိတ်သည် လွယ်လင့်တကူ ကြေပျက်သွားရ၏။ အလင်းရောင်က မိမိကို မျက်လှည့်မပြပါ။

မိမိအား စိုက်ကြည့်လာသည့် အခြားသူတစ်ယောက်၏ မျက်လုံးများအား မိမိသတိထားမိလိုက်တိုင်း မိမိနောက်တွင် ရပ်နေတတ်သည့် မိမိနောက်တစ်ယောက်ကို မြင်ရမြဲဟု မှတ်ယူရတော့မည်လား။

" ညီ . . . ဘာဖြစ်သွားတာလဲ။ ဘာတွေ့လိုက်ရလို့လဲ "

မိမိပခုံးအား ပုတ်မည်ဟန်ပြင်ပြီးမှ သူ့လက်သူပြန်ရုတ်သွားသည်အတွက် မိမိသူ့ကိုတောင်းပန်ရဦးမည်။

" ဘာမှမတွေ့လို့ ဆိုနေတာအစ်ကို အမှန်ဆိုကျွန်တော် တစ်ခုခုကိုတွေ့လိုက်ရမှာ။ အစ်ကိုဘာမှမမြင်ဘူးလား။ ကျွန်တော့်အပြင် နောက်တစ်ယောက်လေ "

" ညီ့အပြင်တစ်ယောက်ဟုတ်လား။ ကိုယ်မမြင်မိပါဘူး "

သူ မညာမှန်း အမူအရာက ပြနေသည်။ မိမိလည်း သည်လိုပဲ ယူဆချင်ပါ၏။ သူမညာလျှင် မိမိကို ဘယ်သူညာသွားသလဲ။ အရိပ်။

အလင်း၏အရိပ် အသံ၏အရိပ် နေရာ၏အရိပ် အချိန်၏အရိပ်

" ကျွန်တော်ကိုယ်တိုင်ရဲ့ အရိပ်ဟာ ကျွန်တော့်နောက်မှာ မားမားရပ်နေပြီအစ်ကို ကျွန်တော်ရူးချင်တယ်။ အစ်ကိုတို့ဝင်နေကြသလိုမျိုး တကယ်ရူးပစ်လိုက်ချင်တယ် "

" ဟင်း "





နှစ်သိမ့်ရန်စကားကို သူလည်း မရှာတတ်တော့ပြီထင်သည်။ သက်ပြင်းချသံက မိမိစိတ်နှင့်ထပ်တူထပ်မျှနီးပါး လေးလံစွာ ခြောက်ကပ်စွာ၊ သည်ညအိပ်ပျော်နိုင်ဖို့ မလွယ်တော့ပေ။

အနီရောင်ကို ကြောက်သည်ဆိုသော တစ္ဆေကောင်များသည် အခန်းနီနီထဲ ထိုးဖောက် ဝင်ရောက်လာကြလေပြီ။ မိမိအဖြစ်နှင့် မိမိကိုယ်တိုင်အဖြစ်နှင့် ပုံတူဖန်ဆင်း၍ တိတ်တဆိတ်ဝင်ရောက်ခိုအောင်းနေကြပြီ။

အနီရောင် ယုံတမ်းစကားအား ပြက်ရယ်ပြုလိုက်ကြသော မကောင်းဆိုးဝါးများ အာရုံထဲရယ်သံသဲ့သဲ့ကိုပင် ကြားနေရသည်လို။

" ဒီမကောင်းဆိုးဝါးတွေက ဉာဏ်များတယ်အစ်ကို ဒီအနီရောင် အခန်းထဲကိုတောင် ကျွန်တော့်အယောင် ဖန်ဆင်းပြီး ဝင်နေကြပြီ "

" ဘယ်လို "

မိမိအတွေးနှင့် မိမိပြောလိုက်သည်မို့ ကိုမိုးဇော်ကြောင်သွားသည်။ ဝရန်တာတွင် ဆက်မနေရဲတော့သည်မို့ အခန်းထဲပြန်ဝင်လိုက်သည့် မိမိနောက်မှ သူလိုက်ဝင်ရင်း တွေးမိသွားပုံရ၏။

" ဪ . . . အဟား . . . ဟား ညီဘာများပြောလိုက်သလဲလို့ စဉ်းစားနေတာ။ ကိုယ်မနေ့ညက ပြောတဲ့စကားကို "

" ဟင့် "

မိမိခုတင်ပေါ်တွင် တစ်စုံတစ်ယောက် ရောက်နေသလား။

www.burmeseclassic.com



ခြေလှမ်းကို နောက်ဆုတ်မိသည်တွင် စကားပြောရင်း ဝင်လာသည့် ကိုမိုးဇော်ပင် လန့်သွားပုံရ၏။

" ဘာဖြစ်လို့လဲ ညီ "

" သူတို့ သူတို့ရောက်နေကြပြီ "

အိပ်ရာခင်း၌ လူတစ်ယောက်၏အရာအတိုင်း နစ်မြုပ်တွန့်ကြေနေပုံက တည်ငြိမ်ကာစနေလုံးနှန်သံကို ဖောက်ပြန်ဆိုးရွားလာစေသည်။

" ရောက်နေပြီဟုတ်လား။ ဒါဆိုကိုယ်တို့လည်း ကောင်တာပြန်လိုက်ကြတာပေါ့ "

ခုတင်ဆီသို့ စိုက်ကြည့်ရင်း ခြေထောက်အစုံမှာ ကြမ်းပြင်နှင့် စေးကပ်ငြိတွယ်နေရလေပြီ။ နေရာတွင် ရပ်မြဲရပ်လျက် မလှုပ်ရဲ၊ မိမိအား ခြောက်လှန့်ရန် စောင့်ဆိုင်းနေသည့် မကောင်းဆိုးဝါး။

" သူတို့က ကိုယ်တို့ယောင်ဆောင်ပြီ ကိုယ်တို့နေရာမှာ ဝင်နေရင် ကိုယ်တို့လည်း သူတို့ယောင်ဆောင်ပြီး သူတို့နေရာဝင်လိုက်ကြရအောင်လေ "

" အစ်ကို ဒီတစ်ည ခုတင်လဲအိပ်လို့ရမလား "

မယုံမရဲနှင့် သူ့ခုတင်ပေါ်သို့လည်း ကြည့်မိသေးသည်။ ပြန်ပြူးသည့် အိပ်ရာခင်းအနီရောင်။ သည်အချိန်မှာ အရောင်က အရေးမကြီးတော့ပါ။

" ရတာပေါ့။ အိပ်လေ။ ကိုယ်ပြောနေတာတွေရော ညီကြားရဲ့လား "





" ဗျာ. . . ဘာပြောတာလဲ "

" ခြော်. . . ကိုယ်တို့နှစ်ယောက် တစ္ဆေယောင်ဆောင်ကြရအောင်လို့ "

သူ့ကိုအကြောင်းသားပြန်ကြည့်ရင်း နှုတ်တုံ့မပြန်သည့် မိမိကို သူကတော့ ဘယ်လိုထင်မည်မသိ။ မိမိအတွက်အရေးကြီးသည်က တစ္ဆေယောင်ဆောင်ဖို့မဟုတ်။ သည်ည အိပ်ပျော်ဖို့သာလိုသည်။

ဆေးသောက်ပြီးမှ အိပ်မပျော်ဘဲနေလျှင် ပိုဆိုးမည်ဟုတွေးမိသဖြင့် မိမိကိုယ်ကို အိပ်မွေ့ချ၍သာ အိပ်ပျော်နိုင်ဖို့ ကြိုးစားရတော့မည်။

" မီး. . . မီး မပိတ်နဲ့နော်အစ်ကို "

အိပ်ရာထက်သို့ မှောက်လျက်လှဲချ၍ ခေါင်းအုံးထဲမျက်နှာအပ်လိုက်သည်။ အလွယ်ကူဆုံးနည်းဖြစ်သော အမှတ်စဉ်ရေခြင်းကို စလိုက်သည်။

" အေး. . . အေး "

မိမိကိုယ်ကို အိပ်မွေ့ချသည့်နည်းဆို၍ ညီစေလည်း သည်တစ်ခုပဲတတ်သည်။ ကိုမိုးဇော်တော်တော်နှင့် မအိပ်သေးမှန်း မိမိသိသည်။ သူ ဒိုင်ယာရီရေးလိမ့်ဦးမည်။ ပြီးလျှင် စာတစ်အုပ်ပြီးအောင်ဖတ်လိမ့်မည်။ သည်အတောအတွင်း မိမိအိပ်မောကျသွားရန်လို၏။

(ကိုးဆယ့်ရှစ်၊ ကိုးဆယ့်ကိုး၊ တစ်ရာ)

အိပ်မပျော်နိုင်သေးပါလားဆိုသည့် အတွေးက ကော်ဖီတစ်ခွက်သောက်ပို၍ ခါးသည်။ သည်အမှတ်စဉ်များထိ မိမိတစ်ခါမျှ မရေဘူးခဲ့။

www.burmeseclassic.com



ပုံမှန်အိပ်နေကျအချိန်ထက် အတွေးလွန်မိသည့် ရက်များတုန်းကတော ငါးဆယ်မကျော်မီ အိပ်ပျော်သည်။

တစ်ရာ. . . တစ်ရာ. . . တစ်ရာ

တစ်ကနေ ဘယ်နှစ်ကြိမ်ပြန်စ ရဦးမည်လဲ။

" ချောက်. . . ဒေါက် ဒေါက် ဒေါက်. . . "

(သုံးဆယ့်သုံး သုံးဆယ့်လေး)

" ကလစ်. . . ကျီ "

ဆတ်ခနဲ ထထိုင်လိုက်မိသည်။ အမှတ်စဉ်ထဲ ဖွတ်နှစ်ရေတွက် နေ၍ မရတော့။ တံခါးဖွင့်သံဟု ထင်လိုက်မိသော်လည်း တံခါးနှစ်ချပ်လုံး က ပိတ်ထားမြဲသာ။ တစ်ဘက်ခုတင်ထက်တွင် အိပ်ပျော်နေပြီဖြစ်သော ကိုမိုးဇော်ကိုမြင်သည်။ မိမိလက်မှ မချွတ်မိသေးသော နာရီကို ဖြုတ်ယူ၍ ကြည့်မိ၏။

သုည. . . သုည

ရေစက်ကျသံလား။ နားထဲသဲ့သဲ့ဝင်လာသော အသံတစ်ချက် (ငါပြန်အိပ်မှဖြစ်မယ်။ အိပ်) အိပ်. . . အိပ်။ ဖောက်ခနဲကြမ်းပြင်ဆီမှ ခေါင်းအုံးသားထဲအထိ ကူးစက်တိုးဝင်လာသောအသံ (ခုနစ်)ကိုမိုးဇော် အိပ်နေသည့်ဘက်မှ အသံထွက်ပေါ်လာခြင်းလား။ ခေါင်းအုံးထဲမှ မျက်နှာကို နည်းငယ်စွာ မြှောက်၍ မျက်လုံးထောင့်ကပ်ကြည့်သည်။

သူအိပ်နေသည့် မိမိခုတင်မှ အိပ်ယာဖြူဖြူ အစွန်းတွင် တွဲလွဲခိုသီနေသည့်ရေစက်၊ တဖြည်းဖြည်းညွှတ်တွဲလာကာ ကြမ်းပြင်သို့ ပြုတ်ကျသွား၏။ ဖြူဆွတ်ဆွတ်ကြွေပြားပေါ်ဝယ် ရဲခနဲ။

(အား. . . ရေ. . . ရေမှမဟုတ်ဘဲ)

ချက်ချင်း ရှန်းထကာ ဇွေ့ခနဲ ခုန်ဆုတ်လိုက်မိသည်။ နံရံနှင့် မိမိကျောပြင်မှာ တသားတည်း။ မျက်ခွံထဲမှ ကျွတ်ထွက်သွားတော့မတတ် မိမိမျက်လုံးအစုံအား လက်နှစ်ဘက်နှင့် ကာကွယ်မိသည်။

" သွေး. . . သွေးတွေ အို "

အိပ်ရာခင်းနှင့် ကြမ်းပြင်ပေါ်တွင် အိုင်ထွန်းနေသော သွေးကွက်များအား မိမိလက်ချောင်းများကြားမှ မြင်နေရဆဲ။ လက်ဖဝါး နှင့် မျက်နှာပြင်ကြား စိုထိုင်းစေးကပ်လာသည့် ချွေးသီးများကိုပင် သွေးဟု ထင်မြင်ယောင်မှားမိလိုက်သည်။

တဒုန်းဒုန်းနှင့် နှလုံးခုန်သံများက မိမိအား နံရံထဲနစ်ဝင်သွားရ အောင် ရိုက်သွင်းနေသည့်နှယ်။

မိမိကို ကျောပေးထားသည့် ကိုမိုးဇော်၏ ခန္ဓာကိုယ်နံဘေးမှ ရိပ်ခနဲ ခုန်ထွက်သွားသလို သဏ္ဌာန်တစ်ခုအား မြင်လိုက်ရချိန်တွင် ညှိစေ နံရံဘက်သို့ မျက်နှာလှည့်ကပ်မိပြီးဖြစ်သွားသည်။

နဂိုနီ နံရံသားကို ချောက်ချားစွာ မျက်လုံးမှိတ်ချလိုက်၏။ နားထင်စပ်မှ သွေးတိုးသံ တဒိန်းဒိန်းက ပို၍ပြင်းထန်ကျယ်လောင်လာ သည်။

နံရံတွင် ကုတ်ခြစ်တွယ်ကပ်ထားမိသည့် လက်သည်းများပင် နာကျင်ကျိန်းစပ်လာ၏။ အမှတ်တမဲ့ မျက်လုံးပြန်အဖွင့်တွင်

www.burmeseclassic.com



အလင်းရောင်ကိုမမြင်ရ၊ မီးခိုးရောင်အငွေ့များထဲ နံရံမှာ နက်မှောင်သွားခဲ့လေပြီ။ အထိတ်ထိတ်အလန့်လန့်နှင့် ခြေလှမ်း နောက်ဆုတ်အရိပ်စနေဆီမှ ပုံရိပ်များ အာရုံထဲတလှုပ်လှုပ်နှင့် ဝင်လာ၏။ သတိလက်လွတ် ပြင်းထန်နေသည့် ဝင်သက်ကြောင့် အရှိုက်ဆီ ထိုးအောင့်နေသည်။

မေးရိုးကြေမတတ်ခဲထားမိသည့် အံသွားများက တဖြည်းဖြည်း အားနည်းဖြေပျော့လာ၏။ မိမိပတ်လည်တွင် ဝိညာဉ်များ၍ခေါ်မိသည့် မကောင်းဆိုးဝါးကောင်များ မိမိဝိညာဉ်အား နှုတ်ယူရန် ဝိုင်းရံထားကြ ပြီလား။

" ဟာ. . . အစ်ကို ကိုမိုးဇော် ကို. . . မိုးဇော် "

သွေးပျက်ထွက်ပြေးမိပြီးမှ ကိုမိုးဇော်အား သတိရသွားသည်။ မိမိအစား စတေးခံလိုက်ရသည့်သူ သူသေပြီလား။ တကြော်ကြော်ခေါ် ရင်း ခုတင်ရှိရာဘက် ခုန်ပေါက်ပြေးသည်။ ခုတင်. . . ခုတင် မှိုင်းခိုးငွေ့များ ကြားတွင် မိမိတို့ခုတင်နှစ်လုံးအား မတွေ့ရတော့။

" ကို. . . မိုးဇော်. . . မိုး. . . ဇော် "

ခုတင်များ၏နေရာတွင် ခေါင်းတလား နှစ်လုံးအား မြင်လိုက်ရ သည်နှင့် တပြိုင်နက်တည်း သံယောင်သြသြတို့ အခန်းထဲဝဲပျံ့သွား၏။ ရှေ့သို့ခုန်လှမ်းမိသည့် ခြေထောက်မှာ ကြမ်းပြင်ပေါ်သို့မကျမီ ဆတ်ခနဲ နောက်တွန့်သွားရသည်။

အရှိန်နှင့် ဟန်ချက်ပျက်သွားသည်မို့ ရှေ့သို့ ဟပ်ထိုးယိုင်ကျ





လဲပြီဟု သိလိုက်သော်လည်း ပြန်မထိန်းနိုင်တော့။

" အား. . . "

လက်တစ်ဘက်က ကိုယ်ခန္ဓာအောက် ခွေခေါက် ဝိမိသွားရသည်။ ကျန်တစ်ဘက်မှာ အရည်ပျစ်ပျစ်များကြား သွေးအိုင်ဟုသော အသိနှင့် တုန်လှုပ်စွာ ရုန်းထလိုက်၏။

မိမိသည် ဒဏ်နှင့်တောင့်ခံထောက်မထားနိုင်သည့် လက်တစ်ဘက်သွေးများ ပေကျံရွှဲနစ်လျက် ချောထွက်နေသည်က တစ်ဘက်ယက်ကန်ထူမတ်နေဆဲမှာပင် ရင်ဘတ်နှင့် ကြမ်းပြင် ထိစောင့်သည်။

" အွတ် "

ရေရွှတ်သံအက်အက်နောက်တွင် နာကျင်မှုကို ဂရုမထားနိုင်တော့။ သွေးရည်ပြင်ကြီး ယိုစီးကျလာသည်လား။ ကြမ်းပြင်တွင် စိုက်ကျနေသည့် မေးဖျားမှာ ပင့်မြောက်သွားရ၏။

ဒဏ်ချက်များကြောင့်လား၊ ကြောက်စိတ်ကြောင့်လား၊ အရေပြားအနှံ့ စပ်ဖျင်းဖျင်းနှင့် တရွရွတုန်ယင်လျက်

သွေးပြင်များက မြင်ကွင်းဖြည့်လုလု လွှမ်းအုပ်။ မယုံကြည် နိုင်စွာကြည့်ရင်း ညီစေ တွားဆုတ်နေ၏။ ယိုစီးနေသည့် သွေးရည်များက လေးထောင့်စပ်စပ် တန့်ရပ်သွားသည်။

မိမိရှေ့တွင် မတ်မတ်တည်လျက် နံရံတစ်ချပ်လို အို အနီရောင် နံရံသည် အခန်း၏ရှိရင်းနံရံတို့ မူလအတိုင်း ပြန်လည်ဖြစ်ထွန်းလာသည်

www.burmeseclassic.com



လာ။ သည်လိုဆို ယိုစီးကျလာသည့် အရာသည် သွေးမဟုတ်။

အလင်းရောင်

မိမိနားထဲ တဖျစ်ဖျစ်လောင်ကျွမ်းသံများပင် ကြားမိရသလို

နံရံနီနီဆီမှ ထောင့်မှန်ခေါက်ချိုးရွေ့လျားကာ ကြွေပြားကြမ်းခင်း

ဖြူဖြူတို့ပေါ်လာသည်။

မိမိလဲကျနေသည့် နေရာကတော့ ညှိုမှိုင်းမှုထဲ နစ်မွန်းသေး

အလင်းတို့ရောက်လာပြီ သည်ညစ်နွမ်းမှုတို့ ပျောက်ပြယ်ကာ မှု

အဆင့်ဆီ တရိပ်ရိပ်ပြန်လည်ပြောင်းလဲနေခဲ့လေပြီ။

မိမိထံကျရောက်လာတော့သည့် အလင်းရောင်အား မျှော်လင့်တကြီး

ကြည့်မောနေမိရစဉ်၊

ပခုံးစွန်းဆီမှ နွေးခနဲ အထိအတွေ့ကို ခံစားလိုက်ရ

ဖမ်းဆုတ်ဖျစ်ညှစ်လာသည့် လက်ချောင်းများ။

“ အား ”

“ အီ ”

မိမိရုန်းဖယ်တွန်းထုတ်လိုက်ခြင်းကြောင့် မိမိနည်းတူ ကြမ်းပြင်

ပေါ် ယိုင်လဲကျလာသည့် သဏ္ဌာန်တစ်ခု အော်ဟစ်လိုက်သည့်အသံက

မိမိနှင့်နားယဉ်နေသလို။

အကောင်အထည်ကိုမူ သဲကွဲစွာ မမြင်ရ၊ ထိုသဏ္ဌာန်နောက်သို့

လိပ်ပါသွားသော မီးခိုးမှုန်များက ရုတ်ရုတ်သဲသဲ ထောင်းထနေ၏

ချက်ချင်းပြန်ထလာသည့် ထိုနာနာဘာဝကောင်ကြီးသည်





မိမိထံလက်များ ဆန့်မြှောက်ခုန်ဝင်လာလေပြီ။ အလူးအလဲနှင့်

သွေးအိုင်ထဲမှ ကြုံးထရ၏။ မရ၊

ချော်ထွက်သွားသည့် ခြေလက်များကြောင့် ကြမ်းပြင်ထက်သို့

သာ ပြန်ပြုတ်ကျသွားသည်။

ရိပ်ခနဲ မိမိနံဘေး ခုန်ဝင်ရောက်ရှိလာသည့် မည်းမည်းသဏ္ဌာန်

လက်တံများ မိမိကိုယ်ပေါ်သို့ ထပ်မံကျရောက်မလာမီ မျက်စိ စုံမှိတ်

ခေါင်းငုံ့ချလိုက်၏။

တခဲနက် မော့ပင်ပန်းသွားရမည့်အစား မိမိမျက်ခွံမှ

သွေးကြောစိမ်းများပင် မိမိပြန်မြင်နိုင်လောက်အောင် လင်းထိန်

သွားလေသည်။

“ ညီ. . . ညီစေ. . . ညီစေမင်း ”

“ ဟင် ”

“ ညီ. . . ကိုယ်လေ. . . မိုးဇော်လေ ”

“ အစ်ကို. . . အစ်ကိုဘာမှမဖြစ်ဘူး၊ ဘာမှမဖြစ်ဘူးလား ”

“ ဟမ်. . . အဲ့ဒါက ကိုယ်မင်းကို မေးရမယ့်ဟာလေ ”

“ သွေး. . . သွေး. . . တွေရော ”

“ ဘယ်ကသွေးလဲ ”

“ ကျွန်တော်လက်မှာတောင် ပေ. . . ဟာ ”

“ ညီ ”

သည်အရာများကိုလည်း မိမိအိပ်မက်ဟုပင် မှတ်ယူရမည်လား။

www.burmeseclassic.com



မိမိအမှတ်စဉ် ဘယ်လောက်မှာ အိပ်ပျော်သွားခဲ့သည်လဲ။

သည်အတွေးက ကြမ်းပြင်ပေါ်တွင် မှောက်လျက်လဲကျနေသော ဖြစ်သော မိမိအဖို့ လက်ခံနိုင်ရန် အကြောင်းမရှိ။

" ကျွန်တော် ဘာဖြစ်သွားတာလဲ။ ကိုမိုးဇော် "

" အာ. . . ဒါလည်း ကိုယ်က မေးရမှာလေ "

❀ ❀ ❀ ❀ ❀



## အခန်း (၁၉)

" ဒါတော့ညီ အယူအဆလွဲသွားပြီ "

ကေရာဇ်ခြံသို့ ဒုတိယအခေါက်ပြန်အလာတွင်, တစ်လုံးချင်း ချင့်ချိန်စဉ်းစားလာသည့် စကားတစ်ခွန်းအား မြက်တောဝါဝါကြား ခြေသွားလမ်းပေါ်သို့အရောက် ပြောမိလိုက်သည်တွင် ကိုမိုးဇော်က သည်နှယ် တုံ့ပြန်လာ၏။

မိမိဆုံးဖြတ်ချက်က သူ့အတွက် သူ့ဘက်မှ စဉ်းစားပေးခဲ့ခြင်း သာ။

မိမိ သူနှင့်လမ်းခွဲတော့မည်။

" ဟုတ်ပြီ ညီပြောသလို ကိုယ်ကကိုယ့်ခရီးကိုယ်ဆက်၊ ညီက သမ်းတစ်ဝက်ကလှည့်ပြန်၊ ဒါနဲ့ပဲ ဒီပြဿနာက ငြိမ်းသွားမယ်လို့ ညီ ထင်သလား "

" ဒီအချိန်မှာ ပြဿနာငြိမ်းဖို့ထက် ကျွန်တော်ဘာသာ

www.burmeseclassic.com



ဘာဖြစ်ဖြစ် ဖြစ်ချင်ရာဖြစ်ပါစေ တခြားသူကို ကိုယ်ထိလက်ရောက် ဒုက္ခပေးတဲ့အဆင့်ထိဖြစ်လာပြီဆိုရင်တော့ ''

'' အာ ညီလွဲနေတာ အဲ့ဒါပဲထားတော့ မနေ့ညကလို ညီ့ဘေး ရှိနေတဲ့ ကိုယ်ကိုပါ မကောင်းဆိုးဝါးလို့ မြင်မိတာမျိုး ညီကိုယ့်ကို အလန့်တကြားတွန်းထုတ်တယ်။ ကိုယ်လဲကျတယ်. . . ဒါပဲဒေ ညီ့အနေနဲ့ ဒီ့ထက်ပိုပြီး မလုပ်ရဲပါဘူး။ တစ္ဆေတစ်ကောင်လို့ ထင်မြင်နေတဲ့သူအနားညီ တမင်တကာကပ်ပြီး ထိုးနှက်ကန်ကျောက်တာ မျိုး ညီမလုပ်ရဲပါဘူး ကိုယ်သိနေတာပဲ ''

တလင်းခြောက်ထဲ ခရီးနှင်လာသည့် လေရူးမို့ ပွင့်ဖွေ့ သွေ့ခြောက်နေ၏။ မိမိကိုယ်တိုင်လည်း ဝန်းကျင်နှင့်တသားတည်း ကျလျက် အာရုံအားလုံး ဟင်းလင်းလွင့်နေရသည်လား။

ရှင်သန်နေရခြင်းသည် အဓိပ္ပါယ်ကင်းမဲ့စွာ မိုက်မဲမှုပင် ဆန်လာသည်လို။

'' ဒါပေမဲ့ ညီတစ်ယောက်တည်း ဘယ်လိုရင်ဆိုင်မှာလဲ မခံနိုင် တော့တဲ့အဆုံး မင်းကိုမင်း တစ်ခုခု။ အင်း. . . အဲ့ဒီတစ်ခုခုမှာ ညီ အသက်အန္တရာယ်လည်းပါတယ် ''

'' ဟုတ်တယ် ဒါပေမဲ့ ကျွန်တော့်အတွက်တော့ အန္တရာယ်လို့ မထင်ဘူး။ အဲဒီ့အသက်ရှိနေသေးတာကမှ အန္တရာယ် ''

မိမိစကားကို မိမိ ဘေးတစ်ဘက်စီ လမ်းဖယ်တိမ်းကပ်ပေးလိုက် ရင်း စကားပြတ်သွား၏။ မိမိတို့နှစ်ယောက်ကြားမှ ဖြတ်သန်းမောင်းဝင်





သွားသည်က မနေ့က ဂျစ်ကားငယ် မနေ့ကလို ဖုန်တလုံးလုံးနှင့် ဈေးကြီး သုတ်ပြာပင်။

'' ဒီလို စနေနေ့မျိုးမှာ ဒီဆရာကြီး နားတတ်တာ သူတို့ မသိလို့လား ''

'' လူနာ အသည်းအသန်ဖြစ်လို့ နေမှာပေါ့ ကိုယ့်ညီရယ် ''

ကွမ်းစင်များ အစပ်တွင် ရပ်ထားသည့် ကားငယ်ကိုတွေ့လိုက် ရသည်။ အထဲတွင် လူတစ်ယောက်မျှမကျန်။ နေပူလွင်ပြင်တွင် ရင့်ရင့် စိမ်းစိမ်း ကွမ်းရွက်နွယ်တို့က ထူးခြားလှပနေသည်ဟု ယခုမှ သတိမူ ဖြစ်၏။

ခြော်. . . လူ့အသက်ပေါင်းများစွာအား ကယ်တင်ပေးသည့် နွယ်မြက်သစ်ပင်။ ပညာရှိလူနှင့်တွဲဟပ်မိလေတော့သည်သာ ဟန်နွယ်ပင် ရွက်စိမ်းတို့က လူသားတို့ ကျေးဇူးရှင်ဖြစ်ရသည်။

'' ညီ့ဝေဒနာကို ဆရာ့ဆီမှာ ပြရမယ် ''

'' ဗျာ အာ သူက ''

'' သူက ဒါမျိုးတွေ မကုဘူးဆိုပေမယ့် တစ်ခုခုများ ထူးလာ မလားလို့ ''

ကိုမိုးဇော်က တည်တံ့စွာ အလေးအနက်ပြုပြောလာသည်မို့ မိမိလည်း ခေါင်းညိတ်သဘောတူလိုက်မိသည်။ သူပြောသလို တစ်ခုခု ထူးလာနိုင်သည်ပဲလေ။

'' ဆေးဆန်းပိတ်ရက်ကို ရောက်လာလို့ ဒီလိုပြောလိုက်တာလား

www.burmeseclassic.com



ဆရာကြီးရယ် ''

ကွမ်းစင်များအား လွန်သည့်တွင် စကားသံများကို စ၍ကြား လာရ၏။ သပ်ရပ်ရိုးရှင်းသော ဆရာမန်း၏ နေအိမ်လေးထဲ မဝင်မီမှာပင် မျှာလောင်ရှုပ်ထွေးလှသည့် ပြောဆိုသံများကို ဆက်တိုက်ကြားကြရလေသည်။

'' ကယ်နိုင်ရင် ကယ်ပေးပါဆရာရယ် ကယ်ပေးပါ ''

'' အဲ့ဒီလိုဆို ဖြစ်မလား ဖြစ်မလားပြောပါ ''

တိုးတိုးပြောနေရာမှ ကျယ်လောင်မာဆတ်လာသည့် ယောက်ျား သံ တစ်ခုနောက်မှ ရေငုံနှုတ်ပိတ်နေနေပုံရသော ဆရာမန်း၏ သက်ပြင်း ချသံကို ကြားကြရသည်။

'' ကဲ. . . အခုလာနေတာ ဆရာဝန်တွေ သူနာပြုတွေပါပဲဗျာ မယုံရင် သူတို့ကိုသာမေးကြည့်ပါတော့ ကျုပ်ဘယ်လိုကုကု ဟင်း ''

မိမိနှင့်ကိုမိုးဇော်မှာ တစ်ယောက်မျက်နှာတစ်ယောက် လှည့်ကြည့်ကာ မျက်ခုံးပင့်ကြရသည်။ သူက မျက်ရိပ်ပြလာသည့်အတွက် အိမ်ရှေ့တွင် ရပ်နေမိရာမှ တံခါးရွက်များအား တွန်းဖွင့်ဝင်ရောက်လိုက် ကြသည်။

'' ဟာ ''

မီးတောက်တွေ မိမိတို့နှစ်ဦးနှင့် လူနာရှင်များကြားတွင် ဖျပ်ဖျပ် ဖျစ်ဖျစ် အော်မြည်လောင်ကျွမ်းလျက်ရှိသည်။

မီးတောက်နှစ်ခု၏ လောင်စာသည် လူ့ကိုယ်ခန္ဓာများဟု





သတိထားမိလိုက်ချိန်တွင် မီးလျှံများ နှင့်အတူ ကုန်းရုန်းထလာသည်ကို မြင်လိုက်ရလေ၏။

ပုံမှန်မဟုတ်သော မြင်ကွင်းသည် အသိမှာ နောက်ကျသွားခဲ့ပြီ၊ မိမိမင်သက်မိနေစဉ်မှာပင် အင်အားတစ်ရပ်က မိမိအာရုံတို့အား နှိုက်ထုတ်ဖယ်လှှင့် ညို့ခါတ်သင့်လျက် ကြောင်အ နေစေခဲ့လေပြီ။

ထိုသဏ္ဍာန်နှစ်ခု မားမားရပ်မိသည်နှင့် တဟဲဟဲ မြည်ကြွေးကာ ငြိမ်းသေသွားသော မီးညွှန့်မီးစွယ်များအစား ညိုပုပ်ပုပ် မီးခိုးငွေ့များ အုထွက်လာ၏။

'' မမေးပါဘူး ဆရာကြီးရယ် ဆရာကြီးကို ယုံကြည်အားကိုးလို့ ရောက်လာတာပါ။ မမေးပါဘူးရှင်။ အဟင့်. . . ဟင့်. . . ဟင့်. . . သမီးရယ် ''

'' ကျွန်တော်ပြောတာလေးစဉ်းစားပေးပါဗျာ ဘယ်လောက် ကုန်ကုန် ဆရာ့ကို ပုံအပ်ပါတယ် ''

အသံဗျာဗျာများကိုသာကြားသည်။ သူတို့ အမူအရာကို သတိ ထားနိုင်။ မီးခိုးတလူလူနှင့် မကောင်းဆိုးဝါးနှစ်ကောင်မှာ နေရာမှ တောင်ရွေ့လျားနေကြလေပြီ။

မိမိအား ကျောပေးလျက်သား ယိမ်းငင်လှုပ်ရှားလျက် တစ်လှမ်းချင်းသွားနေကြသော မကောင်းဆိုးဝါးတို့ ဦးတည်ရာမှာ ခုတင်ထက်တွင် မလှုပ်မယှက်လဲလျောင်းနေသည့် လူနာ မိန်းမငယ်၏ သွေးမဲ့ဖြူလျော်နေသော ခန္ဓာကိုယ်ဆီ။

www.burmeseclassic.com



“ သမီး . . . သမီး . . . ဟင့် . . . အင့် . . . သမီး မသေသွား ကျွန်မသမီးလေး . . . ဟင့် ”

လူနာခုတင်အား တစ်ဘက်တစ်ချက်မှ ရံလိုက်သည်နှင့် မိမိနှင့် မျက်နှာချင်းဆိုင်ဖြစ်သွားသော မကောင်းဆိုးဝါးကောင်၏ မီးကျွမ်းထား သည့် ရုပ်ပျက်ဆင်းပျက် မျက်နှာကြီးအား ညီစေမြင်လိုက်ရသည်။ ရှုံ့တွ တွန့်ခေါက်လျက်ရှိသော အရေပြားများနှင့်လက်နှစ်စုံက မိန်းမငယ်၏ ခန္ဓာကိုယ်ထဲ နစ်ဝင်သွားတော့မတတ် ဖြတ်ခနဲ မိမိအား မော့ကြည့်လိုက် သည့် အကျည်းတန်မျက်လုံးများ ပြာပုံထဲမှ အကြွင်းအကျန် မီးကျိုး နှစ်လုံးနှယ်။

ကျောရိုးတစ်လျှောက် စိမ့်တက်လာသည့် ကြက်သီးမွေးညှင်း များကြောင့် ညီစေ အလိုလို ခါးဆန့်သွားရသည်။ ရင်ဘတ်အောက် သွေးကြောတို့ ပြောင်းပြန်လန်ကုန်လေပြီလား။

“ ဟင်း ”

လူနာခုတင်ခေါင်းရင်းတွင် ရပ်နေသော ဆရာမန်းအား သက်ပြင်းချသံကြားမှ ညီစေသတိထားမိသည်။ အမြဲတမ်းအေးချမ်း တည်ငြိမ်နေတတ်သည့် သူ့မျက်နှာသည် ညှိုးနွမ်းလျက်ရှိ၏။

တမောတလျှနိုင်သော သူ့သက်ပြင်းသံရှည်မျောမျော နောက်တွင် ချောက်ချားဖွယ် ဟစ်အူသံများကို ညီစေ ကြားလိုက်ရသည်။

လူနာ၏ ခန္ဓာကိုယ်ထဲမှ ရုန်းရင်းဆန်ခတ်တိုးထွက်လာသည့် ပုံရိပ် မညီမညာစုတ်ဖွားနေသော ဆံပင်ရှည်များ ခါယမ်းလျက် တွန်းထိုး





ကန်ကျောက်နေရင်းမှာပင် မကောင်းဆိုးဝါးကောင်များ၏ ချုပ်နှောင် ဖွဲ့ငင်မှုနောက် ပါလာသည့် မိန်းမငယ်၊ ခုတင်ထက်တွင် လဲလျောင်းလျက် သား ကျန်ခဲ့သော ရုပ်ကြွင်း၊

တလှုပ်လှုပ် နင့်ဟာသွားသည့် ရင်ထဲချောက်ချားမှုတို့ အစိုင် အခဲဖွဲ့ ဖြစ်တည်လာလေပြီ။

“ ညီ မျက်လုံးမှိတ်ထား . . . မျက်လုံးမှိတ်ထား ”

မိန်းမငယ်၏ ဝိညာဉ်မှာ သူမခန္ဓာကိုယ်နှင့် ကင်းကွာသွားလု မတတ်၊ တောင်းပန်ငိုကြွေးသံများကိုပင် မိမိကြားနေရသည်လို၊ တိုးသဲ့သဲ့ ဟစ်အူသံများလည်း ကျယ်လောင်နီးကပ်လာနေပြီ။

မီးခိုးငွေ့များကြား နစ်မြုပ်လွင့်ပါသွားပြီဖြစ်သော မိန်းမငယ်၏ သဏ္ဌာန်အား ရင်ဘတ်အဟောင်းသားနှင့် ညီစေ ကြည့်နေမိဆဲ။

“ မျက်လုံးမှိတ်လိုက်ညီ မျက်လုံးမှိတ်ထားလိုက် ”

“ . . . . . . . . . ”

“ ညီ ”

မကောင်းဆိုးဝါးကောင်များက မိန်းမငယ်၏ ဝိညာဉ်အား အရှိန် ပြင်းစွာ ဆွဲခွာတွန်းထုတ်၍ ရုတ်တရက် ဝုန်းခနဲ လွှဲပစ်လိုက်ကြ၏။

“ အိုး . . . . . . ”

“ မျက်လုံး မှိတ်ထားလိုက် ”

မှိတ်။

တစ်စက္ကန့် နှစ်စက္ကန့် သုံးစက္ကန့်။

www.burmeseclassic.com



" ညီ ဘာမြင်ရလို့လဲ ဘာတွေမြင်နေရလို့လဲ "

" ဒီ. . . ဒီလူနာ. . . လူနာမှာ အသက်မရှိတော့ဘူး. . . သူ သေ. . . သွား. . . ပြီ "

❀ ❀ ❀

" အဲဒါ ကွမ်းရွက် ခေါ်တယ် "

" အာ. . . ဒါတော့ သိတာပေါ့ဗျ "

အာရုံသည် အညစ်အကြေးမစင်ချင်သေး။ ရေးရေးတော့ လန်းဆန်းနေရပါပြီ။ ကွမ်းစင်ကြိုကြားသို့ လျှိုဝင်လာသည့် လေပြေက အေးမြခြင်းမရှိသော်လည်း ပေါ့ပါးလတ်ဆတ်စေ၏။

အထူးသဖြင့် မီးခိုးငွေ့များကြားမှ ဝိညာဉ်အော်သံတို့ တမေ့တလျော့ဖြစ်စေသည်။

ဝင်သက်. . . ထွက်သက်. . . လေအခတ်တွင် လှုပ်ခါသွားသော မျက်စိရှေ့မှ ကွမ်းရွက်လေးဆီ လက်လှမ်းမိသည်။ ကွမ်းရွက်ဗေဒင်များ ဟောမလို့လား အမှန်ကတော့ ညီစေသည်နည်းကို မကြားဘူးပေ။

" ညီ. . . ကိုယ်တိုင်ခူးရမှာ မပိုစေနဲ့လို့တော့ပြောတာပဲ "

ငါးရွက်။

" ဗေဒင်ဟောဖို့တဲ့လား အစ်ကို "

" မဟုတ်လောက်ပါဘူး. . . ညီအကြောင်းကို သူဟောရေ မကျန်အောင် ပြောပြပြီးပြီပဲ "





ခြောက်ရွက်။

" တွေ့ရာခူးလို့ရတယ်မဟုတ်လား "

" ရမှာပါ "

ခုနစ်ရွက်။

တကယ်လည်း ကွမ်းစင်အစပ်မှာတွင် မြင်မြင်ရာ ခူးနေခြင်း ဖြစ်သည်။ နောက်ဆုံးတစ်ရွက်ကိုတော့ ရွေးခူးမည်ဟု ညီစေတွေးမိ၏။ ဘယ်လိုရွေးရမည်ကိုမူ မတွေးမိ။ ဟိုဟိုသည်သည်လက်လှမ်းရင်း ကွမ်းစင်များအလယ် ရိပ်ခနဲဖြတ်ပြေးသွားသော သဏ္ဌာန်တစ်ခုကိုမြင်လိုက်ရ၏။

ခေါင်းငုံ့၍ ဝေ့ဝိုက်ကြည့်သည်။ နေရောင်ပြောက်ကျားကျနေသောကြောင့် အမြင်လွဲခြင်းဟု မှတ်ယူရမည်လား။ လက်တစ်ကမ်းရှိ စိမ်းနုနုကွမ်းရွက်လေးဆီလက်က အလှမ်း။

" ဟာ. . . မီးခိုးတွေ "

တလူလူနှင့် ရွေ့လျားနေသော သဏ္ဌာန်ကြီးနှစ်ခု မယုံနိုင်လောက်အောင် လျင်မြန်လွန်းစွာ ကွမ်းစင်များကြား ရိပ်ခနဲ ရိပ်ခနဲ

" သွား. . . မလိုက်. . . ဘူး. . . သွား "

ကွမ်းစင်များနံဘေး မိမိရပ်နေသော မြေဘောင်လေးအတိုင်း မိမိထံ ဦးတည်ပြေးလာသော ပုံရိပ်ဖိုရှိဖားလျားဆံပင်ထွေးထွေးများ ပြူးကျယ်ကြောင်စီနေသည့် မျက်လုံးများ အသံပြာမတတ် အော်ဟစ်ပြေးလွှားနေသည့်မိန်းမငယ်။

" မျက်လုံးမှိတ်ထားလိုက်ညီ "

www.burmeseclassic.com



ချက်ချင်းအော်ဟစ်ပြေးလွှားသံများ ပျောက်ကွယ်သွားသည်။ မျက်လုံးကို ပြန်မဖွင့်ရဲသေး။

" ညီ "

" ဟင်း. . . ဟင်း. . . ဟင်း "

ချောက်ချားမှုသည် ဒေါသနှင့် ရောယှက်မိကာ ညီ၏ တစ်ကိုယ်လုံးအား ဆွဲခါလှုပ်ယမ်းပစ်သည့်နှယ် တဆတ်ဆတ်တုန်ယင်ကာ ခါးပြန်မတ်၍ စိမ်းသည်နှသည်ရှေ့မနေတော့၊ တွေ့ရာတစ်ရွက် လှမ်းဆွဲ ကာ အိမ်ဘက်သို့ သုတ်ခြေတင်မိလေသည်။

" ခြောက်. . . ခုနစ်. . . ရှစ်. . . ကိုး "

" ဟာ. . . ပိုသွားပြီ ကိုယ့်ညီ "

သူတို့နှစ်ဦးပြောဆိုသံများကိုလည်း ကြားနေရသည်၊ ဆရာမန်း ကွမ်းရွက်ရေနေခြင်းကိုမြင်သည်။ မိမိတွင် တုံ့ပြန်နိုင်စွမ်းကင်းမဲ့နေ၏ ခေါင်းထဲအုံခဲနေသည့် ခံစားမှုမှန်သမျှအား လစ်ဟာနေစေသည်။ ညီက ငိုင်ကြည့်နေမိသည်။

ခေါင်းခါလိုက်သော ဆရာမန်း၏ မျက်နှာအား တစူးတစိုက် ကြည့်နေမိသည်။

" ကဲ ဒေါက်တာတို့လာရင်းကိစ္စကိုပဲ ဆွေးနွေးကြတာပေါ့ "

" ဟာ. . . ဆရာ ဒီကွမ်းရွက်တွေက "

ထိတ်ထိတ်ပျာပျာနှင့် မိမိမေးလိုက်သည်ကြောင့် ဆရာမန်းက လှည့်ကြည့်သည်။ ကြည့်သည်။ မိမိကိုကြည့်သည်။





" ဆရာ. . . ဆရာဘာမြင်ရလဲ ဘယ်သူ့ကိုမြင်ရလဲ "

မေးလည်းမေး လှည့်လည်းလှည့်၊ မိမိသာ တပတ်လည်သွား၏။ မိနောက်တွင် ရပ်နေသူကို မတွေ့ရ၊ အလင်းရောင်က မျက်လှည့်ပြသွား ပြန်သည်လား။

" ညီနဲ့တူတဲ့ အရိပ်ကို ဆရာ့မျက်လုံးထဲမှာ တွေ့လိုက်ရတာ လား "

" အစ်ကို ဘယ်လိုသိလဲ အစ်ကို မြင်လိုက်ရသလား မြင်လိုက်ရ သလား "

" မမြင်ပါဘူး ကိုယ်မှန်းကြည့်တာပါ ညီ "

ချာခနဲပြန်လှည့်၍ ဆရာမန်း၏ မျက်လုံးထဲ စူးစိုက်ရှာဖွေ ကြည့်မိသည်။ မိမိအား ကျောခိုင်းထွက်ခွာသွားသော ပုံရိပ်တစ်ခု သူတစ်ပါးမျက်လုံးမှတဆင့် နောက်ပိုင်းကိုသာ မြင်လိုက်ရသည့်တိုင်

" ဟုတ်တယ် ကျွန်တော်ကိုယ်တိုင်ပါပဲ ကျွန်တော့်အရိပ်ပါပဲ "

ထိုနေ့က သူတို့နှစ်ဦး ဆွေးနွေးဖြစ်ခဲ့သလား မဖြစ်ခဲ့သလား ညီစေမသိတော့။ အူညည်း ထုံကျဉ်သွားခဲ့သည့် ဦးနှောက်အပိုင်းအစ အချို့ထဲ စိုက်ဝင်နေဆဲ အနိဋ္ဌာရုံများတို့က နှလုံးအိမ်အား ဆွဲဆုပ်လှုပ်ခါလျက်

" ဒါကြောင့် ကျွန်တော် ဆက်မလုပ်နိုင်တော့ဘူးလို့ ပြောခဲ့တာ ညီ "

" ဘာ "

www.burmeseclassic.com



ကေရာဇ်ခြံမှအပြန်တွင် အာရုံဆိုးများမှအရရှန်းထွက်၍ သည်စကားကိုကြိုးစားပြောဖြစ်ခဲ့သည်။

" ကျွန်တော် အလုပ်ထွက်တော့မယ် ကိုမိုးဇော် "

❀ ❀ ❀ ❀ ❀



## အခန်း (၂၀)

(ဘာဖြစ်လို့လဲ)

ပထမဆုံးအကြိမ်အဖြစ် ဒေါက်တာမိုးဇော်ကို ညီစေသံသယ င်လာသည်။

မိမိအပေါ်သည်လောက်အထိ နားလည်ကြည်ဖြူပေးထား သည်မှာ ဘာကြောင့်ဟု ညီစေ အဖြေရှာမရ။ သို့လော. . . သို့လော တွေးကြည့်ရန်ပင် အချက်အလက်မတွေ့။

မိမိသတ်ဖြတ်ခဲ့မိသည်ဟု ယူဆရသော သင်းခွေချပ်တစ္ဆေ ကျက်ခွံတွင်စွန်းထင်ခဲ့သည့် သွေးတစ်စက် အိပ်မပျော်နိုင်အောင် တွေးလည်နေရသည် ထိုသည့်တိုင် အမှန်က မေးခွန်းများကြားအတွေး တ်ကာ စိတ်ကျဉ်းကျပ်နေရခြင်းသာဖြစ်သည်။

" ဟား "

မိမိအတွက် တစ်ရှိုက်တသက်ပြင်းလေးကပင် ခါးသက်နေလေ

www.burmeseclassic.com



၏။ နီဝွေးဝွေးအခန်းလေးထဲ ဝေ့ဝဲကြည့်ရင်း မနက်ဖြန်တွင် သည်အခန်း
အား စွန့်ခွာလျက် ခရီးသစ်ဆက်ရဦးမည်ကို သတိရလာ၏။

ခြေရင်းဆီမှ မီးရောင်ကြောင့် ခေါင်းထောင်ကြည့်မိသည်။
စာကြည့်မီးအောက်ခေါင်းထိုးကာ တစ်စုံတရာတွင် အာရုံဝင်စား နစ်မြော
ထားပုံရသော ကိုမိုးဇော်။

'' မအိပ်သေးဘူးလား အစ်ကို မနက်စောစော ခရီးသွားရ
မှာနော် ညာဦနက်လှပြီ ''

တကယ်တမ်း မိမိလည်း တစ်ရေးမှမေးရသေးသည်မဟုတ်
ကိုမိုးဇော်ကတော့ မိမိအသံကိုပင်မကြား။ အိပ်ငိုက်နေသည်ထင်၏
တကိုယ်ကြားညည်းညူရေရွတ်ရင်း ခုတင်ထက်မှ လျှောဆင်းလိုက်သည်

'' ဩော် အိပ်ချင်တာများ ထိုးအိပ်လိုက်ပြီးရောဗျာ ''

တမင်ခြေသံပြင်းပြင်းပေး၍ တိုးကပ်သွားသည့်တိုင် မော်
စာကြည့်မီးရောင်အောက်တွင် ရေးလက်စနေရာတွင် ဖွင့်ချထားသည့်
ဒိုင်ယာရီစာအုပ်ကိုမြင်ရသည်။

'' ဟ. . . အဆန်းပါလား. . . ဘာတွေရေးထားမှန်းလည်း
မသိဘူး ''

သူတစ်ပါးဒိုင်ယာရီအား ခိုးကြောင်ခိုးဝှက် ဖတ်ခြင်းမဟုတ်သော်
လည်း စာသားဆန်းဆန်းများကို ညီစေ စိတ်ဝင်စားသွား၏။

'' ဒီသံစဉ်ရဲ့ အဖိုးအခကများလိုက်တာ ဒီလောက်ခက်ခဲမယ်လို့
မထင်ခဲ့မိဘူး ''





ဖတ်ကြည့်ရင်းမှ ညီစေ မျက်မှောင်ကျုံ့လိုက်မိသားပဲ။

'' ဘယ်သံစဉ်ရဲ့ အဖိုးအခလဲ ဟ ''

တမင်မကြားရှယ်သော်လည်း နိုးဖတ်မိပြီမို့ မလုံမလဲနှင့် ခပ်ခွာခွာ
အထိဆုတ်၍ လှပ်နိုးလိုက်ရသည်။

တအဲ့အဲ့ ညည်းညူကာ အကြော ဆန့်ရင်း နိုးလာသော
ကိုမိုးဇော်က သူ့စာအုပ်သူသိမ်းဆည်း၍ ဒယီးဒယိုင်နှင့် အိပ်ရာထဲ
ပစ်လှဲချပြီးသည်နှင့် ဆက်လက်အိပ်မောကျသွားခဲ့လေပြီ။

မိမိသာ ခေါင်းရှုပ်စရာ နောက်ထပ်အတွေးအသစ်တစ်ခုနှင့်
မေးခွန်းတစ်ခုထဲ ထပ်ပိတ်မိပြီး တလည်လည်ကျန်ခဲ့ရ၏။

(ဒီသံစဉ်ရဲ့အဖိုးအခက များလိုက်တာတဲ့. . . အာ သူ့ဟာသူ
ဘာသံစဉ်ကဈေးကြီးကြီး ဘယ်နတ်ကသက်သာ သက်သာ
ပါသက်သာအောင် အတွေးရပ်ပြီး အိပ်မှဖြစ်တော့မယ်)

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

## အခန်း (၂၁)

" ညီ. . . ညက အိပ်ပျော်ရဲ့လား "

" ပျော်ပါတယ် အိပ်မက်တောင် မက်သေးတယ် အိပ်မက်ထဲမှာ အစ်ကိုနဲ့ ကျွန်တော်က သရဲတွေ ဘာတွေတောင်ဖြစ်လို့ ဟဲ. . . ဟဲ "

မှန်နက်များ လိုက်ကာစဝါဝါများနှင့် သည်အဝေးပြေးကားကြီးကို ကြည့်ကာ စိတ်လေးနေရခြင်းတို့ပြေလိုပြေငြား အစွန်းဖောက်ကြည့်ခြင်းသာ။

ခြောက်ကပ်ကပ်ကြောင်စီစီ ရယ်သံသာ အဖတ်တင်၏ စိတ်လက်ပေါ့ပါးမှုမရ။ မိမိဟာသကို မိမိကိုယ်တိုင်ပင် မရယ်မိဘဲ သက်ပြင်းတစ်ချက်ခိုးချမိသည်။

စိတ်ညစ်ညူးမည်ဆိုလျှင် နေ့ရှိသရွေ့ ညရှိသရွေ့ မိမိအဖို့ စိတ်ညစ်ညူးဖွယ်ရာချည်းသာ။

" တက်လေ ညီ ကားထွက်တော့မှာ "





ခရီးဆောင်အိတ်ကိုဆွဲကာ ယောင်ပေပေရပ်နေမိမြဲ အခြားခရီးသည်များက မိမိအားတွန်းတိုက်ကာ တက်သွားကြ၏။ ကိုမိုးဇော်လည်း မိမိကို ကျွေ့ဝိုက်ကျော်တက်သွားသည်။

" လာပါကွာ ဒါနောက်ဆုံးခရီးပါ။ နောက်တော်တော်နဲ့ညီ ဒီလိုကားမျိုးမစီးရတော့ပါဘူး "

" အဟင်း "

အပြုံးအရယ်မမည်ဘဲ ရှုံ့မဲ့လိုက်သလိုဖြစ်သွားမည်မှန်း မိမိကိုယ်ကိုသိသည်။ ဩော်မိမိအတွက်တော့ သည်ကားမျိုးမှ မဟုတ်ပါဘူးလေ။

ရောက်ရာဒေသ ရှိရာဒေသ ထပ်ကြပ်မကွာလိုက်ပါလာကြမည့် (မိမိမျက်လုံးတွေ မြင်နေရသေးသမျှ မိမိနားတွေကြားနေရသေးသမျှ)သည် အာရုံဆိုးတို့ကို နှင်ထုတ်နိုင်စွမ်းမှ မရှိဘဲ။

" ဒီလမ်းကိုမှတ်မိလား "

" မှတ်မိပါတယ် အစ်ကိုကလည်း "

မြို့ကလေး၏ အထွက်နားမှ ဒေါက်တာယဉ်မင်းအောင်၏ ခုံးခန်းသို့သွားရာလမ်း။ သည်မှလွန်လျှင် ကျောင်းခြံဝင်လမ်းကို မြင်ရလိမ့်မည်။ သည်ဟိုဘက်ကိုတော့ မိမိမခန့်မှန်းတတ်။

တရိပ်ရိပ်ပြေးလွှားနေသော ကားက မိမိအကျွမ်းမဝင်သည့် ရှုခင်းသစ်များထဲ ဘာမပြော ညာမပြောနှင့် ခေါ်ဆောင်သွားလေပြီ။ မိမိကြိုသိထားသည်က တစ်ချက်တည်း မိမိကိုကြိုပြောထားသည်က

www.burmeseclassic.com



တစ်ခွန်းတည်းသာ။

" အခု ဒေါက်တာ သူရိန်မြင့်မော်တို့ မြို့ကိုသွားမှာနော် "

" ဟုတ်တယ်ညီ "

" တဆင့်တည်းပဲလား "

" ဒါပေါ့ ဒီကားပေါ်က ဆင်းတာနဲ့ ညီခြေချရမှာ သူရိန်တို့မြေပဲ အဟင်း "

" ဝေးသလား ဟိုအကြာကြီး သွားရမှာလား "

" အဲ ဝေးတာတော့ မဝေးဘူး ညီ၊ တောင်ဆင်း တောင်တက်တွေ များတော့ အချိန်ကြာကြာမောင်းရမှာပေါ့။ ဒါပေမဲ့ အလွန်ဆုံး တစ်ရက်ပါပဲ။ ဟိုကို ဒီညရောက်မယ်ထင်တယ် "

" ဩော် ညဘက်ရောက်သွားမှာကိုး "

" ညဘက်ရောက်လည်း ကိစ္စမရှိပါဘူး ဒီမှာလို တည်းခိုခန်းတွေဘာတွေရှာတည်းရမှာမဟုတ်ဘူးလေ၊ သူရိန့်အိမ်မှာပဲတည်းမှာဆိုတော့ ကိစ္စမရှိပါဘူး "

" ဒေါက်တာ သူရိန်မြင့်မော်တို့အိမ်မှာ စန္ဒရားရှိလား အစ်ကို"

" အင်း ရှိတယ်၊ ဘာလဲ ညီ သင်ချင်လို့လား "

" ဟုတ်တယ် စိတ်ဝင်စားလို့ အစ်ကို သင်ပေးမလား သင်တန်းကြေးကို ကျွန်တော့်လခထဲက ပြန်နှုတ်လေ "

ခပ်ရွှင်ရွှင် ထိန်းပြောနေရပေမယ့် မိမိလေယူလေသိမ်းကို မိမိ အသက်မပါမှန်းသိနေသည်။





ပြီ။ သည်အနုပညာမျိုးတွင် ဝင်စားစိတ်မရှိ။စကားမရှိ ကားရှာ။

ပြောနေရခြင်းမှာ တဘက်သက် ခြောက်ကပ်နေရသည်။ ကိုမိုးဇော်က သုဝါသနာပါရာဘက်လမ်းကြောင်းလိုက်သည်မို့ စိတ်ပါ က်ပါရှိလှ၏။

" အင်း ညီသင်ချင်တယ်ဆို သူရိန့်ကြီးဆီမှာသင် ကိုယ်တောင် းလေးမော်မရှိတဲ့နောက် သူ့ဆီမှာပဲ ပညာယူနေရတာ သူက ာပဲပြောပြော မျိုးရိုးနဲ့ဆိုတော့ ကိုယ်တို့ထက်တစ်ကွက်သာတာပေါ့ ညီ့ကိုလည်း သူသင်ပေးမှာပေါ့။ ဒီလောက်တောင် ခက်ခက်ခဲခဲ... က်ခက်ခဲခဲ "

ကိုမိုးဇော်စကားမထစ်စဖူး ထစ်နေပုံက ဆန်းသလိုရှိသည်။ စ်စုံတရာကို မသိစိတ်တွင် ငွေ့ငွေ့ခံစားလိုက်ရ၏။ သို့သော် ဘာရယ်ဟု ရော့။ တစ်စုံတရာသည် တစ်စုံတရာအဖြစ်နှင့်သာ ငွေ့ငွေ့ပြယ်ရပြန် ည်။

" ခက်ခက်ခဲခဲလာတဲ့ ညေ့သည်ပဲ ပြီးတော့ညီကကိုယ့်လူလေ"

" အစ်ကိုလည်း အခု သူ့ဆီမှာ ပညာယူရဦးမှာလား "

" ဟေ... အဲ... ဆို... ဆိုပါတော့ "

မိမိအမေးအား အလန့်တကြား ဖြေပုံကို စိတ်တွင် မနှစ်မြို့သလို မိသည်။ ဘာကြောင့်ရယ်မသိ။ မိမိ မသိခြင်းတွေများလာပြီ၊ မစဉ်းစား တ်ခြင်းတွေ မရေရာခြင်းတွေ အဖြေမရှိသော မေးခွန်းတွေ သည်ဟာ

www.burmeseclassic.com



တွေကြာ၏။

မိမိဦးနှောက်လည်း လုံးပါးပါးရတော့မည်ထင်၏။

'' ကိုယ်ပြောဖူးပါတယ် ကိုယ်က ရည်မှန်းချက်နဲ့ သံတူကြောင်းကွဲဘဝကို ရွေးလိုက်ရလို့ ဆရာဝန်ဖြစ်လာရတာယ်ဆိုတာလေ''

'' အစ်ကို့ စကားလုံးက တော်တော်လှတာပဲ ရည်မှန်းချက်နဲ့ သံတူကြောင်းကွဲဘဝတဲ့ ''

'' အဟင်း ကိုယ်တကယ်ဖြစ်ချင်တာက မာဂါရီတာလို စန္ဒရားဆရာ ''

'' မာဂါရီတာ အား ကျွန်တော် ဖတ်ဖူးတယ် သူ့အကြောင်းကို ဒါပေမဲ့ ခုချိန်မှာ ပြန်စဉ်းစားလို့မရတော့ဘူး ''

'' ရှုရှုကလေ ကိုယ်ညီရဲ့ ''

'' ဟား ဟုတ်တယ်. . . ဟုတ်တယ် ဂီတနဲ့ ဆေးကုတဲ့ စန္ဒရားဆရာ သူ့အနုပညာကို အဖြူရောင် ဂီတလို့တင်စားကြတယ်လေ ''

မိမိသိမှတ်ဖူးသည့် အကြောင်းအရာကို အစကလေးများဆွဲထုတ်ပေးကာမှ ပြန်၍ သတိရသည့်အတွက် မိမိမှတ်ဉာဏ်၏ ယိုယွင်းပျက်စီးလာမှုအား မကျေမနပ်ဖြစ်ရသည်။

မိမိသည်မှျ ညှံ့ဖျင်းနုံချာသူ မဟုတ်။ အခုတော့ မဟုတ်ခဲ့ဟုသည်ကပို၍ ကာရန်ညီပါလိမ့်မည်။

'' မာဂါရီတာ ဒွန်ဘာရီ. . . ဗက်စကာယာ ''

'' ဟုတ်တယ် ညီ မှတ်ဉာဏ်ကောင်းလှချေလား ''





ဦးနှောက်တစ်ခုလုံးအား ညှစ်ချလိုက်တော့မှ ထွက်လာသည့်သည့်နာမည်အပြည့်အစုံအတွက် ကိုမိုးဇော်၏ ချီးကျူးစကားက မထိုက်တန်သလို ခံစားရသည်။

အဖျစ်ညှစ်ခံဦးနှောက်မှာတော့ စုတ်ပြတ်ကျန်ခဲ့ပြီလားမသိ။ ရှည်လှချေလား မာဂါရီတာရယ်ဟုသာ ညည်းလိုက်ချင်တော့သည်။

'' နေဦး ဒီ့ထက်ရှည်တဲ့ နာမည်တစ်လုံးရှိသေးတယ် ''

'' ဟမ် ညီ. . . ဘာပြောတာလဲ ''

မိမိအတွေးက အသံထွက်ဝါကျဖြစ်သွားသဖြင့် ကိုမိုးဇော်ကြောင်သွားသည်။ အမှတ်တမဲ့ ပြုံးလိုက်မိ၏။

မှန်သားအနက်တွင် ထင်ဟပ်နေသည့် မိမိအပြုံးကို မိမိအားရဖွယ်ပြန်မြင်ရသည်။ ကြာပြီ သည်လို ပီပီသသမပြုံးဖြစ်သည်မှာကြာခဲ့ပြီ။

'' ဩော် ကျွန်တော့်မှတ်ဉာဏ်ကို ပြန်စစ်ကြည့်တာပါ။ အဲ့ဒီ့ထက်ရှည်တဲ့နာမည်လေ ဂုဏ္ဍဝင်ဘောလုံးသမားကြီး ပီလီရဲ့ နာမည်ရင်း''

'' ဟား. . . ဒါတော့ ကိုယ်တောင်မသိဘူး ညီ. . . ဆိုပါဦး ''

'' အက်ဒ်ဆန် အေရန်တက်စ် ဒိုးနက်. . . အဲနောက်ဘာပါလိမ့် စီမန်တိုလား ''

'' ညီ့ဟာက ပီလီဆိုတာလည်းမပါ ပါလားကွ ''

'' အင်းလေ ပီလီက သူ့နစ်က်နိမ်းဟုတ်စာ ''

ကိုမိုးဇော်က သဘောကျစွာ ပြုံးသည်။ သူ့ကိုကြည့်နေရင်းမှ

www.burmeseclassic.com



မှန်သားနက်နက်ပေါ်မှမိမိမျက်နှာအား ပြန်မြင်ရ၏။ အခုတွင်ကလို ပြန်ပြုံးကြည့်ရန် ခပ်ကြောင်ကြောင်တွေးမိသည်။

မိမိနှုတ်ခမ်းများ အပြုံးအဖြစ် ပီပြင်အောင် မတွန့်ကွေးနိုင်ခင်မှာပင် မြင်လိုက်ရသော ပုံရိပ်ကြောင့် အသက်ရှူရပ်သွားရ၏။ မိမိကိုယ်တိုင်

" အို... မဟုတ်... မဟုတ်ဘူး "

မိမိမျက်နှာနှင့် သည်မှန်ချပ်တို့အကြား ကိုမိုးဇော်မှလွဲ၍ သံတိုင်အကွက်များမှ မရှိဘဲ၊ မှန်ချပ်တွင် ထင်ဟပ်နေသော မိမိပုံရိပ်များ သံတိုင်အကွက်များနောက်တွင် တစ်စုံတရာအား ကြောက်လန့်နေသည်လို မျက်လုံးအစုံပြူးကျယ်လျက် သွေးဆုတ်ဖြူလျော်စွာ၊ သံတိုင်များကိုပင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသေးသည်။

" လက်... လက်စွပ်က "

မိမိလက်ဝဲဘက်လက်အား ယောင်မှားငုံ့ကြည့်လိုက်၏။ သည်အထိတူညီနေပါလျှင် မှန်ချပ်ပေါ်မှ ပုံရိပ်သည်

" ဟင်... မရှိတော့ဘူး "

အံ့အားသင့်စွာ မျက်လုံးအပိုင်းသားနှင့် မျက်မှန်ချပ်အားကြည့်နေသော မိမိပုံရိပ်အစစ်အမှန်သာကျန်ခဲ့ပြန်သည်။ လက်အစုံအား မှန်သားနှင့်တန်းမတ်သည်အထိ ပင့်မြှောက်ကြည့်လိုက်မိ၏။

သံတိုင်များအား ဆုပ်ကိုင်ထားသည့် ပုံရိပ်နှယ်ပင်။ မိမိလက်တွင်ရှိနေသော မောင်းကွင်းလေးအား မြင်လိုက်ရလေ၏။ မိမိ





အမည်အတိုကောက်ဖြစ် သော စာတန်းလေးပါတွေ့နေရသည်။

" အနန်... ဇက်... အမ်မ် "

" ညီစေမင်း... ဘာဖြစ်ပြန်တာလဲ "

" ငါ... ငါ ဟိုလက်စွပ်က စာတန်းကို ဖတ်ကြည့်ဖို့ သတိရလိုက်တာ နာဘာပဲ အင်းလေ ဖတ်ကြည့်လဲ ဒါပဲပေါ့ ငါ့အရိပ်ပဲဟာ ...အရိပ် "

(ငါ့အရိပ်)

မဖြစ်နိုင်။ မိမိအရိပ်မှန်လျှင် မိမိရှိသည့်အတိုင်း ထင်ရမည်။

" ညီစေ မျက်လုံးမှိတ်ချလိုက် "

မိမိမျက်နှာရှေ့မှ လက်ဝါးနှင့်ကာလျက် ပြောလာသည့် ကိုမိုးဇော်အား ခေါင်းခါပြလိုက်မိ၏။ အချိန်မမီတော့ မိမိမျက်လုံးမှိတ်ချလိုက်ရန် အချိန်မမီတော့။

မြင်ခဲ့ရပြီးပြီ အာရုံတွင် စွဲနေအောင်မြင်ခဲ့ရပြီး မြင်ယောင်မင်များဟုဆိုဦးတော့ သည်ပုံရိပ်မျိုး မိမိစိတ်မှာ စွဲနေခဲ့ခြင်း မရှိမမြင်သေးခင်အထိပေါ့။

" ညီ "

" ဟင်း... ကျေးဇူးပဲ အစ်ကို ကျွန်တော်ဘာမှမဖြစ်ပါဘူးပါတယ် "

သည်မှန်သားဘက် ခေါင်းမလှည့်တော့ ဆုံးဖြတ်မိသည်။ ဘုံးမကြည့်ဘူးဟု စိတ်တွင်အထပ်ထပ်ရေရွတ်နေရင်းက မျက်လုံး

www.burmeseclassic.com



ထောင့်ကပ်၍ ကြည့်မိရပြန်၏။

" တကယ် ဘာမှမဖြစ်တာဟုတ်ရဲ့လား ညီ "

" ဟုတ်. . . ဟုတ်ပါတယ် "

" ကဲဒါဆို ကိုယ်တို့ မာဂါရီတာအကြောင်း ဆက်ဆွေးနွေးရအောင်လေ "

" ဟုတ် "

" မာဂါရီတာရဲ့ အဖြူရောင် ဂီတ နုတ်စ်တွေ ကမ္ဘာကျော်သွားတဲ့အချိန်မှာ ဟုတ်ဟုသာ ဆိုလိုက်သည်။ မိမိသူ့စကားကို နားထောင်၍မရတော့။ လှည့်မကြည့်တော့ဟု ခပ်တင်းတင်းနှင့် ခေါင်းမတ်ထားလိုက် မှန်သားပေါ်စောင်းငဲ့ အကြည့်ရောက်သွားလိုက်၊ မျက်စိစုံမှိတ်မှိဖျော့လိုက် မနေနိုင်စွာ ခေါင်းစောင်းမိလိုက် သက်ပြင်းချလိုက်နှင့် တစ်ယောက်တည်း အလုပ်ရှုပ်နေရလေသည် "

မကြည့်ဝံ့သည့် စိတ်က တစ်ဘက် ပေါ်လာနိုးနှင့် နိုးကြည့်ချင်သည့်စိတ်ကတစ်ဘက် ရှုပ်ထွေးလိမ်ယှက်နေရ၏။ မိမိနေရာတွင် ဘယ်သူမဆို သည်လိုပဲဖြစ်မည်ထင်သည်။

မိမိကိုယ်တိုင်လက်တွေ့တွင် ပြုမူမနေပါဘဲ မှားယွင်းလွဲချော်စွာ တန်ပြန်လာသည့် ပုံရိပ်ကို တထိတ်တလန့်စိတ်ဝင်စားမိကြမည်ပင်။

" မဟုတ်ဘူးလား "

" ဗျာ. . . ဘာလဲ အစ်ကို "

" ဪ ဒီလောက်စျေးကိုင်ဖို့မသင့်ပေမယ့် ကိုယ်က အရမ်းလိုချင်နေမှတော့ လိုက်လျောရမှာပေါ့လို့ ဟုတ်တယ်မဟုတ်လား "

" ဘာ. . . ဘာစျေးကိုင်လို့လဲ "

" ဪ. . . မာဂါရီတာရဲ့ နုတ်တွေကိုလေကွာ သူငယ်ချင်းအချင်းချင်းဆိုပြီး အလွယ်တကူမပေးလို့ပြောတာ မဟုတ်ပါဘူး။ ကိုယ်ကလည်း အလကားမယူချင်ပါဘူး အထူးသဖြင့် ဒီလိုပညာကို အလကားမယူချင်တာ။ ဒါပေမဲ့ ဒီကောင်ကြီးကလွှန်တာပေါ့ သူ့မှာရှိနေပါလျက် မပြောဘူး ကိုယ့်ဟာကိုယ် သိလာရလို့ တောင်းတော့လည်း"

" ဟမ် ဘယ်ကောင်ကြီးလဲ အစ်ကိုရ "

" သူရိန်လေ "

" ဗျာ ဒေါက်တာသူရိန်မြင့်မော်လား "

" အာ ဒေါက်တာ ဒေါက်တာနဲ့ တပ်ခေါ်မနေနဲ့ သူက ကိုယ်တို့လို ဘွဲ့ရလက်မှတ်ရမဟုတ်ဘူး သူ့အဖေရဲ့ အမွေနဲ့ ဆေးကုစားနေတာ အမွေလည်းမဟုတ်ပါဘူးကွာ လေးလေးမော်သာအကြွေးစောခဲ့ရင်ကိုယ်တို့ ခင်ငြိမ်းချမ်းတို့ကိုပါ ပေးခဲ့မယ် ပညာတွေပါ။ သူက သူ့အဖေအခန်းကို စိတ်ကြိုက်မွှေနှောက်ခွင့်ရလို့ တတ်သွားတဲ့ ပညာ"

ကိုမိုးဇော်က ထန်နှင့်မာန်နှင့်အားပါးတရပြောနေသော်လည်း မိမိတစ်လုံးမျှနားမလည် သူ့ကိုသာ ကြောင်စီစီနှင့်ငေးနေမိရသည်။

" ဘာ. . . ဘာပညာတတ်တာလဲ ဘာအမွေလဲ "

" ဘာ. . . လေးလေးမော်မှာရှိတဲ့ မာဂါရီတာနုတ်တွေ အဲဒါင်းကိုယ်ပြောပြနေတာတွေကို နားရောထောင်ရဲ့လား ကြားရော

www.burmeseclassic.com



ကြားရဲ့လား ''

'' ဟို. . . ဟို မကြားလိုက်မိဘူးထင်တာပဲ အစ်ကို ကျွန်တော် အတွေးလွန်နေတာ ''

'' ဟော. . . သေလိုက်ပါတော့ကွာ ''

'' အစ်ကို ဘာတွေပြောပြနေတာလဲ အစ်ကိုတို့ ဆရာ နတ်တွေ ဒေါက်တာအဲ့ ကိုသူရိန် ရသွားတာရယ် အစ်ကို့ကို သူမပေး ရယ်ပဲ သိလိုက်တယ် ''

'' မပေးတာ မဟုတ်ဘူးကွ ဈေးကိုင်နေတာ ဈေးကိုင်နေတာ ''

'' ဘယ်လိုဈေးကိုင် ''

'' တော်ပါတော့ ကိုယ့်ညီရယ် စကားတွေက တစ်ပတ်ကြော လည်ကုန်ပြီ ''

ဟား အခြားသူများလည်း စိတ်ရှုပ်အားနာလျှင် ရယ်ကျဲကျဲ နှင့် ခေါင်းကုပ်မိတတ်ကြသည်ထင်၏။ ညီစေမှာတော့ မှန်သားပေါ်မှ မိမိပုံရိပ်ကို မိမိပြန်မြင်ကာ ထိတ်ခနဲဖြစ်သွားရသည်။

နှုတ်ခမ်းကိုစေ့လျက်သား ဆွဲဆန့်ထားသည့် အမူအရာနှင့် ကိုယ့်ဦးနှောက်ကိုယ်ဖောက်စားနေသောတစ္ဆေဟု မြင်ယောင်ထင်မှား ဖြစ်မိလေသည်။

❀ ❀ ❀ ❀ ❀



# အခန်း (၂၂)

'' ညီစေ. . . ညီ. . . ထ. . . ထ ''

နှစ်ခြိုက်သော အိပ်မောကျခြင်းထဲမှ ဆွဲနှုတ်ခံလိုက်ရသည့်ကြောင့် အာရုံပိုးတဝါးနှင့် လန့်နိုးသွားရသည်။ သိမှတ်ခံစားနိုင်စွမ်း မရှိမပို့လေးတွင် ဝန်းကျင်မှ ရုန်းရင်းဆန်ခတ် လှုပ်ရှားမှုတို့ဝင်လာ၏။

'' ကားအောက်ကို ခဏဆင်းရမယ်တဲ့ ထ ကားပျက်နေတာကြာ ပြီ၊ ညီတကယ်အိပ်ပျော်နေတုန်း သိလို့မနှိုးတာ၊ အခုအားလုံး ခဏဆင်း ပေးဖို့ ကြေညာလိုက်လို့ ''

'' ကားပျက်နေတယ် ''

'' အင်း. . . ''

ရှားရှားပါးပါးရရှိခဲ့သည့် အိပ်မောကျချိန်ကလေးအား နှမြောသလိုပင် ခံစားရသည်။ တစ်ခါနိုးထပြီးလျှင် ပြန်လည်အိပ်စက်နိုင်ဖို့ မလွယ်။ အိပ်ပျော်ခဲ့လျှင်တောင် အိပ်မက်ဆိုးများကို လွန်မြောက်ရန်

www.burmeseclassic.com



ခက်ခဲမှန်း မိမိကိုယ်ကိုသိနေ၏။

" ဟာ. . . အပြင်မှာ မှောင်နေပြီပဲ၊ ဘယ်အချိန်ရှိပြီလဲအစ်ကို"

" ညကိုးနာရီတောင်ကျော်နေပြီ။ မှောင်မှာပေါ့ညီရယ် "

မိမိအချိန်များစွာ အိပ်မောကျနေခဲ့သည်ပဲ။ အချိန်များစွာ တကယ်တမ်း အဝတ္တာနှင့်ယှဉ်လျှင်တော့ ခဏခဏ ထာဝရအိပ်စက်ခြင်းသည် ဘယ်လောက်ငြိမ်းချမ်းလေမလဲ။

" အနီးအနားမှာ ဆိုင်လေးဘာလေးမရှိဘူးဆိုးတာပဲ၊ ကြည့်ဦး ဒီဝါးရုံတွေချည်း တောထနေတဲ့ နေရာမှာမှ ကားကပျက်ရတယ်လို့ "

" ဩော်. . . ရှင့်နှယ်။ ကားပဲပျက်ချင်တဲ့နေရာပျက်မှာပေါ့ ရှင်နိုက်ပက်ကလေးချနိုင်ဖို့ ဆိုင်နားရောက်မှပဲ ပျက်ရမလိုလို "

ကားပေါ်မှ အဆင်းတွင် အောက်သို့ရောက်နှင့်နေသော ဇနီးမောင်နှံနှစ်ဦး ပြောဆိုသံများကြောင့် ညီစေပြုံးမိရသေး၏ သည်လူကြီးပြောသည်မှာလည်း ဟုတ်နေသည်။

ခုတော့ ခရီးသည်တို့မှာ ကားမီးရောင် ပျံ့နိုင်သမျှ အလင်းအပိုင်းထဲတွင်သာ ဟိုသည်လျှောက်လျက် တချို့ ငုတ်တုပ်ထိုင်လျက် ဗျာန်ကရိုဏ်းမကျစွာ ရှိနေရသည်လေ။

မိမိနှင့် ကိုမိုးဇော်လည်း ဟိုရပ်သည်ရပ်နှင့် အညောင်းဆန့်ရင်း အချိန်ဖြုန်းကြရသည်။ ဝန်းကျင်တစ်ခုလုံးတွင် မိမိတို့ကားမှအလင်းရောင်ရှိသည့်နေရာဟူ၍ မမြင်မိ။

လမ်းမပေါ်ညွှတ်ကိုင်း အုပ်မိုးနေသည့် ဝါးရုံများတို့၏





ကောင်းကင်သားကိုကွယ်လျက် သက်ငြိမ်နေ၏။

အမှောင်တွင် ပျော်တတ်သည့် အကောင်ဗလောင်ငယ်ပေါင်းများစွာ၏ အသံစူးစူးတို့အား ထစ်အထစ်အကြားနေရသည်။

" ခရီးဘယ်လောက်ပေါက်ခဲ့ပြီလဲ အစ်ကို "

" မြို့အဝင်နားတောင် ရောက်နေပြီထင်တာပဲ၊ ညီ ကိုယ်လည်း အမှောင်ထဲမှာဆိုတော့ သိပ်မခန့်မှန်းတတ်ဘူး။ ဒီဝါးရုံးပင်တွေက အတက်လမ်းတလျှောက်လုံး ပေါက်သောက်ရှိနေတာ "

" ကားက ဘာဖြစ်တာလဲ "

" သူတို့ကို သွားမေးကြည့်ရအောင်လေ၊ ဘာဖြစ်သလဲတော့ မသိဘူး၊ ကားနောက်ပိုင်းမှာတော့ လေးငါးယောက် ဝိုင်းနှိုက်နေကြတာပဲ၊

စက်ပြင်သူများသာမက စိုးရိမ်စူးစမ်းရေးသမားတို့လည်း အုံနေလေသည်။ ထိုလူစုစု အစွန်နားတွင်ဝင်ရပ်ကာ မိမိရှေ့မှ လူတစ်ယောက်ကို ကျော်၍ ကြည့်မိ၏။

သည်လူကလည်း ကလေးငယ် ချီပိုးချော့မြူရင်းက ကြည့်နေသည်မို့ ညီစေ ခြေဖျားထောက်၍ ကြည့်ရသည်။ မညီမညာ ဦးခေါင်းများစီရီနေသည်ကလွဲ၍ ကားကိုမမြင်ရ၊ ကလေးနှင့်လူကို မေးမိ၏။

" ဟေ့လူ. . . ဘာပျက်တာတဲ့လဲ "

" အမလေး "

သူ့အော်သံကြောင့် မိမိပါလန့်ဖျပ်သွားရ၏။

www.burmeseclassic.com



'' အာ. . . ခင်ဗျားကလည်း ဒီလောက်ကလေးနဲ့ အမှတ်တခဲ့ လန့်အော်စရာလား ''ဟု ပြောလိုက်သည့်တိုင် မိမိအား မျက်လုံး အဝိုင်းသားနှင့် လှည့်ကြည့်လျက် အနေအထားမပျက်မသွား သူ့လက်ထဲမှ ကလေးပင် အော်သံကြောင့် လန့်နိုးလာပုံရ၏။ ပခုံးထက်မှ ကလေး၏ မျက်လုံးလေးများကပါ မိမိကိုစိုက်ကြည့်လာ၏။

'' အဲ. . . အဲ့ အဲ့. . . ယဲ ယဲ ''

ချာခနဲ မိမိနောက်သို့ လှည့်ကြည့်မိသည်။ သူတို့အကြည့်က မိမိမျက်နှာနှင့်မတည့် မိမိကိုကျော်လျက် အမှောင်ထဲသို့ အကြည့်ရောက် နေမှန်း ညီစေအသိနောက်ကျသွားခဲ့သည်ပဲလား။

ဝါးရုံရိပ် နက်ကျောကျောကြီးမှအပ ကြောက်လန့်ဖွယ် တစ်စုံတရာကို မတွေ့လိုက် ရပေ။ လမ်းစပ်မြေသားပေါ်ရပ်နေရသည့်မှာ နောက်ကျောမလုံချင်တော့။ အမှောင်ထဲ စူးစိုက်ငေ့ဝဲရှာမိရ၏။

'' လာပါညီရာ ကားဘီးလဲတာဖြစ်မှာပေါ့ အချိန်တန်တော့ ပြီးသွားမှာပါ။ လာ အရှေ့ပိုင်းက ပိုပြီးလင်းလင်းချင်းချင်းရှိတယ် ဒီလူအုပ်ထဲတိုးမနေနဲ့တော့ ''

ကိုမိုးဇော်က အခြေအနေကို နားလည်မှုရှိစွာ နေရာရွှေ့စေ၏ မိမိပြန်ထွက်လာသည်အထိ ကြောင်ငေးကြည့်နေဆဲ ထိုလူကို စိတ်ရှုပ်ရှုပ် နှင့် မျက်မှောင်ကျုံ့၍ ကြည့်ခဲ့မိသလားပဲ။

အာရုံထဲဆိုးဝါးသည့် အနံ့အသက်တစ်စုံတရာ တိုးဝင်လာသလို သည်အနံ့ကို မိမိသိနေ၏။ အတွေ့အကြုံအရ ရင်းနှီးကျွမ်းဝင်ထားသော





အနံ့။

'' အစ်ကို ဒါ. . . ဒါ ဘယ်လိုနေရာမျိုးလဲ ''

'' ဘာဖြစ်လို့မေးတာလဲ။ တောင်တက်လမ်းပဲလေ။ အတက် အဆင်းပြေတဲ့လမ်းမို့ သိပ်မသိသာတာ လမ်းဟိုဘက် ဝါးရုံပင်တွေ အလွန်မှာ ချောက်ကမ်းပါးကြီး ကိုယ့်ညီရဲ့ ''

'' ဒီ. . . ဒီဘက်က ''

ပြင်းထန်လာသည့် အနံ့ဆိုးတို့ကြောင့် ဝင်သက်ကိုပင် ရပ်တန့် မိရ၏။ ကိုမိုးဇော်ကိုယ်တိုင် ဇဝေဇဝါနှင့် ကြည့်နေသော လမ်း၏ သည်ဘက်တွင် အား. . . မိမိမျက်လုံးများလည်း အားစိုက်ရလွန်းသဖြင့် အောင့်သက်မှုန်ဝါးနေခဲ့ပြီပဲ။

အမှောင်သည် ရိပ်ရိပ်လှုပ်ရှား ယိမ်းထိုးနေသည့် နှယ် ဒါးပင်တွေလား။ တရွေ့ရွေ့နှင့် လမ်းပေါ်တက်လာနေသည့် နာနာဘာဝ ကောင်များဟု ထင်ယောင်မိသည်နှင့် မှတ်ဉာဏ်က ရထားလမ်းဆုံဆီ ဖြတ်ခနဲ ရောက်သွား၏။

'' ဒီဘက်ကတော့ ဘာရှိမယ် ကိုယ်မမှန်းတတ်ဘူး ညီ။ အဲ မှ အဝင်နားက ကုန်းလေးပေါ်မှာ ရောက်နေတာ ဆိုရင်တော့ ဒီဘက်မှာ ဒီဘက်မှာ ''

ဘယ်လောက်ကြာကြာ အသက်အောင့်ထားမိသည်မသိ။ ရင်ဝ၌ နင့်သည်းမောဟိုက်လာသည်။ လေးလံသည့်အာရုံမှိုင်းများဖြင့် ခေါင်းထဲ ကျုပ်သိပ်အုံ့ခဲနေရ၏။

www.burmeseclassic.com



" သန်ချိုင်းမြေပဲ "

" ဘာ. . . ဒီဘက်မှာ သန်ချိုင်း "

" ဟာ. . . အဲ့လိုမဟုတ်။ ကိုယ်ခန့်မှန်းပြော "

အမှောင်တွေလွှမ်းထလာ၏။ အနီးကပ်ပြောနေသည့် စကားသံ တို့ကိုပင် မကြားတစ်ချက် ကြားတစ်ချက် ခပ်ရေးရေး သဏ္ဌာန်များသည် အမှတ်သညာကြောင့် ပို၍ရုပ်လုံးကြွလာသည်လား၊ လက်တံများမျှော်တွဲ လျက် လက်သက်ချွန်များအား ဝှက်၍ချဉ်းကပ်လာနေကြပြီ။ တဖြည်းဖြည်း စူးရဲဝင်းတောက်လာသော မျက်လုံးစိမ်းစိမ်းများ ညီနေ နားထဲ သန်ချိုင်းမြေဟူသော စကားသံက ပဲ့တင်ဟည်းလျက်ရှိ၏။

မိမိလမ်းလျှောက်နေဆဲလား၊ ရပ်တန့်လိုက်မိပြီလား၊ မျက်လုံး အစုံအား ဆွဲနှုတ်လွှဲယူ၍ မရတော့။ ကားစက်နှိုးသံက မိမိနောက်မှ တဖျင်းဖျင်းထွက်ပေါ်လာသည်။

" ငါလွတ်ပြီ. . . လွတ်ပြီ "

ချက်ချင်းကားဘက်သို့ တကိုယ်လုံးခုန်လှည့်လိုက်မိ၏။ အမြင်အာရုံတစ်ခုလုံး လင်းပျသွားသည်။ ကားဆီသို့ တဖွဲဖွဲမြန်ရောက် လာကြသော ခရီးသည်များကြား ပြေးဝင်ရောနှောလိုက်လေ၏။

နောက်သို့မကြည့် လုံးဝလှည့်မကြည့်တော့။ ရင်သည် တလှပ်လှပ်နှင့် အခုန်မြန်နေဆဲသာ။

တစ်ယောက်ချင်း ကားပေါ်တက်နေရသည်ကို စိတ်မရှည်နိုင်ဖြစ် ရသည်။ မိမိရှေ့တွင် ခုနစ်ဦး ရှစ်ဦးကျန်နေသေး၏။ နားထဲ ကားအင်ဂျင်





သံကြားမှ ထိုးဖောက်တိုးဝင်လာသည့် တစ္ဆေခြေသံများစွာကို ချောက်ချား နှယ်ကြားနေရသည်။

လူသေကောင်တို့၏ အနံ့ဆိုးများ မိမိကိုယ်တွင် ကပ်ပါလာသည့် နှယ် ဝင်သက်တွင် အဆက်မပြတ် ရောယှက်ပါလျက်ရှိ၏။

" ဘာဖြစ်လို့ အတင်းတိုးနေတာလဲ "

မိမိရှေ့မှလူက တံတောင်ကိုသုံး၍ မကျေမနပ်ဆိုသည်။

" အေးလေ။ ကိုယ့်နေရာနဲ့ ကိုယ်ပြန်ထိုင်ရမှာကို ဘာလို့ လုယက်တိုးဝှေ့နေသလဲ မသိပါဘူး "

" ဘယ်သူ့ကိုပြောနေကြတာလဲ "

သည်အသံကို ညီစေမှတ်မိ၏။ မိမိရှေ့ သုံးလေးယောက်ခြားဆီမှ ကိုမိုးဇော်က လှမ်းမေးခြင်းဖြစ်သည်။

" ဟို. . . နောက်ဆုံးကလူပေါ့ "

ဖြေသံကြောင့် ထိတ်လန့်လွန်းစွာ ချာခနဲ လှည့်ကြည့်မိသည်။ မိမိနောက်တွင် တစ်စုံတစ်ယောက်မျှ မရှိတော့။ သည်ကို သတိမပြုမိခဲ့ပေ။ အမှောင်တွေက တရိပ်ရိပ်နီးကပ်လာနေပြီ။ မျက်လုံးများ စိမ်းဆန့်ဝန့် မျက်လုံးများနှင့် လက်ပြင်ကိုင်းကိုင်း သဏ္ဌာန်တွေ

" အာ. . . ဒီလူတော်တော်အတိုးအဝှေ့ ဝါသနာပါတယ် "

" ဒီလောက်တောင် တိုးချင်ဟာ "

" ဘာ. . . ဘာဖြစ်တာလဲ "

www.burmeseclassic.com



'' ငါ. . . ငါတို့နောက်မှာ လူမှမရှိ. . . မရှိပဲ။ သ. . . သရဲခြောက်ပြီထင်တယ် ''

❀ ❀ ❀ ❀ ❀



## အခန်း (၂၃)

'' ဒါကြောင့်ညီ့ကို ဒီအနက်ရောင်ဝမ်းဆက်ကြီး ဝတ်မလာဖို့ ပြောတာပေါ့ ''

နေရာအတည်တကျဖြစ်သည်နှင့် ကိုမိုးဇော်က ပြောလာ၏။ မိမိကတော့ သည်လိုမထင်ပါ။ အေးစက်စက်ရာသီဥတုထဲ တိုးဝင်ရမည်မို့ သည်အရောင်အနွေးဝတ်စုံက လိုက်ဖက်မည်ဟု တွေးဆဝတ်ဆင်ခဲ့ခြင်း ဖြစ်သည်။

'' သူတို့က ညီ့ကိုမြင်လိုက်ရင် အမှောင်ထဲက ဘွားခနဲပေါ်လာသလိုဖြစ်နေတော့ လန့်တာပေါ့ ''

ပထမစကားကိုဆိုကတည်းက သည်အဆက်ကိုပြောမည်ဟု မိမိကြိုတွက်ထားပြီးသား။ သည်စကားနှင့်ပတ်သက်၍ ကလေးငိုခြင်း လောက်သာ ညီစေလက်ခံသည်။

ဟိုလူနှစ်ယောက်ကပဲ အသည်းငယ် တတ်လွန်းသည်လား။

မောင်းထွက်မသွားသေးသော ကားအတွင်းမှ မြင်နေရသည့်

www.burmeseclassic.com



တတ်ပါဘူး ''

'' ဘာဖြစ်လို့လဲ ''

'' သူကိုယ်တိုင်က ခွင့်မပြုတာလေ။

သူ့ရောဂါမှန်သမျှကို ဘယ်ဆရာဝန်မှ ဟုတ်လား ''

'' ခြွင်းချက်ရှိတယ်လေ။ စောစောက ကျွန်တော်ပြောတဲ့ထဲ ပါပါတယ်။ သူ့ကို ကုသခွင့်ရှိဘာဆိုလို့ တစ်ယောက်ပဲ ရှိတယ်ဆိုတာလေ ''

'' ဩော်. . . ဒီလိုလား။ ဒါနဲ့ အိန်ဂျယ်လိုက သူနဲ့တော်တော် ဆင်လို့လား ''

'' မဟုတ်ဘူး။ ဆင်တာမဟုတ်ဘူး။ တစ်ယောက်တည်း ထင်ရလောက်အောင်တူတာ။ ကျွန်တော်လည်း သာမာန်ကေ့စ်မျိုး အထူးအထွေမေးမြန်းမနေပါဘူး။ လူနာအရေးကြီးရင် ကြီးသလိုကုပေး တယ်။ ဒါပေမဲ့ သူ့ကိုတွေ့တော့ မမေးမဖြစ် မေးခဲ့ရတာပေါ့။ ခင်ဗျား သူဟာ အိန်ဂျယ်လိုမဟုတ်ကြောင်း ခိုင်ခိုင်လုံလုံ အထောက်အထားမပြ ခဲ့ရင် သူ ''

'' အ. . . ဟား. . . အား ''

'' ညီ. . . ညီစေ သတိရလာပြီလား။ ညီ ''

ညည်းညူသံနှင့်အတူ ညီစေ မျက်လုံးဖွင့်ကြည့်သည်။

မျက်နှာကြက်အဖြူ၊ နံရံအဖြူ၊ မိမိကိုယ်ပေါ်မှ အင်္ကျီအနက် ပြီး။ မိမိခုတင်နံဘေးမှာ လူနှစ်ယောက် အဖြူရောင်သူစိမ်းတစ်ဦးနှင့် ကိုမိုးဇော် မိမိကို အနက်ရောင်ဝတ်၍ ပြောဆိုထားသူက ခု အနက်ရောင်





ဝတ်ဆင်လျက်သား ဖြစ်နေ၏။

'' အ. . . ဟေ. . . ရေ. . . ''

မိမိလည်ချောင်းထဲ အက်ရှတုန်ခါနေမှုသည် အဦးဆုံးသိမှတ်မိ သော ခံစားချက်ပင်။ မိမိဘာဖြစ်ခဲ့သလဲ။ မြင်နေရဆဲဖြစ်သော မျက်လုံး ' အစုံအား အံ့ဩမင်သက်နေမိ၏။ ဆွဲငင်ထားသည့်အားကို ရုန်းလျက် ခေါင်းအုံးထက်မှခွာသည်။ လိမ့်နေအောင် မူးနောက်အုံလေးသွားရသည်။ မိမိဦးခေါင်းမှာ ဒဏ်ရာရှိနေသလား။

ခေါင်းအုံးအနက် အိပ်ရာခင်းအဖြူ မည်းမှုန်မှုန်ဖြစ်နေသော စားပွဲထိုင်ခုံအချို့ ပြီး အဖြူအနက် ကွက်ကြားစီရီနေသည့် စားပွဲပေါ်မှ ဆေးပုလင်းငယ်များ။

'' ဖြည်းဖြည်းသောက်နော်။ ကိုယ့်ညီ ''

သည့်နောက်ထူးဆန်းသော မြင်ကွင်းတစ်ခုကို မြင်လိုက်ရ၏။ စားပွဲတင်ပန်းအိုးဖြူဖြူတွင် ထိုးစိုက်ထားသည့် နှင်းဆီနက် နံရံထက်တွင် ဖြူမွဲမွဲမည်းမှုန်မှုန်ပိုစတာတစ်ချပ်၊

သည့်ထက်ဆန်းသည်က ပြတင်းပေါက်မှ မြင်နေရသည့် သစ်ရွက်မည်းမည်းများနှင့် အုတ်စည်းရိုးညိုညစ်ညစ်များ။

'' အု. . . ဟု. . . အဟွတ်. . . ဟွတ် ''

'' ဟော. . . ညီ့ကို ကိုယ်ပြောသားပဲ။ ဖြည်းဖြည်းသောက်ပါ လို့ ''

'' အဟု. . . မဟုတ်. . . မဟုတ်ဘူး။ ကျွန်တော့်မျက်လုံးတွေ

www.burmeseclassic.com



ပြင်ပပြင်လွင်သည် လှုပ်ရှားသက်ဝင်နေသည့် အနက်ရောင် အမှျင်တန်းများသာမဟုတ်။

" ပြီးတော့ ညီက ဒီလမ်းကို သွားနေကျမဟုတ်လို့ မသိတာ ဒီနေရာက ကိုယ်မှန်းပြောခဲ့တာ ကုန်းတက်ပဲ။ မြို့အဝင် ကုန်းတက်လေ "

" ကား. . . ကားကဘာလို့ မထွက်သေးတာလဲ "

" ထွက်မှာပါကွာ။ ဒီနေရာမှာ ဒီလောက်ကြာအောင် နေရဲတာ တောင် လွန်လှပြီ။ ဒီမြေအကြောင်း ခရီးသည်တွေထက် ကားသမားတွေ က ပိုအသိဆုံးပါ။ ကားကောင်းတာနဲ့ ချက်ချင်းမောင်းပြေးမှာ။ ဒါတောင် လူအများနဲ့မို့ ပြင်ရဲဆင်ရဲတာ။ တစ်ယောက်တည်းသမားတွေ လူနည်းနည်းနဲ့ ဒီနေရာကိုဖြတ်သွားကြရတဲ့ လူတွေဆိုရင် "

ငြိမ့်ခနဲ ရွေ့လျားမှုစတင်လိုက်မှ ညီစေ စိတ်သက်သာရာရမိသလိုရှိ၏။ ပြီး မိမိနေရာက မှန်ပြတင်းဘက်မှာမဟုတ်သဖြင့် ကျေနွေဆည်နိုင်ရခြင်းသာ။

" ကားပျက်လို့ကတော့ ပြင်မနေဘူး။ ကားထားပြီး လူထွက်ပြေးမှာ ဒီနေရာက နာမည်ကြီး ဖြတ်သွားသမျှကားတိုင်းလိုလိုလည်း ပျက်ကို ပျက်တတ်တဲ့နေရာ။ အတက်ကြောရှည်လို့ လို့တော့ပြောကြတာပဲ၊ ဒါပေမဲ့ ဒီဆင်ခြေကို အယုံအကြည်နည်းတယ်ညီ "

" ဗုန်း "

" ဟင့် "





ကားအမိုးပေါ်ပြုတ်ကျလာသံက ဝင်သက်အား ရှိုက်သွင်းလိုက် မီးရောင်မှိန်မှိန်တွင် ဖါညို့ညို့ဖြစ်နေသော အတွင်းဘက် အမိုးသား မော့လှန်စိုက်ကြည့်ရင်းမှ ဘာမှန်းမသိရသည့် တစ်စုံတရာအား သက်ရှူရပ် ထိတ်လန့်နေလျက်က မျှော်မောနေမိသည်ကို ကိုယ်တိုင် းမလည်နိုင်တော့။

ကျွံဝင်အိကျလာသည့် အတွင်းမီးလုံးဘေးမှ အထင်းသား င်နေရသော လက်ချောင်းရာများ. . .

အို. . .

ကားအမိုးကို ထိုးဖောက်နိုင်သည့် အင်အား. . .

" အစ်ကို မြင်. . . မြင်လား "

အက်ပြာပြာအသံကြောင့် မိမိကိုယ်တိုင်လန့်သွားရ၏။ ကိုမိုးဇော် ည်းမိမိအသံအား သဲကွဲပုံမရ၊ မျက်လုံးအဝိုင်းသားနှင့် ကြည့်လာသည်။

သူ့နံဘေး မှန်သားနက်နက်ပေါ်တွင် ခေါင်းစိုက်ကျလျက်ရှိသော ပ်ကို မြင်ရပြန်၏။ မိမိနောက်မှ လူလား။ ချာခနဲလှည့်အကြည့်တွင် က်မြည်းနေသည့် အရွယ်လွန်စုံတွဲမှလွဲ၍ သည်မှန်သားနှင့် တည့်တည့် င် ပုံရိပ်ရှင်ကိုမတွေ့။

ကတုန်ကယင်နှင့် ခုံမှထရပ် အလယ်လမ်း၌ ခြေစုံကျ၍ စ်တက်ခုံတန်းကျောမှီများဆီ ဒယီးဒယိုင်လက်လှမ်းလိုက်မိသည်။ အာရုံ းလုံးဆုတ်ဆိုင်းထုံကျဉ်ကာ ဘာကိုမျှမခံစားရတော့သလို မှန်ချပ်ကို ကြောင်သားငေးနေမိ၏။

ဗျူးစာပေ

www.burmeseclassic.com



ငိုက်တွဲတွဲ ဦးခေါင်းက တဖြည်းဖြည်း မြောက်တက်လာသည်။ ဆံမျှင်ရှည်များ ဖားလျားခွဲဖြာ၍

" ဟင်း. . . ဟင်း. . . ဟင်း "

နောက်ဖြူလျော့လျော့အရေပြားများနှင့် နဖူးပြင်သွေးကြောများ ပင် ပေါ်လွင်နေ၏။ မိမိအသက်ရှူသံတို့ တရစပ်ပြင်းထန်ပြတ်တောင်း ဝါးရုံတော သချိုင်းမြေတွင် ရခဲ့ဖူးသည့် အနံ့အသက်တို့ တိုးဝင်၊

မှန်သားပေါ်တွင် ပုံရိပ်ထက်ပို၍ ပီပြင်ထင်းပြက်လာသည့် သဏ္ဍာန်က အကြော ဆန့်ကာ ပြုံးကျယ်နေသည်။ မျက်လုံးများနှင့် မိမိကိုယ်တိုင်၏ ပုံရိပ်သာ။

မိမိတစ်ခေါင်းလုံးမှ ဆံစများ ကျွတ်ထွက်သွားတော့မတတ် ဦးရေပြားက တင်းထောင်ကျုံ့စပ်သွား၏။ ကျပ်သည်းသည့် အသက်ရှူသံ များ ထစ်အတုံ့ရပ်၊

" မ. . . မလုပ်. . . နဲ့ "

" ကျွိ. . . ဗျစ် ဗျစ်. . . ဖြဲ "

ပုံရိပ်က လက်အစုံအား ပင့်မြှောက်၍ ပြုံးဝိုင်းနေသည့် မျက်လုံး များထဲ ထိုးသွင်းတော့မလို ချိန်ရွယ်လိုက်သည်နှင့် တချိန်တည်းတွင် မိမိအပေါ်တည့်တည့်မှ ပေါက်ပြဲသံထွက်ပေါ်လာ၏။

အမိုးသားအား ဆုတ်ဖြဲထိုးဖောက်လာသည့် လက်တစ်ဘက် ရှည်လျားချွန်မြနေသည့် လက်သည်းများ အသားစများစုတ်ပြဲ ထွက်နေသည့်လက်ဖျံ၊





မှန်ရိပ်ထင်သော သဏ္ဍာန်က သူ့လက်ချောင်းများအား မျက်ကြည်လွှာထဲ ထိုးစိုက်. . .

" မ. . . မလုပ်ပါနဲ့. . . အ. . . "

မိမိနဖူးပြင်အား ကုတ်ခြစ်လိုက်သည့် လက်သည်းရှည်များ ကြောင့် အပေါ်သို့ မော့လှန်လိုက်မိသည်နှင့်

" အား. . . . . . "

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

## အခန်း (၂၄)

မျက်လုံးအစုံထဲ တည့်မတ်စွာ ထိုးခိုက်ကျလာသည့် လက်သည်းချွန်နှစ်ခုသည်သာ နောက်ဆုံးမြင်ကွင်းဖြစ်၏။ စေးပိုင်လှသော ပေါက်ကွဲသံတစ်စုံနှင့်အတူ ဝိညာဉ်သည် မျက်လုံးပေါက်ဆီမှ ကျွတ်ထွက် မိမိခန္ဓာအတွင်းမှ ယိုစီးလွင့်ပျက်သွားတော့သည်။

အဆုံးစွန်သော နာကျင်မှု၏ နောက်တွင် စူးရှလွန်းသည့် အလင်းပြင်ကြီးမှလွဲ၍ ညီစေ ဘာကိုမျှမမြင်မတွေ့ရတော့။ အရှေ့အောက်နေရာအနှံ့မှ သွေးတို့ ပါးပြင်ပေါ်မှုခြစ်ခြစ် လိမ့်ဆင်းကျသွားခဲ့ပြီလား။ သွေးပွက်သံများကြားတွင်

" ငါ. . . ငါ သေ. . . သေ "

" ငါသေ "

" အို တမလွန်အထိ ဒီသံယောင်ကြိုးက ငါ့နောက်မှာ ကပ်ပါလို့ဒါ. . . ဒါမှမဟုတ် "





တမလွန်မှ စောင့်ကြိုနေသည့် သံယောင်ညြိုညြို အလင်းတောထဲ ပုန်းလျှိုးခိုဝင်လာသည့် အရိပ်တစ်ရိပ် ဝိညာဉ်သည်

ရင် တဒိတ်ဒိတ် ခုန်တတ်ပါသလား။

ဝန်းကျင်လေထုထဲ နာနာဘာဝတို့၏ ခံတွင်းအပုပ်နံ့များ ထုံအီညှီညော်စွာလွှမ်းမိုးလာ၏။ လူသေပတ်သည့် အဝတ်များစွာဖြင့် ရစ်ပတ်နှစ်မြှုပ်ခံထားရသည့်နှယ်၊ မိမိကိုယ်တိုင်သေဆုံးပြီးသောအခါ သည်အရာများကို ချောက်ချားရွံ့ထိတ်နေရခြင်းက ရူးသွပ်မှုသက်သက်သာဖြစ်လာ၏။

အခြားသူတွေမှာလည်း အသက်ရှိစဉ်က သွေးမျက်ကြောက်လန့်ခဲ့ရသည့် ဝိညာဉ်ရိပ်များအား သေလွန်သွားပြီးနောက်တွင် ဘယ်လိုရင်ဆိုင်ကြမည်လဲ။

အော်ဟစ်ရယ်မောနေသည့် အဖြူရောင်သဏ္ဍာန်တစ်ခု လျှပ်ပြက်သည့်နှယ် အလင်းပြင်ဝယ် ဖြတ်ခနဲပေါ်လာသည်။ ရယ်သံနှင့်ခြေသံတွဲလျက် နီးကပ်လာသည့်တိုင် ရေးရေးရိပ်ရိပ်ထက်ပို၍ သဲကွဲပီပြင်မလာ။ မျက်လုံးပေါက်ပက်နှင့် မိမိဝိညာဉ်မှာ သည်မျှသာ မြင်နိုင်ရမည်လား။

ခံစားချက်တစ်စုံတရာမရှိဟု ထင်မှတ်ထားခဲ့ပြီးမှ ဝမ်းနည်းစိတ်က ပေါ်လာပြန်သည်။

အကယ်၍ မိမိသာ ကံကြမ္မာပြဋ္ဌာန်းထားသော ရက်စွဲမတိုင်မီ သေဆုံးခဲ့ရသည်ဆိုပါလျှင် မိမိဝိညာဉ်သည် အပြန်လမ်းကို မမြင်နိုင်တော့

www.burmeseclassic.com



ခြင်းသက်သက်ကြောင့် မျက်ကန်းတစ္ဆေဘဝနှင့် အရာရာတိုင်းအား ကြောက်ရွံ့စိုးထိတ်စွာ

" ငါ. . . ငါ နှစ်ခါပြန် သေရတော့မှာလား ဝိညာဉ်ဘဝကနေ ထပ်ပြီး သေဆုံးရရင် ဟင်. . . အခု ငါတကယ်. . . တကယ် သေခဲ့တာ ဟုတ်ရဲ့လား "

" ငါနှစ်ခါပြန်သေရတော့မှာလား ဝိညာဉ်ဘဝကနေထပ်ပြီး သေဆုံးရရင် "

မိမိစကားသံအတိုင်း လိုက်လံတုပ ရေရွတ်သံက အရပ် မျက်နှာတိုင်းမှ ပေါ်လာသည်။

" ငါတကယ်သေခဲ့တာ ဟုတ်. . . ရဲ့. . . လား "

" ငါမသေသေးဘူး. . . ပြန်သွားမယ်. . . လူ့ဘဝထဲ ငါပြန်သွားမယ် "

မိမိကိုယ်ကို ဒုန်းဆိုင်းပြေးလွှားနေသည်ဟု ထင်နေမိသော်လည်း အလင်းပြင်ထဲမှ မလွတ်မြောက်နိုင်။ မိမိအလောင်းကို မိမိဘယ်လိုရှာရမည်လဲ။ တစ်ခါက မုန်တိုင်းစက်ဆုပ်ရွံ့ရှာသည့် အမှောင်ထုအား ဆာလောင်မွတ်လာသည်။

" လူ့ဘဝထဲ ငါပြန်သွားမယ် "

သံယောင်ခြောက်လှန့်ခြင်းထက် ကြုံးဝါးမှုဆန်သော အသံသြသြများ (အို သူတို့ ငါ့ခန္ဓာကိုယ်ထဲ ပူးဝင်ကြတော့မှာလား ငါ. . . ငါက အမြင်မဲ့နေတဲ့သူ. . . သူ သူတို့သာ ငါ့လိုမဟုတ်ဘူးဆိုရင်)





မိမိကိုယ်ကို မိမိပြန်လည်လုယက်ရန် အသံများ၏နောက်သို့ လိုက်သည်။ ပြေးလိုက်သည်။

ဒုန်းစိုင်းပြေး၍ လိုက်မိသည်။ မောဟိုက်ချောက်ချား မိမိ ရင်ခုန်သံကြား မိမိနားတို့ ကန်းဆွံ့ရတော့မည်။ တဒိန်းဒိန်းနှင့် ပဲ့တင်ဟည်းလျက် အူညည်းနေရ၏။

" နား. . . နားတွေပါကန်းလို့ မဖြစ်ဘူး ငါနားကန်းလို့ မဖြစ်ဘူး "

" ငါ့ခန္ဓာကိုယ် ငါ့ဘဝ ငါငါငါ. . . နားတွေပါကန်းလို့ မဖြစ်ဘူး ဒါ. . . "

အသံက မိမိနောက်မှဝေး၍ကျန်ခဲ့ပြီ။

တဖြည်းဖြည်း အလင်းရောင်တို့ တလွှာချင်းလျော့ပါးမှေးမှိန် ပါ. . . ညို ညို. . . နက်. . . စိမ့်ခနဲ အေးစက်သွားသည်။ အထိအတွေ့။

" ခင်ဗျားလည်း ဆရာဝန်တစ်ယောက်ပါ သူ့အခြေအနေကို ခင်ဗျားခန့်မှန်းနိုင်မှာပါ။ သိပ်လည်း မစိုးရိမ်ပါနဲ့ဗျာ "

အသံစိမ်း လေယူလေသိမ်းမှအစ လုံးဝမကြားဘူးသည့် စကားသံ မိမိခန္ဓာကိုယ်ထဲ မိမိပြန်ရောက်နေသည်မှ(ဟုတ်ရဲ့လား)။

" ကျွန်တော် အစက သူ့ကို အိန်ဂျယ် လို့ ထင်မိတာ။ ဒါကြောင့်လည်း သူ့ကော့စ်ကို တာဝန်ယူဖို့ ငြင်းခဲ့တာပေါ့ ခင်ဗျားက ညွှန်သည်မို့ မသိတာ။ ဒီမြို့မှာ အိန်ဂျယ်လိုကို ကုသခွင့်ရှိတာ အဲဒါပဲ ဖြစ်ဖြစ် ဘယ်လိုကော့စ်မျိုးပဲဖြစ်ဖြစ်ပေါ့ဗျာ။ ကျွန်တော်တို့ဆီရောက်မလာ

www.burmeseclassic.com



တတ်ပါဘူး ''

'' ဘာဖြစ်လို့လဲ ''

'' သူကိုယ်တိုင်က ခွင့်မပြုတာလေ။

သူ့ရောဂါမှန်သမျှကို ဘယ်ဆရာဝန်မှ ဟုတ်လား ''

'' ခြွင်းချက်ရှိတယ်လေ။ စောစောက ကျွန်တော်ပြောတဲ့ထဲ... ပါပါတယ်။ သူ့ကို ကုသခွင့်ရှိဘာဆိုလို့ တစ်ယောက်ပဲ ရှိတယ်ဆိုတာလေ''

'' ဪ... ဒီလိုလား။ ဒါနဲ့ အိန်ဂျယ်လိုက သူနဲ့တော်တော်... ဆင်လို့လား ''

'' မဟုတ်ဘူး။ ဆင်တာမဟုတ်ဘူး။ တစ်ယောက်တည်း... ထင်ရလောက်အောင်တူတာ။ ကျွန်တော်လည်း သာမာန်ကျေစ်မျိုး... အထူးအထွေမေးမြန်းမနေပါဘူး။ လူနာအရေးကြီးရင် ကြီးသလိုကုပေး... တယ်။ ဒါပေမဲ့ သူ့ကိုတွေ့တော့ မမေးမဖြစ် မေးခဲ့ရတာပေါ့။ ခင်ဗျား... သူဟာ အိန်ဂျယ်လိုမဟုတ်ကြောင်း ခိုင်ခိုင်လုံလုံ အထောက်အထားမပြ... ခဲ့ရင် သူ ''

'' အ... ဟား... အား ''

'' ညီ... ညီစေ သတိရလာပြီလား။ ညီ ''

ညည်းညူသံနှင့်အတူ ညီစေ မျက်လုံးဖွင့်ကြည့်သည်။

မျက်နှာကြက်အဖြူ၊ နံရံအဖြူ၊ မိမိကိုယ်ပေါ်မှ အကျီအနက်... ပြီး။ မိမိခုတင်နံဘေးမှာ လူနှစ်ယောက် အဖြူရောင်သူစိမ်းတစ်ဦးနှင့်... ကိုမိုးဇော် မိမိကို အနက်ရောင်ဝတ်၍ ပြောဆိုထားသူက ခု အနက်ရောင်...





...ဝတ်ဆင်လျက်သား ဖြစ်နေ၏။

'' အ... ဟေ... ရေ... ''

မိမိလည်ချောင်းထဲ အက်ရှတုန်ခါနေမှုသည် အဦးဆုံးသိမှတ်မိသော ခံစားချက်ပင်။ မိမိဘာဖြစ်ခဲ့သလဲ။ မြင်နေရဆဲဖြစ်သော မျက်လုံး '... အစုံအား အံ့ဩမင်သက်နေမိ၏။ ဆွဲငင်ထားသည့်အားကို ရုန်းလျက် ...ခေါင်းအုံးထက်မှခွာသည်။ လိမ့်နေအောင် မူးနောက်အုံလေးသွားရသည်။ ...မိမိဦးခေါင်းမှာ ဒဏ်ရာရှိနေသလား။

ခေါင်းအုံးအနက် အိပ်ရာခင်းအဖြူ မည်းမှုန်မှုန်ဖြစ်နေသော ...စားပွဲထိုင်ခုံအချို့ ပြီး အဖြူအနက် ကွက်ကြားစီရီနေသည့် စားပွဲပေါ်မှ ...ဆေးပုလင်းငယ်များ။

'' ဖြည်းဖြည်းသောက်နော်။ ကိုယ့်ညီ ''

သည့်နောက်ထူးဆန်းသော မြင်ကွင်းတစ်ခုကို မြင်လိုက်ရ၏။ ...စားပွဲတင်ပန်းအိုးဖြူဖြူတွင် ထိုးစိုက်ထားသည့် နှင်းဆီနက် နံရံထက်တွင် ...ဖြူမွဲမွဲမည်းမှုန်မှုန်ပိုစတာတစ်ချပ်၊

သည့်ထက်ဆန်းသည်က ပြတင်းပေါက်မှ မြင်နေရသည့် ...သစ်ရွက်မည်းမည်းများနှင့် အုတ်စည်းရိုးညိုညစ်ညစ်များ။

'' အု... ဟု... အဟွတ်... ဟွတ် ''

'' ဟော... ညီကို ကိုယ်ပြောသားပဲ။ ဖြည်းဖြည်းသောက်ပါလို့ ''

'' အဟု... မဟုတ်... မဟုတ်ဘူး။ ကျွန်တော့်မျက်လုံးတွေ

www.burmeseclassic.com



ကျွန် . . . တော့် ''

'' ညီမျက်လုံးတွေဟုတ်လား။ ဘာမှမဖြစ်ပါဘူးကွ ''

'' ဟို . . . ဟို နှင်းဆီပန်းက ဘာရောင်လဲ ''

'' အနီလေ။ ဟင် . . . ညီမမြင် . . . မမြင် ''

'' မြင်မှာပါ။ သူခင်ဗျားကိုမေးတော့ နှင်းဆီပန်းကို လက်ညှိုးထိုးပြနေတာပဲ ''

'' အနီဟုတ်လား ''

မျက်လုံးအစုံမှ အခိုးထွက်မတတ် စူးစူးရဲရဲစိုက်ကြည့်မိသည်။ မနီ မည်းရင့်ပိန်းနက်နေ၏။ သစ်ရွက်တို့သည်လည်း မစိမ်း။ အုတ်သားတို့သည်လည်း . . .

'' ကျ . . . ကျွန်တော့်မျက်လုံးတွေ . . . မျက်လုံးတွေ။ ကာလာဘလိုင်းဖြစ်သွားပြီလား ''

'' ဘာ ''

'' ကျွန်တော် အဖြူရောင်နဲ့ အမည်းရောင်တွေချည်းပဲ မြင်နေရတယ် ''

'' အဖြူနဲ့ အမည်းချည်းဟုတ်လား ''

လူစိမ်းကခေါင်းခါသည်။ ပြီး သူ့အနီးမှ ဆေးကဒ်တစ်ခုအားလက်လှမ်းရင်း . . .

'' ဆေးသောက်ပြီး ပြန်အနားယူလိုက်ပါဦးလား။ ကိုညီစေမင်း'' မထူးခြားသည်ကိုသိလျက် ခေါင်းညိတ်မိ၏။ မိမိကိုယ်ကို





အနားယူရန် လိုသေးသည်မှန်းသိ၍သာ၊ ဆေးသောက်၍လည်း သည်မျက်လုံးတွေက ထူးခြားလာမည်မဟုတ်။

သင်းခွေချပ်သွေးစင်ထား သည့် မျက်ခွံ၊ တစ္ဆေအဖောက်ခံထားရသည့် မျက်လုံး။ ပြန်လည်အိပ်စက် လိုက်ဦးတော့ အရောင်များကို မမြင်နိုင်မည်မဟုတ်တော့။

ကန်းဆွံ့မသွားရသည့်အတွက် ဝမ်းသာရမည်လား။ ရင်တအုံအုံး သက်ပြင်းများနှင့် ပြည့်ဖောင်းလာသည်။

ဆေးအာနိသင်အားဖြင့် လေးလံလာသည့် မျက်ခွံတို့ ပိတ်ကွယ်သွားလျှင် မြင်မက်ရမည့် အိပ်မက်ရိပ်များသည်လား အဖြူအမည်းခေတ်ဟောင်းရုပ်ရှင်ကားလိုပဲလား။

တကယ်တမ်းအိပ်ပျော်သွားသည့်နောက် . . .

အိပ်မက်တွင် အရောင်များကိုမြင်သည်။

မိမိထံမှ မကောင်းဆိုးဝါးတို့ ခိုးဝှက်သွားသော အရောင်များကိုမြင်သည်၊ ရေးရေးရိပ်ရိပ် အပြန်အလှန်အားဖြင့် အရောင်ရိပ်ရိပ်မြင်ရခြင်းကြောင့်လည်း အိပ်မက်ဟုသိနေ၏။

'' အိန္ဒြိယလို ကိုတာဝန်ယူထားတဲ့ ဖမ္မလီ ဒေါက်တာရဲ့နာမည်ကို သိခွင့်ရှိမလား ''

'' သိခွင့်ရှိပါတယ် ကိုမိုးဇော်။ ဒါပေမဲ့ သူကခင်ဗျားပြောသလို တာဝန်တစ်ယောက်မဟုတ်ပါဘူး ''

'' ဘာ . . . ဒါ . . . ဒါဆို သူရိန်မြင့်မော် ''

www.burmeseclassic.com



" ဝါး . . . ဟင်ဝါး . . . ဝုဝု . . . အီ . . . ဟား "

(ငါ့ . . . ငါ့ . . . နားတွေ . . . ငါ့နားတွေ)

အိပ်ရာခင်းစဖြူဖြူထဲမှ ဖောက်ခွဲတိုးထွက်လာသည့် လက်ချောင်းများ အရေပြားမဲ့ ညစ်ထေးသွေးရိုနေသော အသားမျှင်များကြားမှ အရိုးဖွေးဖွေးပေါ်နေသည်။ အရောင်မပါသည့် သည်မြင်ကွင်းသည် အိပ်မက်မဟုတ်ဟု ချက်ချင်းသိလိုက်သော်လည်း ရုန်းထွက်လွတ်မြောက်ဖို့ရာမလွယ်တော့။

(ငါဘယ်မှာလဲ . . . ငါဘယ်မှာလဲ)

သွေးဆာနေသည့် ချွန်မြမြ လက်သည်းရှည်ကြီးများက မိမိနားနှစ်ဘက်ဆီသို့ တလှုပ်လှုပ်တိုးဝင်လာနေပြီ။

" ငါ ဘယ်နားမှာလဲ . . . "

" အူ . . . ဝူးဝူး . . . ဟူး "

" အား . . . "

သံရှည်အူသံများနောက် နားဝမှ တိုးဝင်လာသည့် အထိအတွေ့ *သံကုန်ကြွေး၍ မိမိဟစ်လိုက်မိသည့်ခဏ မိမိကိုယ်ခန္ဓာဆီ မိမိပြန်ရောက်*လာခဲ့သည်။ နောက်ကျသွားခဲ့ပြီလား။

" အီဟီဟီ . . . ဝိုးဝိုး . . . ဝီ "

မျက်လုံးများ ပြန်အဖွင့်တွင် မိမိအား တစ်စုံတစ်ခု ပြောနေသည့် ကိုမိုးဇော်ကိုမြင်သည်။ တဟူးဟူးအူနေသော မိမိအကြား အာရုံထဲစကားသံများက သရဲများအဖြစ်လုံးဆဲဝင်ရောက်လာ၏။ ကြား





သည်။"သို့သော် မကြားရတော့သရဲသံများမှလွဲ၍ ဘာကိုမျှမကြားရတော့။

" အီ . . . အာဟာစ်ဟစ်ဟစ် . . . "

" ကျွန်တော့်နားတွေ မကြားရတော့ဘူး။ ကိုမိုးဇော် "

အားယူ၍ပြောလိုက်ရသော်လည်း မိမိအသံကိုပင် မိမိပြန်မကြားရခြင်းကြောင့် စကားပြောရခြင်း အသက်မပါ။ (ငါ့မှာအသက်ရောရှိသေးလို့လား)

အာရုံများကို တစ်ခုချင်းဆုံးရှုံးနေရသည့် အဖြစ်သည် ချောက်ချားဖွယ်ကောင်းလှ၏။ နားသည်အကြားအာရုံပြီးလျှင် (အိုး . . . ငါ့ကိုတရစ်ချင်းသတ်နေကြတာလား)။

ဝေနေသော အတွေးများအား အသံထွက်ပြောနေမိသည်။ သည်အချိန်တွင် အတွေးနှင့်အသံသည် ဘာမျှမခြားနား သရဲသံများ၊ ရယ်သော သရဲ ငိုသော သရဲ ညည်းသော သရဲ အော်သံခေါ်သံ၊ မှန်တိုင်းသံ၊ လျှပ်စီးသံများအားလုံးသရဲဖြစ်စေ။

မိမိကို သည်လိုကျိန်စာ တိုက်ခဲ့လေပြီလား။

" သရဲသံတွေကိုပဲ တအီအီကြားနေရတယ် "

*သည်စကားကို မိမိပြောမပြောဖြစ်ခဲ့သလားမသိ။ ဆန့်ပြား*ကြောက်မက်ဖွယ်ကျိန်စာ၊ မိမိဘာမှားခဲ့သလဲ၊ ဘာမှားခဲ့သလဲ။ သည်ရောဂါဆိုးတို့အား မိမိကိုယ်ခန္ဓာအတွင်း ယိုယွင်းခဲ့သည့် တစ္ဆေလက်ချောင်းများ။

ဘယ်နေရာက ဘယ်လိုပေါ်လာကြဦးမည်လဲ။

www.burmeseclassic.com



" ကိုယ်စာရေးပြမယ်။ ဖတ်လို့ရသလား "

မိမိမျက်နှာရှေ့တွင် ပေါ်လာသည့် အနက်ရောင်စာတန်း စာရွက်ကို ကိုင်ထားသည့် ကိုမိုးဇော်က ဘယ်လိုလဲဆိုသော အမေးကြည့်မျိုးနှင့် စိုက်ကြည့်နေသည်။

ခါးသီးစွာ ညိုတ်ဖြစ်ခဲ့သော ခေါင်းကပြန်ထောင်မတ် မလာတော့။ ကိုမိုးဇော်က မိမိပခုံးအား ပုတ်ခတ်၍ သတိပေးလာ၏။ မော်အကြည့်တွင် မေးခွန်းတစ်ခုကိုမြင်သည်။

" ညီ့အဖေက ဘယ်သူလဲ "

စာတန်းက တဖြည်းဖြည်း ဖျော့မှိန်ရော်ဝါသွား၏။ စက္ကူအဖြူ သားထဲ နှစ်ဝင်ရောထွေးသွားသလို အဖေဆိုသောစကားလုံးက အာရုံထဲ သူ့စိမ်းဆန်စွာ ဝဲလည်လျက်၊

အဖေကွယ်လွန်. . . အဖေကွယ်လွန်၊ တသက်တာလုံး အဖေနှင့်ပတ်သက်၍ သိခဲ့ရသည့်အချက်မှာ သည်နှစ်လုံးတည်းသော ဝေါဟာရတစ်ခုသာ။

အမေနှင့်သာ ပြီးပြည့်စုံနေသော ဘဝထဲမရှိသော အဖေကို တလေးတနက်မလိုအပ်ခဲ့။ အဖေမရှိဟူသော အသိထက်ပို၍ ဘာကိုမှ သိရန်မလိုအပ်ခဲ့ပေ။

" ကွယ်လွန် "

တိုးလျလျဖြေခဲ့မိပြီးမှ သူတို့ဘာလို့ မေးလာကြသလဲဟု တွေးဖြစ်၏။ အဖြေမသိ။





" ဒါကိုတော့ ညီ့ဖိုင်လ်တွဲမှာတွေ့ပြီးသားလေ။ ကိုယ်မေးတာ နာမည် "

" နာမည် "

ဦးနှောက်တွေခြောက်လာရ၏။ မိမိမှာ အဖေမရှိတော့သော်လည်း အဖေ့မှာတော့ နာမည်ရှိရမည်။ အဖေ့နာမည်. . . ဖြတ်သန်းခဲ့ရသည့် ဘဝတလျှောက်လုံး သည်ကွပ်လပ်အား ဖြည့်ဖို့လိုအပ်လာလျှင် မိမိကွယ်လွန်ဟုသာ ဖြည့်ခဲ့သည်မှမဟုတ်ဘဲ။

" နေပါဦးအစ်ကို အဖေ့နာမည်ကို ဘာလို့အခုမှအရေးတကြီး သိချင်နေရတာလဲ "

" ပြီးမှရှင်းပြမယ်ညီ။ ကိုယ်မေးတာကို အရင်ဖြေပါဦး "

" အဖေ့နာမည် "

" . . . . . . အင်းဟားဝါဝါဝါ . . . "

" ဦးဇေ. . . မင်း "

ပထမ သူတို့မျက်မှောင်ကုပ်သွားသည်။ ပြီး ခေါင်းတခါခါနှင့် တစ်ယောက်ကိုတစ်ယောက်ကြည့်လျက် သက်ပြင်းရှိုက်သည်။

" မဖြစ်နိုင်ဘူး။ ကောင်းပြီလေ။ ဒါထားတော့။ ညီ့ရဲ့အမေ နာမည်ကရော "

သည်တစ်ခါမျက်မှောင်ကုပ်ရသည်က မိမိဖြစ်နေ၏။

" ဒေါ်ဝေဝေနွယ်ပါအစ်ကို "

" အို "

www.burmeseclassic.com



အံ့အားသင့်မှုရောစွက်ထားသည့် မြူးပုံမှိုးကိုယ်စီနှင့် သူတို့ချင်း တတွတ်တွတ်ပြောနေကြပြန်၏။ သည့်နောက် ချက်ချင်းပြောင်းလဲသွားသည့် ကိုမိုးဇော်၏အမူအရာက ဒေါသရိပ်များဝင်လာ၏။

ကျယ်လောင်ပြင်းထန်လာသည့် သူ့စကားသံများကတော့ မိမိနားထဲ အေးအေးအဲ့အဲ့အဲဖြစ်သာရောက်လာသည်။

တက်ခေါက်လိုက်သည်ဟုတော့ ခန့်မှန်းမိ၏။ သူ့မျက်နှာ တစ်ပြင်လုံး (မိမိသာ အမှန်အတိုင်းမြင်နိုင်ပါလျှင်) နီထန်နေပါလိမ့်မည်။

(အို. . . ငါ. . . ငါဒီလိုဖြည့်စွက်နားလည်တတ်နေပြီပဲ၊ အရောင်အဆင်းမဲ့နေတဲ့ အမြင်နဲ့ ငါအသားကျသွားခဲ့ပြီလား)

" ညီ့အဖေရဲ့နာမည်အမှန်က အောင်ဖေမင်းမဟုတ်လား "

ကတုန်ကယင်ရေး၍ မိမိရှေ့ ထိုးပြလာသည့်အခါတွင်လည်း စာရွက်လေးမှာ တဆတ်ဆတ်လှုပ်ခါနေသည်။

လှိုင်းထနေသော စာသားများကြားမှ နာမည်တစ်ခုက သညာသိထဲ တွန်းခေါက်ဝင်ရောက်လာ၏။ အောင်ဖေမင်း သည်နာမည်က မိမိကြားဖူးသလိုလို သို့မဟုတ် ဦးဖေမင်း ဆိုသည်နှင့် ဆင်တူနေ၍ ယိုးမှားသည်လားပဲ။

" အောင်ဖေမင်း "

" ညီ့အမေကလည်း နာ့စ်ပဲမဟုတ်လား၊ အင်မတန်ယဉ်ကျေးသိမ်မွေ့တဲ့ အမျိုးသမီးကြီးလေ။ လူတိုင်းကိုလည်း အလွယ်တကူ ယုံကြည်တတ်တဲ့ အကျင့်ရှိတယ်။ ဟုတ်တယ်မဟုတ်လား "





မေးခွန်းစာရွက်များ တစ်ခုပြီးတစ်ခု သူ့ရှေ့ကျလာသည်။ ခေါင်းညိတ်ခေါင်းခါမှုလွဲ၍ အထူးအထွေဖြစ်နေရန်မလိုသော်လည်း သည့်နောက်ကွယ်မှ အကြောင်းရင်းခံအား စဉ်းစား၍မရနိုင်အောင် ဖြစ်လာသည်။ မိမိမေးခွန်းကိုတော့ သူတို့မဖြေသေး။

" ဘာကြောင့် ဒါတွေမေးနေတာလဲ "

သည်အဖြေကို သူတို့မရေး၊ ရေးပြီးသားစာရွက်ပိုင်းလေးတစ်ခုကိုသာ အခါခါပြသည်။

" ပြီးမှရှင်းပြမယ်ညီ ကိုယ်မေးတာကို အရင်ဖြေပါဦး "

" ညီ့ရဲ့မိသားစုအကြောင်း အထူးသဖြင့် မိဘတွေပေါ့ ညီ သိသလား "

" ညီ့မှာမွေးချင်း ညီအစ်ကိုမောင်နှမရှိသလား "

" မဟုတ်ဘူး။ ညီသိထားသလို ညီဟာတစ်ဦးတည်းသောသားမဟုတ်ဘူး၊ ညီ့မှာ အစ်ကိုတစ်ယောက်ရှိတယ်။ ညီနဲ့ချွတ်စွပ်တူတဲ့ ညီ့ရဲ့အမွှာအစ်ကိုတစ်ယောက်ရှိတယ်၊ ဒါကိုညီ့အမေက ညီ့ကိုမပြောပြခဲ့ဘူးလား "

" ညီ့လက်ထဲက လက်စွပ်လေး. . . "

ဖြေရင်းညီစေ ငိုက်ကျသွားရသည်။ မေးခွန်းပင်ဆုံးအောင် မဖတ်နိုင်တော့။ ခေါင်းညိတ်ခေါင်းခါလုပ်နေရခြင်းထက် အဆများစွာ ပင်ပန်းနေ၏။ ခေါင်းအုံပေါ် ပြုတ်ကျသွားသည်လား။ လဲ့ရှုလိုက်မိသလား မဝေခွဲတတ်တော့။

www.burmeseclassic.com



မှန်သားနှင့် သူတစ်ပါး၏မျက်လုံးများမှတဆင့် မြင်ခဲ့ရဖူးသည့် မိမိ၏ ကိုယ်ပွားပုံရိပ်များက အာရုံထဲပိုးတဝါးပေါ်လာသည်။ အဆမတန် ညှိုးနွမ်းရင့်ရော်နေသည့်မျက်နှာ အမြဲတစေ သုန်မှိုင်းဝေရီနေသည့် မျက်လုံးများ။

" ညီ ကိုယ်တို့ပြောဖူးတဲ့ အချိန်ရဲ့ အရိပ်ဆိုတာကို ညီမှတ်မိလား "

ငြိမ်သက်စွာလဲလျောင်းနေသော မိမိမျက်နှာပေါ် အုပ်မိုးရောက်လာသည့် စာရွက်လေးထဲမှ မေးခွန်းကိုတော့ ခေါင်းဆတ်ရုံမျှညိတ်၍ ဖြေလိုက်ရသည်။

သည့်နောက်တွင် စာရွက်ပိုင်းလေးမဟုတ်တော့။ ခေါင်းချိုးထားသည့်စက္ကူ။ စာတန်းတိုတိုတစ်ခုနှင့်အတူ ရောက်လာ၏။

" အနာဂတ်ရဲ့အလင်းကိုတွေ့ရပြီ "

အဖြေ၊ မိမိမေးခွန်းအားလုံး၏အဖြေသည် သည်စာရွက်ခေါက်လေးအတွင်း၌ ရှိနေမည်မှန်း ရိပ်မိလိုက်သည်။ သူတို့ဘာကြောင့် မေးခွန်းများစွာထုတ်ခဲ့ကြသလဲ။

မိမိဘာကြောင့် နာနာဘာဝကောင်များကို မြင်ခဲ့ရသလဲ။

ဘာကြောင့် သံယောင်သြသြများကို ကြားခဲ့ရသလဲ။

ဘာကြောင့် အာရုံချို့ယွင်းမှုတို့ဖြစ်နေရသလဲ။

??? သိစိတ်ထဲ စနေ ထက်ပိုင်းကွဲကြီးပြူတ်ကျလာလေသည်။ စာရွက်ခေါက်လေးအား မိမိအလျင်စလိုဖြေဖွင့်လိုက်သည့် အချိန်တွင်





သူတို့နှစ်ယောက် အခန်းအပြင်သို့ ထွက်ခွာသွားကြ၏။ အခန်းထဲတွင် အရောင်နှစ်မျိုးနှင့်အတူ ညီစေကျန်ခဲ့သည်။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com



က သားပျောက်တဲ့စိတ်ဒဏ်နဲ့ ရောဂါလက္ခဏာမျိုးစုံပြနေရှာတယ်တဲ့။ ဒီရောဂါတွေကို သူကသနိုင်ပေမယ့် လူနာရဲ့သားကို သူရှာမပေးနိုင်မချင်း အလကားပဲတဲ့။

စိတ်ရောဂါကြောင့် ကိုယ်ခန္ဓာမှာ ဝေဒနာတစ်မျိုးပြီး တစ်မျိုးခံစားနေရတဲ့သဘောပေါ့။ ဒီလိုပြောလာတော့ ကိုယ်ယုံမိတယ်။

ဒါနဲ့ပဲ ဂယနဏ မစုံစမ်းတော့ဘဲ ညီကိုပဲ ရှာပုံတော်ဖွင့်ခဲ့မိတာ။ တစ်နှစ်နီးပါးပဲ။ နောက်ဆုံးကိုယ်လက်လျှော့ရတော့မလိုဖြစ်လာတယ်။ အဲ့ဒီမှာ မထင်မှတ်ဘဲ ညီကိုတွေ့ခဲ့ရတာလေ။ ဟုတ်တယ်၊ လုံးဝမျှော်လင့်မထားတဲ့ပုံစံမျိုးနဲ့ တွေ့ခဲ့ရတာ။

ကိုယ်ရှာနေတဲ့သူက ရှာနေတုန်းကမတွေ့ဘဲ လက်လျှော့ပြီး Research ဘက်ခြေဦးလှည့်တော့မလို့ နာ့စ်အကူခေါ် တော့မှ အလုပ်သမားလျှောက်တဲ့သူတွေထဲမှာ ညီကို တွေ့တော့တာပဲ။ ဒီအကြောင်းတွေကို ကိုယ်ဘာလို့ပွင့်ပွင့်လင်းလင်း မပြောခဲ့သလဲဆိုတော့။

မင်းကိုအိမ်ပြေးတစ်ယောက်လို့ထင်ပြီး ကိုယ့်ကိုမင်းအိမ်မင်းပြန်အပ်မယ့်သူဆိုတာသိသွားရင် မင်းကိုလက်လွှတ်လိုက်ရမှာစိုးလို့ပဲ။ သူရိန့်စကားတွေ နားထဲဝင်နေခဲ့တာလေ။

မလိမ့်တပတ်လို့ပဲပြောရတော့မှာပေါ့။ ကိုယ်လိုချင်တာရဖို့အတွက် လူသားချင်းအပြန်အလှန် လေးစားရမယ့် တရားကိုဖောက်ဖျက်ပြီး မင်းကိုလိမ်ခေါ်ခဲ့မိတယ်။

သက်မဲ့ကုန်ပစ္စည်းတစ်ခုလို သဘောထားခဲ့ မိတယ်။ ညီဖခင်





လူမမာကြီး (သူရိန့်စကားအရပါ)အတွက် စေတနာ တစ္စန်းတစလောက်တော့ပါမှာပေါ့။

ဒါပေမဲ့. . .

သူရိန့် ဒီကောင်ဒီလောက် မိုက်ရိုင်းပက်စက်လိမ့်မယ်လို့ မထင်ခဲ့ဘူး။ လူတွေရဲ့အသက်ကို ကယ်တင်ပေးနေတဲ့ သူတစ်ယောက်အနေနဲ့ ဒီလောက်ရက်စက်လိမ့်မယ်ဆိုတာ ယုံလို့တောင်မရဘူးကွာ။

အညိုး အာဃာတ ဘယ်လောက်ပြင်းတဲ့ကောင်ကြီးလဲ။ နှစ်တွေဒီလောက်ကြာခဲ့တာတောင် သူမင်းတို့ မိသားစုအပေါ် လုံးဝစိတ်မပြေဘူး။ လုံးဝမကျေဘူး။

မင်းအစ်ကို အိန္ဒဂျယ်လို ဆိုတာကို သူဘယ်လိုပြုစားထားသလဲ။ မသိဘူး။

ကိုယ်နဲ့ကိုဘုန်း (ညီကိုတာဝန်ယူထားတဲ့ ဒေါက်တာလေ) စဉ်းစားမိသလောက် ပြန်ပြောပြမယ်ညီ။

သူရိန်ဟာ ဦးအောင်ဇေမင်းအပေါ်ထားတဲ့ အညိုးနဲ့ ဦးအောင်ဇေမင်းရဲ့ မျိုးဆက်ကို လက်စားချေဖို့ ကျကျနနစီစဉ်ခဲ့တာပဲ။

သူ့ဆီကအဖြူရောင်ဂီတနုတ်တွေ လိုချင်နေတဲ့ ကိုယ့်ကိုခါတ်ပုံပေးပြီး အယုံသွင်းလုပ်ဇာတ်တစ်ခုခင်းပြီး ရှာခိုင်းခဲ့သလိုမျိုး တခြားတစ်ယောက်တွေ တစ်ယောက်တွေကိုလည်း ဇာတ်လမ်းမျိုးစုံသုံးပြီး ရှာခိုင်းခဲ့လိမ့်မယ်။ အခဲသေချာဆုံးကတော့ သူကိုယ်တိုင်လည်း ရေကုန်မြေကုန် လိုက်ရှာခဲ့မှာပဲ။

www.burmeseclassic.com



အဲဒီမှာ သူ အိန်ဂျယ်လို ကို တွေ့သွားပြီး နည်းဗျူဟာ အမျိုးမျိုးနဲ့ ချဉ်းကပ်ခဲ့လိမ့်မယ်။ သူ့ကိုတယုံတကြည် ကိုးကွယ်လာအောင် အထိ သူကြိုးစားခဲ့မှာပဲ။ ပြီးတော့ သူ့အဖေခံစားနေရသလို အမြင်မဲ့ အကြားမဲ့ ဘဝရောက်အောင် လှလှပပလုပ်ကြံလိုက်ပုံရတယ်။

ညီမြင်နေရတဲ့ နာနာဘာဝတွေ ကြားနေရတဲ့ ပဲ့တင်သံတွေဟာ အိန်ဂျယ်လိုခံစားနေရတဲ့ အိန်ဂျယ်လို မြင်နေကြားနေရတဲ့ ပုံရိပ်တွေ အသံတွေရဲ့ တစ်စိတ်တစ်ပိုင်းလောက်ပဲ ရှိသေးတယ်။ ညီလည်းသိပါ တယ်။

အမြွှာဆိုတာမှာ Biovular twin နဲ့ Uniovular twin ဆိုပြီး နှစ်မျိုးရှိတယ်ဆိုတာ ညီနဲ့အိန်ဂျယ်လိုဟာ Biovular ဖြစ်ရမယ်။

တစ်ယောက်နဲ့ တစ်ယောက် ဆက်စပ်မှုရှိရမယ်လို့ ကိုယ်တို့ တွက်တယ်၊ ဘာကိုအခြေခံသလဲဆိုတော့ ညီတချက်တချက် မြင်ရတတ်တဲ့ ညီရဲ့ကိုယ်ပွားဆိုတာရယ်၊ နောက်တစ်ချက်မှာ ကိုတုန်းပြောပြလို့ သိရတဲ့ အချက်ပဲ။

ညီနဲ့ခွဲမရအောင်တူတဲ့ အိန်ဂျယ်လိုဆိုတဲ့ ဝေဒနာသည်ရဲ့ တစ်ဦးတည်းသော ဆရာဝန်ပေါ့လေ။ တခြားဘယ်ဆရာဝန်ကိုမှ အားမကိုးချင်အောင် သူ့ကိုပဲပုံအပ်ယုံမှတ်အောင် လုပ်ယူထားတဲ့သူဟာ မထင်မှတ်ဘဲ သူရိန်ဖြစ်နေတယ်။

သူပေးခဲ့တဲ့ ဆင်ခြေအရဆိုရင် သူ့လူနာအတွက် ရှာထားတဲ့ လူတစ်ယောက်၊ သူ့လက်အောက်မှာ သေဆိုသေ။ ရှင်ဆိုရှင်ဖြစ်နေရ





အကြောင်းမရှိဘူး။ တစ်ခုကံကောင်းတာက အိန်ဂျယ်လိုမှာ ညီစေမင်း ဆိုတဲ့ ညီတစ်ယောက်ရှိသေးတယ်ဆိုတာကို သူမသိတာပဲပြောရရင် ဒါကလည်း သူ့အမေအန်တီပြုံးရဲ့ စနက်ပါပဲကွာ ကိုယ်လမ်းမှာပြောခဲ့ ဖူးသလားပဲ။

အန်တီပြုံးက နတ်ဆရာဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ မိသားစုကို တစ်စစီ ဆုတ်ဖြဲပစ်ခဲ့တယ်ဆိုတာလေ။ အဲ့ဒီမှာညီတို့မိသားစု ပြိုကွဲသွားတာကိုပဲ သူတို့သိထားပုံရတယ်။ ဦးအောင်ဖေမင်းနဲ့ အိန်ဂျယ်လိုဆိုတဲ့ သားအကြီး ကပါသွားပြီး ဒေါ်ဝေဝေနွယ်ဘက်ကို ညီပါသွားတာလောက်ထိ သူတို့သိပုံ မရဘူး။

ဒါကြောင့်မို့လည်း ညီနဲ့အိန်ဂျယ်လိုကို ဟိုကောင်က တစ်ယောက်တည်းလို့ထင်ပြီး ညီ့အစ်ကိုအိန်ဂျယ်လိုကို တွေ့တာနဲ့ သူ့အကြံတွေ အကောင်အထည်ဖော်တော့တာပေါ့။ ဒီကောင်ဘယ်လောက် ဉာဏ်ကြီးသလဲသိလား။

အိန်ဂျယ်လိုကို အလိုလိုမျက်ကန်းနားဆွံ့ဘဝရောက်အောင် အကွက်ဆင်ထားတာကိုကြည့် နာနာဘာဝကောင်တွေ မြင်နေရသလိုလို သံယောင်လိုက်သံတွေကြားနေရသလိုလို ဖြစ်အောင်ပြုစားပြီး ကိုယ့် မျက်လုံးကိုယ် ထိုးဖောက်၊ ကိုယ့်နားကိုယ်ထုရိုက်ပြီး အများအမြင်မှာ စိတ်ဖောက်ပြန်သွားတဲ့ လူတစ်ယောက်အဖြစ်နဲ့ သူ့ပယောဂကင်းတယ် ပေါ့။

အိန်ဂျယ်လိုကို သူ့အဖေခံစားခဲ့ရတဲ့အတိုင်း တသွေမတိမ်း

www.burmeseclassic.com



လက်တုံ့ပြန်လိုက်တာပဲ။ ညီရဲ့သူငယ်ချင်းဆိုပေမယ့် သူ့ရဲ့လူမဆန်တဲ့ ရက်စက်မှုကို ကိုယ်ဖော်ထုတ်မယ်။ ကိုယ်ဖော်ထုတ်မယ် ညီ။

❀ ❀ ❀ ❀ ❀



## အခန်း (၂၆)

(ကိုမိုးဇော်စကားကို နားမထောင်မိတာ ငါမှားပြီထင်တယ်)

တကယ်ဆို သည်အရပ်ဒေသအား မိမိခြေချဖူးခြင်းမရှိသေး။ မြို့ဝင်စ ကားပေါ်မှာကတည်းက အကြောက်လွန်မေ့မျောခဲ့ပြီးနောက် ဆေးခန်းတစ်ခု၏ ခုတင်ထက်သို့ ရောက်ရှိနေခဲ့ရသည့်အဖြစ်၊ သည်ဆေးခန်းသည်လည်း ဘယ်နေရာဝယ်တည်သည်မသိ။

ကိုမိုးဇော်သည်လည်း ဘယ်အပိုင်းသို့ ထွက်သွားသည်မသိ။ အဆိုးဆုံးက မိမိသည် အာရုံချို့ယွင်းနေသူ လမ်းတွင်တွေ့သမျှလူများကို မေးမြန်း၍ လိုက်မည် ဆိုဦးတော့ အမြင်ယဲ့ယဲ့ အကြားသဲ့သဲ့ဖြင့် မိမိအား စိတ်ရှည်လက်ရှည် ညွှန်ပြပေးမည့်သူမှရှိပါ့မလား။

စိုးသာစိုးရိမ်နေသည့် လူက လမ်းပေါ်ရောက်လာခဲ့လေပြီ။ မိုးစဲစမြေပြင်သည် ရေးရေးညိုလျက် ညီစေမှတ်ထုတ်လိုက်သည့် သက်ပြင်းပူပူက မိုးငွေ့ထဲရောယှက်အေးမြသွားမည်လား။ အိန်ဂျယ်လို

www.burmeseclassic.com



ဦးအောင်ဖေမောင်း သည်နာမည်နှစ်ခုက မိမိမှတ်ဉာဏ်ဝယ် ရိပ်ရိပ်သာ ထင်သည်။ ကိုမိုးဇော်တို့၏ ဝွက်ကိန်းများက အမှန်တရားဆီ ဦးတည်နေမည်လား။ လမ်းချော်သွားသည်လား မိမိတွင် အမြွှာညီအစ်ကို ရှိသည်ဆိုသော အသိကိုမူ ယုံမှတ်လက်ခံထားမိရပါ၏။

" ကိုသူရိန်မြင့်မော်ရဲ့အိမ်ကို တဆိတ်လမ်းပြပေးနိုင်မလား ခင်ဗျာ "

" . . . အိအိုးဟီဟိ. . . ဝါး အ. . . အား "

အမေးခံရသူက နှုတ်မှဖြေရင်း လက်ဟန်နှင့်ဟိုသည်ညွှန်ပြ၍ သာ တော်သေးသည်။ မဟုတ်လျှင် စာရေးဖြေပါရန် တောင်းပန်ရမည်သာ တစ်ဆင့်ပြီးတစ်ဆင့်မေးလာရင်းမှ အိမ်ခြေကျဲပါးလာသည့် အပိုင်းသို့ ရောက်လာ၏။

သရသံများပါးလျလာသဖြင့် တိတ်ဆိတ်သော ဝန်းကျင်ဟု သတိထားမိသည်။ ခြံဝင်းကျယ်များနှင့်တသီးတသန့်ဆန်ဆန်လုံးချင်း အိမ်များ လူနေသည်ဟုပင် မထင်ရသော နေရာမျိုးဖြစ်၏။

ရှားရှားပါးပါး လမ်းပေါ်တွင် သွားနေသည့်လူတစ်ယောက်ကို တွေ့လိုက်ရသည်။ မိမိကဘာမျှမမေးရသေးခင် ထိုသူက မိမိကိုစကား လာ၏။

" အု. . . အု. . . အီ. . . အီ "

" ဦးလေးကြီး ကိုသူရိန်မြင့်မော်ရဲ့ အိမ်ကို ကျေးဇူးပြုပြီး ညွှန်ပြပေးပါတယ် ခင်ဗျား အပန်းမကြီးရင် ဒီမှာ မြေပုံလေးဖြစ်ဖြစ်





ရေးပြပါ "

မိမိက ပြောပြောဆိုဆို စာရွက်ခေါက်လေးထိုးပေးလိုက်သည် တွင် ထိုလူက မျက်လုံးအဝိုင်းသားနှင့်ကြည့်ကာ စကားကိုတရစပ် ပြောပြန်သည်။

" ဒီကဦးလေးကြီးကို တောင်းပန်ပါတယ်ဗျာ ကျွန်တော်က နားမကြားတဲ့သူတစ်ယောက်ပါ ဦးပြောသမျှကို တစ်ခုမှမကြားရတဲ့ အတွက် စိတ်မကောင်းပါဘူး "

ပထမ ထိုလူမျက်မှောင်ကုပ်သွား၏။ ပြီး။ ခေါင်းတခါခါနှင့် စာရွက်ကိုလှမ်းယူသည်။ သူ့အမူအရာကြောင့် မိမိအခြေအနေကို မိမိ ရိပ်စားမိလာသည်။ လမ်းတွင်မေးခဲ့သမျှ လူတိုင်းကလည်း သည်လူလို ပင်။

မိမိအား အိန်ဂျယ်လိုဟုပင် ထင်မှတ်ကြလိမ့်မည်။

" အိန်ဂျယ်လို မင်းဘာဖြစ်နေတာလဲ "

သူရေးထားသည့် စာကိုဖတ်ရင်းမှ ပြုံးဖြစ်၏။ သို့သော် ရှည်လျားစွာ ရှင်းပြရန် အချိန်၊အကြောင်းမရှိ။ သည်မို့. . .

" ကျွန်တော် အိန်ဂျယ်လို မဟုတ်ပါဘူး. . . သူနဲ့တူတဲ့ အခြား တစ်ယောက်ပါ။ အခု သူ့ဆီသွားချင်လို့ ကူညီပါခင်ဗျာ ကျေးဇူး တင်ပါတယ် "

မိမိအသံကို မိမိတအအနှင့် ကြားနေရခြင်းအတွက် အလွန် အမင်း စိတ်အနှောင့်အယှက်ဖြစ်လာရသည်။ ဖြစ်နိုင်လျှင် မိမိ စကား

www.burmeseclassic.com



မပြောလိုတော့ပါ။

" အ. . . အိုဝိုဝို. . . အ. . . အား "

ဘာမှန်းညာမှန်းမသိ။ ခေါင်းညိတ်ပြလိုက်၏။ သူပြန်ကမ်းပေးသည့် စာရွက်ခေါက်လေးကို ပြန်ယူ၍ ကြည့်လိုက်သည်။ စာသားများနှင့်အတူ မြေပုံတစ်ခု စေ့စေ့စပ်စပ်ကြည့်မိရင်းမှ သိပ်မဝေးတော့သည်ကို သတိရ၏။ ပြီး၊ ထိုအနီးအနားတွင် အခြား အိမ်ခြေယာခြေဟူ၍ မရှိသည်ကိုလည်း သတိထားမိသွားသည်။

" ဒီလမ်းအတိုင်း တည့်တည့်သွား ဒီကနေ တတိယမြောက်လမ်းသွယ်အရောက်မှာ ညာဘက်ကိုချိုးဝင် ကုန်းမြင့်ကလေးမြင်ရင်ရောက်ပြီပဲ "

ပထမလမ်းသွယ်သို့ရောက်သည်။ လူနေအိမ်ပင် မမြင်တော့ကြီးမားကျယ်ဝန်းသည့်ခြံများတွင် အပင်ကြီးငယ်များ စီရရီ အမည်းရောင်အဖြစ် တညီတည်း မြင်နေရသည်မို့ အသီးနှင့်အရွက်ကိုလည်း မခွဲတတ်။ အပင်အမျိုးအစားပင်မကွဲ။

ဒုတိယလမ်းသွယ်အရောက်တွင် လမ်းသွယ်တိုင်း၌ နာမည်တစ်ခုဆီရှိမှန်းသိလိုက်ရ၏။ ကျန်ခဲ့သည့်လမ်းက ဇီဇဝါ သည်လမ်းကနှင်းဆီ မော်ဆန်သည့် ပန်းနာမည်များကို ယူထားသည်ပဲ ရှေ့လမ်းသည်ဘာနာမည်ဖြစ်မလဲ။

(အို. . . ဒါတွေက အရေးမကြီးပါဘူး။ ခြံထဲ ဘာပင်တွေစိုက်စိုက် လမ်းတွေဘာနာမည်ရှိရှိ) တွေးမိရင်းမှပင် တတိယလမ်းသွယ်





အကွေ့၌ လမ်းနာမည်ကို အရင်ဖတ်လိုက်မိသေး၏။ အနက်ရောင်အောက်ခံပြားပေါ်ထင်းနေသည့် အဖြူရောင်စာလုံးများ မိမိမျက်လုံးအစုံမှာ လိုအပ်သည်ထက် ပိုမိုပြူးကျယ်သွားရသည်။ ထိုနာမည်စာလုံးများကိုလည်း တအံ့တဩ ထပ်ရေရွတ်မိ၏။

" ခေါင်ရန်းလမ်း "

ခြေလှမ်းတို့ မတုံ့မီ မိမိရှေ့တမျှော်ဆီမှ လမ်းခုံးလေးအားတွေ့လိုက်ရသည်။ နာမည်များက အရေးမကြီးကြောင်းအား တစ်ကြိမ်ထပ်တွေး၍ မိမိကိုယ်ကို အားပေးမိ၏။ ရောက်လုပြီပဲ။

ကုန်းတက်သည် အမြင်ထက်ပိုရှည်လျားမြင့်မတ်လွန်း၏။ အတက်ဆုံးသည်နှင့်လမ်းဘေးသို့ ဆင်းသက်ထိုင်ချမိရသည်။ အားတင်း၍သာ လိုက်လာရသည်။

မိမိမှာ အင်အားပြည့်စုံသေးသည် မဟုတ်။ အစာမရှိသည့် ဝမ်းက လှိုက်ဟာနေသလောက် နောက်ကျိ လက်စခေါင်းထဲ တဆစ်ဆစ်ကိုက်ခဲနေသည့် ဝေဒနာက နှိပ်စက်နေပြန်၏။

" ဟူး. . . ငါ ဒီအတိုင်းဆို ဖြစ်မှဖြစ်ပါ့မလား "

ခေါင်းငိုက်စိုက်ချညည်းမိရ၏။ မျက်လုံးအစုံကြား လက်ချောင်းများဖြင့် ဖိထောက် ဖြေလျှော့မိ၏။

အချိန်အနည်းငယ်ကြာပြီးမှ မိမိ သတိထားမိသည်။

" ငါ့. . . ငါ့အသံငါ အမှန်အတိုင်း ပြန်ကြားလိုက်ရပြီ "

အံ့ဩဝမ်းသာစွာ ရေရွတ်ရင်း ခေါင်းမတ်လိုက်သည်တွင်

www.burmeseclassic.com



ကုန်းမြင့်အခြေမှ လမ်းသွယ်ကိုပိတ်လျက်တည်ရှိသော စိမ်းညို့ညို့သစ်ပင်အုပ်နှင့် နီမှိုင်းမှိုင်း အုတ်ကြွပ်အမိုးတို့ကိုပါ မြင်လိုက်ရသည်။ အပျော်လွန်ကာ ရင်အခုန်ပင်မြန်လာ၏။ ခေါင်းထဲမှ ဝေဒနာပင် ပျောက်ကွယ်သွားပြီထင်သည်။ ဟာနေသော ဝမ်းတွင် အံ့အားသင့်မှုတို့ ပြည့်တင်းနေခဲ့လေပြီ။

အဆင်းလမ်းမို့ ခြေလှမ်းပိုသွက်လာခြင်းဆိုသည်ထက် ပိုသေးသည်။

သို့သော် ကြာကြာ မသွက်လိုက်ရ စည်းရိုးများပျက်နေသော ခြံကြီး၏အဝတွင် ညီစေ တုံ့ခနဲရပ်သွားသည်။ မယုံမရဲနှင့် လက်ထဲမှ မြေပုံကြမ်းရှုလေးကို ဖြန့်ကြည့်မိသည်။

'' ဒီ. . . ဒီခြံမှ ဒီခြံပါပဲ. . . ဒါပေမဲ့ ''

နေရာက သုသာန်တစပြင်ဆန်လွန်းလှသည်။ မိမိသာ အာရုံချိုယွင်းမှုမပြယ်သေးလျှင် သည်လိုမြင်ရမည်မဟုတ်၊ ညို့ညို့မည်းမည်းနှင့် ဝေဝါးသည့် သစ်ပင်အုပ်အဖြစ်သာ ခုတော့။

အရွယ်လွန်ပင်စည်အိုများ ဖုထစ်ရှုတ်တွနေပုံအရေးအကြောင်းများမှအစ လိမ်ယှက်ခက်သွယ်နေသည့် နွယ်ရစ်ခွေများအလယ် ခြံရှိုင်းတို့လှိုင်းထနေသည့် အောက်ခြေမြေပြင်အဆုံးအားလုံးကိုမြင်နေရ၏။ အလင်းရောင် ယိုစိမ့်ဖောက်ထွင်းကျမလာနိုင်လောက်အောင် သိပ်သည်းပိတ်ဖုံးနေသည့် အရွက်အတိုင်း အထပ်ထပ်နှင့် သစ်ပင်ကြီးများကြီးစိုးနေပါလျက် သည်မျှအထိ ပီပီသသမြင်နိုင်ရခြင်းကလည်းမကောင်း





သာပြန်။

ခြံဝင်းလမ်းသည် မြက်ကြမ်းပင်တို့ တမင်ခင်းစိုက်ထားသည့်နှယ်။ မိုးငွေ့မပြယ်သေးသည့် လေထုနိုအောင်းနေသော ဝန်းကျင်မို့ ညီစေ့တကိုယ်လုံး တစိမ့်စိမ့်အေးစက်လာရသည်။

သစ်ရွက်များပေါ် တင်ကျန်နေသည့် မိုးစက်များပြုတ်ကျသံက မိမိနောက်ထပ်ကြပ်မကွာ လိုက်နေသည့် မကောင်းဆိုးဝါး၏ ခြေသံလိုလို။

သို့မဟုတ် လမ်းနံဘေး သစ်ပင်ကွယ်များတစ်နေရာမှ တစ်နေရာသို့ ခုန်ကူးကာ မိမိအား အလစ်ချောင်းလိုက်ပါလာသည့် တစ္ဆေတစ်ကောင်၏ ခြေသံလိုလို တစ်ချက်တစ်ချက် ငြိမ်သက်မဆဲ အပြေးအလွှားဝင်လာတတ်သော လေရူးကြောင့် ကြက်သီးမွေးညင်းများပင် ထလာမိသည်။

မိမိရှေ့ခြေဆယ်လှမ်းစာမျှအကွာတွင် ထောင့်မှန်ချိုး လမ်းကွေ့တစ်ခုကို တွေ့ရ၏။ သည်အကွေ့ကို လွန်သည်တွင် ထူးဆန်းသော အသံများကိုပါ ခြေသံနှင့်အတူကြားလာရသည်။

တီးတိုးစကားသံများနှင့် ကုတ်ခြစ်ဖဲ့ခြေသံများ၊ သည်မြက်ကြမ်းလမ်းပေါ်သို့ ရောက်လာတော့မတတ် နီးလာလိုက် ဝေ့လိုက် ဝေးလံသွားလိုက်။

တဒိတ်ဒိတ် ရင်မောသံတို့ကြား မိမိရှေ့တည့်တည့်လမ်းဆီပင် မကြည့်နိုင်။ ဘေးဘီမှ မှိုင်းရိပ်ငိုက်တွဲနေသည့် လက်ပျဉ်းကျတစ္ဆေအိုများနှယ် သစ်ကြီးပင်များကိုသာ အပြန့်လန့် အထိတ်ထိတ် ဂရုစိုက်နေ

www.burmeseclassic.com



ရရင်း တစ်လှမ်းချင်း လျှောက်နေရသည်။

" ဘုတ် "

" ဟင် "

ပိပိသသကြားလိုက်ရသည့်အသံတစ်သံအတွက် မိမိနောက်တည့်တည့်တွင် တစ်စုံတရာတော့ရှိနေသင့်သည်။ သက်မတစ်ရှိုက်နှင့်အတူ တုံ့သွားသော ခြေလှမ်းအား ပို၍ သွက်လိုက်၏။

ထောင့်မှန် လမ်းချိုးတစ်ခုအား ထပ်တွေ့ရပြန်ပြီ။ အပြေးတပိုင်းနှင့် ကွေ့လိုက်မိသလား မမှတ်မိတော့။

မိမိရှေ့၌ ဘွားခနဲမားမားမြင့်မြင့်ပေါ်လာသည့် အဆောက်အဦးကြီး ကုန်းပေါ်မှ မြင်ရစဉ်က အုတ်ကြွပ်မိုးနီနီသာ သည့်လောက်အကျည်းတန်စွာ ချောက်ချားဖွယ်ရာကောင်းမည်ဟု မထင်မိ။

နာနာဘာ၀ကောင်များ စုဝေးရာ တစ္ဆေရဲတိုက်ကြီးနှယ်မြေညီထပ်မှ ရှည်လျားကျယ်ပြန့်လှသည့် တံခါးပေါက်ကြီးနှင့်ပထမထပ်နှင့် ပြတင်းပေါက်နှစ်ခု။

အို. . . အခိုးအငွေ့များဝေ့လျက် လင်းလက်တောက်စားနေသလား။ သည်အဆောက်အဦးကြီး ကိုယ်၌ကပင် ဆာလောင်မွတ်သိပ်မှုများနှင့် ဒေါသချောင်းချောင်းထွက်နေသည့် မကောင်းဆိုးဝါးတစ်ကောင်နှင့်တူနေသေးတော့၏။ ပိန်းပိတ်မိုက်မှောင်လျက် အတွင်းသို့မမြင့်ရနိုင်သောဖွင့်လျက်သားအခါခံတွင်းကြီးထဲ

ညီစေ မိုက်မိုက်မဲမဲ ဝင်ခဲ့မိရလေပြီ။





" ဟား. . . ဟား. . . ဟား. . . ဟား. . . "

အမှောင်စပ်တွင် တန့်ရပ်အသက်မဲ့သွားရ၏။ မျက်နှာတပြင်လုံးရှိန်းခနဲသွေးဆူလာသည်။ မိမိဆံပင်တစ်ချောင်းလုံး ဦးရေပြားမှ ကျွတ်ထွက်တော့မတတ် ဆွဲဆုပ်ခံလိုက်ရသည်လား။

" ဖရော. . . ဒုန်း. . . ဒုန်း. . . ဒုန်း "

" ဟားဟာဟာ. . . ဟားဟား. . . ဟား "

အက်ကွဲပြာနှမ်းသွားသည်အထိ အဆက်မပြတ် ရယ်မောသံများက မိမိရပ်နေသည့်နေရာသို့ လိမ့်ဆင်းလာသည်။ ပွတ်တိုက်ရွေ့လျားသံ၊ ရုန်းရင်းဆန်ခတ်သံများလည်း မမြင်ရသည့် အပေါ်ထပ်ကြမ်းပြင်ဆီမှ ပြုတ်ကျလာ၏။

လှည့်ထွက်ပြေးရန် ချာခနဲ လှည့်လိုက်မိစဉ်

" မလုပ်နဲ့ "

" ဟာ. . . ဒါ. . . ဒါ ကိုမိုးဇော်ရဲ့အသံ။ ဟင်. . . သူ. . . သူတာဖြစ် "

" မလုပ်နဲ့ "

" ဟား. . . ဟား. . . ဟား. . . ဟား. . . ဟား "

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

## အခန်း (၂၇)

အတိုက်တိုက်၊ အနိုက်နိုက်၊ အလဲလဲ၊ အပြုံပြုံနှင့် အမှောင်ထဲသို့ သတိလက်လွတ် စွတ်ရွတ်ပြေးဝင်လာမိ၏။ နိုးရိမ်စိတ် ကြောက်ရွံ့စိတ် မနှစ်မြို့ဖွယ်စိတ်ခံစားချက်များစွာနှင့်အတူ မိမိတစ်ကိုယ်လုံး ရှိန်းဖိန်းမှု လျောင်နေရသည်။

" ဒုန်း. . . ဒုန်း. . . ဒုန်း "

မိမိခေါင်းထက်မှ အသံများကြောင့် ခြေလှမ်းတစ်ချက်မှားသွား၏။ အမှောင်ထဲမှ တစ်စုံတရာနှင့် တည့်တည့်ဆောင့်တိုက်မိသည်လား။ တစ်ခေါင်းလုံး လျှပ်ပြက်သွားပြီး ကြမ်းပေါ်ပုံ့ခနဲပြုတ်ကျသည်။ နာကျင်မှုကိုအံကြိတ် မျက်စိမှိတ်တောင့်ခံကာ လူးလဲထသည်။ အလိုအလျောက် ဆန့်တန်း၍ လက်လှမ်းအားယူမိသည်မှာ လှေကားခုံတစ်ခုဟု သိလိုက်ရချိန်တွင်. . .

" ဘယ်မှာလဲ. . . မင်းရဲ့သက်သေ ဟင်. . . ဟော့ကောင်





မင်းသက်သေတွေ ဘယ်မှာလဲ။ အဟား. . . ဟား "

လှေကားထစ်များအား လက်နှင့် တက်ခေါက်သံတို့အောက် မိမိခြေသံမှာ ပျောက်သွားသည်။ ညွှတ်အိရိုခွေးနေသည့် လှေကားထစ်များအား ဂရုတစိုက် ဖွနင်းရင်း မြန်နိုင်သမျှမြန်ဆန်စွာ

" ဒုတ် "

" အ. . ."

" ဟော့. . . ဘယ်သူလဲကွ "

လှေကားအကွေ့အား မမြင်မစမ်း ဝင်တိုက်မိလိုက်သဖြင့် အပေါ်ထပ်မှ လူစိမ်း၏ မေးသံထွက်ပေါ်လာသည်။ မိမိရောက်လာသည်ကို ထိုသူသိသွားခဲ့ပြီ။

" ဟော့ကောင်မိုးဇော် မင်းဘယ်သူတွေ ခေါ်လာတာလဲ "

" ဟင်းဟင်း. . . အဟား. . . ဟား. . . ဟား "

သည်တစ်ခါခြောက်ကပ်ကပ်ရယ်မောလိုက်သူက ကိုမိုးဇော်ပင်ဖြစ်သည်။ မိမိလှည့်ပြန်သွားလျှင် ကောင်းမည်လား။ ပူစပ်စပ်ဖြစ်သွားရသည့် နဖူးပြင်အား လက်ဖဝါးဖြင့် ဖေးအုပ်လိုက်မိ၏။ စေးကပ်နွေးစိုသည့် အထိအတွေ့. . . သွေး

မိမိမျက်နှာတပြင်လုံး ပေကျံကုန်ရပြီ။ အို. . . လက်ဖျံများတွင်လည်း ပွန်းရာပဲ့ရာ ဗရပွနှင့် သတိထားမိမှ ကျိန်းစပ်နာကျင်လာရပြန်၏။

" ဘယ်သူလဲလို့မေးနေတာယ်လေ "

" အခုမှ သွေးပျက်မနေပါနဲ့ သူရိန်ရာ "

www.burmeseclassic.com



သူရိန်. . . သူရိန်မြင့်မော် သည်နာမည်တစ်လုံး ခေါင်းထဲဝင်လာရုံနှင့် ဝေဒနာအားလုံးကိုမေ့ကာ ရုတ်ခြည်းပြေးတက်သွားမိလေသည်။ လှေကားထိပ်တွင် ပိတ်ထားသော တံခါးရွက်များ၏ အခြေမှ ဝါကျင့်ကျင့်အလင်းတစ်စကြောင့် မိမိအပေါ်ထပ်သို့ ရောက်ရှိလာပြီမှန်း သိလိုက်ရသည်။

" တောက်. . . ဘယ်သူလဲ။ အခုလာတာ ဘယ်သူလဲကွ "

သူရိန်ဆိုသူ၏ မေးသံနှင့်အတူ မရယ်ချင်ရယ်ချင် ရယ်လိုက်သော ကိုမိုးဇော်၏အသံမျှင်မျှင်ကိုပါကြားလိုက်ရသည်။ သူရိန် မိမိခေါင်းထိုးခံခဲ့ရသည့် ဒုက္ခသုက္ခမှန်သမျှ၏ မြစ်ဖျားခံရာ ဒေါသကြောင့် မိမိတစ်ကိုယ်လုံး တင်းမာတောင့်မတ်သွား၏။

" ဟေ့. . . ဘယ်သူ "

" ဒုန်း "

" ဟင်. . . မင်း. . . မင်း "

တံခါးရွက်များအား ဆောင့်ကန်ဖွင့်ဝင်လိုက်သည်နှင့် မာထန်ထန်မေးသံမှာ ချက်ချင်းငုပ်ကွယ်သွား၏။ မယုံကြည်နိုင်ဟန်မျက်လုံးအဝိုင်းသားနှင့် တုန်ယင်စွာ နောက်ဆုတ်သွားသောခြေလှမ်းများ။ သွေးဆုတ်ဖြူလျော်စပြုလာသည့် သည်မျက်နှာစိမ်းမှာ

သူရိန်မြင့်မော်. . .

" အေး. . . ငါပဲ "

" မင်း. . . မင်းသေပြီ။ သေပြီလေ။ သွားသွား. . . မင်းကိုမင်း





သတ်သေလိုက်တာလေ။ လူတွေအများကြီးရှေ့မှာ မင်းသေတာ မင်းနေရာမင်းပြန်သွား. . . သွား "

" ခင်ဗျားဘာတွေလာပြောနေတာလဲ "

" ငါ. . . ငါ့ကိုမခြောက်ပါနဲ့။ ငါ့ဆီမလာပါနဲ့ အိန္ဒိယလိုသွား. . . သွားပါကွာ "

" ဟား. . . ဟား. . . ဟား "

ကျယ်လောင်ပြင်းထန်လွန်းစွာ ညီစေအော်ဟစ်ရယ်မောပစ်လိုက်၏။ သည်တစ်ကြိမ်သည် မိမိအလှည့်မဟုတ်လား။

တစ်ဘဝလုံးစာ တသက်လုံး နောက်ထပ်ရယ်မောစရာမလိုတော့အောင် ပြည့်စုံစွာ တဟားဟား အော်ရယ်ရင်းထိုသူ့ဆီ တစ်လှမ်းချင်းတိုးဝင်သွားလိုက်၏။

တရွေ့ရွေ့နောက်ဆုတ်သွားသည့် သူ့အား ကိုမိုးဇော်က ဖမ်းချုပ်ရန် အသင့်စောင့်နေသည်။

" ငါ့ဆီ. . . ငါ့ဆီ မင်းလာစရာမလိုတော့ဘူးလေ။ မင်းရောဂါတွေအားလုံးပျောက်သွားပြီ သွား. . . သွားတော့။ အိန္ဒိယလို မင်းသေပြီ "

" ငါမသေဘူး။ ငါဟာ အိန္ဒိယလိုလည်းမဟုတ်ဘူး "

" ဘာ "

ကြောက်ရွံ့ချောက်ချားနေသော အမူအရာမှ မိုက်ကန်းကန်းအရိပ်အငွေ့များဆီ တဖြည်းဖြည်းပြောင်းလဲလာသည့်အတွက် ညီစေ

www.burmeseclassic.com



သတိကြီးကြီးထားနေရ၏။

'' ငါအိန်ဂျယ်လို မဟုတ်ဘူး ''

မျက်နှာမှ သွေးများအား လက်နှင့်သပ်ရင်းထပ်ပြောလိုက်သည်။

'' မင်း. . . မင်းကနှစ်ခါပြန်သေချင်တာကိုးကွ ''

ကဲကွာ

'' ဒုန်း ''

'' အား. . . လွှတ်၊ လွှတ်စမ်း ငါ့ကိုလွှတ်စမ်း မိုးဇော် ဒီတစ္ဆေကောင်ကို ငါသတ်မယ်။ ငါထပ်သတ်မယ်။ လွှတ်. . . အား ''

'' ညီ. . . မင်းကညီစေမင်းပါနော် ''

ချောက်ချားစွာရုန်းကန်ရင်းမှ သတိလစ်ပျော့ခွေသွားသည့် သူရိန်၏ခန္ဓာကိုယ်ကြီးအားထိန်းထားရင်း ကိုမိုးဇော်က မေးလာသည်။

'' အစ်ကိုက အိန်ဂျယ်လို ထင်လို့လား ''

'' မထင်ပါဘူးကွာ။ ဒီအဝတ်အစားနဲ့ လာကတည်းက မင်းမှန်းသိပါတယ်။ ပြီးတော့ အိန်ဂျယ်လိုဆိုတာလည်း ဒီအိမ်ကိုရောက် မလာနိုင်တော့ပါဘူး ''

'' ဗျာ ''

'' ဟုတ်တယ်။ ဒီကောင်အော်နေခဲ့သလိုပဲ ''

'' သူသေသွားပြီဟုတ်လား ''

'' ဟုတ်တယ်၊ အများအမြင်မှာ ကိုယ့်ကိုကိုယ်သတ်သေသွားတဲ့ သူအဖြစ်နဲ့ သေသွားခဲ့ရပြီ ''





'' ဒီလူကြီး လုပ်ကြံတာမဟုတ်လား အင့် ''

'' ဘုတ်. . . ဘုန်း ''

'' ကဲညီ သူ့ကို အခဲမကျေဖြစ်မနေနဲ့တော့။ အခုအရေးကြီးတာက သူခြေမွဖျက်ဆီးပြီး မီးပုံထဲပစ်ထည့်ထားခဲ့တဲ့ ဆေးပြားတွေကို ရအောင်ပြန်ယူဖို့ပဲ ''

'' ဘယ်မှာလဲအစ်ကို ဘာ. . . ဘာဆေးပြားတွေလဲ ''

'' အရင်ဆုံး သူ့လက်ထဲမှာ ဆုပ်ထားတဲ့ ဆေးတွေအရင်ယူ''

ထပ်မေးမနေတော့။ ကိုမိုးဇော် စကားဆုံးသည်နှင့် သူရိန်ဆိုသူ ၏ လက်သီးဆုပ်များအား ဆွဲဖြေကာ နှိုက်ထုတ်လိုက်သည်။

'' ဟင်. . . ''

'' ဟယ်လူစင်နိုဂျင်ဆေးပြားတွေ ''

လူကောင်းပကာတိကိုပင် စိတ်ဝေဒနာရှင်နှယ် အကြားအမြင်ကို ဖောက်ပြန်စေသည့် ဆိုက်ကိုအစ်လက်ပ်တစ်စ် ဆေးဝါး သည်အရာများက ပင် ပြဿနာအားလုံး၏ အဖြေဖြစ်ပါလိမ့်မည်။

မိမိမမြင်ဘူးသည့် မိမိအစ်ကို အိန်ဂျယ်လိုအား ချဉ်းကပ် အယုံသွင်း၍ သည်ဆေးများဖြင့် နာနာဘာဝကောင်များကို မြင်စေခဲ့မည်။ သံယောင်ဩဩများအား ကြားစေခဲ့မည်။ မခံမရပ်နိုင်လောက်အောင်။

ဟုတ်သည်။ အစွန်အဖျားသာသာ မြင်ခဲ့ကြားခဲ့ရသည့် မိမိပင် သည်ဒဏ်များကို မခံနိုင်သည့်အဆုံး မိမိမျက်လုံးကို မိမိဖောက်ထုတ်ပစ် ရန် ကြိုးစားခဲ့သေးသည်ပဲ။

www.burmeseclassic.com



" သူဘယ်မှာလဲ အိန္ဒိယလိုဘယ်မှာလဲ အစ်ကို "

" ညီ. . . ညီ. . . ခဏ. . . ခဏစောင့်ဦးဟာ "

ကိုမိုးဇော်၏ တားမြစ်သံအား နားမဝင်နိုင်တော့။ သည်ကမ္ဘာမှာ မိမိနှင့်ချွတ်စွတ်တူသည့် မွေးချင်းအမြွှာ အစ်ကိုတစ်ယောက်ရှိခြင်းအား သည်အသက်အရွယ်ရောက်မှ သိခဲ့ရခြင်းအတွက် မိမိနေရာမှာ အခြားသူများဆိုလျှင်လည်း သည်လိုဖောနှင့် မောလျက်စိတ်စောကာ အလျှင်စလို ဖြစ်နေကြမည်ပဲထင်သည်။ မိမိအတွက် ပို၍ယောက်ယက်ခတ်နေစေသော အချက်က

" အိန္ဒိယလို သေပြီ။ ငါ့. . . ငါ. . . ရဲ့. . . သေပြီ "

မိမိအစ်ကိုတစ်ဦး သေဆုံးသွားသည့်အတွက် ဝမ်းနည်းရခြင်းထက် တစ်ခုခု (ဘဝနှင့်ယှဉ်၍ ကြီးမားသည့်အရာတစ်ခုခု) ဆုံးရှုံးသွားရသလို ခံစားရသည်။ မိမိအတွက် သည်နေရာမှာ အစကတည်းက ရှိမနေသည့်အတွက် လစ်ဟာသွားမှုမျိုးမဖြစ်။ သို့သော်ထို့ထက်ပိုသည့် ခံစားချက်။

ရင်နှင့်နာကျင်ရခြင်းဆိုပါက ပို၍နီးစပ်မည်ထင်သည်။

တစ်ခါတစ်ရံတွင် ရင်၌ဖြစ်တည်လာသည့် ခံစားချက်တို့အား ကိုယ်စားပြုနိုင်မည့် ဝေါဟာရကို ရှာမတွေ့နိုင်အောင် ဖြစ်တတ်ကြသည်မှာ မိမိတစ်ယောက်တည်းဖြစ်လာသည့် အခြေအနေမျိုးမဟုတ်ဟု ယုံသည်။

ခေါင်ရန်းလမ်း၏ ကုန်းမြင့်ရာလေးမှ အလွန်တွင် သည်ကိုလာခဲ့စဉ်က တွေ့ဆုံခဲ့ရသည့် လူကြီးနှင့် တစ်ကြိမ်ကြုံရပြန်၏။ မိုးသက်





ဆည်းဆာအား လမ်းလျှောက်ခြင်းဖြင့် အချိန်ဖြုန်းနေသည်လား။

" ဒီမှာခင်ဗျ။ ဦးလေးကြီး ဟို. . . ဟို အဖြူရောင်ခန်းမဆိုတာလေး တဆိတ်လမ်းညွှန်ပေးပါ။ ဦးကျေးဇူးပြုပြီးတော့ "

မိမိအား ခပ်လှမ်းလှမ်းကတည်းက မြင်ထားပုံရသည်။ တစ်စုံတစ်ရာမေးမြန်းလာမည်ဟုပင် ကြိုသိထားပုံပေါ်၏။ ခေါင်းတညိတ်ညိတ်နှင့် မိမိလက်ထဲမှ စာရွက်ခေါက်လေးဆီ လက်လှမ်းသည်။

" ဟို. . . စာရေးပြဖို့မလိုတော့ပါဘူး။ ဦးဒီအတိုင်းပဲပြော. . . ပြောပြလိုက်ပါခင်ဗျာ "

" ဟော "

မိမိကနှုတ်မှဖြေရန် ပြောလိုက်သည်ကို မယုံကြည်နိုင်ဟန်နှင့် မော့ကြည့်သည်။ ပြီးမျက်မှောင်ကုပ်လျက် အကဲခတ်သလို စိုက်ကြည့်နေပြန်၏။

" ကျွန်တော့်နားတွေ ပြန်ကြားနေရပြီ "

" အား. . . ငါတော်တော်မျက်စိလည်သွားပြီမောင်ရင်။ ကဲထားပါလေ။ မင်းကြည့်ရတာ အမြဲတမ်းအမောတကော အရေးတကြီးနဲ့ချည်းပဲ။ ဘာတဲ့ မင်းမေးတာ။ အဖြူရောင်ခန်းမဟုတ်လား "

" ဟုတ်ကဲ့ "

" အေး. . . ဒီအတိုင်းပြန်ထွက်သွားရုံပဲ။ ပထမဆုံးလမ်းသွယ်ကိုမှတ်မိလား "

" ဗီ. . . ဗီဇဝါလမ်းလားခင်ဗျ "

www.burmeseclassic.com



" အေး. . . အေး. . . အဲ့ဒီလမ်းထဲသာဝင်သွားပေတော့ "

အဖြေပင်မဆုံးသေး။ ဝုန်းခနဲ ပြေးထွက်လာခဲ့မိသည်။ လမ်းမကြီးပေါ်ချိုးကွေ့လာသည်နှင့် လှူခြေတိတ်ခဲ့သည့် သည်လမ်းပေါ် စည်ကားလျက်ရှိသည်ကို သတိမမူနိုင်။

ပထမလမ်းသွယ်ဆီ အရောက်သုတ်ခြေတင်ရ၏။ တွန်းတိုက်မိသည့် လူတွေကိုပင် မတောင်းပန်မိ၊ မိမိကိုမည်သို့ ပြောဆိုကျန်ခဲ့မည်မသိ။

ဇီဇဝါလမ်းထဲ ချိုးဝင်လိုက်ချိန်တွင် လူအားလုံးသည် ဦးတည်ရာ တစ်ခုတည်းရွေ့လျားနေမှန်း ရိပ်မိစပြုလာသည်။ စန္ဒရားသံ. . .

သဲ့သဲ့မျှလွင့်ပျံ့လာနေသော ဂီတ. . . ခြေလှမ်းတို့အား တုံ့လေး နှေးကွေးသွားစေသည့် သံစဉ်

" အို. . . ချာပနတေးသွား။ ဒါ. . . ဒါချာပနတေးသွား "

စန္ဒရားသံထွက်ပေါ်လာသည့် နေရာက အနည်းငယ်မျှ လှမ်းသေး၏။ မိမိရှေ့တွင်မူသံကူကွန်ကရစ်တံတားလေးတစ်စင်းခြား လျက် ကွေ့ကောက်မြင့်တက်သွားသည့် ကျောက်ကြမ်းလမ်းကလေး အဝေးက ကုန်းမြင့်တစ်ခုသို့တိုင် ကုန်းမြင့်အစွန်းတွင် မေးတင်ထားသည့် နှယ် ခန့်ညားလှသော အဆောက်အဦးကြီး။

ကောင်းကင်ပြာထဲ ကြွရွ ပျံတက်တော့မည့် ဘုံဗိမာန်ကြီးနှင့်ဝင် တူသေးတော့၊

တံတားပေါ် မိမိရောက်ရှိသွားချိန်တွင် လူတစ်ချို့၏ အကြည့် ရှုးရှုးများ မျက်မှောင်များအား သတိထားမိလာ၏။ သူတို့၏ ဖဝေဖော်





အကြည့်များက မိမိမျက်နှာတွင် စုဆုံနေသည်။

တံတားအောက်တွင် ညင်းပြေပြေစီးဆင်းနေသော ချောင်းရေ ကြည်ထဲ ငုံ့ကြည့်မိရ၏။ မိမိမျက်နှာတွင် ဘာထူးခြားနေသည်လဲ။ သည်ချာပနတေးသွား၏ ရည်ညွှန်းရာ အိန်ဂျယ်လို၏မျက်နှာနှင့် ထပ်မျှ တူညီနေ၍လား။

" ဟင် "

မည်းညစ်ညစ်အကွက်များ၊ ဒဏ်ရာဒဏ်ချက်များ ဗရပွနှင့် မျက်နှာ. . .

" အား. . . ငါဒီလောက် ရုပ်ပျက်ဆင်းပျက် ဖြစ်နေတာကို တောင် သတိမထားမိဘူး "

မျက်နှာပြင်ကို ပွတ်သပ်သန့်စင်မိသည့် မိမိလက်များပင် စေးကပ်ပေကျံကုန်သည်။ ရေစပ်သို့ဆင်း၍ ဆေးကြောသုတ်သင်ရဦးမည်။ (ဟာ. . . အရေးမကြီးတာတွေ။ ပေချင်ပေ ညစ်ရင်ညစ်၊ ဘာဖြစ်လဲ။ မင်းအခုဘာအတွက် အမောတကော ပြေးလာသလဲ။ ညီစေမင်း)

ချက်ချင်းတံတားပေါ်မှ ပြေးဆင်း၍ စန္ဒရားသံထွက်ပေါ်ရာ ကုန်းမြင့်စွန်း ဗိမာန်ဖြူဖြူဆီသို့

" ဒီသူငယ်က ဆရာသူရိန်ကို တော်တော်အားကိုးရှာတာ။ အေးလေ နတ်ဆေးဆရာဆင်းကယ်တောင် သေရမယ့်လူကတော့ "

" အို ဒါဝင့်ကျွတ်သွားတာပြောရမယ်။ ကောင်လေးခမြာ အနီဒွာရုံတွေချည်း ထင်ယောင်မြင်ယောင်ဖြစ်နေလို့ သူ့မျက်လုံး သူတောင်

www.burmeseclassic.com



ထိုးဖောက်ပစ်ခဲ့တာတဲ့ ''

'' အနိဗ္ဗာရုံမဟုတ်ဘူးရှင့်၊ သူက နာနာဘာဝတွေကို မြင်နိုင်တဲ့သူတဲ့၊ ပြီးတော့ ကြားလည်းကြားရတယ်တဲ့ ''

'' ဘာတွေကြားတာလဲ ''

'' ဘာတွေကြားတယ်။ သေချာမသိပါဘူး။ သူ့နားကိုလည်း သူထိုးဖောက်ပစ်လိုက်တယ်လို့ ကြားတာပဲ၊ ဒီအဖြူရောင်ခန်းမမှာ သူ့အကြောင်းချည်း အားလုံးပြောနေကြတာပဲ ''

'' ဟုတ်တယ်။ ဆရာသူရိန်ရဲ့ လူနာတွေထဲမှာ ကံအဆိုးဆုံးလူနာလို့ ဆိုရမလားပဲ ''

'' ဒါပေါ့ ဆရာကသူတကာထက် သူ့ကိုအများကြီးပိုဂရုစိုက်တာတောင် ခုတော့ကြည့်ပါဦး။ သူ့ကိုသူ အဆုံးစီရင်ပစ်တဲ့အထိ အခြေအနေဆိုးသွားရှာတယ် ဆိုတော့ သူ့လောက်ကံဆိုးတဲ့လူနာ ဘယ်မှာရှိဦးမှာလဲ ''

'' သူက ရိုးရိုးရောဂါမှမဟုတ်ဘဲ။ စိတ်ရောဂါဆိုလားပဲ ''

လူများကို မတိုးဝှေ့ရဘဲ အသံများအား တိုးဝှေ့တက်နေရသည်လိုပင်။ ညစ်ထေးစုတ်ချာနေသည့် မိမိအတွက် လမ်းတောင်းရန်ပင်မလို အချင်းချင်းလက်တို့သတိပေးကာ ဖယ်ကြဉ်ကြပြီးဖြစ်နေသည်။

အတက်လမ်းတလျှောက် အသုဘလာကြသူများက မိမိစိတ်အထင် များပြားလွန်းလှသည်။ လူများသည်နှင့်အမျှ စကားသံများလည်း ထူထပ်စွာ၊ ပြီးသူ့တို့အားလုံး၏ လေယူလေသိမ်းက သူရိန်ဆိုသည့်လူ





အပေါ် တိမ်းညွတ်ယုံကြည်မှုအပြည့် မိမိအစ်ကို အိန်ဂျယ် လိုသာမက သည့်မြို့သူမြို့သားများစွာ၏ ကိုးစားမှုကိုပင် အယုံသွင်းအရယူထားသူဟု သိလာရသည်။

သည်လူကိုယ်တိုင်ကပင် မှော်ဝင်မိစ္ဆာကောင်ကြီးလေလားဟု တွေးမိလာရ၏။ ကျမ်းကုန်ကြေသည့် လူယုတ်မာ။

'' ဟုတ်တယ်. . . လူယုတ်မာ ''

'' လူယုတ်မာ ''

မိမိနောက်မှ သံယောင်လိုက်စကားကြောင့် ထိတ်ခနဲ ခြေလှမ်းတုံ့သွားရ၏။ နောက်သို့မဝံ့မရဲ လှည့်ကြည့်မိစဉ်. . .

'' မင်းဘယ်သူ့ကိုပြောတာလဲကွ။ လူကဖြင့် လူရုပ်တောင်မပေါ်တဲ့ကောင်ကများ ''

မိမိအား မော့်ကြည့်ကာ ဟိန်းဟောက်လာသူတစ်ယောက်ကို မြင်လိုက်ရသဖြင့် သက်ပြင်းချနိုင်သွားသည်။ ထိုလူအား ပြန်လည်ဖြေရှင်းမနေတော့။ သက်ပြင်းနှင့်အတူ ပါမသွားသည့် အမောများအား ထမ်းပွေ့ရင်း ဆက်ပြေးလာမိ၏။

ကုန်းမြင့်လေး၏ ထိပ်တွင် သပ်ရပ်ကျယ်ဝန်းသည့် ခြံဝင်းကျယ်တစ်ခုနှင့်အတူ အဖြူရောင်ခန်းမဆိုသည့် စာတန်းကို မြင်ရပါလေပြီ။

'' အဖြူရောင်ဆိုတဲ့ ဝိသေသနဲ့တောင် မထိုက်တန်တဲ့နေရာ''

'' မထိုက်တန်တဲ့နေရာ''

www.burmeseclassic.com



အမှတ်တမဲ့ အသက်အောင့်လိုက်မိပြီးမှ စောစောကလူပဲဆိုသည်ကို သိလိုက်ရသည်။ (အရေးထဲ ဒီလူ့အသံက တိုက်တိုက်ဆိုင်ဆိုင် လာညြနေသေးတယ်)

" မောင်ရင်က ရုပ်ဆိုးသလောက် တော်တော်အဆိုးမြင်တတ်တာပဲ "

ဘုကျကျပြန်အော်ဟစ်လိုက်ချင်သည့် စိတ်ကိုထိန်းကာ ခန်းမအဝင်လမ်းတလျှောက် တိုးဝှေ့ဝင်ရောက်သွားမိသည်။

စန္ဒရားသံအား အပီပြင်ဆုံးကြားလိုက်ရသည့်နောက် ရုတ်ချည်းပျောက်ကွယ်သွားလေ၏။ ခန်းမတွင်းသို့ ဝင်လိုက်သည်နှင့် စိမ့်ခနဲအေးစက်သွားသည်။

ပြင်ပအသံဗလံများနှင့် ဝေးရာသို့လား သို့မဟုတ် သည်ထဲကလူတွေပဲ နှုတ်ဆိတ်နေကြသည်လား။ သို့မဟုတ် မိမိကပဲ ဆူညံမှုထဲမှလာရသည့်အတွက် တီးတိုးသံများကြား ရောက်လာသည်ကို ဆိတ်ငြိမ်လွန်းသည်ဟု ထင်မိရသည်လား။

ခန်းမအလယ်တွင် အဖြူရောင်လွှမ်းသည့် စင်မြင့်တစ်ခုသည့်အပေါ်တွင် အကာအကွယ်မဲ့ အဆင်အယင်မဲ့ တင်ထားသော အလောင်းကောင်၊ သည်လောက်အကွာအဝေးမှ မြင်ရုံနှင့်ပင် မိမိနှင့်ချွတ်စွတ်တူသည်ကို လက်ခံမိသွားသည်။

" အိန်ဂျယ်လို. . . "

စကားသံထွက်မလာသော်လည်း ညီစေ စကားများစွာပြောနေမိ





သည်။ အမေ မမြင်ဘူးသည့်သား။ အသက်ထင်ရှားရှိစဉ်က မဆုံခဲ့ရသည့်

" အစ်ကို. . . "

အလောင်းစင်သို့ ချဉ်းကပ်သွားမိသည့် မိမိခြေလှမ်းတိုင်းသည် မီးခိုးငွေ့များအား နင်းဖြတ်နေရသလို။

" ဈာပနအခမ်းအနားကို ကြွရောက်လာကြတဲ့ ပရိသတ်များခင်ဗျား. . . ဆရာသူရိန်ရောက်ရှိလာခြင်း မရှိသေးတဲ့အတွက် ဈာပနတေးကို သံပြိုင်သီဆိုဖို့ရာ ခေတ္တစောင့်ဆိုင်းပေးကြပါရန် တောင်းပန်ပါသည်ခင်ဗျား "

စန္ဒရားခုံနောက်မှ ကြေညာသူထံ ညီစေတစ်ချက်လှမ်းကြည့်မိသည်။ ပြီး အလောင်းစင်ဘေးသို့ နီးနိုင်သမျှနီးအောင် တိုးကပ်လိုက်၏။ အဖြူရောင်ဝတ်ရုံပါးတစ်ထည်မှ လွဲ၍ ပန်းနွယ်ပန်းခက်များရစ်ပွဲ့ထားခြင်းမရှိသည့် ရုပ်ကြွင်းခန္ဓာ အတတ်နိုင်ဆုံးဖြီးသင်ပေးထားပုံရသည်။ ပွယောင်းယောင်းဆံပင်ရှည် ဖြူဖပ်ဖြူလျော် မျက်မှာပြင်အား မိမိတွေ့နေရလေပြီ။

မျက်လုံးဟောက်ပက် နားရွက်တို့ကြေမွတွန့်လိပ်နေသည်မှလွဲလျှင် မိမိမှ မိမိပါပဲ။ မိမိခန္ဓာကိုယ်အား ဝိညာဉ်ခွာ၍ ကြည့်နေသည့်နယ်ပင်။ ဝိညာဉ်

အို. . . အိန်ဂျယ်လို၏ ဝိညာဉ်ငြိမ်းချမ်းပါစေ။

သည့်မတိုင်ခင်လေးအထိ မြင်နိုင်စွမ်းသည်ဟု ထင်ခဲ့သော အပိုအာရုံသာ တကယ်ရှိခဲ့ပါလျှင် သူ့ဝိညာဉ်ကို မိပိမြင်ရပါလိမ့်မည်။

www.burmeseclassic.com



သည်တောင့်တမှုသည် အိန်ဂျယ်လိုအား အသက်ရှင်လျက် မဆုံဆည်းခဲ့ရခြင်းအတွက် ဖြစ်နိုင်ရာရာဘက်မှ လှူးလွန့်ခေါင်းထလာသော ဆန္ဒဖြစ်မည်ထင်၏။

ပင့်သက်နှင့်အတူ မျက်နှာကို လက်ဖဝါးနှစ်ဘက်ထဲ အပ်မိသည့်ခဏ စွတ်စိုနွေးမြမှုကို ထိသိခံစားလိုက်ရသည်။

" အို ငါ့ကိုငါ ငိုမနေခဲ့ဘူးလို့ ထင်နေမိတာ "

❀ ❀ ❀ ❀ ❀



## အခန်း (၂၈)

" ညီလာကွာ။ မျက်နှာလေးတော့ သန့်စင်လိုက်ပါဦး "

မိမိတယ်လောက်ကြာအောင် ငိုင်တွေနေခဲ့မိသည်မသိ။ တမေ့တမျော ကျဆင်းခဲ့သည့် မျက်ရည်တို့ဖြင့် မိမိမျက်နှာပင် စိုလန်းနေခဲ့ပြီ။ မိမိနောက် ကမန်းကတန်းလိုက်လာခဲ့ပုံရသော ကိုမိုးဇော်က သတိပေးလာမှ အိန်ဂျယ်လိုထံမှ အကြည့်ခွာမိရ၏။

" မလိုပါဘူး။ မလိုလောက်ပါဘူးအစ်ကို။ ဒီအတိုင်းကပိုကောင်းမှာပါ။ ရုပ်ဖျက်ပြီးသားဖြစ်တာပေါ့။ မဟုတ်ရင် "

ကိုယ့်အသုဘ ကိုယ်လိုက်ပို့သည့် တစ္ဆေတစ်ကောင်လိုလို တစ်ယောက်စီကိုလည်း စေ့စေ့ငုငုရှင်းပြမနေချင်သေး။ ကံကြမ္မာက တခြမ်းဝှက်ထားခဲ့သည့် မိမိဘဝကို မိမိနှစ်ဝင်ခံစားပါရစေဦးလေ။

" အား. . . ဒီလိုဝမ်းနည်းနိုင်ဖို့ အချိန်မီတာလေးကိုပဲ တော်သေးတယ်ဆိုရမလားပဲ အစ်ကို "

www.burmeseclassic.com



" ဂျန် . . . ဂျန့် . . . ဂျန် "

စန္ဒရားသံ ခန်းမတစ်ခုလုံး ရုတ်ရုတ်သဲသဲဖြစ်သွားသံအား ဝေါခနဲကြားလိုက်ရသည်။ သူတို့အိန်ဂျယ်လိုကို နောက်ဆုံးအကြိမ် နှုတ်ဆက်ကြတော့မည်။

စန္ဒရားခုံ၏ နောက်ဝယ် နေရာယူထားပြီးဖြစ်နေသော သူရိန်ဆိုသူအားမြင်၏။ သူ့ကိုလည်း သည်နေရာတွင် နောက်ဆုံး ခွင့်ပြုချက်ဖြင့် နှုတ်ဆက်စေသလား။

သို့သော် သူ့အသွင်က ရှုံးနိမ့်သွားသူ ၏ အမူအရာမပေါက် အောင်မြင်သူနှယ် ပီပြင်ပြည့်ဝသည့် အပြုံးများဖြင့် ခန်းမတစ်ခုလုံးအား လွှမ်းခြုံကြည့်လိုက်သော သူ့မျက်လုံးများက မိမိ တခဏမျှ မြင်ခဲ့ရစဉ် ကလို ချောက်ချားပြူးကျယ်မနေတော့ အားရကျေနပ်မှုဖြင့် ဝင့်လျက်

" ဒီ သူရိန်ဆိုတဲ့လူအပေါ် အလေးအနက် ယုံကြည်တဲ့သူတွေ ထုနဲ့ထည်နဲ့ပဲနော် ဟင်း "

" အင် . . . ဒီမတန်တဆရထားတဲ့ နေရာကို ဆုံးရှုံးရမှာ ကြောက်တာကျတော့ ဒီနေရာနဲ့ မထိုက်တန်တဲ့သူပီပီ သွေးရူးသွေးတမ်းနဲ့ ပါပဲ "

ကိုမိုးဇော်စကားကြောင့် မိမိမျက်မှောက်ကုပ်မိသည်။ စန္ဒရား အား အေးအေးလူလူ တီးခတ်နေနိုင်သည့်လူကိုများ သွေးရူးသွေးတမ်းဟု ဆိုနေသေး၏။





သူလုပ်ကြံခဲ့သော အသက်တစ်ချောင်းအား သူကိုယ်တိုင် ခေါင်းဆောင်၍ နှုတ်ဆက်နိုင်လောက်အောင် သွေးအေးရက်စက်သူ

" ဒီအမှုအတွက် ခံစားရမယ့် ပြစ်ဒဏ်တွေကို မြင်လာတော့ သွေးပျက်ပြီး "

"ရှိ လာပြန်ပြီ။ သွေးပျက်တာ "

စန္ဒရားသံနောက် လူအများယိမ်းထိုးလျက် ပါသွားကြသည်။ မိမိလည်း ယောင်နနနှင့် အတူနှံ၍ လှုပ်ရှားနေမိ၏။ သည်တစ်ကြိမ်တွင် စန္ဒရားတီးနေသူက သူရိန်ဆိုသူမဟုတ်ပြန်တော့။

" ကိုယ်ရော ကိုယ်ကြိုပြီးအကြောင်းကြားထားလို့ ရောက်နှင့် နေသူကပါ ဝိုင်းပြီးဖျောင့်ဖျတားမြစ်ကြပါသေးတယ်။ ဒါပေမဲ့ ဒီအရူးက နားမဝင်ရှာတော့ဘူး "

အဲ့သည်အရူးက ခု အိန်ဂျယ်လို၏အလောင်းကို ဝံ့ဝံ့စားစားပြုံး ကြည့်နေလေပြီ။ သေမင်းထန်သောအပြုံး။ အသွေးအသားတို့အား ဝါးမြို တားသောက်တော့မည့် မကောင်းဆိုးဝါး၏ နှုတ်ခမ်းတွန့်ကွေး ပြင်ဆင်နေ ပုံမျိုး။ မိစ္ဆာတစ်ကောင်၏ ကောက်ကျစ်စဉ်းလဲသည့် အပြုံးမျိုး။

" သူ့ကိုသူ သတ်သေပစ်လိုက်ပြီ "

" ဘာ . . . အစ်ကိုပြောတာ ဘာ . . . ဘာရယ် "

သူရိန်ဆိုတဲ့ကောင် သူ့ကိုသူ သတ်သေသွားခဲ့ပြီ။ ညီ

" ဗျာ . . . "

www.burmeseclassic.com



မိမိဘယ်လိုပုံစံနှင့် အသက်မဲ့ကြောင်အသွားသည်မသိတော့။ တုန်ယင်လေးတွဲ့စွာ အလောင်းစင်ရှိရာသို့ ပြန်ကြည့်မိသည်။

ရိုပ်ခနဲ. . .

❀ ❀ ❀ ❀ ❀



# အခန်း (၂၉)

" ဒီနေရာပဲ ညီ "

သည်လိုအချိန်မျိုးဟု ညီစေဖြည့်စွက်တွေးလိုက်၏။ ပြီးတော့ သည့်ထက်ပို၍ မှိုင်းမှောင်ကျနေမည်ထင်သည်။ မိုးဆွဲသန်သော အမှောင်မျိုး မိုးနှင့်မြေအနှံ့ကြီးစိုးနေခဲ့လိမ့်မည်။ ခြော်. . . ခုလည်း တိမ်ညိုအုံအယုက်ယုက်နှင့် လျှို့ဝှက်စွာပျောက်ဆုံးသွားသော အလင်းရောင်ကို ရှာနေမိကြသည်ပဲ။

သည်လျှို့ဝှက်သော အမှောင်စစထဲ လက်နှိပ်မီး၏ အလင်းရောင်မှာ ဖြူမွဲနေရှာသည်။

" အဲ့ဒီတုန်းက ဟောဒီနားမှာ မြရာပင်ကြီးရှိခဲ့တယ် "

ကိုမိုးဇော်က လမ်းနှင့် မလှမ်းမကမ်းတွင်ရှိသော မြက်ခင်းလေးဆီ မီးရောင်နှင့်ညွှန်ပြရင်း ပြောလိုက်၏။

" လေးလေးမော်လည်း သူ့မိသားစုအတွက် ဝေဒနာသည်းခံနေတဲ့ကြားက ကားကိုအတတ်နိုင်ဆုံး ထိန်းဖို့ကြိုးစားခဲ့မှာပဲ။ ဒါပေမဲ့

www.burmeseclassic.com



သူ့ကိုယ်တွင်းမှာ အက်စ်အိတ်ချ်စီ လက္ခဏာမပြခင် အချိန်လေးမှာပဲ ဒီနေရာက မြရာပင်ကြီးကို မိုးကြိုးပစ်ချခဲ့တာဆိုတော့ အမြင်လည်း ဝါးနေခဲ့မှာပေါ့ ''

'' အမြင်ဝါးတယ်ဟုတ်လား။ ဒါဆိုသူက ကားအက်ဆီးဒင့် မဖြစ်ခင်အထိ မျက်စိမကွယ်သေးဘူးပေါ့ဟုတ်လား ''

'' အင်း. . . ဟုတ်တယ်။ ဒေါက်တာတွေဝရွှေနဲ့ ဆေးရုံကို ရောက်လာပြီးတော့မှ *မျက်စိနှံ့နားက ကွယ်သွားခဲ့တာ။ ကားတိုက်မိတဲ့* ဒေါက်တာတွေကြောင့်လားလို့ စစ်ဆေးရင်းနဲ့မှ သူဟာ ကားမတိုက်ခင် အက်စ်အိတ်ချ်စီရောဂါလက္ခဏာတစ်ရပ်ကို ခံစားခဲ့ရသေးတယ်လို့ သိခဲ့ကြရတာပဲ ''

ကိုမိုးဇော် ပြောလက်စ ခဏနားလိုက်သည်။

ဒီဝေဒနာကြောင့်လည်း ကားအက်ဆီးဒင့် ဖြစ်ရတာလို့ ပြောလို့ရသလို ကားအက်ဆီးဒင့်ဖြစ်သွားလို့ ဒီဝေဒနာရပ်ဆိုင်းသွားတာလို့လည်း ကောက်ချက်ချလို့ရတယ်။ ညီ ဒီလိုမဟုတ်ရင် သူသေခုံးတဲ့အထိကို ဒီရောဂါက ဒုက္ခပေးမှာ ချက်ချင်းပြာကျသွားနိုင်တဲ့ အပူရှိန်မျိုး''

'' အို. . . တခြားပစ္စည်းတွေလောင်ကျွမ်းတာမျိုး ''

'' မရှိဘူးညီ။ တခြားကမီး သူ့ဆီကူးတာလည်းမဟုတ်ဘူး။ ဒါကြောင့် သူ့ရှိန်က ကျိန်စာဆိုတာကို လုံးဝယုံသွားတာပေါ့။ ကလေးဘဝကတည်းက စွဲသွားတဲ့ အဲ့ဒီအသိကို ဘာနဲ့မှ ချေဖျက်လို့မရတော့ဘူး။ အက်စ်အိချ်စီဆိုတဲ့ ရောဂါကို သူမသိတာမဟုတ်ဘူး။ သိတယ် ''





'' သူ. . . သူ သိတယ် ''

'' ဒီမှာ ဒါသူ့အခန်းထဲက စာအုပ်တွေထဲက တစ်အုပ်ပဲ ''

ကိုမိုးဇော်က မြက်ခင်းပေါ်အရောက်တွင် ခြေလှမ်းရပ်၍ သူ့လက်ထဲမှ စာအုပ်ကို မီးရောင်တွင် ထောင်ပြလာသည်။

'' ဒီအကြောင်းတွေကို သူကပိုလို့တောင် လေ့လာခဲ့သေးတယ်။ ဒါပေမဲ့ အလကားပါပဲ။

*အခြေအမြစ်မရှိတဲ့ဟာကို စိတ်စွဲပြီး အခြေအမြစ်မရှိသည့်* အရာ မိမိဖခင်၏ ကျိန်စာကိုဆိုလိုခြင်းလေလား။ သည်ရက်များအတွင်း *မိမိစွမ်းသမျှ စုံစမ်းခဲ့သေးသည်။*

မိမိဖခင်သည် သ်ကရိုက် စာပေတွင် နှံ့စပ်သဖြင့် သည်ဒေသတွင် ယခင်ကခေတ်စားခဲ့သည့် နတ်ဝင်သည်များ၏ ဟောချက်များအား ဘာသာပြန်သူအဖြစ် လုပ်ကိုင်ရင်းမှ နတ်ဆရာတို့နှင့် တစ်တန်းတစ်စား တည်းသဖွယ် အလိုလို သတ်မှတ်ခံခဲ့ရသူသာဖြစ်သည်။

'' အို. . . ဖေဖေက ကျိန်စာတိုက်ရအောင် မှော်ဆရာမှမဟုတ်တာ ''

'' ညီစိတ်မကွက်ရင် ကိုယ့်အမြင်ကိုပြောပြမယ် ''

မြရာပင်ရှိခဲ့သည်ဆိုသော နေရာတွင် ရပ်လိုက်ကြသည်။ တလျှောက်လုံး ဖွင့်ထားခဲ့သည့်လက်နှိပ်မီးအား ကိုမိုးဇော်က အနားပေးလိုက်၏။ ဝန်းကျင်သည် ညို့ခနဲ။

'' ပြောပါအစ်ကို ရပါတယ် ''

www.burmeseclassic.com



" ဦးအောင်ဖေမင်းဟာ လိုတာထက်ပိုပြီး နှုတ်သရမ်းတတ်တဲ့ အကျင့်ကြောင့် သူ့ကိုလူတွေက ပိုကြောက်လာပြီး တကယ့်ဆရာကြီးတွေ ထက် နာမည်ကျော်ခဲ့သလို အဲ့ဒီအကျင့်ကြောင့်လည်း မလိုမုန်းထား သူတွေများခဲ့ရတာပဲ "

ခဏနားပြီးမှ

" အခုလည်း သူ့နှုတ်သရမ်းလိုက်တဲ့ ကျိန်စာနဲ့ လေးလေးမော် အဖြစ်က သွားတိုက်ဆိုင်လေတော့ ညီတို့မိသားစုလည်း အန်တီပြုံး ပယောဂနဲ့ ကွဲခဲ့ရတယ်။ ညီဆိုရင် ဒေါ်ဝေဝေနွယ်ရဲ့ လှို့ဝှက်နိုင်လွန်းတဲ့ စိတ်ထားကြောင့် အဖေဆိုတာလည်း သေချာမသိ။ အမြွှာအစ်ကို တစ်ယောက်ရှိမှန်းလည်း မသိနဲ့ နေခဲ့ရတယ်လေ။ နောက်ပြီး သူရိန်ရဲ့ အညှိုးကြောင့် ညီ့အစ်ကိုအိန်ဂျယ်လိုခမြာ အသက်ပါဆုံးခဲ့ရတယ်။ ညီ့မှာလည်း သေလုမြောပါးပါပဲလေ "

" ဖေဖေ. . . ဖေဖေ ဘယ်တုန်းကဆုံးသွားတာလဲ။ ဘယ်သူ့လက်ချက်နဲ့လဲ။ ဘယ်မှာ. . . ဘယ်မှာဆုံးသွားတာလဲအစ်ကို"

" ဟင်း. . . သူက အိန်ဂျယ်လိုနဲ့အတူ ဒီမြို့ကထွက်သွားတယ် ဆိုတာပဲသိတယ်ညီ။ ဒါပေမဲ့ ဘယ်သူဘယ်ဝါရဲ့ လက်ချက်နဲ့ ဆုံးရတယ်ဆို တာမျိုးတော့ မဟုတ်ပါဘူး။ လူ့သက်တမ်းစေ့ရင် ဘယ်သူမှ အသက်ရှင် လျက်နေလို့မှ မရတော့တာ။ အိန်ဂျယ်လိုကိုတော့ ခင်ငြိမ်းချမ်းက ရှာတွေ့ခဲ့တာ။ သူလည်း ကိုယ့်လိုပဲ "

စကားမဆုံးသော်လည်း ကိုမိုးဇော်နှုတ်လေးသွားရသည်ကို





ညီစေနားလည်လိုက်၏။ သူရိန်ဆိုသူက မိမိနှင့် အိန်ဂျယ်လိုအား တစ်ဦးတည်းဟုသာ ထင်ထားပုံရသည်။ ထို့ကြောင့်ပင် သူ့ထံမှ မာဂါရီတာ နှုတ်ကို တောင်းခံလာသူနှစ်ဦးအား ရှာစေပြီး အိန်ဂျယ်လိုကို တွေ့သည်နှင့် သူ၏လက်တုံ့ပြန်မှုကို စတင်ခဲ့သည်လေ။

" မိုးရွာတော့မယ်ညီ "

" သူက ကျွန်တော်တို့ဟာ အမြွှာညီအစ်ကိုတွေဆိုတာ မသိခဲ့ ဘူးလား "

" သူမှမဟုတ်ပါဘူး။ ဘယ်သူမှကို မသိတာ။ အန်တီပြုံးရဲ့ စနက်ဟာ ညီတို့ကို မီးဖွားတဲ့ညမှာပဲ ပေါက်ကွဲသွားခဲ့တာဆိုတော့ ဒေါ်ဝေဝေနွယ်နဲ့ ဦးအောင်ဖေမင်း ကွဲသွားပြီး ဦးအောင်ဖေမင်းဆီမှာ အိန်ဂျယ်လိုဆိုတဲ့ သားတစ်ယောက်ကျန်ခဲ့တာကိုပဲ အားလုံးက သိကြ တာ "

မိုးရိပ်ကပို၍ ပိုပြင်အုံ့ဖွဲ့လာသည်။ အဝေးဆီမှ လျှပ်နွယ်အချို့ ပြိုးပြက်သွားပုံကို ဖျပ်ဖျပ်မြင်သည်။ ဝန်းကျင်တစ်ခုလုံးသည် မိုးရိပ်တိမ်မြစ်ထဲ နစ်မွန်းလျက် အသံပျောက်နေ၏။ အသံကုန်ခြစ်၍ ဟစ်အော်ပြီးနောက် မောဟိုက်ဆွဲ့အသွားရသလိုမျိုး အထိတ်တလန့် မျက်ဝန်းအစုံဖြင့် အသံပျောက်နေခြင်းပဲလား။

မြက်ခင်းပေါ်တွင်ရပ်လျက် လမ်းမဘက်သို့ ခြေဦးပြန်လှည့်မိပြီး မှ အတွေးတစ်စကြောင့် မရွေ့မလှမ်းဖြစ်သေးဘဲ ကိုမိုးဇော်ကို မေးမိသည်။

" ဒါမှမဟုတ် သူသိလို့များဒီလိုတမင်ဖန်တီးခဲ့တာလား။

www.burmeseclassic.com



ကျွန်တော်ဆိုလိုတာ ကျွန်တော်တို့နှစ်ယောက်ဟာ အမြွှာညီအစ်ကိုဆိုတာ အမြွှာရှိတယ်ဆိုတာ သူသိလို့ တစ်ယောက်ကိုရရုံနဲ့ နောက်တစ်ယောက်ကိုပါထိနိုင်စွမ်း. . . ''

'' ညီ့မေးခွန်းက ဝေ့လည်နေတယ်။ နေ ကိုယ်နားလည်တယ်။ ညီဘာမေးချင်တယ်ဆိုတာ အဲ့ဒါလုံးဝမဖြစ်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ အမြွှာရှိတယ်ဆိုတာသိရုံနဲ့ တစ်ယောက်ကိုလုပ်သမျှ နောက်တစ်ယောက်မှာပါ ထိခိုက်ခံစားရမှာပဲလို့ ပုံသေတွက်လို့မရဘူး။ ဒီလိုစိတ်ချင်းဆက်နွယ်နေမှုက အမြွှာတိုင်းမှာ ဖြစ်တာမှမဟုတ်ဘဲ။ ယူနီယိုဇျူယာ အချင်းဆက်အမြွှာတွေမှာတောင်မတူဘူး။

တချို့က အတွေးအခေါ်အယူအဆပိုင်းမှာ တူတယ်၊ တချို့က ရုပ်ရည်မှာ အသေးစိတ်တူတယ်၊ တချို့ကရောဂါတူတာ အဲ့ဒီတချို့တွေထဲက တချို့လေးကမှ ခံစားချက်ချင်း တိုက်ဆိုင်ဆက်သွယ်မှုရှိတာ။ ညီတောင် ဂဃသက်လုံးဒီလိုပဲ။

မသိဘဲနေလာရာက လွန်ခဲ့တဲ့လကမှ ခံစားချက်ချင်းဆက်နွယ်တဲ့ လက္ခဏာပြလာတာမဟုတ်လား။ ဒီ့အရင်က အသေးအဖွဲကိစ္စလေးတွေမှာ အိန်ဂျယ်လိုမျိုးနဲ့ မင်းတိုက်ဆိုင်တာလေးတွေ ရှိချင်ခဲ့မှာပေ့ါ။ ဒါကိုတော့မသိနိုင်ဘူးလေ။ ထင်ထင်ရှားရှားတူတာ။ အိန်ဂျယ်လိုရဲ့ အာရုံဆိုးတွေ ညီဆီရောက်လာတာ ''

'' အာရုံဆိုးဟုတ်လား ''

စကားကို ဖြတ်မေးမိပြီးမှ အားနာသွားမိ၏။ မတတ်နိုင်။





သည်စကားလုံးကို မိမိကြိုက်၊ မိမိလည်းသူနှင့်လက်တွဲ (လက်တွဲဆိုသည်ထက် အတူတကွရှိဆိုလျှင်ပို၍ သင့်လျော်မည်ထင်သည်) လာသည်က ရက်ပိုင်းမျှမကတော့ပြီမို့ သည်အကျင့်လေး ကူးစက်ခံနေရလေပြီ။

'' အာရုံဆိုးမဟုတ်ဘူး အစ်ကို ''

အာရုံဆိုတာက ကိုယ်ပိုင်ဆန်တယ်။ အခုကျွန်တော်တို့ မြင်ယောင် ကြားယောင်ခဲ့ရတဲ့ နာနာဘာဝရုပ်တွေ အသံတွေဟာ ကိုယ်ပိုင်မဟုတ်ဘူး။ ကျွန်တော်တို့ ညီအစ်ကို အလိုလိုမြင်ခဲ့ကြားခဲ့ရတာမှမဟုတ်တာ။

BURMESE CLASSIC .com

ဟယ်လူစင်နိုဂျင် ဒီစိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးနဲ့ အပြုစားခံခဲ့ရလို့ပါ။ ဒါအစ်ကိုကိုယ်တိုင် ဖော်ထုတ်ခဲ့တဲ့ သက်သေပဲ။

အဲ့ဒါကြောင့် အာရုံဆိုးမဟုတ်ဘူးလို့ ကျွန်တော်ပြောတာ။ ရောဂါဆိုး ရောဂါဝေဒနာဆိုးတစ်ခုပဲ ''

လှည့်မကြည့်ဖြစ်သော်လည်း ကိုမိုးဇော်ပြုံးနေမည်ကိုသိသည်။ လှည့်ကြည့်လျှင်လည်း မြင်ရနိုင်သည်မှ မဟုတ်ဘဲ။ အမှောင်က တစ်ယောက်နှင့်တစ်ယောက် ရှိနေသေးမှန်းသိသာရုံလောက်သာ မြင်ခွင့်ပေးထား၏။ ချမ်းသက်သည့် လေပွေက သည်အမှောင်ထဲ ပြုတ်ကျလာပြန်သည်။

ကိုမိုးဇော်က လက်နှိပ်မီးကိုဖွင့်၍ လမ်းမပေါ်ပြန်တက်ရန် စတင်ရွေ့လှမ်းသည်။ မြရာပင်ကြီးရှိခဲ့ရာ မြက်ပင်စုလေးမှ လမ်းမပေါ်ပြန်တက်ရန် တစ်ခါက အဖြူရောင်ကားလေးတစ်စီး၏ ခေါင်းအား

www.burmeseclassic.com



ခြေမွှပ်စခဲ့သည့် မြရာပင်ကြီးရှိခဲ့ရာ မြက်ပင်စုလေးမှ လမ်းမပေါ်သို့

'' အစ်ကို နောက်ကျမေးခွန်းများဖြစ်နေ ၂လားမသိဘူး ''

'' မေးပါ ''

'' တစ္ဆေသရဲဆိုတာကို အစ်ကိုယုံသလား ''

'' အင်း. . . မယုံဘူးရယ်လို့လည်းမဟုတ်ဘူး။ ယုံတယ်လည်း မဟုတ် ''

ကိုမိုးဇော်က မိမိအားလှည့်ဖြေရင်းမှ အသံတိခနဲဖြတ်သွား၏။

'' အခုတော့ ယုံရတော့မယ်ထင်တယ် ကိုယ့်ညီ ''

'' ဗျာ. . . ဘာဖြစ်လို့လဲ ''

မေးလည်းမေး၊ သူကြည့်နေသည့်ဘက်ကိုလည်း လှည့်ကြည့်သည်။ အမှောင်ထုအား ထိုးခွဲဖောက်ထွက်လာသည့် အလင်းရောင်ယဲ့ယဲ့နှင့်အတူ ကားအဖြူလေးတစ်စင်း မိမိတို့ရှိရာ ခေါင်းတည့်၍ အရှိန်ပြင်းစွာ မောင်းလာနေသည်။

သဲ့သဲ့မျှသာကြားရသော ငြိမ်ဝပ်သည့် ကားစက်သံကိုပင် တစ္ဆေကောင်တို့ အုပ်ဖွဲ့ပြေးလွှားလာသည့် ခြေသံများလို ထင်ယောင်ချောက်ချားစွာ

'' ဒါ ဟိုကားတော့မဖြစ်နိုင်ပါဘူး ''

သို့သော် တွေးတောချင့်ချိန်ရန် အချိန်မရလိုက်တော့ပါ။ ကားခေါင်းဖြူဖြူက လမ်းပေါ်မှ ချော်ဆင်း၍ မိမိတို့နှစ်ဦးရှေ့ ထိုးစိုက်လာလေပြီ။

❀ ❀ ❀ ❀ ❀



## အခန်း (၃၀)

'' ခင်ဗျားတို့ ဘယ်လိုလုပ်လိုက်တာလဲဗျာ ''

ရပ်သွားသည့်ကားထဲမှ ခပ်မောမောအသံနှင့်အတူ အလျင်စလို ဆင်းလာသည့် ကိုဘုန်းဆိုသည့်လူအား တွေ့လိုက်ကြရ၏။ နှစ်ယောက်သား မင်သက်မပြေနိုင်ဘဲ ကားမီးရောင်ထဲတွင် ရပ်နေမိကြဆဲ။

'' ဒီလောက်အဝေးကြီးကို ခြေလျင်လာရသလား။ ဒီမြို့မှာ ဘယ်ကိုသွားချင်သွားချင် ကျွန်တော့်ကို အရင်ပြောပါလို့ မှာထားရက်နဲ့ လာ ကားပေါ်တက် ''

'' ဟင်း . . . ''

'' ခင်ဗျား ကရုဏာဒေါသက မထိတ်သာမလန့်သာပါလား ကိုဘုန်းရာ ''

မိမိကတော့ ဘာမျှပြောမနေတော့ သက်ပြင်းချ၍ ကားပေါ် တက်လိုက်ရ၏။ ကိုမိုးဇော်ကိုယ်တိုင်က မိမိအား သည်လူ့ထံ အပ်ထားသည်မို့ လေးစားရင်း စွဲရှိနေသောကြောင့်သာ စိတ်ထဲမှာတော့

www.burmeseclassic.com



တစ်စုံတစ်ရာပြောချင်နေမိ၏။

" အား. . . ဆောရီးကိုမိုးဇော် ခင်ဗျားတို့ညနေကတည်းက ဒီကိုထွက်သွားတာဆို ကျွန်တော်အခုမှသိရလို့ ကမန်းကတန်း ထွက်လာခဲ့မိတာ။ တိုက်တိုက်ဆိုင်ဆိုင် ကားက အဖြူရောင်ဖြစ်နေတယ် "

" အဲ့ဒီအကြောင်းပြောတုန်းဆိုတော့ နည်းနည်းလန့်သွားတာပေါ့ဗျာ "

" ပြီးတော့၊ ခင်ဗျားကိုလည်း ပြောစရာရှိလာလို့ "

ကိုဘုန်းက ကားလေးအား လမ်းပေါ်ပြန်ဝိုက်တင်၍ မြို့ကလေးဘက် ဦးတည်လိုက်သည်။

" အိန္ဒိယလိုရဲ့ အလောင်းကို စစ်ဆေးပြီးသွားပြီ "

မိမိရှေ့မှိုထင်သည်။ ရင်ခွဲစစ်ဆေးခြင်းဟု မသုံးနှုန်းဘဲ အလွယ်ပြောလိုက်၏။

" ဟုတ်လား "

" ခင်ဗျားပြောတဲ့အတိုင်းပဲ ဟယ်လူစင်နိဂျင်ရဲ့ ခြေရာလက်ရာတွေ တွေ့ရတယ်။ ဟိုဆရာကြီးကတော့ သူ့ကိုသူ သတ်သေသွားပြီ။ ကျန်တဲ့ကောင်တွေကတော့ ဆရာပေါင်းမှားတဲ့ဒဏ် ခံကြရတော့မယ်။

ကျွန်တော်ထင်တယ် ဒီသူရိန်ဆိုတဲ့လူဟာ တစ်ဘက်က ရုက္ခနည်းတွေနဲ့ ဂိတသံစဉ်ကို ဆေးဝါးအဖြစ် ဖန်ဆင်းပြီး အဖြူရောင်ခန်းမကို ဦးစီးနေသလို တစ်ဘက်က ဆေးဝါးမှောင်ခိုများ လုပ်နေသလား မသိဘူး "





တစ်ချိန်က

သူရိန်ဆိုသည့်လူကတစ်ဘက် သူတို့လို ဆရာဝန်များက တစ်ဘက် စီးပွားရန်ဘက်များဖြစ်ခဲ့သည်မို့ ယခု သူရိန်မြင့်မော် ကျဆုံးချိန်တွင် သာသာနာနာ ဝင်နှိပ်နေခြင်းလားဟုပင် ထင်စရာရှိလာသည်။ ကောင်းတော့ကောင်းပါသည်။

သည်အတွေ့အကြုံဆိုးကြီးက မိမိအား ဘယ်သူ့ဘယ်သူ့ကိုမျှ မယုံကြည်ရဟု တင်ပြည့်နှက်ကြားသွားသလိုပင်။

" အဲ့ဒါတွေက တဖြည်းဖြည်းဖော်ထုတ်နိုင်သွားမှာပါ။ အရေးကြီးတာကို အရင်မေးရဦးမယ် "

" အရေးကြီးတာ ခင်ဗျားအရေးကြီးတယ်လို့စကားခံရင် ညီစေမင်းနဲ့ ပတ်သက်တာမေးမှာမဟုတ်လား။ ခင်ဗျားတို့ဆရာတပည့်က တကယ်လိုက်လည်းလိုက်တယ်ဗျာ "

" ဟား. . . ဟုတ်တာပေါ့ ဆရာတပည့် "

ဘယ်သူမျှ မိမိတို့နှစ်ဦးအား သည်လိုမဆိုဘူးခဲ့။ သူပြောမှပင် မိမိလည်း အတွေးဝင်လာရသည်။ ဟုတ်သည် ကိုမိုးဇော်က မိမိဆရာဟု ဆိုနိုင်နေပြီပဲ။

" ခင်ဗျားမေးမှာ သူရိန်ဝတ်ဆင်ခဲ့တဲ့ အင်္ကျီမဟုတ်လား။ လူနာတွေကို သူလိုက်ကြည့်တဲ့အခါ အထူးသဖြင့် အိန္ဒိယလိုနဲ့ တွေ့ဆုံတဲ့အခါတိုင်း ဘယ်လိုဝတ်ဆင်ခဲ့သလဲဆိုတာ ဟုတ်တယ်မဟုတ်လား။ ခင်ဗျားစုံစမ်းထားသမျှကို ကျွန်တော်မမေ့ပါဘူးဗျာ။ နောက်ခန်းမှာပါ

www.burmeseclassic.com



ပါတယ် ''

ကားမောင်းရင်းမှ ကိုဘုန်းက နောက်သို့လက်မနှင့် ညွှန်းလိုက်သည်။ မိမိအတွက်ဟု ပြောနေသော်လည်း အဓိပ္ပါယ်မပေါက်၊ အကျိုက ဘာထူးခြားရှိလဲ ဝေခွဲမရ။ ဇဝေဇဝါနှင့်နောက်သို့ လှည့်ကြည့်မိသည်။ ဝိညာဉ်ဖြူရိပ်. . .

'' ဟင် ''

'' ကျွန်တော်ထင်တဲ့အတိုင်းပဲ။ အဖြူရောင်လောင်းကုတ်ပဲ။ ညီတွေ့ပြီလား။ မင်းမြင်မြင်နေရတဲ့ အဖြူရောင်အရိပ်ဆိုတာ အိန်ဂျယ်လို ရဲ့ စိတ်ထဲမှာ သူရိန်ဟာမကောင်းမှုန်း ရေးရေးလေးတော့ သိနေပုံရတယ်။ ပြီးကြောက်လည်းကြောက်နေမယ်။ အဲ့ဒါကြောင့် သူ့အာရုံတွေမှောက် မှားတဲ့အခါကျရင် လောင်းကုတ်အဖြူရောင်ကြီးဝတ်ပြီး သူ့ဆီလာတတ်တဲ့ သူရိန်ကို မကောင်းဆိုးဝါးအဖြစ် မြင်ပစ်လိုက်လိမ့်မယ်။

အဲ့ဒါကနေ ညီ့အစ်ကို ဝိညာဉ်ဖြူရိပ်ရောက်လာတာပဲ ''

'' ဟား . . . . . . ''

'' ခင်ဗျားတော်လွန်းနေပြီ ကိုမိုးဇော် ''

လေယူလေသိမ်းက နိုးမြှောက်သံထက် မာကျောကွဲအက်နေ၏။ အေးစက်စက်ရေရွတ်လိုက်သံမျိုးဟု ထင်မိသည်။ ပြောပြီးသည်နှင့် သူ့လက်က ခလုတ်တစ်ခုပေါ်သို့ ရောက်သွား၏။

'' ဒါပေမယ့် ခင်ဗျားမသိတာလည်း ရှိပါသေးတယ် ''

စန္ဒရားသံ။





အို. . . သေမင်းဆန်သော ဂီတဗျာပနတေးသွား၏ နောက်ဆုံး တီးကွက်များ ထိုမရဏာသံစဉ်က ကားအတွင်း တစိမ့်စိမ့်နှင့် ပျံ့နှံ့သွားသည်။

'' ခင်ဗျား. . . ခင်ဗျားဘာလို့ ဒီတိပ်ခွေကို ဖွင့်ရတာလဲ ''

သူမဖြေ။ ခြောက်ကပ်ကပ်အပြုံးဖြင့် မိမိတို့နှစ်ဦးအား ကြည့်လာသည်။ ထိုအပြုံးမျိုးကို မိမိမြင်ဖူးသည်။ မြင်ဖူးသည်။ ဘယ်မှာလဲ။ ဘယ်နေရာမှာမြင်ဖူးခဲ့သလဲ။ ချောက်ချားမှုကြောင့် မိမိမှတ်ဉာဏ်များ ချို့ယွင်းသွားပြီလား။

'' ဪ. . . ခင်ဗျားမဒတွေးမိတာတစ်ခုကို ပြောပြမယ် ကိုမိုးဇော် ''

'' မလိုပါဘူးဗျာ။ ခင်ဗျားပြောမှာ သူရိန်ဟာ အသက်ရှင်လျက်နဲ့ အိန်ဂျယ်လိုကို လက်စားချေခဲ့သလိုမျိုး အခုသူ့ကိုယ်သူ သတ်သေပြီးတဲ့ နောက်မှာလည်း ကျန်ရစ်ခဲ့တဲ့ ညီစေမင်းနဲ့ အင်း ကျွန်တော့်ကိုရောပေ့ါ''

'' ဘာ. . . ခင်ဗျားဒါလည်းသိတာပဲလား ''

'' ကျွန်တော်နဲ့ သူရိန်ဟာ ငယ်ပေါင်းကြီးဖော်တွေပါ။ တိတိ ကျကျပြောရရင် ခင်ဗျားထက်တောင် သူ့စိတ်သဘောကို ရင်းနှီးနားလည် ပါသေးတယ် ''

'' ဘာ ''

'' သတိလစ်မေ့မျောသွားရုံလေးနဲ့ ညီစေမင်းကို ခင်ဗျားဆီ ဘာလို့ပို့ခဲ့ရသလဲဆိုတဲ့. . . ဒီ့ထက်ပိုပြီးပေါ်လွင်အောင် ပြောရမလား

www.burmeseclassic.com



ဆရာဝန်ချင်း ခင်ဗျားကိုဘာလို့ ကုသနိုင်းရသလဲဆိုတဲ့ အကြောင်းအရင်းကို ခင်ဗျားမတွေးမိဘူးလား။ ဒါမှမဟုတ် မတွေးတတ်ဘာလား ''

မြို့အဝင်ကုန်းလေးပေါ်တွင် ဦးမော့တက်လာသော ကား၏ မီးရောင်များက ဝါရုံပင်အုပ်ထဲပြေးလွှားတိုးဝင်သွားသည်။

မိမိဉာဏ်မမီသော စကားသံများကမှ မိမိနားအစုံမှ ပြေးထွက်မသွား သွေးကြောများအတွင်း တစ်စက်ချင်း တိုးဝင်သွားကြ၏။ စကားသံများနှင့်အတူ ရောထွေးပါလာသော ရျာပနတေးသံက မိမိအသက်ဝိဉာဉ်အား ဆစ်ပိုင်း ချိုးဖျက်နေသည်လို

'' အဟင်း ဟင်း. . . ဟင်း နှမြောစရာကောင်းအောင်ကို မင်းက ထက်မြက်နေတာကိုး ''

'' ကောင်းပြီလေ. . . အခုခင်ဗျားဘာလုပ်မှာလဲ ခင်ဗျားကိုယ်တိုင် လိုက်သေရဲတယ်ဆိုရင် လုပ်လိုက်ပါ ချောက်ထဲကို မောင်းချပစ်မယ်မှန်းသိရက် ခင်ဗျားကားပေါ် အေးအေးဆေးဆေး လိုက်လာတယ် ဆိုကတည်းက ငါမင်းကို မကြောက်လို့ပေါ့ ''

သေရမှာကိုလည်း မကြောက်လို့ပေါ့ ဒေါက်တာ လင်းထက်တုန်းရယ်. . .

'' တောက် ''

မတ်စောက်မြင့်ခုံးသည့်အတက်လမ်းနှင့် အဆုံးသတ်ရာအား မီးရောင်ထဲတွင် ချောက်ချားဖွယ်မြင်လိုက်ရသည်။ ရင်အခုန်ရပ်သွားခဲ့ပြီလား မိမိကိုယ်ကိုပင် မသိတော့။





ကိုယ်ခန္ဓာအတွင်းမှ အစိတ်အပိုင်း အားလုံးပျက်စီးလွင့်ပျောက်သွားသည့်နှယ် တလှပ်လှပ်ဟာနေသည်။ ကြွက်သားမျှင်များ ထုံကျဉ်တောင့်မတ် မသေခင်ကတည်းက မိမိ အသက်မဲ့သွားခဲ့ရပြီလား။

စန္ဒရားသံကပို၍ ကျယ်လောင်ပြင်းထန်လာ၏။

'' ဩော်. . . မင်းမှာ တခြားနာမည်တစ်ခုရှိပါသေးတယ်. . . အဲ ဘုန်းမြင့်မော်ဆိုလား ဟုတ်တယ်မဟုတ်လား. . . ကဲ ဘုန်းမြင့်မော် မင်းဘာလုပ်တာလဲ ''

မဝံ့မရဲနှင့် ထိုလူကို ညီစေလှည့်ကြည့်မိသည်။ ချွေးစေးများရွှဲနစ်နေသည့် သူ့မျက်နှာမှာ သွေးဆုတ်ဖြူလျော်ကာ တောင့်တင်းနေ၏။ ခံစားချက်မဲ့နေသော သူ့မျက်လုံးများကိုကြည့်ရင်း ရပ်တန့်နေသည့် မိမိနှလုံးဆီမှ တဒိတ်ဒိတ်ခုန်သံအား ပြန်ကြားလာရသည်။

အို. . . သူ့ကိုတွန်းတိုက်ကာ ကားကို လှယူ၍ရသည်ပဲ အတွေးသာရှိသည်။ မလုပ်ရဲ မိမိလှယူလိုက်မှ ဝါရုံပင်များ၏ ဟိုဘက်သည် ချောက်ကမ်းပါးဖြစ်ကြောင်း အမှတ်ရလာ၏။

မိမိတစ်ဦးတည်း ကိုယ်လွတ်ရုန်းရန်မှာလည်း တံခါးဘက်ခြမ်းတွင် ကိုမိုးဇော်ထိုင်နေခြင်းကြောင့် မတတ်သာ နေရာလဲပေးရန် ပြောလိုက်သည့်နှယ် သည်အရူးက အလွတ်မပေးဘဲ ချက်ချင်းထိုးချပစ်နိုင်သည်။

(နောက်ခန်း ဟား. . . ဟုတ်. . . တယ်)

အမြန်ဆုံး ခုန်ဝင်ကူးပြောင်းလိုက်နိုင်ပါက မိမိလွတ်မြောက်နိုင်

www.burmeseclassic.com



ပြီ။ ခြေနှစ်ချောင်းအား မသိမသာ နေရာချ၍ အားယူလိုက်သည်။ မြန်. . . မြန်နိုင်မှဖြစ်မည်။ အချိန်အဆလည်း မလွဲမှဖြစ်မည်။ အခွင့်အရေးသည် တစ်ကြိမ်တပင်ပြည့်သည်မဟုတ်။ နားပိတ် သည်အသံကို မကြားဟု မှတ်ယူ မကြား။

အတတ်နိုင်ဆုံး တင်းရင်း၍ တုန်ယင်နေမှုကို ထိန်းချုပ်ကာ မျက်လွှာကို အသာပင့်လှန်ကြည့်လိုက်သည်။ နောက်ကြည့်မှန်ဆီ မိမိမျက်လုံးများတည့်တည့်ရောက် နောက်ခန်းမှ ခုံပေါ်တွင် အလျားလိုက်တင်ထားသည့် လောင်းကုတ်အဖြူရောင်သည် မှန်ရိပ်တွင်ပျောက်နေ၏။ သတိလက်လွတ်နှင့်ချာခနဲ လှည့်ကြည့်လိုက်မိသလား. . .

မျက်လုံးထောင့်မှ

. . . ရိပ်ခနဲ။

❀ ❀ ❀ ❀ ❀

အစဉ်သဖြင့်
နိုင်ပိမာန်



BURMESE CLASSIC .com

နိုင်မာသောဇာတ်အိမ်ဖွဲ့စည်းမှုဖြင့်

မျိုး

စင်တင်သည့်

မိန်းကလေး

သက်တန့်ဝိုင်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၂၈၀၁၀၈

မျိုးစာပေမှ သေသေသပ်သပ် ခန့်ခန့်ညားညား ထွက်ရှိပါတော့မည်။